
ဂမ္ဘီရ ဆန်းကြယ် လုံးချင်း ဝတ္ထု

www.burmeseclassic.com

(ထ)

# မင်းဝဏ္ဏ

ပေါ်ရှိသအဏ္ဏဝါ




www.burmeseclassic.com

www.burmeseclassic.com

မင်းစက္က–ပေါ်ရှိသအဏ္ဏဝါ

အဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၇၀၈၀၆၀၆
စာမူခွင့်ပြုချက်အမှတ် - ၅၀၀၇၄၇၀၆၀၆
ထုတ်ဝေခြင်း - ပထမအကြိမ်၊
၂၀၀၆ ခုနှစ်၊ ဇူလိုင်လ။
အုပ်ရေ - ၅၀၀
တန်ဖိုး - ၈၅၀ ကျပ်
အဖုံးနှင့်အတွင်းပုံနှိပ်သူ - ဒေါ်မြင့်မြင့်တင်
(မြင့်သီဂီပုံနှိပ်တိုက်)
အမှတ် (၂၀၈)၊ လမ်း -၃၀၊
ပန်းဘဲတန်း၊ ရန်ကုန်မြို့။
ထုတ်ဝေသူ - ဦးလှနိုင် (မြိုက်စာပေ)
အမှတ် ၆၆၊ ဗိုလ်ဥတ္တမလမ်း၊
ကြည့်မြင်တိုင်၊ ရန်ကုန်။
ဖြန့်ချိရေး - မြိုက်စာပေ၊ (ဖုန်း-၇၀၄၄၉၀)
အမှတ်-၁၉၀၊ ၃၁ လမ်း၊
ရန်ကုန်။
စီစဉ်သူ - ကိုလှနိုင် (မြိုက်)
အထက်မြန်မာပြည် - နဂါးစာပေ၊ (မန္တလေး)
ဖြန့်ချိရေး - ထွန်းဦးစာပေ (မန္တလေး)

# အခန်းစဉ်

## ပေါ်ရှိသအဏ္ဏဝါ

ပထမပိုင်း

၁။ မုန်တိုင်းထဲကရန်သူ
၂။ လူကြောက်တစ်ယောက်
၃။ ငြိုးသူရန်ဘက်ကြောင့်လား
၄။ အိပ်မက်ပေးတဲ့မိခင်
၅။ အဆိပ်နီးစ
၆။ ကျောက်ပလ္လင်ဂူ
၇။ သင်္ဘောဦးကဇော်ဂျီ
၈။ ဦးတိုက်မောင်းကြုံခဲ့ရသည်များ
၉။ ရောက်လာတော့မည့် ကြမ္မာ
၁၀။ အသက်ဘေးကြုံကြရပြီ

ဒုတိယပိုင်း

၁၁။ ဖေဇော်ဂျီခေါ်ဆောင်ရာ
၁၂။ တစ္ဆေကြီးသိဒ္ဓိ
၁၃။ မာယာကျွန်း
၁၄။ ညံသတ္တဝါရန်ရှာပြန်ခြင်း
၁၅။ မထင်မရှားပုံရိပ်များ
၁၆။ သိဒ္ဓိသင်္ဘောကြီးပျက်စီးသွားခြင်း
၁၇။ သက်စွန့်ဆံဖျား
၁၈။ အပြန်ခရီး
၁၉။ ဖေဇော်ဂျီရဲ့ လျှို့ဝှက်ချက်

မြိုက်စာပေ

www.burmeseclassic.com

www.burmeseclassic.com

ပဥ္စ ဂုဏ အဟံ ဝန္ဒာမိ


မြတ်စာပေ

အမှတ် ၁၉၀၊ ၃၁ လမ်း (အထက်)၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။
ဖုန်း-၇၀၄၄၉၀


# မင်းစဏ္ဏ

## ပေါရိသ အဏ္ဏဝါ

## ပထမပိုင်း

မြတ်စာပေ

www.burmeseclassic.com

www.burmeseclassic.com

## (၁)

# မုန်တိုင်းထဲက ရန်သူ

ရွက်လေးခုပါရှိသော ရှေးဟောင်းသင်္ဘောကြီးတစ်စီးသည် ပင်လယ်ပြင်ထက်မှာ တရွေ့ရွေ့ဖြင့် ခရီးနှင်လျက်ရှိလေသည်။

သင်္ဘောကြီးကလည်း ဧရာမသင်္ဘောကြီးဖြစ်သလို နှစ်ထပ်ရွက်ကြီးများကလည်း ဧရာမရွက်ကြီးများဖြစ်ကြလေ၏။ လေကောင်းစွာမိနေသောကြောင့် ရွက်ကြီးများက ဖောင်းကားနေကြလေသည်။ မြောက်အရပ်ကို ခရီးနှင်လျက်ရှိသော ရွက်သင်္ဘောကြီးသည် တောင်လေကပင့်ပြီး တိုက်ခတ်နေသောကြောင့် ရေပြင်ထက်မှာ မြင်းပြေးသလို ပြေးနေလျက်ရှိသည်။

မိုးကောင်းကင်ကြီးကလည်း ကြည်လင်နေသလို ရေပြင်

www.burmeseclassic.com

www.burmeseclassic.com



ကလည်း ယဉ်ကျေးသိမ်မွေ့သော အသွင်ဖြင့် လှိုင်းကြက်ခွပ်ကလေးများဖြင့်သာ လှုပ်ရှားနေသည်။ သဘော်ပေါ်မှာ လှေသူကြီးနှင့် လှေထိုးသားတော်တော်များများပါလာကြသည်။ ခရီးသည် . . ကုန်သည်အချို့နှင့် ကုန်ပစ္စည်းများကလည်း အပြည့်။

ရေကြောင်းမှာ လေကောင်းသဖြင့် လှေသမားများကလည်း သက်သာနေကြသည်မဟုတ်ပါလား . .

ထို့ကြောင့် . .

လှေကြီးပေါ်မှာ ပါလာကြသူများသည် သက်တောင့်သက်သာ၊ အေးအေးဆေးဆေးနှင့် ရှိနေကြသည်။ လှေသူကြီးသည် လှေဦးမှာရပ်ပြီး ပင်လယ်ပြင်၏ အနေအထားကို လှေ့လာလျက်ရှိသည်။ လှေတစ်စီးလုံးကို တာဝန်ယူထားရသူမို့ လမ်းခရီးမှာ မည်မျှပင် အခြေအနေကောင်းနေသည်ဟုဆိုပါစေ။ လှေသဘော်များပေါ်မှအစ ရေပြင်၏ပြောင်းလဲမှုအထိ မပြတ်၊ အကဲခတ်နေရမည့်တာဝန်များ ရှိကြလေသည်။

ထိုစဉ် . .

လှေသူကြီးသည် ရေပြင်ကိုကြည့်ပြီး မသိမသာမျက်မှောင်ကုပ်သွားရသည်။ ကြည်လင်နေသော ရေပြင်သည် အနယ်ထ,လာသည်ကို မမျှော်လင့်ပဲ တွေ့လိုက်ရသည်။

"ရေက . . နောက်လာပါလား . ."





ရေနက်ပိုင်းနေရာဖြစ်လျက်နှင့် ရုတ်တရက် အနယ်ထ,လာခြင်းသဘောကို တွေး၍ မရနိုင်ခဲ့။ အဖြေပေါ်မလာခဲ့ပေ။ ရေအောက်မှာ လွန်စွာမှ ကြီးမားသောငါးကြီးတစ်ကောင် လွန့်လူးလှုပ်ရှားသွားသည့် သဘောများပင်လား၊ ထိုသို့သော အခြေအနေမျိုးလည်း ရှိတတ်လေသည်။

သို့သော် သဘော်ကြီးက တောက်လျှောက်ဖြတ်သွားခဲ့သော်လည်း ခပ်ဝေးဝေးကိုရောက်သွားသည့်တိုင် အနယ်ကထနေဆဲပင်ဖြစ်သည်။

"ဟေ့ . . တစ်ယောက် မျှော်စင်ပေါ်ကိုတက်ကြည့်စမ်း၊ ရေအနယ်ထနေတယ် . . ဘယ်လောက်အထိ ကျယ်ပြန့်နေသလဲလို့ . ."

လှေသူကြီးက အမိန့်ပေးလိုက်သည်နှင့် တစ်ယောက်တကြိုးလှေကားအတိုင်း မျှော်စင်ရှိရာကို သွက်လက်စွာဖြင့်တက်သွားခဲ့လေသည်။

မျှော်စင်ပေါ်မှာ လူတစ်ယောက်သာ ရပ်နေနိုင်ပြီး သဘော်ကြီး၏အပေါ်မှာ လွင့်နေလေသည်။ မြင့်မားလှသည်။ လှေသမားသည် မျှော်စင်ထက်မှ ရေပြင်ပေါ်ကို လှမ်းပြီးငုံ့ကြည့်လိုက်သည်။

ရွှံ့နှစ်ရောင်ထနေသော နေရာသည် တောက်လျှောက်ကြီးမဟုတ်ပဲ အတန်းကြီးဖြစ်နေသည်။ ရှေ့ကိုလည်း တမျှော်



www.burmeseclassic.com

www.burmeseclassic.com



တစ်ခေါ်ကြီးရှိနေလေသည်။ ရေပြင်တစ်ပြင်လုံး အနယ်ထ နေသည်ကား မဟုတ်၊ ရေအောက်မှ သတ္တဝါတစ်ကောင်တောင် ဖြတ်သန်းသွားသည့်တစ်နေရာတည်း အနေအထားမျိုးပင်။

သို့ဆိုလျှင် ယင်းသတ္တဝါကြီးသည် လွန်စွာမှ ကြီးမားသော ရေသတ္တဝါကြီးတစ်ကောင်ပဲဖြစ်လိမ့်မည်။ လှေသမားက အောက်ကိုပြန်ဆင်းလာသည်။

"ဘာတွေ့ခဲ့သလဲဟေ့. ."

"ရွှံ့နှစ်တွေ ရေပေါ်မှာ တန်းပြီးနေတယ်၊ ရေပြင်တစ်ပြင်လုံးလည်း မဟုတ်ဘူး၊ တောက်လျှောက်အရှည်ကြီးပဲ၊ ဗျက်ကတော့ ပေနှစ်ဆယ်လောက်ရှိမယ်၊ အရှည်ကို ခန့်မှန်းလို့ မရဘူး. . သူကြီး"

"အေး. . အေး. . ဒါလောက်သိရရင်တော်ပါပြီကွာ၊ ကဲ. . ကဲ မင်းလုပ်စရာရှိတာကိုသာ လုပ်တော့ဟေ့. ."

"ဟုတ်ကဲ့"

လှေသားက ရိုကျိုးစွာဖြင့် အနားမှထွက်သွားခဲ့လေသည်။

"အင်း. . ရေအောက်က ငါးကြီးတစ်ကောင်ကောင် ဖြတ်သွားတာကတော့ သေချာနေပြီ၊ သန္တာကျောက်တန်းဆိုရင်လည်း. . ဒါလောက်အမြင့်ကြီးမဖြစ်နိုင်ဘူး၊ သတ္တဝါကြီး တစ်ကောင်ကောင်ပဲဖြစ်ဖို့များတယ်၊ သူ. . ရေအောက်တော်





တော်အနက်ကနေ ဖြတ်သွားလို့ လမ်းကြောင်းကြီးဖြစ်ပြီး ကျန်ခဲ့တာပဲ. ."

အတွေးကတော့ မှန်သည်။ မလွဲပါ။ သို့သော်. . ယင်းသတ္တဝါကြီးသည် ရွက်သင်္ဘောကြီး၏ရှေ့မှ ဖြတ်သွားခဲ့သည်မှာ မှန်ခဲ့သော်လည်း. .

○ ○ ○

လှေကြီးများ သင်္ဘောကြီးများသည် နက်ရှိုင်းလှစွာသော ပင်လယ်သမုဒ္ဒရာကြီးပေါ်မှာ ကမ်းမမြင်လမ်းမမြင်နှင့် ခွန့်စားပြီးတော့ သွားလာနေကြရသည်။

ပင်လယ်ပြင်ကြီးသည် ပကတိကြည်လင်နေလျှင် လှိုင်းကြက်ခွပ်ကလေးများနှင့် တင့်တယ်လျက်ရှိနေပြီး သာယာဖွယ်ကောင်းနေသလောက် မုန်တိုင်းကဲ့သို့သော မထင်မှတ်ပဲ ရောက်လာတတ်သည်။ သဘာဝဘေးအန္တရာယ်များနှင့် ရင်ဆိုင်တွေ့ခဲ့လျှင်ကား လွန်စွာမှ အကျည်းတန်သွားခဲ့လေသည်။ ထို့အပြင် အခြားသောအန္တရာယ်များသည်လည်း ရှိတတ်ပါသေးသည်။

ရှေ့တွင် ယင်းအန္တရာယ်ကို ရွက်သင်္ဘောကြီးသည် မလွှဲမသွေကြုံရတော့မည်တည်း။ မမျှော်လင့်ပဲကျရောက်လာတော့မည့် ဘေးအန္တရာယ်ကို မည်သူတစ်ဦးတစ်ယောက်မှ



www.burmeseclassic.com

www.burmeseclassic.com



ရိပ်မိခြင်းမရှိကြပါ။

မိုးကောင်းကင်ကြီးသည် ကြည်ပြာရောင်အသွင်မှ တဖြည်းဖြည်းနှင့် မီးခိုးရောင်သို့ မသိမသာပြောင်းလဲလာခဲ့လေသည်။ ထို့အပြင် . . အရှေ့ဘက်၌ မိုးကုပ်စက်ဝိုင်းအောက်တွင် တဖြည်းဖြည်းနှင့် အနီရောင်သန်းလာခဲ့သည်။ လေပြည်လေညှင်းလေးသည်လည်း မသိမသာတိုက်ခတ်လာလေရာ . .

"ဟိတ် . . သတိထားကြဟေ့၊ မုန်တိုင်းကျလိမ့်မယ်"

လှေသူကြီးက အော်ပြီးတော့ သတိပေးလိုက်လေ၏။ သို့သော် အခြေအနေက လျင်မြန်လွန်းလှသည်။ သတိပေး၍မှ မဆုံးမီ ကောင်းကင်တစ်ခုလုံး ညိုညစ်ညစ်အရောင်သို့ တမဟုတ်ချင်းပြောင်းလဲသွားလေတော့သည်။

"ဂျိမ်း . . ဂျိမ်း"

မိုးခြိမ်းသံများကလည်း နားကွဲမတတ် ထွက်ပေါ်လာကြသည်။ လျှပ်နွယ်တွေကလည်း တဖျစ်ဖျစ်နှင့်မြည်ကာ ပြိုးပြက်လင်းလက်လာခဲ့ကြသည်။ မုန်တိုင်းနှင့်အတူ လေရောမိုးပါ . . ကျလာတော့မည့် အရိပ်အယောင်များပင်တည်း။ လှေသမားများသည် ရွက်များကို လျင်မြန်စွာဖြင့် ချနေကြလေသည်။ ရွက်များကို အချိန်မီမချနိုင်ခဲ့လျှင် မုန်တိုင်းထဲတွင် သင်္ဘောကြီးသည် လွယ်ကူစွာပင် ချက်ချင်းလိုလို တိမ်းမှောက်သွားမည်သာ။

မကြာမီ . . လေပြင်းတိုက်ခတ်လာခဲ့သည်။ ခပ်ကြမ်း

ကြမ်းပင်၊ လေရော . . မိုးပါ ရောမွှေပြီးတော့ တိုက်ခတ်လာခဲ့သည်။ ကောင်းကင်ကြီးတစ်ခုလုံး အမှောင်ကမ္ဘာကြီးတစ်ခုကို ချုပ်ချလိုက်သလိုပင်တည်း။

"ဂျိမ်း . . ဂျိမ်း"

မိုးခြိမ်းသံတွေကလည်း အဆက်မပြတ်၊ လျှပ်နွယ်တွေကလည်း တဝင်းဝင်းနှင့်၊ ရေပြင်ကျယ်ကြီးသည် တမဟုတ်ချင်းမှာပင် . . ကြီးမားသော လှိုင်းတန်ပိုးကြီးများထ,ကြွလာခဲ့သည်။ အိမ်လောက်ပင် ကြီးမားသော လှိုင်းလုံးကြီးများက သင်္ဘောကြီးဆီကိုတစ်လုံးပြီးတစ်လုံး လိမ့်ဆင်းလာနေကြသည်။ ထို့နောက် သင်္ဘောကြီးကို တဝုန်းဝုန်းဖြင့် ပစ်ကာဆောင့်သည်။

"ဝုန်း . . ဝုန်း"

ပင်လယ်အတွေ့အကြုံကို ရရှိထားခဲ့ကြပြီးသော လှေသားများသည် ယခုလို ကျရောက်လာကြမည့် မုန်တိုင်းက်ကိုကြုံကြုံခံကာ ကာကွယ်နေကြရသည်။ မုန်တိုင်းဟူသည် ထင်မှတ်ပဲနှင့်လည်း ကျရောက်လာတတ်သည် မဟုတ်ပါလား။ လှေသူကြီးကိုယ်တိုင်လည်း ညွှန်ကြားချက်အမျိုးမျိုးပေးပြီး ပဲ့ကိုင်ထိန်းနေရသည်။

လှေထိုးသားများမှာ သင်္ဘောကြီးလူးလိမ့်မှုဒဏ်ကြောင့် လဲလဲအပြိုပြိုဖြစ်နေကြရသည်။ ခလောက်ဆံနေကြရသည်။

"ဝုန်း"



www.burmeseclassic.com

www.burmeseclassic.com



"အား. . ."

တဝုန်းဝုန်းဖြင့် ပြင်းထန်စွာ ဝင်ဆောင့်လာကြသော လှိုင်းလုံးကြီးများသည် သင်္ဘောကြီးကိုပင် ကျော်လွန်သွားခဲ့ကြသည်။ လှိုင်းမိကြသော လှေထိုးသားများမှာ ရွက်တိုင်များကို ဖက်ထားကြရသည်။ လှိုင်းနှင့်အတူ ပင်လယ်ထဲကိုကျမသွားကြစေရန်ဖြစ်သည်။

တစ်ချို့သည် ကျောက်ဆူးကြိုးကြီးကို လက်ဖြင့် ကုပ်တွယ်ထားကြလေသည်။ မည်မျှပင် ကြီးမားသော သင်္ဘောကြီးပင်ဖြစ်ပါစေ. . သူ့ထက်ပိုပြီးတော့ ကြီးမားသော လှိုင်းလုံးကြီးများနှင့် တွေ့လျှင်. . ကလေးကစားစရာအရုပ်လေးတစ်ရုပ်ပမာဖြစ်သွားတတ်သည်။ စောစောက ပင်လယ်ပြင်မှာ ထည်ထည်ဝါဝါသွားနေသလောက် အခုတော့ မုန်တိုင်း၏ သမုဒ္ဒရာကိုအလူးအလဲ ရုပ်ပျက်ဆင်းပျက်ခံစားနေရသည်။

ထိုစဉ်. .

လှိုင်းလုံးကြီးတွေကြားမှ ထိုးပြီးထွက်ပေါ်လာသော ရေသတ္တဝါကြီးတစ်ကောင်၊ ရေမျက်နှာပြင်ပေါ်ကို ရုတ်တရက် တက်လာသော သတ္တဝါကြီးသည် ကိုယ်အထက်ပိုင်းက ပေနှစ်ဆယ်လောက်အထိမြင့်သည်။ တစ်ကိုယ်လုံးနီရဲနေသည်။ မြွေလို သတ္တဝါကြီးတစ်ကောင်ပင်။ ခေါင်းသည် ကုလားအုတ်တစ်ကောင်၏ ခေါင်းနှင့်တူသည်။ နှာယောင်ကောက်ကာ လည်ဆံ





မွေးတွေကလည်း တဖွားဖွားနှင့်. . လွန်စွာမှ အကြည့်ရ၊ အမြင်ရဆိုးသလို ကြောက်စရာလည်းကောင်းလေသည်။ ရေအောက်မှာ ရှိနေသေးသော ကိုယ်ထည်ကြီးသည်ကား ပေနှစ်ရာထက်တော့ မအောက်. .

ပင်လယ်မြွေကြီးများနှင့်တူသော ယင်းသတ္တဝါကြီးသည်ကား. . ညံသတ္တဝါကြီးပင်တည်း။ မြန်မာတို့ကား ယင်းသတ္တဝါကြီးကို ညံသတ္တဝါဟုပင် ခေါ်ကြသည်။ ကိုယ်ထည်ပေါ်မှာ ငါးဆူးတောင်လိုပင် ဆူးတွေက ပေါက်လျက်ရှိနေကြသည်။ ဆူးတစ်ချောင်းစီသည် တစ်ပေလောက်ကိုပင် ရှည်လျားကြလေသည်။ သင်္ဘောကြီးပေါ်မှလူများသည် ယခုလောက်ကြီးမားသော ပင်လယ်သတ္တဝါကြီးကို မည်သည့်အခါမှ မြင်ဖူးခဲ့ကြသည်မဟုတ်၊ ယခုလို မျက်ဝါးထင်ထင်မြင်တွေ့လိုက်ရသောအခါတွင် လွန်စွာမှ ထိတ်လန့်အံ့သြသွားခဲ့ကြလေသည်။

"ဟာ. . ဟိုမှာ. . ဟိုမှာ ဘာကောင်ကြီးလဲ၊ ကြောက်စရာအကောင်ကြီး. ."

"အမလေး. . ဟုတ်ပါရဲ့. . အကြီးကြီးပဲဗျ. ."

အထိတ်တလန့်ဖြင့် အော်ဟစ်လိုက်ကြလေသည်။ မုန်တိုင်းကြား၊ မိုးထဲ၊ လေထဲမှာ မထင်မှတ်ပဲ ထွက်ပေါ်လာသော သတ္တဝါဆန်းကြီးကြောင့် ဆောက်တည်ရာမရအောင်ပင် ဖြစ်သွားခဲ့ကြရလေသည်။ စောစောက သင်္ဘောသွားနေစဉ်တွင်



www.burmeseclassic.com

ရေအောက်မှဖြတ်သန်းသွားသော သတ္တဝါကြီးသည်ကား သူပင်တည်း။ အကျည်းတန်အရုပ်ဆိုးနှင့် ညံ့သတ္တဝါကြီးသည် ရေထဲမှာ တခဏသာခေါင်းထောင်၍ ကြည့်နေပြီးမှ ချက်ချင်း လိုလိုပင် သင်္ဘောကြီးဆီကို ကူးလာခဲ့လေသည်။

"ဟာ. . ဟိုအကောင်ကြီး ငါတို့ဆီကို ကူးလာနေပြီ ဟေ့. ."

"ဝုန်း. ."

"အား. . ."

ထိုစဉ် လှိုင်းလုံးကြီးတစ်လုံးက အရှိန်ဖြင့်ပြေးဝင်လာပြီး သင်္ဘောကြီးကို ပြင်းထန်စွာဖြင့် ရိုက်ခတ်လိုက်သည်။ လှေထိုး သားများမှာ လှိုင်းနှင့်အတူ ပါသွားခဲ့ကြသည်။ အလဲလဲအပြိုပြို ဖြစ်သွားခဲ့ကြသည်။ တွယ်မိတွယ်ရာ ဖက်တွယ်ထားလိုက်ကြရ သည်။ ပြေးဝင်လာသော ညံ့သတ္တဝါကြီးကို သူတို့ရိပ်ကနဲသာ တွေ့လိုက်ကြရသည်။ မည်သို့မှ ရှောင်တိမ်းရန် မလွတ်မြောက် နိုင်သော အခြေအနေမျိုးပင်တည်း။

○ ○ ○

ညံ့သတ္တဝါကြီးသည် သင်္ဘောကြီးဆီကို ပြေးဝင်လာ ခဲ့ရာ ဒေါသတကြီးဖြင့် တိုက်ခိုက်ပါလေတော့သည်။ ကြောက် စရာကောင်းသော ကုလားအုတ်မျက်နှာကြီးက သင်္ဘောပေါ်ကို





နှုတ်လိုက်ကာ သင်္ဘောသားတစ်ဦးကို ကိုက်ချီသွားခဲ့လေတော့သည်။

"အား. ."

လှေသူကြီးသည် မထင်မှတ်သော အခြေအနေကို မျက်ဝါးထင်ထင်မြင်တွေ့လိုက်ရသောအခါ လွန်စွာမှ တုန်လှုပ် ချောက်ချားသွားခဲ့ရလေသည်။

"ဟာ. . ဒါ. . ဒါ ညံ့သတ္တဝါကြီးပဲ၊ နောက်ထပ် အန္တရာယ်တစ်ခုက ဆိုးဆိုးရွားရွားပေါ်လာခဲ့ပြန်ပြီဟေ့၊ ဟေ့ကောင်တွေ လက်နက်တွေကိုင်ထားကြ. . တတ်နိုင်သ လောက်တိုက်ခိုက်ကြ. . မင်းတို့ မကြောက်ကြနဲ့. ."

ပြောပြီး သူကိုယ်တိုင်လည်း လှံရှည်ကြီးတစ်ချောင်းကို ဆုပ်ကိုင်လိုက်လေသည်။

မုန်တိုင်းကြောင့်. . လေကြောင့်. . မိုးကြောင့် သင်္ဘော ကြီးကိုလည်း မထိန်းနိုင်တော့၊ လှိုင်းလုံးကြီးတွေကြားမှာ အလူးလူးအလိမ့်လိမ့်ဖြစ်နေသည့်ကြားကာလ၊ ညံ့သတ္တဝါကြီး ကလည်း မကြုံစဖူး တစ်မှောင့်ပင်. . ဝင်ပြီးတိုက်ခိုက်လေရာ. . သားအန္တရာယ်ကြီးနှစ်ခုကို တစ်ပြိုင်တည်းရင်ဆိုင်နေကြရလေ တော့သည်။ လှေထိုးသားများသည် ကိုယ့်ကိုယ်ကိုပင် မဟန်နိုင်၊ အလူးလူးအလဲလဲနှင့်ရှိနေသည့်ကြားမှာ ဓါး၊ လှံ၊ ဝါးချွန်၊ သည့်လက်နက်များကိုလည်း ဆွဲကိုင်ထားရသေးသည်။

ညံ့သတ္တဝါကြီး၏နောက်ကို တစ်ယောက်ကပါသွားခဲ့လေပြီ

www.burmeseclassic.com



ထို့နောက်. . လှိုင်းလုံးကြီးတွေကြားမှာ ပျောက်ကွယ်သွားသည်။

"ဘုရား. . ဘုရား ဒါလောက်နဲ့ပဲ ပြီးသွားပါစေ၊ ဒီကောင်ကြီး ပြန်ရောက်မလာပါစေနဲ့. . "

လှေသူကြီးသည် နောက်ထပ်အခြေအနေဆိုးကို ထပ်ပြီး မကြုံလိုသည့်အတွက် ဆုတောင်းမိလိုက်သည်။ သို့သော်. . ဆုတောင်းကားမပြည့်ပါ၊ အနီးမှာပဲရှိနေသေးသော ညံသတ္တဝါကြီးသည် ရေထဲမှ ရုတ်တရက်ပေါ်လာပြန်ခဲ့ပြန်ပြီး. .

"အမလေး ရောက်လာခဲ့ပြန်ပြီဟေ့. . "

လှေထိုးသားတစ်ဦးက အထိတ်တလန့်ဖြင့် အော်လိုက်ပြီး. . လက်ထဲရှိ ဝါးချွန်ကြီးဖြင့် ပစ်ထိုးထည့်လိုက်သည်။ ညံသတ္တဝါကြီး၏ အနီးကပ်မျက်နှာသည် ပါးစပ်ကြီးကိုဖြဲထားကာ. . ချွန်မြည့်သော သွားတွေဖွေးဖွေး၊ အစွယ်ဖွေးဖွေးနှင့် သွေးပျက်စရာကောင်းလှပေတော့သည်။ လှေထိုးသားပစ်လွှတ်လိုက်သော လှံသွားက ညံသတ္တဝါကြီး၏ လည်ပင်းအောက်လို နေရာမျိုးကိုသာ တိုက်ရိုက်ထိမှန်သွားခဲ့လေရာ. .

"အူး. . "

ညံသတ္တဝါကြီးသည် သွက်သွက်ခါသွားခဲ့ရသည်။ လည်ချောင်းထဲမှ နက်ကျောသော အသံကြီးက ထွက်ပေါ်လာခဲ့သည်။ ဤမျှလောက်ကြီးမားသော သတ္တဝါကြီးက ဝါးချွန်နှင့်တစ်ချက်အထိုးခံလိုက်ရသည်နှင့် နာတတ်သွားပုံကို အံ့အား





သင့်သွားခဲ့ရသည်။ သတ္တဝါကြီးသည် သူ့အသားနာသွားခဲ့ရ၍ ဒေါသအမျက်ချောင်းချောင်းထွက်သွားခဲ့ရသည်။ ဇက်ကိုလှည့်ပြီး ယမ်းခါလိုက်လေရာ လည်ဆံမွေးများသည် ခါထွက်သွားခဲ့ရသည်။

"အူး. . အူး. . "

ပါးစပ်ကြီးကိုဖြဲကာ အဆက်မပြတ် အော်ဟစ်လိုက်သည်။ အော်လိုက်သံကြီးသည် မိုးခြိမ်းသံနှင့်အပြိုင် ထွက်ပေါ်လာခဲ့သည်။ ထို့နောက်. . သူ၏ပါးစပ်ပြဲကြီးဖြင့် သဘော်ကြီးကို ထိုးဟပ်လိုက်သည်။

"ဗျစ်. . ဗျစ်. . "

ညံသတ္တဝါကြီး၏ ကြီးမားသော သွားကြီးများက သဘော်ကြီး၏ လက်ရမ်းတိုင်များကို ကိုက်ဝါးသွားခဲ့သည်။ လှိုင်းအလူးလူးကြားထဲမှာ မတ်တပ်ရပ်နိုင်ကြသော လှေထိုးသားများက သတ္တဝါကြီးကို ဝါးချွန်များဖြင့် ပစ်ခတ်တိုက်ခိုက်ကြသည်။ အချို့သတ္တိကောင်းကြသူများသည် သတ္တဝါကြီးဆီကို ပြေးဝင်သွားကြပြီး မျက်နှာကို ဓါးကြီးများဖြင့် ခုတ်ပိုင်းကြသည်။ လှံတစ်ချောင်းသည် ညံသတ္တဝါကြီးဆီကို ပစ်ဝင်သွားခဲ့ပြီး မျက်လုံးထဲရောက်သွားသည်။

"အူး. . "

သတ္တဝါကြီးဆီက အော်လိုက်သံကြီးက ထွက်ပေါ်လာခဲ့ပြန်သည်။ သဘော်ကြီးကလည်း မုန်တိုင်းဒဏ်ကို အရှူးအလဲ



www.burmeseclassic.com

www.burmeseclassic.com



ခံစားနေရသည်။ လှေထိုးသားတွေကလည်း ချာချာလည်နေ
သော သဘော်ကြီးပေါ်မှာ အလဲလဲအပြိုပြို. . လှိုင်းလုံးကြီးတွေ
တစ်ချက်ပြီးတစ်ချက်. . ပစ်ဆောင့်လာကြလေတိုင်း တစ်ဖက်
ကိုပဲ ငါမ်းမှောက်သွားတော့မလားဟု စိုးရိမ်နေမိကြရသေးသည်။

လှေသူကြီးသည်လည်း ညံသတ္တဝါကြီး၏ ရန်က
တစ်ဖက်၊ မုန်တိုင်းရန်ကတစ်ဖက်နှင့် အခက်အခဲတွေ့နေရ
သည်။ ဟိုညွှန်ကြားလိုက်၊ ဒီညွှန်ကြားလိုက်နှင့် အပြေးအလွှား
ပင်ရှိနေသည်။ လက်ထဲမှာလည်း ဝါးချွန်ပြီး တစ်ချောင်းကိုလည်း
ကိုင်ထားသေးသည်။ လက်ထောက်ပဲ့ကိုင်ကြီးကတော့
ညံသတ္တဝါကြီးကို ကြောက်ရွံ့နေမိသော်လည်း သဘော်ကြီးကို ထိန်း
နေရသည့်အတွက် ညံသတ္တဝါကြီးကို ပြန်ပြီးမကိုက်ခိုက်နိုင်ပါ

ညံသတ္တဝါကြီးသည် ဒေါသအကြီးအကျယ်ထွက်နေ
လျက်ရှိကာ. . မထိန်းနိုင်မသိမ်းနိုင်ဖြစ်လာလေတော့သည်။
သူ့ခန္ဓာကိုယ်ကြီးနှင့် မဖြစ်စလောက် ဒဏ်ရာရထားသည်ကိုပင်
ဒေါသကြီးကာ ခက်ထန်လျက်ရှိသည်။

ထို့ကြောင့်. . သဘော်ကြီးကို တိုက်ခိုက်ဖျက်ဆီးပစ်
လေတော့သည်။ ရှည်လျားသော ခန္ဓာကိုယ်ကြီးသည်
ရေပြင်ပေါ်ကို ဘွားကနဲဆို တက်လာသည်။

"ဟာ. . အမလေး နည်းတဲ့အကောင်ကြီး မဟုတ်ပါလား"

"ကြောက်စရာကြီးပါဗျ. . ."





လှိုင်းအလုံးလုံးကြားထဲမှာ အော်ဟစ်သံများက ဆူညံ
သွားခဲ့ကြလေတော့သည်။ ညံသတ္တဝါကြီးသည် သဘော်ကြီးကို
ကိုယ်လုံးကြီးဖြင့် ရစ်ပတ်ပစ်လိုက်သည်။ ကြီးမားသော သဘော်
ကြီးသည်ပင်. . ညံသတ္တဝါကြီး၏ ကိုယ်လုံးကြားထဲမှာ
ကလေးကစားစရာလေးတစ်ခုပမာ ဖြစ်သွားခဲ့ရသည်။

ထို့နောက် သူ၏ကြီးမားသော ခေါင်းကြီးကို အရှိန်ယူကာ
အပေါ်ကို မြှောက်ပြီးအောက်ကို စိုက်ချလိုက်သည်။

"ဖြောင်း. ."

သဘော်ကြီးသည် ညံ့သတ္တဝါကြီးကြောင့် အပေါက်ကြီး
ဖြစ်ကာ ပျက်စီးသွားခဲ့သည်။ လှေထိုးသားများသည် ညံသတ္တဝါ
ကြီးကို အထိတ်တလန့်ဖြစ်နေသည့်ကြားက တတ်နိုင်သမျှ ဝိုင်းပြီး
တိုက်ခိုက်ကြသည်။ ပုဆိန်၊ ရဲဒင်း၊ ဓါးများဖြင့် ခုတ်ထစ်တိုက်ခိုက်
ကြသည်။

"ဒီကောင်ကြီး. . ငါတို့သဘော်ကို ဖျက်ဆီးပစ်လိုက်ပြီ
ဟေ့၊ သဘော်ကြီးလည်း ပျက်စီးသွားပြီ၊ မထူးတော့ဘူး. .
သူသေ. . ကိုယ်သေတိုက်ခိုက်ကြပေတော့. ."

လှေသူကြီးသည် မိုးသံလေသံတဝေါဝေါကြားမှာ
အော်ပြီးတော့ ပြောလိုက်သည်။ မထူးဇာတ်ခင်းခဲ့လေပြီ. .
သဘော်ကြီးလည်း ညံသတ္တဝါကြီး၏ လက်ချက်ဖြင့် ပျက်စီးသော
သူတို့လည်း ဤအဏ္ဏဝါကြီးထဲမှာ ပျောက်ပျက်၍ ဇာတ်သိမ်း

www.burmeseclassic.com



ကြရတော့မည်မဟုတ်ပါလား၊ ထို့ကြောင့်. . အချည်းနှီး မသေမခံနိုင်တော့။ ညံသတ္တဝါကြီးကို တိုက်ခိုက်ရင်း အသေခံကြတော့မည်။

လှေသမားတစ်ဦး၏လက်ထဲမှ ဝါးချွန်ကြီးသည် တစ်လုံးတည်းသာ အကောင်ပကတိကျန်သေးသော မျက်လုံးထဲကိုရောက်သွားခဲ့သည်။

"ဒုတ်. ."

"အူး. . အူး"

ညံသတ္တဝါကြီးသည် အာခေါင်ခြစ်ပြီးတော့ အော်လိုက်ပြန်သည်။ မျက်လုံးနှစ်ဖက်စလုံး ကန်းသွားခဲ့သောကြောင့် ဘာမှမမြင်ရတော့၊ ဒေါသလည်းပိုပြီးတော့ ထွက်လာခဲ့သည်။ ထို့ကြောင့်. . ကြီးမားသောပါးစပ်ပေါက်ကြီးကို အသားကုန်ဖြဲ၍ မမြင်မကန်းနှင့်လိုက်ပြီး ဆွဲလေတော့သည်။

ရှက်တိုင်ကြီးများကို ချွန်ထက်သော သွားများဖြင့် ကိုက်ဖြတ်လိုက်သည်။

"ဖြောင်း. ."

"အကောင်ကြီးကန်းသွားပြီဟေ့၊ ဝင်တိုက်ကြ. . သေအောင်သတ်ကြ. ."

ရွှေသူကြီးက အော်ဟစ်ပြေးဝင်သွားပြီး ညံသတ္တဝါကြီး၏ပါးစပ်ထဲကို ဝါးချွန်ကြီးဖြင့် တအားလွှဲကာ ပစ်သွင်း





လိုက်သည်။

"အူး. . အူး"

ညံသတ္တဝါကြီး၏ ခေါင်းပိုင်းကြီးသည် သင်္ဘောပေါ်ကို အနီးကပ်မေးတင်လျက်ရှိရာ သတ္တိကောင်းသော လှေထိုးသားများက လက်နက်မျိုးစုံဖြင့် ဝင်ရောက်ပြီး တိုက်ခိုက်ကြလေတော့သည်။

"သတိထားကြဟေ့၊ ဒီကောင်ကြီးရဲ့ ပါးစပ်ထဲကို ရောက်သွားကြဦးမယ်. ."

လှေသူကြီးက သတိပေးသည်။ ညံသတ္တဝါကြီးသည် ပါးစပ်ပြဲပြဲ. . အစွယ်ဖွေးဖွေးဖြင့် တရှူးရှူးတရှဲရှဲဖြစ်ကာ လိုက်ဟပ်နေသည်။ မုန်တိုင်းကြားထဲမှာ သင်္ဘောကြီးက ချာချာလည်လျက်ရှိသည်။ ညံသတ္တဝါကြီး၏ ကိုယ်လုံးရှည်ကြီးသည် သင်္ဘောကြီးကို ရစ်ပတ်ထားသည်ဖြစ်ရကား မကြာမီ တအားဆွဲညှစ်ပစ်လိုက်လေ၏။

"ဗျစ်. . ဗျစ်. . ဖြောင်း"

သန်မာလှသောညှစ်အားကြောင့် သင်္ဘောကြီးတစ်ခုလုံး ကွဲထွက်သွားခဲ့သည်။ သွားကြီးများ၊ အစွယ်ကြီးများဖြင့် နေရာအနှံ့လိုက်ပြီး ကိုက်ဖြတ်ပစ်လေရာ သင်္ဘောဝမ်းရောကြီးလည်း ပေါက်ထွက်သွားခဲ့လေတော့သည်။

"ဝေါ. . ဝေါ"



www.burmeseclassic.com

www.burmeseclassic.com



ရောတွေက တဝေါဝေါဖြင့် လိမ့်ပြီးဝင်လာခဲ့သည် သင်္ဘောကြီးပေါ်မှ လူများအားလုံးသည် အောက်ကို တဝုန်းဝုန်း ဖြင့်ခုန်ချကြရသည်။ ပျဉ်တိုပျဉ်စ၊ သစ်သားအပိုင်းအစများ ရရာမိရာဖက်တွယ်ထားကြရသည်။ ညံသတ္တဝါကြီးကား ဒဏ် ဒဏ်ချက်များစွာဖြင့် ဒေါသကြီးမားနေဆဲ၊ နစ်မြုပ်လုနီး သင်္ဘောကြီးကို ရစ်ပတ်ကာ တစ်စစီဖြစ်သွားအောင် ချိုးဖဲ့ဖျက် ဆီးပစ်နေဆဲ၊ သင်္ဘောကြီးနစ်မြုပ်သွားသောအခါ ညံသတ္တဝါ ကြီးလည်း ရေအောက်ကို တဖြည်းဖြည်းနှင့်ပါသွားခဲ့လေသည်

မုန်တိုင်းကား အားကောင်းနေဆဲ၊ မွှေနေဆဲ၊ လှိုင်းလုံး ကြီးတွေကလည်း ခက်ထန်သော ပေါ်ရှိသအဏ္ဏဝါထဲဝယ် ကြောက်မက်ဖွယ်ကောင်းအောင်မင်းမူနေဆဲ၊ ညံသတ္တဝါကြီး ကြောင့် သင်္ဘောပျက်၍ ပင်လယ်ထဲမျောနေကြသူများကတော့ တမ်းမမြင်၊ လမ်းမမြင်၊ တွယ်ရာမဲ့နေဆဲပင်တည်း။

၀ ၀ ၀



(၂)

## လူကြောက်တစ်ယောက်

ရွှာလယ်လမ်းမကြီးတစ်လျှောက် ဘိန်းမုန့်တစ် ချပ်ကို လက်မှာကိုင်ကာ တစ်ကိုက်ပြီးတစ်ကိုက် စားလာသူ တစ်ယောက် သူ့အတွေးနှင့်သူ . , မည်သူ့ကိုမှလည်း စိတ်မဝင်စား . .

"ဟေ့ကောင် ကျော်ဖွား၊ မင်း . . ဒီကိုလာခဲ့စမ်း"

သစ်ပင်ကြီးတစ်ပင်အောက်မှ လူငယ်တစ်စုထဲမှ တစ်ယောက်က . . ကျော်စွာ့ကို ခေါ်လိုက်ခြင်းပင်ဖြစ်သည်။ ကျော်စွာသည် အသံလာရာဆီကို လှည့်ကြည့်လိုက်သည်။ သက်ပြင်းတစ်ချက် မသိမသာချလိုက်သည်။

"မင်းကို . . ငါခေါ် နေတယ်လေကွာ၊ ကျော်စွာ . .



www.burmeseclassic.com

www.burmeseclassic.com



ဒီကိုလာခဲ့ဆို. . မကြားဖူးလား. . နားပင်းနေသလား. . ”

ဘထောင်၏ လေသံက ပိုပြီးတော့ ခက်ထန်သွားသည်။

“ဟော့ကောင် ဘထောင်၊ ဒီကောင်က နွားတစ်ကောင်လို ပေကပ်ကပ်နဲ့ မင်းကိုတောင် ဂရုမစိုက်ပါလားကွ. . ဟေ”

ကြက်သီးက ထောင်လိုက်သည်။ အသားရောင်က ပိတ်ထက်ထောင့်မည်းမှောင်သေးသည်။ ကိုယ်လုံးကတော့ ဂင်တိုတိုပုကွကွ၊ အချိုးအစားမကျသော ကြက်သးက အတို့အထောင်သမား။

“ကျော်စွာ. . မင်း မနာချင်ရင် ဒီကိုအမြန်ဆုံးလျှောက်လာခဲ့လေကွာ၊. . ဘထောင် ဘယ်လောက်လက်သံပြောင်သလဲဆိုတာ မင်းသိတယ် မဟုတ်လား. . ”

ကုလားအုတ်တစ်ကောင်လို မြင့်မားသောအရပ်ရှိသည့် ကမားဆိုသည့်ကောင်ကလည်း ဝင်နှောက်လိုက်ပြန်သည်။ ကမားသည် လူမျိုးခြားကုလားတစ်ယောက်ပင်၊ မျက်ပေါက်ကျဉ်းကျဉ်း. . ပါးစပ်ကပြဲပြဲ. . ကွမ်းစားထား၍ သွားတွေက ကွမ်းချေးတက်နေသည်။ သူကပါ ဝင်ရောပြီး ကျော်စွာ့ကို နှိမ်သည်။

ကျော်စွာသည် သူတို့ရှိရာကို စိတ်မပါတပါ ခြေလှမ်းများနှင့် လျှောက်သွားခဲ့သည်။





“ကဲ. . ဘာလဲ. . ပြော”

“အံမာ. . မင်းက ငါ့ကို ထောက်၊ ဘယ်တုန်းက ဒီလိုလေသံမျိုးနဲ့ ပြန်ပြီးတော့ မေးဖူးလို့လည်းကွ. . ”

ဘထောင်က ကျော်စွာ၏ ရင်ဘတ်ကို လက်ဖနှောင့်နှင့် ဆောင့်တွန်းပြီးတော့ မာန်မဲလိုက်သည်။ လက်ထဲမှ ဘိန်းမုန့်ကိုလည်း ဆတ်ကနဲဆွဲယူကာ အောက်ကိုပစ်ပေါက်ချလိုက်သည်။ ကမားက ဘိန်းမုန့်ကိုခြေဖြင့် တက်နင်းကာ ခြေပစ်လိုက်လေ၏။

“ဟား. . ဟား. . ဟား ဟား၊ ကျော်စွာ. . မင်းက ဘိန်းမုန့်ကို သမျှောနေသလားကွ. . ”

“ကမား. . ငါ့မှာ ဘိန်းမုန့်ပဲ စားစရာရှိတာပါကွာ၊ မင်းက. . ဒီလိုလုပ်လိုက်တော့ ငါ့မှာ စားစရာမရှိတော့ဘူးပေါ့”

“မရှိလည်း မစားနဲ့ပေါ့ကွာ၊ မင်းက ငတ်သေမယ့်ကောင်ပဲ၊ ငါတို့ရှေ့မှာ လာပြီးတော့ ငိုပြမနေနဲ့. . ”

ကြက်သီးသည် ကျော်စွာ၏ အင်္ကျီကော်လာစ နှစ်ဖက်ကိုလက်ဝါးဖြင့် စုစည်းကာ ဆုပ်ကိုင်လိုက်ပြီး. .

“ဟော့ကောင် ကျော်စွာ၊ မင်း. . ငါတို့ရှိနေတဲ့နေရာက ဖြတ်မလျှောက်နဲ့၊ အဲ့ဒါကို သတိပေးဖို့ခေါ်တာ. . သေသေချာချာမှတ်ထား. . ”

“ငါ့အိမ်ကို ငါပြန်တာ၊ ဒီလမ်းက မပြန်လို့ ဘယ်က



www.burmeseclassic.com

www.burmeseclassic.com



ပြန်မလဲကွ၊ မင်းတို့က ငါ့ကို အကြောင်းမဲ့အနိုင်ကျင့်ကြတာပဲ. ."

"အံမာ. . မင်းက ငါတို့ကို မော်တောင်မကြည့်ဖူးတဲ့ကောင်က. . ဒီလိုဝက်ပက်သလို ပြန်ပြီးတော့ ပက်ရသလားကွ၊ နာချင်ပြီထင်တယ်. . ကဲကွာ. ."

"ခွပ်"

"အား. ."

ကြက်သီးက ကျော်စွာ့မေးရိုးကို လက်သီးဖြင့် ခပ်ဆတ်ဆတ်ထိုးချလိုက်သည်။ ကျော်စွာမှာ ကာကွယ်ဖို့အချိန်မရလိုက်၊ ပစ်လဲပြီး ကျသွားခဲ့သည်။

"ဒီကောင်. . ငါတို့ကို ပမာမခန့်လုပ်နေတာကြာပြီ၊ မှတ်လောက်သားလောက်အောင် ဆုံးမလိုက်ဦးမယ်. ."

ဘထောင်ကပါ ခုန်ဝင်လာပြီး ကျော်စွာ၏ ကော်လာစနှစ်ဖက်ကို လက်တစ်ဖက်တည်းဖြင့် စုကိုင်ကာ ဆွဲယူလိုက်သည်။ ကျော်စွာပါလာ၏။

"မလုပ်ပါနဲ့ကွာ၊ မလုပ်ပါနဲ့ကွာ. ."

ကျော်စွာက ခြေလက်ကာပြီး တောင်းပန်သည်။

"မင်း တောင်းပန်တိုင်း လက်ခံရမလားကွ. . သေစမ်းကွာ. ."

"ခွပ်"





"အား. ."

ဘထောင်၏ လက်သီးက ကျော်စွာ၏ နှာနုကို ပြင်းထန်စွာ ထိသွားခဲ့သည်။ ကျော်စွာလဲကျသွားသော်လည်း ဘထောင်က အင်္ကျီကော်လာစမှ ဆွဲထားသည်။ ကမားက ပြေးဝင်လာပြီး ကျော်စွာ့အရှိက်ကို လက်သီးတစ်ချက်ပစ်သွင်းလိုက်ရာ. .

"အွတ်. ."

ဘထောင်က ကျော်စွာ့အင်္ကျီစကို လွှတ်ပေးလိုက်ရာ ကျော်စွာပစ်လဲပြီးကျသွားခဲ့သည်။ ဒါတောင်. . ကမားက အားမရသေးပဲ. . ကျော်စွာ့ရင်ပတ်ပေါ်ကို ခြေထောက်ဖြင့် ဆောင့်နင်းချမည်အပြုမှာ. . ကမား၏ ခြေထောက်ကို တစ်ဦးတစ်ယောက်က သိမ်းကျုံးပြီးရိုက်ချခြင်းခံလိုက်ရသည်။

"ဘုန်း"

"အား. ."

ကမား ခြေပစ်လက်ပစ် အောက်ကို ပစ်ကျသွားခဲ့သည်။

"နင်တို့. . ကျော်စွာ့ကို ဒါလောက်အထိ အနိုင်ကျင့်ဖို့မလိုဘူး၊ ဘထောင်. . ကိုယ့်ကိုပြန်ပြီး မတိုက်တဲ့သူကို လူမဆန်အောင် အနိုင်ကျင့်နေမယ့်အစား ငါနဲ့ယှဉ်မလား. . လာလေလာကြလေ. ."

မမျှော်လင့်ပဲရောက်လာပြီး ကမားကို တိုက်ခိုက်လိုက်



www.burmeseclassic.com

www.burmeseclassic.com



သူက မိန်းကလေးတစ်ယောက်၊ တောင့်တင်းကြွခိုင်သော ခန္ဓာကိုယ်ပိုင်ရှင်၊ မြင့်မားသောအရပ်ရှိသည်။ ခါးက သေးပြီး ရင်ထွားသည်။ တင်ကားသည်။ ကိုယ်လုံးကိုယ်ပေါက်လှ သလောက် မျက်နှာလေးကလည်း လှသည်။

သို့သော်. . ခုအချိန်မှာတော့ ခွေးရိုင်းအုပ်စုနှင့် တွေ့သော ကျားသစ်မလေး လို ရဲရင့်နေသည်။ အသံက စူးနက်သည်။

"မြတ်လေး. . နင်. . ကိုယ့်ကိစ္စမဟုတ်ပဲ ဝင်ပြီးမပါနဲ့ ဒီကောင် ကျော်စွာ. . အပိုးမကျိုးလို့ ငါတို့က ဆုံးမနေတာ နင်. . ဒီကနေထွက်သွားရင် ကောင်းမယ်. ."

"ငါက မသွားဘူးဆိုရင်ကော. ."

"မြတ်လေး. . နင်က နင့်ကိုယ်နင် သိပ်ပြီးတော့ ယုံကြည်နေတယ်ပေါ့လေ၊ ဟုတ်လား. ."

"အေး. . ငါ့ကိုယ်ငါ ယုံကြည်မှုအပြည့်ရှိပြီးသား နင်တို့. . ငါ့ကို ဘာလုပ်ချင်ကြသလဲ. . ပြော"

ထိုအခါ ကြက်သီးတ မြတ်လေးဆီကို လျှောက် လာပြီး. .

"အေး. . ငါကတော့ ဟော်ဒီ နင့်မျက်နှာလေးကို နမ်းကြည့်ချင်တယ်. ."

ကြက်သီး၏လက်သည် မြတ်လေး၏ပါးဆီကို လက်





ရောက်သွားမည်ပြုလိုက်သည်နှင့်. .

"ဖျန်း. ."

မြတ်လေး၏ လက်ဝါးက ကြက်သီး၏ပါးပြင်ပေါ်ကို ကျရောက်သွားခဲ့ရသည်။ ကြက်သီးသည် မြတ်လေးက သူ့ကို ဤသို့တုန့်ပြန်လာခဲ့လိမ့်မည်ဟု မထင်မိခဲ့။ အံ့အားသင့်သွားခဲ့ ရသည်။ ဘထောင်နှင့် ကမားရှေ့မှာဖြစ်နေသည့်အတွက်လည်း ရှက်သွားမိသည်။

"ဟင်. . နင်က ငါ့ကိုပါးရိုက်တယ်ပေါ့ ဟုတ်လား၊ ငါ့ မိဘတောင် ငါ့ကိုပါးမရိုက်ဖူးဘူး. ."

"အေး. . နင့်ကို နင့်မိဘတွေက မဆုံးမလို့. . ငါက ဆုံးမတယ်၊ ဘာဖြစ်သလဲ. . နင် ငါ့ကိုမကျေနပ်ရင် ကြိုက်သလို တုန့်ပြန်. . ရတယ်. . မြတ်လေးတဲ့. ."

"ဩော်. . နင်က ဒီလိုလား အေး. . ကြက်သီး ဘာကောင်လည်းဆိုတာ နင် အခုသိရမယ်. ."

ကြက်သီးသည် ခါးကြားမှ ဓါးမြှောင်ကို ဆွဲထုတ်လိုက်ပြီး မြတ်လေးကို မဆင်မခြင် ဝင်ထိုးသည်။

မြတ်လေးက နောက်ကိုတစ်ကွက်ဆုတ်ကာ ရှောင် လိုက်ပြီး. . ဓါးကိုင်လက်ကို ဘယ်လက်ဖြင့် ပုတ်ထုတ်ပစ် လိုက်သည်။ ဓါးချက်ကလွဲသွားသည်နှင့် ကြက်သီး၏ လက်မောင်းနှင့် လက်ကောက်ဝတ်ကို ဆုပ်ကိုင်ကာ [illegible]

www.burmeseclassic.com



လိုက်သည်။

"အား. ."

ကြက်သီးက အရှက်မဲ့စွာဖြင့်အော်လိုက်သည်။ ခါးလွတ်ကျသွားသည်။

"တောက်. . ငါ့ကို လွှတ်စမ်း မြတ်လေး"

"မလွှတ်ဘူးဟာ၊ နင်. . ယောကျ်ားမဟုတ်လား နင်စွမ်းရင် နင့်ဘာသာ နင်ရုန်းထွက်. ."

မြတ်လေးကလည်း အလျှော့မပေး၊ လက်ကိုလိမ်ချိုးထားသည်။ ကြက်သီးက ရုန်းသည်။ ခါးကြီးကုန်းနေသည်။ ရုန်းလေ၊ လက်ကိုအလိမ်ခံထားရလေလေ၊ ကြာတော့. . နာလာသည်။ မျက်နှာကြီးကလည်း ရှုံ့မဲ့လာသည်။ အော်တော့ မအော်. . ကြိတ်ခံသည်။

ထိုစဉ်. .

ကမားက တုတ်တစ်ချောင်းကိုကိုင်ပြီး ပြေးဝင်လာခဲ့သည်။

"သေပေတော့. . နင်. . ဒါလောက်တောင်စွာလှတာ"

မြတ်လေး၏လျင်မြန်လှသော တိုက်ခိုက်မှု၊ ဒေါသဖြင့်တစ်ဟုန်ထိုးဝင်လာသော ကမားကို ဘယ်ခြေဖြင့် ဘေးတိုက်ကန်ထည့်လိုက်သည်။

"အွတ်. ."

"ဖြောင်း"





"အား. ."

တိုက်ကွက်က နှစ်ချက်ဆင့်ကန်ချက်၊ တစ်ချက်က ရင်ဝကို နောက်တစ်ချက်က မျက်နှာကို သွက်လက်လျင်မြန်လွန်းလှ၍ ကမားမှာ တစ်ချက်သာ အော်လိုက်နိုင်သည်။ တိုက်ကွက်နှစ်ခုစလုံးထိရောက်သည်။ ရင်ဝလည်း အောင့်ထွက်သွားကာ အသက်ရှုရပ်သွားပြီလား မှတ်ရသည်။ မျက်နှာကြီးလည်း မီးပွင့်သွားသည်။ မြင်းတစ်ကောင်အကန်ခံလိုက်ရသလိုလွင့်ထွက်သွားသည်။

မြတ်လေးသည် ကြက်သီးကိုလည်း ဆွဲမွေ့ကာရမ်းပစ်လိုက်ပြီး တစ်ပတ်ပြန်လည်အလာမှာ အရှိုက်ကိုဒူးဖြင့် တိုက်ချလိုက်သည်။

"အွတ်. ."

ထို့နောက်. . လက်နှစ်ဖက်စလုံးကို လွှတ်လိုက်ရာ လွင့်ထွက်သွားသည်။ အရှိန်ကိုမထိန်းနိုင်ပဲ ကမား၏အပေါ်မှာ ဆပ်ပြီးတော့ ကျသွားခဲ့သည်။ နှစ်ယောက်စလုံး မရှုမလှ။

"ကဲ. . ဘထောင်၊ နင့်အလှည့်ပဲ ကျန်တော့တယ်၊ နင်က ကိုယ့်ကိုယ်ကို သူကြီးသားဆိုပြီး ဗိုလ်မထောင်နဲ့. . သတ္တိရှိရင် ထွက်လာခဲ့၊ မြတ်လေး ဘာကောင်မလည်းဆိုတာ သိသွားမယ်. ."

မြတ်လေးသည် ထဘီကိုပြင်ဝတ်ပြီး ဘထောင်ကို

www.burmeseclassic.com



စိမ်ခေါ်လိုက်သည်။ ဘထောင်သည် ကိုယ်လုံသိုင်းပညာမှာ ထက်မြက်လှသော မြတ်လေးကို မယုံရဲပါ။ လူကောင်ထွားသလောက်. . ဗလအားကိုးနှင့် အနိုင်ကျင့်ဖို့လောက်ပဲ သိသည်။ သတ္တိကောင်းသူ မဟုတ်။

"မြတ်လေး. . နင်နဲ့ ငါယှဉ်ဖို့အတွက်. . မတန်သေးဘူး၊ နင်. . အခုချက်ချင်း ငါ့ရှေ့က ထွက်သွားစမ်း"

"အံမာ. . နင် နှင်တိုင်း ငါကသွားရမှာလား၊ နင် ငါ့ကို အမိန့်ပေးစရာမလိုဘူး၊ နင်တို့သာ ဒီနေရာက ထွက်သွားကြ"

မြတ်လေးသည် ကျောမှာပိုးထားသည့် ဓါးရှည်ကို အအိမ်ထဲမှ ဆွဲထုတ်လိုက်ပြီး လေထဲမှာဝင့်ကာ ဓါးကစားပြလိုက်သည်။

"ဝှစ်. . ဝှစ်. . ဝှစ်. . ဝှစ်"

မြတ်လေးဓါးကစားသည်က ကြက်သီးထစရာပဲဖြစ်သည်။ ဓါးဦးက ဘထောင်၏ မျက်နှာပေါ်မှာ ဝဲနေသည်။ ဘထောင်သည် မျက်နှာကို ဘယ်ညာတိမ်းကာ ရှောင်တိမ်းနေရသည်။ ထို့နောက်. . ချွေးသီးချွေးပေါက်များကျလာကာ နောက်ကိုတဖြည်းဖြည်းနှင့် ဆုတ်သွားခဲ့ရသည်။

"ဟေ့ကောင်တွေ. . လာကြ"

ဘထောင်သည် ကြက်သီးနှင့် ကမားကို ခေါ်လိုက်သည်။ နှစ်ယောက်စလုံးနေရာမှ အနိုင်နိုင်ပင် ထလိုက်ကြရ





သည်။ မျက်နှာပေါ်မှာလည်း သွေးအလူးလူးနှင့် ဘထောင်ဆီကို ဒယိမ်းဒယိုင်ခြေလှမ်းများဖြင့် လျှောက်လာခဲ့ကြသည်။

"နင်. . ကောင်းကောင်းသတိထား မြတ်လေး၊ ဘထောင်ကို နင် ကျော်လို့မရဘူးမှတ်. ."

"သတိထားရမှာက နင်၊ ငါ မဟုတ်ဘူး ဘထောင်၊ နင်. . တစ်နေ့ကျ ဘေးတွေ့မယ်၊ အဲဒီအချိန်ကျရင် နင့်အဖေသူကြီး မောင်ဘဦးလည်း မတတ်နိုင်ဘူးမှတ်. ."

"တောက်. . ထွီ"

ဘထောင်သည် တံထွေးတစ်ချက်ထွေးပြီး ချာကနဲလှည့်ထွက်သွားခဲ့သည်။ ကြက်သီးနှင့် ကမားလည်း နောက်ကလိုက်သွားခဲ့ကြလေသည်။

မြတ်လေးသည် ခပ်လှမ်းလှမ်းမှာရပ်နေသော ကျော်စွာကိုခါးထောက်ကာ ရှုတည်တည်ကြီးကြည့်လိုက်ကာ. .

"ကျော်စွာ. နင် ယောကျ်ားမဟုတ်လား၊ နင် သူတို့ကို မယှဉ်နိုင်ဘူးလား၊ သတ္တိမရှိဘူးလား၊ သူတို့စော်ကားတိုင်း ဘာဖြစ်လို့ တစ်ချိန်လုံး ခေါင်းငုံ့ခံနေရတာလဲ. . ဟင်၊ ယောကျ်ားရင့်မကြီးဖြစ်ပြီး ဒါလောက်တောင် သွေးနည်းနေတာ ငါအံ့သြလို့မဆုံးဘူး. . နင့်အစား ငါရှက်တယ်. ."

"ငါ. . ငါ သူတို့အုပ်စုကို ဘယ်လိုကြောက်နေမိမှန်းမသိဘူး၊ ငါ. . ငါ ပြန်ပြီးမလုပ်ရဲဘူး မြတ်လေး"



www.burmeseclassic.com

www.burmeseclassic.com



"ဘာ. . သူတို့ကိုပြန်ဖြီးမလုပ်ရဲဘူး. . ဟုတ်လား၊ ဒီလို မိန်းမလျာစိတ်မျိုးရှိနေတာ နင့်ကိုယ်နင့် မရှက်မိဘူးလား။ ယောကျာ်းဆိုတာ သတ္တိ၊ ဇွတ္တိနဲ့ ပြည့်စုံရတယ်၊ ကိုယ့်အပေါ် စော်ကားလာတဲ့သူကို တန်ပြန်တတ်ရတယ်၊ ခုတော့ သင်းတို့ စော်ကားတိုင်း နင်က ငုံ့ခံနေတယ်၊ သူတို့က သတ်သွားလည်း နင်က ငြိမ်ငြိမ်လေး အသေခံသွားမှာလား. ."

ကျော်စွာက ပြန်မပြောပဲ ခေါင်းငုံ့နေသည်။ မြတ်လေးသည် ကျော်စွာကို အားမရပေ။

"နောက်တစ်ခါ နင် သူတို့စော်ကားသမျှကို ခံနေရင် ငါ့ကိုလာပြီး စကားမပြောနဲ့၊ ငါနဲ့တစ်သက်လုံး အဆက်အဆံ မလုပ်နဲ့. . ကြားလား၊ နင်. . ငါ့စကားကိုမြဲမြဲမှတ်ထား"

မြတ်လေးသည် ကျော်စွာကို ယတိပြတ်စကားပြောပြီး လှည့်ထွက်သွားသည်။ ကျော်စွာက နောက်မှပြေးလိုက်သွားပြီး. .

"နေ. . နေပါဦး မြတ်လေး"

"ဘာလဲ. . နင်က ငါ့ကို ဘာပြောချင်လို့လဲ၊ နင့်မျက်နှာပေါ်က သွေးတွေကို သုတ်ပစ်လိုက်ဦး. . ကြည့်မကောင်းဘူး၊ ဘာမဟုတ်တဲ့ကောင်တွေရဲ့လက်ချက်နဲ့ ကိုယ့်ကိုယ်ထဲက သွေးတစ်စက်အပြင်ကိုထွက်ရတာ လူကြားလို့မကောင်းဘူး၊ ရှက်စရာကောင်းတယ်. ."





ကျော်စွာသည် နှာခေါင်းနှင့်ပါးပြင်မှာ ပေကျံနေသော သွေးများကို လက်ဖမိုးဖြင့် သုတ်ပစ်လိုက်ပြီး. .

"ကစ်ရွာလုံးမှာ နင်တစ်ယောက်ပဲ. . ငါ့ကို အရေးစိုက်တာ၊ နင်က ငါ့ကို စကားမပြောဘူးဆိုရင် ငါဘယ်လိုနေရမလဲ. ."

"ဟဲ့. . လူဆိုတာ တစ်ယောက်တည်းနေလည်း အားမငယ်ရဘူး၊ မကြောက်ရဘူး. . လူတိုင်းဟာ ကိုယ့်စွမ်းကိုယ်စရှိရမယ် ဆိုတဲ့ဒါကို နင်မြဲမြဲမှတ်ထား၊ နင့်ကို ဘယ်သူကမှစကားမပြောလည်း ဂရုစိုက်စရာမလိုဘူး၊ ကိုယ့်အလုပ်ကိုယ်လုပ်၊ ငါက နင့်ကို အရေးမလုပ်လည်း ဝမ်းမနည်းနဲ့၊ ငါသာ. . နင့်နေရာမှာဆို. . ဘယ်သူတွေကပဲ ဥပေက္ခာပြုနေကြပါစေ၊ ငါလုံးလုံးကို ဂရုမစိုက်ဘူး. . မှတ်ထား"

"ငါ. . နင်ပြောတာကို နားလည်ပါတယ်ဟာ၊ ဒါပေမယ့် နင်. . ငါ့ကိုတော့ စကားမပြောပဲ မနေပါနဲ့. ."

"နင်က ကိုယ်ဖြစ်ချင်တာကိုပဲ ပြောနေတာကိုး၊ နင့်လို လူကြောက်တစ်ယောက်နဲ့ ငါအပေါင်းအသင်းလုပ်ရတာ ငါ. . ရှက်လွန်းလို့. ."

"နင်ကလည်းဟာ. ."

ကျော်စွာလည်း စကားမဆက်တော့၊ မြတ်လေး နှင့်အတူ နှစ်ယောက်ယှဉ်ကာ ရွာထဲကိုဝင်လာခဲ့ကြ



www.burmeseclassic.com

www.burmeseclassic.com



လေသည်။

ဝ ဝ ဝ

ဘထောင်တို့ လူတစ်စုနှင့် မြတ်လေး ခိုက်ရန်ဒေါသ ဖြစ်ပွားခဲ့သည့်သတင်းသည် ရွှေကျော်ကြီးရွာထဲမှာ ပျံ့နှံ့သွားခဲ့ရသည်။

"မြတ်လေးက ဒီရွာမှာ သတ္တိအကောင်းဆုံးပဲ၊ မိန်းကလေးမို့လို့သာ. . ယောကျ်ားလေးဆိုရင် ဘယ်လောက်ကောင်းလိုက်မလဲ၊ သူကြီးသားဘထောင်လိုကောင်မျိုးကိုတောင် ဗွာရဲတာကြည့်လေ. . ဘထောင်ကို တစ်ရွာလုံးက ဖိတ်ဖိတ်တုန်နေကြရတာ. ."

"အေးပေါ့ကွာ၊ ဖအေသူကြီး ဦးဘဦးကိုတောင် မော်မကြည့်ရဲကြတဲ့ သားကိုလည်း ရွံကြောက်ကြီးဖြစ်ကြပြီပေါ့၊ ဒီကောင်က ဆိုးတာကိုး၊ ဒါပေမယ့် မြတ်လေးတို့သားအဖကတော့ သူကြီးလည်း မကြောက်ဘူး. . သူ့သားလည်း ဂရုမစိုက်ဘူး. . သူတို့က လူမှန်ကြီးတွေ. ."

"ဒါပေမယ့် သူကြီးက လူတကာကို ဆိုးကျိုးပေးနေတာ. . မြတ်လေးတို့ သားအဖအတွက် စိုးရိမ်ရတယ်. ."

"မြတ်လေးက ကျော်စွာကြောင့် ဘထောင်တို့နဲ့ ရန်ဖြစ်ရတာတဲ့၊ ကျော်စွာကို ဘထောင်တို့လူစုက ဝိုင်းပြီး အနိုင်ကျင့်နေကြလို့ မြတ်လေးက မခံနိုင်ဖြစ်ပြီး ဝင်ပြောလို့ဖြစ်ရတာတဲ့တော့. . ဒီကောင်လေးကလည်း ပျော့ညံ့ညံ့ရယ်၊ မိဘကလည်း မရှိ ငယ်ငယ်ကလေးကတည်းက ဘုန်းကြီးကျောင်းမှာ ခိုကပ်ပြီးနေလာခဲ့ရတဲ့သူဆိုတော့ သိမ်ငယ်ငယ်ရယ်၊ သူ့ကို အထင်သေးအမြင်သေးနဲ့လူတကာ အနိုင်ကျင့်တာကို ခံနေရရှာတယ်. ."

တစ်ယောက်တစ်မျိုးစီ ဝေဖန်ချက်ပေးနေကြသည်။ ကျော်စွာကို ဝိုင်းပြီးသနားနေကြသည်။ ဘထောင်ကိုတော့ လူတကာမုန်းကြသည်။ သူကြီး ဦးဘဦးကိုလည်း မုန်းတီးကြသည်။ ဦးဘဦးက ခြောက်ရွာသူကြီး ကုလားဖြူအစိုးရက နာမည်ကောင်းလက်မှတ်နှင့် နှစ်လုံးပြူးတစ်လက်ဆုချထားသည်။ ရပ်ရွာအုပ်ချုပ်ရေးကောင်း၍ ချီးမြှင့်သော ဆုဟုဆိုသည်။

ထို့ကြောင့်. . ဘထောင်အဖေ ဘဦးမှာ နှစ်လုံးပြူးကြီးတကားကားနှင့် ဟိုလူ့ခြိမ်းခြောက်လိုက်၊ သည်လူ့ဟောက်လိုက်နှင့် မြောက်နေသည်။

"ဘဦး ရှေ့မှာတော့ မတော်မတရားတာ မလုပ်ကြနဲ့နော်. . သူဦး၊ သူ့ဝက်ပဲဖြစ်ဖြစ်၊ ရာဇဝတ်ကောင်ပဲဖြစ်ဖြစ်၊ တွေ့လို့ကတော့ မသက်သာဘူးမှတ်. . နှစ်လုံးပြူးစာမိသွားမယ်၊ သခင်ကြီးတွေက ဘဦးကို အာဏာကုန်လွှဲအပ်ထားတယ်. .

www.burmeseclassic.com



ဘာမှတ်သလဲ. . ”

သူကြီးဘဦးသည် ရှာလည်ခေါင်ကြီးမှာ အရက်မူးပြီ
နှစ်လုံးပြူးကြီးတကားကားနှင့် ရမ်းနေသည်။

“ဟေ့ကောင် ဘဦး၊ မင်းက အပြောနဲ့အလုပ်
တစ်ခြားစီပဲကွ၊ သူကြီးပါဝါပြပြီး ရှာလည်ခေါင်ကြီးမှာ သေနတ်
ကြီးတကားကားနဲ့ လူတကာကို ခြိမ်းခြောက်နေတာ မလွန်လွန်း
ဘူးလား. . ဟေ့. . ”

ကျောဘက်မှထွက်လာသော အသံတစ်သံ၊ သူကြီး
ဘဦး ဆတ်ကနဲဆို နောက်ကိုလှည့်ကြည့်လိုက်ရာ. .

“ဟေ့ကောင် မင်း. . မင်း တိုက်မောင်း၊ ငါ့ကို ပ
မခန့်နဲ့၊ သေသွားချင်သလား. . ဟင်”

ဘဦးသည် တိုက်မောင်းဆိုသူကို သေနတ်ဖြင့် ထိုးပြီ
တော့ ချိန်လိုက်သည်။ တိုက်မောင်းသည် သျှောင်တစ်စော
ထုံးထားသည်။ ပုဝါနီကို နဖူးမှာ ရစ်ကာ ပေါင်းထားသည်
ဖြူဆွတ်သော အသားအရည်နှင့် လိုက်ဖက်ညီသည်။ မျက်ခုံး
မွှေးကလည်း ထူထူ၊ နှာတံပေါ်ပေါ်နှင့် စူးလက်သော မျက်လုံး
တွေကိုပိုင်ဆိုင်သည်။ နှုတ်ခမ်းမွှေးစစနှင့် အသက်လေးဆယ
ပတ်ဝန်းကျင်လောက်ပဲရှိဦးမည်။ ဦးတိုက်မောင်းသည် မြတ်လေ
၏ဖခင်ဖြစ်သည်။

“ဟေ့ကောင် ဘဦး၊ မင်း. . ငါ့ကို ပစ်ရဲရင် ပစ်လိုက်





စမ်း၊ အေး. . ငါ သေသွားရင် မင်းလည်းမလွယ်ဘူးမှတ်၊
တစ္ဆေဘဝနဲ့ မင်းကိုတကို လာချိုးပြီး သတ်မယ်၊ မင်းတို့ဘစ်
ဆွေလုံးတစ်မျိုးလုံး. . အသေဆိုးနဲ့ကို သေစေရမယ်၊ ငါ့. .
အကြောင်း မင်းသိပါတယ်ကွာ၊ မင်းက မျက်နှာဖြူတွေ
မြောက်စားခံရတဲ့သူဆိုပြီး မြန်မာအချင်းချင်းဒုက္ခပေးနေတာ
တော့. . မကောင်းဘူးဟေ့. . သတိထားနေပေတော့”

ဦးတိုက်မောင်း၏အသံက ထက်မြက်လှသည်။ ဘဦး
သည် ချိန်ထားသော နှစ်လုံးပြူးသေနတ်ကို အောက်သို့ တဖြည်း
ဖြည်းစိုက်ချလိုက်သည်။

“အေးပေါ့ကွာ၊ မင်းက. . ငါ့သူငယ်ချင်းလည်းဖြစ်
တယ်၊ ပြောမနာဆိုမနာတွေလည်းဖြစ်တယ်. . မင်းကိုတော့
ငါသည်းခံလိုက်မယ်. . ”

လေသံက ပျော့သွားသည်။ တိုက်မောင်း၏ စူးလက်
သောမျက်လုံးတွေကိုလည်း သူကြောက်လာမိသည်။ ကြာကြာ
မကြည့်ရဲသော်လည်း လွှဲဖယ်၍မရ ဦးတိုက်မောင်း၏ မျက်လုံး
တွေနှင့် သူ့မျက်လုံးတွေ ကပ်ညှိနေကြသည်။

ဦးတိုက်မောင်းက သူ့ကို အတန်ကြာစူးစိုက်ကြည့်ပြီးမှ
မျက်နှာကိုလွှဲဖယ်ပြီး ရှေ့သို့ ဆက်လျှောက်သွားသည်။
သည်တော့မှ. . ဦးဘဦးလည်း နေသာထိုင်သာရှိသွားခဲ့သည်။
ရှာထဲမှ ပြောစမှတ်ရှိနေခဲ့သည်က. .



www.burmeseclassic.com

www.burmeseclassic.com



"ဘဦးနဲ့ ဘထောင်ကိုနိုင်တာ ဦးတိုက်မောင်း
သားအဖပဲရှိတယ်။ သူတို့ရှိနေလို့သာတော့ကွာ. . မဟုတ်ရင်
သည်သားအဖ ဘယ်လောက်အထိ ရမ်းကားကြမလဲ. . "

ဟူ၏။

(၃)

## ငြူးသူရှန်ဘကိကြောင့်လား

"ကျော်စွာ. . ကျော်စွာ၊ မင်းဒါလောက်တောင် သတ္တိ
ည်းရသလားကွယ်. . မင်းကို အသားလွတ်ကြီးနှိပ်စက်တာကို
တစ်ချက်တောင်ပြန်ပြီး မတုန့်ပြန်ပဲ. . ခေါင်းငုံ့ခံခဲ့ရတယ်လို့
ပြီးတော့. . ဟို ချစ်တီးအာလာကပွရဲ့ တပည့်ကမားဆိုတဲ့
ကောင်က ဘာကောင်မှ မဟုတ်ဘူး၊ ဘထောင်အားကိုးနဲ့ မင်းကို
ရန်ရှာတာ၊ မင်းသာ တစ်ချက်လောက်ပြန်ထိုးကြည့်၊ ဒီကောင်
ခွေးလို. . ဝက်လိုအော်ပြီးပြေးမယ့်ကောင်၊ ငါ့အနေနဲ့ ပြောရ
တာ မကောင်းပါဘူးကွယ်. . "

ဆရာတော် ဦးဇဝနသည် တပည့်ဖြစ်သူကို မချင့်မရဲ
ဖြင့်ပြောလိုက်လေ၏။





www.burmeseclassic.com

www.burmeseclassic.com



"တပည့်တော် ကြောက်တဲ့စိတ်ကိုတော့ ဘယ်လိုမှ တားဆီးလို့မရပါဘူး ဘုရား၊ သူတို့ကို တပည့်တော် အလိုလို နေရင်းနဲ့တောင် ကြောက်နေမိပါတယ်. ."

"ဟောက်. . ကျော်စွာရယ်၊ မင်းတော့ ဒီဘဝ လူဖြစ်ရှုံးတော့မယ်. ."

ဆရာတော် ဦးဇဝနသည် နေရာမှ ရှုတ်တရက် ထသွားခဲ့လေ၏။

ကျော်စွာသည် မိဘနှစ်ပါးစလုံး ရောဂါဘယဖြင့် ရှေ့ဆင့်နောက်ဆင့် ကွယ်လွန်ခဲ့ပြီးသည့်နောက် ကျွေးမွေးပြုစုမည့်သူမရှိ၍ ဆွေရိပ်မျိုးရိပ် မကင်းသော ဆရာတော် ဦးဇဝန ထံသို့ရောက်လာခဲ့သူဖြစ်သည်။ ရွာထဲဆွမ်းချိုင့်၊ ဟင်းချိုင့်သွားယူခိုင်းရာတွင်လည်း ဘထောင်တို့လူစုနှင့်တွေ့ပြီး အနိုင်ကျင့်ခံရတတ်သည်။

ကျော်စွာ ဆယ်နှစ်သားအရွယ်လောက်ကဖြစ်သည်။ ဆရာတော်က ကျော်စွာကို ရွာထဲရှိ ဒကာတစ်ဦးထံစေလွှတ်သည်။

"တကာကြီး ဦးမိုး အိမ်ကိုသွား၊ ဒီကနေ့ သူတို့ဆွမ်းအလှည့်ကျတယ်. . ဆွမ်းချိုင့်ယူသွား. ."

"တင်ပါ့ဘုရား. ."

ကျော်စွာ. . ဆွမ်းချိုင့်အလွတ်ကိုဆွဲကာ ကျောင်းမှ ထွက်လာခဲ့သည်။





ရွာလယ်ရှိ ဦးမိုး၏အိမ်မှ ဆွမ်း၊ ဆွမ်းဟင်းများထည့်ားသော ဆွမ်းချိုင့်ကိုယူပြီးအပြန်မှာ. .

"ဟေ့ကောင် ကျော်စွာ. ."

"ဟင်. . ဘထောင်တို့ပါလား၊ ငါ့ကို ဒုက္ခပေးကြာ့မယ်. ."

ကျော်စွာသည် ဘထောင်နှင့် ကြက်သီးတို့ကို မမျှော်င့်ပဲတွေ့လိုက်ရ၍ တုန်လှုပ်သွားခဲ့ရလေသည်။ သို့သော်. . ကြားချင်ယောင်ဆောင်၍ ဆက်၍ လျှောက်သွားခဲ့သည်။

"ဟေ့ကောင် ကျော်စွာ၊ မင်းက နားပင်းချင်ယောင်ဆောင်ပြီး ဆက်လျှောက်သွားတာလား. . ရပ်လိုက်စမ်း. ."

ကျော်စွာမှာ ဆက်မလျှောက်ရဲတော့ပဲ နေရာမှာပင် ်လိုက်ရသည်။ ဘထောင်နှင့် ကြက်သီးတို့က ကျော်စွာဆီကို လျှောက်သွားခဲ့ကြသည်။

"မင်း. . ဘယ်ကပြန်လာတာလဲ, ."

"ဆရာတော်က ဦးမိုးရဲ့အိမ်မှာ ဆွမ်းနဲ့ဆွမ်းဟင်းသွား ူခိုင်းလို့ပါ. ."

"ပေးစမ်း မင်းလက်ထဲက ချိုင့်. ."

"ဘာလုပ်မလို့လဲဗျာ. . ဆွမ်းစားချိန်နီးနေပြီ၊ ကျောင်းကိုအမြန်သွားရမယ်. ."

"ဖြောင်း. ."

www.burmeseclassic.com



"အား. ."

ဘထောင်က ကျော်စွာ၏ ဇက်ပိုးကို လက်ဝါးဖြင့် ရိုက်ထည့်လိုက်သည်။ ကျော်စွာ မြေပြင်ပေါ်ကို ပစ်လဲကျသွားခဲ့သည်။ မြေကြီးနှင့် မျက်နှာအပ်မိသွားသည်။ နာကျင်စွာ ခံစားလိုက်ရ၍ တရှုံ့ရှုံ့ဖြင့် ငိုပါလေတော့သည်။ လက်ထဲမှ လွတ်ကျသွားခဲ့သော ဆွမ်းချိုင့်ကို ဘထောင်က ကောက်ယူလိုက်ပြီး ချိုင့်များကို ဖွင့်ကြည့်လိုက်ရာ. .

"ဟာ. . ဟင်းတွေပါလားကွ၊ ထမင်းတွေကော. . ဟန်ကျတာပဲ. . ငါဆာနေတာနဲ့ အတော်ပဲ. ."

"အေးကွ. . ငါလည်း ဆာနေတယ်. ."

ဘထောင်နှင့် ကြက်သီးတို့သည် ဆွမ်းနှင့်ဟင်းများကို တစ်ယောက်တစ်ချိုင့်စီယူကာ နယ်ဖတ်ပြီး စားသောက်ကြလေတော့သည်။

"မလုပ်ပါနဲ့ကွာ. . ဆရာတော် သိသွားရင် ငါ့ကို ရိုက်လိမ့်မယ်ကွ. ."

ကျော်စွာက ပြေးလာပြီး ချိုင့်များကို အတင်းဆွဲလုရာ-

"မင်းကွာ. ."

"ဖျောင်း"

"အား. ."

ဘထောင်က ဘယ်လက်ဖြင့် လက်ပြန်ရိုက်ချလိုက်





သည်။ ကျော်စွာ့မျက်နှာတစ်ပြင်လုံး ပူထူသွားခဲ့ရပြီး အရှိန်ပြင်းစွာ. . ပစ်ကျသွားခဲ့လေရာ. . ဒလိမ့်ခေါက်ကွေးဖြစ်သွားခဲ့ရသေးသည်။ ထို့နောက် သတိလစ်သွားခဲ့ရလေ၏။ ဤအဖြစ်အပျက်ကို မျက်ဝါးထင်ထင်တွေ့မြင်လိုက်ကြရသော ရွာသူရွာသားများက ဆရာတော်ဦးဇဝနကို သွားရောက်တိုင်ကြားကြသည်။ မျက်နှာပြင်မှာ သွေးအလိမ်းလိမ်းနှင့် ရှိနေသော ကျော်စွာကိုလည်း ခေါ်သွားခဲ့ကြလေ၏။

"ကျော်စွာ့ကို ဘထောင်တို့နှိပ်စက်နေတာ တပည့်တော်တို့မြင်တွေ့ခဲ့ရပါတယ် ဘုရား၊ ဆွမ်းတွေကိုလည်း သူတို့ အကုန်စားပစ်လိုက်ကြပါပြီ၊ တပည့်တော်တို့ ရွာကလူတွေ စုပြီးချက်လာခဲ့တဲ့ ဆွမ်းနဲ့ဟင်းပါ ဘုရား. ."

"ဒီကလေးကို ဘာဖြစ်လို့ အကြောင်းမဲ့နှိပ်စက်နေကြရတာလဲ၊ ကြောက်တတ်တဲ့ကလေးကိုမှ အနိုင်ကျင့်ချင်ကြတာကိုး၊ သူကြီး ဘဦးရဲ့သားဟာ ဒီအရွယ်လေးနဲ့ ရွာထဲမှာ ကျော်ဇောမှုကရှိနေခဲ့ပြီ. ."

ဆရာတော်သည် သူကြီး ဦးဘဦးကို ညနေဘက်တွင် ကျောင်းသို့လာရန် လူကြုံနှင့် အခေါ်လွှတ်လိုက်သည်။ မိုးချုပ်ကာနီးမှ သူကြီး ဦးဘဦးလည်း ရောက်လာခဲ့လေ၏။

"တပည့်တော်ကို တွေ့ချင်လို့ဆို. ."

"ဟုတ်တယ်၊ တကာကြီးရဲ့ သားဘထောင်က ကျုပ်



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းက ကျောင်းသားလေး ကျော်စွာကို အမြဲတမ်းအနိုင်ကျင့်တယ်၊ မနက်ကလည်း ကျော်စွာယူလာခဲ့တဲ့ ဆွမ်း၊ ဆွမ်းဟင်းတွေကို ဘထောင်နဲ့ ကြက်သီးတို့က လမ်းကနေဖြတ်လုပြီးစားကြတယ်၊ ကျော်စွာ့ကိုလည်း ရိုက်နှက်လွှတ်လိုက်တယ်၊ ဒီလိုလုပ်တာ မကောင်းပါဘူး၊ တကာကြီးရဲ့ သားကိုဆုံးမပါ၊ နောက်. . ဒီလိုမဖြစ်ပါစေနဲ့. . ”

“တပည့်တော် မသိလို့ပါ အရှင်ဘုရား၊ ခုလိုဖြစ်ရတာ စိတ်မကောင်းပါဘူး၊ ဒါ. . မလိုလားအပ်တဲ့ ကိစ္စပဲ၊ တပည့်တော်ရဲ့. . သားရဲ့မိုက်ပြစ်အတွက် တောင်းပန်ပါတယ်၊ မှတ်လောက်သားလောက်အောင်လည်း ဆုံးမပါ့မယ်ဘုရား. . ”

သူကြီး ဦးဘဦးက ဆရာတော်ကို တောင်းပန်လျှောက်ထားပြီး ပြန်သွားသည်။

သို့သော်. .

ဦးဘဦးသည် မိမိ၏သားဘထောင်ကို ဆုံးမခြင်းမရှိပါ။ ဖြစ်ပွားခဲ့သည့် ကိစ္စအတွက် မေးမြန်းခြင်းလည်း မရှိခဲ့ပါ။ ကျောင်းမှအပြန် ကျောင်းဝင်းပြင်ပကို ရောက်တော့. .

“ငါက. . ခြောက်ရွာသူကြီးပဲ၊ ငါ့ကို သခင်ကြီးတွေက အာဏာပေးထားတာ. . ငါ့သားသမီးတွေလည်း ဖအေဂုဏ်တက်သလိုလိုက်ပြီး တက်ကြွမှာပဲ. . ဘာမဟုတ်တဲ့ကိစ္စလေးနဲ့ ဆရာတော်က ငါ့ကိုခေါ်ဆူတယ်၊ သတိပေးတယ်. . ”





ဟု တစ်ကိုယ်တည်း မကျေမနပ်နှင့် ပြောလိုက်သေး၏။

၀ ၀ ၀

ကျော်စွာ့အကြောင်းစဉ်းစားလျှင် ရင်နာစရာကောင်းလှသည်။ သနားစရာလည်း ကောင်းလှသည်။ အတိတ်ကာလကအဖြစ်အပျက်များကို ကျော်စွာပြန်ပြီး တွေးမိတိုင်းမှာ ရင်နာရသည်။ ချောက်ချားစရာကောင်းလှသည်။

ကျော်စွာ့မိဘနှစ်ပါးသည် ရွာထဲမှာ မနေကြ၊ ရွာပြင်ကွင်းထဲမှာပဲ နေကြသည်။ တဲကြီးတစ်လုံးထိုးပြီး နွား၊ မိုး၊ ဆောင်းဥတုသုံးလီစလုံး လယ်ပြီး ကိုင်း၊ ကိုင်းပြီးတော့ လယ်၊ အလုပ်ကိုဇယ်ဆက်သလို လုပ်ကိုင်ကြသည်။ တဲက ကွင်းထဲမှာဆိုတော့ ရွာနှင့် လယ်ထဲကူးချီသန်းချီ လုပ်ဖို့မလိုတော့ချေ။ လင်မယားနှစ်ယောက်စလုံး အလုပ်ကို ကြိုးစားပြီးလုပ်ကြသည်။ သားလေးကျော်စွာရှင်ပြုဖို့အတွက် အားခဲထားကြသည်။ နယ်မြေအခြေအနေကလည်း သူခိုးဓါးပြမရှိ၊ အေးချမ်းလှသည်။ သူတို့လိုပဲလယ်ထဲမှာ တဲဆောက်ပြီးနေကြသူတွေ ရှိကြပါသည်။ တစ်တဲနှင့် တစ်တဲကားဝေးကြသည်။

သို့သော်. .

ကံကြမ္မာဟူသည် အစိုးမရပေ။ တစ်ညတွင်. . သူတို့လင်မယားအတွက်ကြမ္မာဆိုးတစ်ခုက ဝင်ရောက်နှိပ်စက်လေ



www.burmeseclassic.com

www.burmeseclassic.com



တော့သည်။

သက်ကြီးခေါင်းချအချိန်သို့ရောက်ခဲ့လေပြီ. . ယာတောတစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်သွားခဲ့သည်။ ဖားတစ်ကောင်နှင့် ပုရစ်တစ်ကောင် အချီအချအော်ဟစ်နေကြသံများသာ တစ်ချက်တစ်ချက်ပေါ်လာတတ်သည်။ နှံးမျက်စ သုံးရက်လ၏ နုံနဲ့သော အလင်းအားက ကမ္ဘာမြေပြင်ပေါ်ကို လုံလောက်စွာ မပက်ဆန့်ပေးနိုင်။ ကိုဖြိုးနှင့် မဝေတို့သည် သုံးနှစ်သားလေးကျော်စွာကိုအိပ်ယာဘေးမှာ ထားကာ အိပ်မောကျနေကြသည်။

ထိုစဉ်. .

လူငါးယောက်သည် မျက်နှာတစ်ဝက်ကို ပုဝါစည်းကာ ယာတဲနားဆီကို ချဉ်းကပ်လာခဲ့ကြသည်။ သူတို့သည် ခနော်ခနဲ့ ခြံစည်းရိုးကို ကျော်လွှားပြီးတော့ ဝင်လာကြသည်။

"ဝုတ်. . ဝုတ်"

အဝေးမှ ခွေးတစ်ကောင်က ပြေးလာပြီး သူတို့ကို ထိုးဟောင်လိုက်သည်။

"ဟာ. . ဒီခွေး"

သူတို့အထဲမှ တစ်ယောက် ခွေးကို လက်မှာကိုင်ထားသော တုတ်ကြီးဖြင့် ရိုက်ထည့်လိုက်သည်။

"ဖြောင်း"

"ကိန်. . ကိန်. . ကိန်"





ကိုဖြိုးသည် အသံဗလံများကြောင့် အိပ်ပျော်နေရာက နိုးသွားခဲ့ရသည်။

"မဝေ. . ခွေးဟောင်သံကြားရတယ်၊ ခွေးကိုရိုက်လိုက်တဲ့အသံလည်း ကြားလိုက်ရတယ်. . ပြီးတော့ လူသံတွေ. ."

"ဟုတ်တယ်. . ကျွန်မလည်း ကြားတယ် ကိုဖြိုး၊ အချိန်မတော်ကြီးမှာ ဘယ်သူတွေလည်း မသိဘူး. ."

"ငါ. . ထွက်ကြည့်လိုက်ဦးမယ်. ."

"အို. . တော် အပြင်ကို မထွက်ပါနဲ့၊ ဘာမှန်းမသိ၊ ညာမှန်းမသိနဲ့"

ကိုဖြိုးနေရာမှ ထလာပြီး ထရံပေါက်မှ ချောင်းကြည့်လိုက်သည်။

"ဟင်. ."

"ဘာတွေ့လို့လဲ ကိုဖြိုး. ."

မဝေက ကိုဖြိုး၏ လက်မောင်းကို ဆုပ်ကိုင်လှုပ်ရမ်းကာ မေးလိုက်သည်။

"လူတွေ. . လူတွေ၊ မျက်နှာတွေကို အုပ်ပြီး ခြံထဲကို ဝင်လာခဲ့ကြပြီ၊ ဓါး. . ဓါးတွေလည်း ပါလာတယ်၊ မရိုးသားကြဘူး၊ ဧကန္တ ငါ. . ငါတို့ကို. ."

"တော့်မလည်း ကြောက်နေတာနဲ့ ပြီးနေတာပဲ၊ လူဆိုး ဓါးပြတွေဆိုရင်လည်း ကျွန်မတို့နောက်ဖေးဘက်က ထွက်ပြေး

www.burmeseclassic.com



လို့ရတာပဲ. . သားကိုချီ. . ”

မဝေက သတ္တိကောင်းသည်။ လင်သားဖြစ်သူကိုဖြိုးက ကြောက်တတ်သည်။ ကိုဖြိုး ချီတုံချတုံဖြစ်နေလေရာ. .

“အို. . အရေးထဲမှာ တော်က ဘာဖြစ်နေတာလဲ၊ သားကိုချီပါလို့ဆိုနေ. . ”

“ဩော်. . အေး. . အေး”

ကိုဖြိုးက အိပ်ပျော်နေသော ကျော်စွာကို ကောက်ချီပြီး ပခုံးထက်မှာတင်လိုက်သည်။ မဝေသည် သေတ္တာထဲမှ ပုဝါဖြင့် ထုပ်ထားသော အထုပ်တစ်ထုပ်ကိုယူကာ ရင်ဘတ်ကြားထဲ သို့ထည့်လိုက်သည်။ ထို့နောက် နှစ်ယောက်သား တဲနောက်ဖက်တံခါးပေါက်မှ ဆင်းပြေးကြလေတော့သည်။

“ဝုန်း”

တဲတံခါးကို ဆောင့်ကန်ပြီးဖွင့်လိုက်သည့် အသံကို ကြားလိုက်ကြရသည်။ ကျိန်းသေပြီ၊ ဓါးပြတွေပဲဆိုတာ. . သူတို့ သဘောပေါက်သွားခဲ့ကြသည်။ သီးပင်စားပင်တွေကြားထဲမှာ ခြေကုန်သုတ်ပြီးပြေးကြသည်။ သူတို့လွတ်မြောက်နိုင်ကြပါ့မလား။

“ဟာ. . ဟိုမှာ ပြေးကုန်ကြပြီဟေ့၊ လိုက်. . လိုက်”

တဲထဲမှာ မည်သူမှ မရှိကြသောအခါ ထွက်လိုက်လာကုန်ကြသည်။ ရှေ့မှာပြေးနေကြသူနှစ်ယောက်ကို မြင်သွားခဲ့ကြလေပြီ။





“ငါတို့ကို မြင်သွားခဲ့ကြပြီ. . လိုက်လာကုန်ကြပြီ. . ”

“ကိုဖြိုး. . နောက်ကိုလှည့်ကြည့်မနေနဲ့. . အနီးဆုံးဆဲကိုသာ ရောက်အောင်ပြေး. . ”

“အေး. . အေး နင်လည်း မြန်မြန်ပြေး. . ”

အနီးဆုံးတဲဆိုသည်ပင် လေးတစ်ပင်စာလောက်ဝေးသေးသည်။ နောက်မှလူငါးယောက်ကလည်း သဲကြီးမဲကြီးနှင့် လိုက်လာခဲ့ကြသည်။

ကိုဖြိုး၏ ပခုံးထက်မှာ လိုက်ပါလာသော ကျော်စွာလေးမှာ နိုးသွားခဲ့လေသည်။

“ဟင်. . ဖေဖေ. . မေမေ. . ”

“သား. . သား၊ နိုးသွားခဲ့ပြီလား. . မငိုနဲ့နော် သားတိတ်တိတ်နေ. . ”

ကျော်စွာလေးလည်း အဖြစ်အပျက်ကို ဘာမှနားမလည်ပဲ. . အထိတ်တလန့်ဖြစ်ကာ မငိုရဲတော့ပေ။

“ကျွန်မတို့ ဒီအတိုင်းဆက်ပြေးလို့လွတ်မှာ မဟုတ်ဘူး၊ ဟောဟိုခြုံကြီးထဲမှာ ဝင်ပုန်းနေကြမယ်. . ”

“သူတို့က မျက်ခြေမပြတ်လိုက်လာကြပြီ၊ နင်နဲ့သားက ခြုံထဲမှာဝင်ပြီးပုန်းနေကြ၊ ငါ. . အယောင်ပြပြီး ရှေ့ကပြေးသွားမယ်. . ”

“အို. . ဖြစ်ပါ့မလား”



www.burmeseclassic.com

www.burmeseclassic.com



“ဖြစ်တယ်. . သွား. . သွား. . မြန်မြန်”

စကားအချေအတင်ပြောကြရန် အချိန်မရကြပါ။ မဝေသည် ကျော်စွာကို ကိုဖြိုးလက်ထဲမှ ပြောင်း၍ချီကာ ခြုံဆီကိုပြေးသွားခဲ့သည်။ ကိုဖြိုးက ဆက်ပြီးပြေးသွားသည်။

လူတစ်စုသည် ကိုဖြိုးပြေးသွားရာနောက်ကို အပြေးလိုက်သွားခဲ့ကြသည်။ မဝေမှာ ရင်တမမနှင့်ကျန်ရစ်ခဲ့သည်။

“ကိုဖြိုး လွတ်လွတ်ကျွတ်ကျွတ်ဖြစ်ပါစေ. .”

ကျော်စွာလေးကိုပွေ့ချီထားရင်း ကိုဖြိုးအတွက် ဆုတောင်းမိလိုက်သည်။ ကိုဖြိုးသည် တဟုန်ထိုးပြေးသွားနေရင်းက. . သစ်ငုတ်တစ်ခုကို ခလုတ်တိုက်မိကာ လဲကျသွားလေတော့သည်။

“အား. .”

သေဘေးကို သတိရသွားခဲ့ပြီး လဲကျနေရာမှ လူးလဲပြီးထကာ အပြေး၊ ဆက်မပြေးနိုင်တော့. . ခြေသပွတ်တိုင်လည်သွားခဲ့လေပြီ။

“အ. . အား. .”

ထို့ကြောင့် ခြေတစ်ချောင်းကိုသာ အားပြုကာ ထော့နဲ့ထော့နဲ့နှင့်ပြေးသည်။ ခရီးကမတွင်၊ သည်အတိုင်းဆက်ပြေး၍တော့. . လွတ်မှာမဟုတ်ဟု စဉ်းစားမိသည်။

“ငါ. . လွတ်မှာမဟုတ်ဘူး၊ တစ်နေရာမှာ ပုန်းနေမှ





ဖြစ်တော့မယ်. .”

ကွင်းထဲမှ သီးပင်စားပင်လေးတွေက နိမ့်နိမ့်လေးတွေ ထူဝပ်ပြီးနေရင်သော်မှ သေချာစွာရှာလျှင် မြင်တွေ့သွားနိုင်သည်။

“ဟင်. . ဘာပဲဖြစ်ဖြစ်၊ ငါ. . ဆက်ပြီးမပြေးနိုင်တော့ ဘူးအတူတူ. . အပင်တွေကြားထဲမှာ ဝပ်နေတာပဲကောင်းတယ်”

နောက်မှ အပြေးအလွှားနှင့်လိုက်လာကြသူတွေက တစ်ကယ့်ငရဲသားများပမာပင်ဖြစ်သည်။ သဲကြီးမဲကြီးကို ဖြစ်နေကြသည်။ ခြေသံတွေကလည်း ပိုပြီးတော့ နီးကပ်လာခဲ့ပြီဖြစ်သည်။

ကိုဖြိုး သစ်ပင်တွေကြားထဲသို့ ပြေးဝင်သွားစဉ်. . မမျှော်လင့်မိသော အခြေအနေတစ်ခုက ဖြစ်ပေါ်လာခဲ့သည်။

“ဝှစ်. .”

“ဒေါက်. .”

“အား”

ကျောပြင်ကို ဓါးမြှောင်တစ်လက်က လာစိုက်သည်။ ခက်ကျင်သော ဝေဒနာကိုခံစားလိုက်ရပြီး မှောက်လျက်လဲကျသွားခဲ့လေ၏။ သူ. . အတင်းကုန်းရုန်းပြီး ထလိုက်သည်။

“အ. . အား. .”

မထနိုင်တော့၊ ပြန်ပြီးလဲကျသွားခဲ့သည်။ လက်နှစ်ဖက်



www.burmeseclassic.com

www.burmeseclassic.com



ကို နောက်ပြန်မြေမှာ ထောက်ထားမိလိုက်သည်။ ဖင်ထိုင်လျက် အနေအထား. .

လူငါးယောက်က သူ့ကိုဝိုင်းသားလိုက်ကြသည်။ ကိုဖြိုး တစ်ယောက်စီကိုလိုက်ပြီး ကြည့်နေသည်။ မျက်နှာတစ်ဝက်ကို ပုဝါများစည်းထားကြသည်။ အမှောင်ကြောင့် မြင်ကွင်းကလည်း မပြတ်သား. . မည်သူတွေမှန်းလည်း မသိနိုင်ပါ။

"ဟေ့ကောင် ဖြိုး၊ မင်း ပြေးလို့လွတ်မတဲ့လားကွ"

အသံကိုဖျက်ပြီး ပြောမှန်းသိသာသည်။ မည်သူမှန်း မသိ၊ မှန်း၍ မရ၊ မျက်နှာသိထဲကပဲဖြစ်ရမည်။

"ခင်. . ခင်ဗျားတို့ ဘယ်သူတွေလဲ၊ ကျုပ်ဆီက ဘာလိုချင်လို့လဲ. . အား. . ကျွတ်. . ကျွတ် ကျွတ်. . ကျွတ်"

ကျောပြင်မှာ စိုက်ဝင်နေသော ဓါးဒဏ်ရာကြောင့် အသည်းခိုက်အောင် နာကျင်သွားခဲ့ရသည်။ မျက်နှာရှုံ့မဲ့သွားကာ အော်မိလိုက်သည်။

ခေါင်းဆောင်နှင့်တူသူတစ်ယောက်က ကိုဖြိုး၏ မျက်နှာကို ဓါးရှည်ဖြင့် ချိန်ရွယ်ထားလိုက်ပြီး. .

"ငါလိုချင်တာ. . မင်းရဲ့အသက်ပဲကွ၊ ဒီအား. . ဘယ်မှာလဲ. . မင်းမိန်းမနဲ့ ကလေး. . ပြောစမ်း"

"သူ. . သူတို့ပြေးသွားကြပြီ. . "

"ဘာကွ၊ ပြေးသွားကြပြီ. . ဟုတ်လား၊ မင်း ဒီလိုပြော





ရင်. . ဘယ်ရမလဲကွ၊ မင်းတို့နှစ်ယောက်စလုံးကို ငါလိုချင်တယ်"

ထိုသူသည် သံမှန်နှင့်မဟုတ်တော့ပဲ နဂိုလေသံနှင့် ထွက်သွားသည်။ မေ့ပြီးတော့ ပြောမိလိုက်ဟန်တူပါသည်။ ကိုဖြိုး ထိုအသံကို၊ ကျက်မိသွားခဲ့သည်။

"ဟင်. . မင်း. . မင်း"

"သြော်. . မင်း ငါ့ကို မှတ်မိသွားပြီပေါ့ ဟုတ်လား၊ ကွာ. . မထူးတော့ပါဘူး. . "

"ဝှစ်. . "

"အား"

ဓါးသွားထက်ထက်က ကိုဖြိုး၏လည်တိုင်ကို ထိရှသွားသည်။ လူသတ်သမားက ဓါးရေးမှာကျွမ်းပုံရသည်။ လက်သုပ်ရှားလိုက်သည်ကိုပင် မသိလိုက်၊ ကိုဖြိုးမှာ မျက်လုံးအပြူးသားဖြစ်ကာ လဲကျသွားခဲ့ရလေ၏။

"အမလေး ကိုဖြိုး. . ကိုဖြိုး. . သေပါပြီ"

ထိုစဉ်. .

အသံနှင့်အတူ မဝေသည် သွေးရူးသွေးတမ်းနှင့် အော်ဟစ်ကာ ကိုဖြိုးဆီကို ပြေးလာခဲ့လေ၏။ ကိုဖြိုးကို ဖက်တွယ်ထားလိုက်သည်။

"မဝေ. . မဝေ နင်. . နင် ဘာဖြစ်လို့ လိုက်လာတာလဲ. . ဒုက္ခရောက်တော့မယ်၊ သူ. . သူ ဘယ်သူလဲဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



နင်. . နင်. . သိ. . သိရဲ့လား အင့်. . ”

ကိုဖြိုး. . မဝေ၏လက်ထဲမှာ အသက်ပျောက်သွားခဲ့လေပြီ။

“ဟင်. . ကို. . ကိုဖြိုး၊ အမလေး ကိုဖြိုးရဲ့ ကျွန်မတို့လောကကြီးရဲ့အလယ်မှာ ဒီအတိုင်းထားခဲ့ပြီလားတော့ . . ဟီး”

“ဟေ့. . ငိုမနေစမ်းနဲ့၊ ဒီကောင့်အတွက်နဲ့ငိုနေတာ ကျက်သရေမရှိဘူး. . လာ. . လိုက်ခဲ့”

ထိုသူက မဝေ၏လက်မောင်းမှ ကိုင်ကာ တရွတ်တိုက်ပင်ဆွဲခေါ်သွားခဲ့သည်။

“ရှင်. . ရှင်တို့ လူသတ်သမားတွေ ကျွန်မ ယောကျ်ားကိုသတ်ပစ်ကြတယ်၊ ကျွန်မတို့မှာ ဘာအပြစ်ရှိလို့လဲ. . ဟင်ပြောကြစမ်းပါဦး”

“နင့်ကို သူက ယူလိုက်တဲ့အပြစ်ပေ့ါ၊ အဲ့ဒါ. . ကြီးမားတဲ့အပြစ်ပဲ၊ အဲ့ဒီအတွက်ကြောင့် နင့်ယောကျ်ားကို ငါရှင်းပစ်လိုက်တာ သိပြီလား”

“ဟင်. . ဒါဆို ရှင်. ရှင်က”

“အေး. . ငါ ဘယ်သူလဲဆိုတာ ပြီးတော့မှ သိရမယ်”

ထိုသူသည် မဝေကို ခြုံကွယ်တစ်ဆီကို ဆွဲခေါ်သွားခဲ့သည်။ မဝေမှာ ရုန်းကန်ရင်း လိုက်ပါသွားခဲ့ရသည်။

“ရှင်. . ရှင် ကျွန်မကို. . ကျွန်မကို. . ”





မဝေသဘောပေါက်သွားခဲ့လေပြီ။ ထိုလူကြီးသည် သတ်မာတော့မည်။ မဝေကို ကြမ်းတမ်းစွာဖြင့် ကိုင်တွယ်ဆက်ဆံသည်။ ကိုယ်ဝတ်လွှာအကျွတ်ကျွတ်ဖြင့် ကော့ပျံလျက်ရှိလေရာ. . ထိုသူမှာ ရာဂနတ်ဖမ်းပြီး ပို၍ပင် သောင်းကျန်းလာလေတော့သည်

“ကိုဖြိုးရေ. . ကိုဖြိုး. . ”

“နင့်ကိုဖြိုးလည်း နင့်ကို မကယ်နိုင်တော့ဘူး. . . အော်စမ်း. . နင်ကြိုက်သလောက်အော်စမ်း. . ဟား ဟားဟား. . ဟား”

မဝေမှာ လုံးဝ မလှုပ်နိုင်တော့ပါ။ ရင်ပြင်သည်လည်းဟင်းလင်းပွင့် ထွက်သွား ကာ . အထုပ်တစ်ထုပ်ကဲ့သို့ ကျသွားခဲ့သည်။ လူလေး ယောက်က အခြေအနေကိုသွားအေးအေးဖြင့်ရပ်ပြီးကြည့်နေ ကြလေသည်။

ထိုအချိန်တွင် ကျော်စွာသည် သေဆုံးသွားခဲ့သောခင်၏အဖြစ်အပျက်ကိုသော်လည်းကောင်း၊ မိခင်၏ အခြေအနေကိုသော်လည်းကောင်း မြင်တွေ့နေရသည်။ အကြောက်ကြီးကြောက်နေကာ. . အော်မိသော်လည်း အသံကမထွက်၊ ငိုလည်းမငိုရဲ၊ တစ်ကိုယ်လုံး တုန်ရီလျက်ရှိသည်။

လူလေးယောက်သည် မဝေ၏ အနားကို စိတ်လှုပ်ရှားစွာဖြင့်ရောက်လာခဲ့ကြသည်။ ထို့နောက် ရေးသားဖော်ပြရန်



www.burmeseclassic.com

www.burmeseclassic.com



မသင့်သော အပြုအမူများဖြင့် စော်ကားကြသည်။ တော်သလင်း လခွေးအုပ်ကျနေသကဲ့သို့ပင်တည်း။

၀ ၀ ၀

ခပ်လှမ်းလှမ်းရှိ ယာတဲများဆီမှ လူတစ်ချို့သည် သန်းကောင်ယံအော်သံများကြောင့် မီးတုတ်ကိုယ်စီ၊ တုတ် ဓါးလက်နက်များဖြင့် အသံထွက်ပေါ်လာရာဆီကို ပြေးလာခဲ့ကြ သည်။ သို့သော်. . အခင်းဖြစ်ပွားရာ နေရာကိုရောက်လာကြ သောအခါ ထိုသူငါးယောက်ကို မတွေ့ကြရတော့ပေ။

ဓါးဒဏ်ရာများဖြင့် သေဆုံးနေသော ကိုဖြိုးကိုသော် လည်းကောင်း၊ မြင်မကောင်းရှုမကောင်း. . ပိုးစိုးပက်စက်အနေ အထားဖြင့် သေဆုံးနေသော မဝေကိုသော်လည်းကောင်း စိတ်မကောင်းစွာ တွေ့လိုက်ကြရသည်။ မဝေ၏ကိုယ်ပေါ်မှာ လည်း. . ဓါးဒဏ်ရာတစ်ချို့နှင့် သွေးအလူးလူးရှိနေသည်။

"ဟာ. . ကိုဖြိုးနဲ့ မဝေတို့ပါလား၊ အဖြစ်ဆိုးလိုက်ကြ တာကွာ. ."

"မဟုတ်မှလွဲရော. . ဓါးပြတွေရဲ့ လက်ချက်ပဲဖြစ်ရမယ် ခုတစ်လော ဟိုဘက်ရွာတွေမှာ ဓါးပြတိုက်ခံနေကြရတာ ကြားပြီကွ"

"ဓါးပြတွေဆိုရင် ပစ္စည်းပဲယူမှာပေါ့၊ မသကာရိုက်နှက်





သွားကြရုံပဲရှိရမှာ. . ခုတော့ လူတွေကိုလည်း သတ်သွားပြီး. . ဟို"

သေးမှာပြန့်ကြဲနေသော မဝေ၏အဝတ်အစားများကို မြင်တွေ့လိုက်ကြရပြီး အားလုံးခံစားသွားကြရသည်။ စကားပင် ဆက်မပြောနိုင်ကြတော့ပါ။

"အီး. . အီး. . အီး. ."

ထိုစဉ်. . တအီးအီးနှင့်ကလေးတစ်ယောက်၏ ငိုရှိုက် သံကိုကြားလိုက်ကြရလေရာ. .

"ကလေးငိုသံကွ. . ဟိုခြုံထဲက လာတာ. ."

"အေး. . ဟုတ်တယ်၊ ကိုဖြိုးနဲ့မဝေတို့ရဲ့ သားလေးများ ဖြစ်နေမလား. . ကလေးလည်း ပျောက်နေတယ်ကွ. ."

အသံလာရာဆီကို သွားကြည့်ကြသည်။ ချုံထဲမှာ ကြောက်ကြီးကြောက်၍ တစ်ကိုယ်လုံးတုန်ရီနေသော ကျော်စွာလေးကို တွေ့လိုက်ရလေတော့သည်။ ရဲရဲပင်/. မငို ပါ။ ရှိုက်သံသာထွက်ပေါ်လာသည်။

"ဟာ. . ကျော်စွာလေး၊ သနားစရာပဲကွာ. ."

တစ်ယောက်က ကလေးကို ကောက်ချီလိုက်သည်။ ကျော်စွာလေးမှာ ထိုသူကို တင်းတင်းဖက်ထားသည်။ သိပ်ကို ကြောက်နေသည်။

"သား. . ကျော်စွာ၊ မင်းအဖေနဲ့ အမေကို ဘယ်သူတွေ သတ်သွားခဲ့ကြသလဲ. . ပြောစမ်း၊ ဘဘတို့ကို ပြောစမ်း၊



www.burmeseclassic.com

www.burmeseclassic.com



မကြောက်နဲ့သား၊ ဘဘတို့ရှိတယ်. . ဒီကောင်တွေကို ဘဘ
ကိုယ်တိုင်လိုက်ပြီးတော့ သတ်မယ်၊ တောက်. . ဒီကလေးတေ
မိဘမဲ့ဖြစ်ရပြီကွာ. . ”

“သူတို့က. . အဖေ့ကို ဓါး. . ဓါးကြီးနဲ့၊ အ. . အမေ့
လည်း. . အီး. . ကြောက်တယ်. . သား သူတို့ကိုကြောက်တ
အီး. . အီး. . အီး”

“ကလေးက သိပ်ပြီးတော့ ကြောက်နေရှာတယ်
သူဘာမှဖြေနိုင်မှာ မဟုတ်ဘူး. . မမေးပါနဲ့တော့. . ”

“ငါ. . မခံချင်လွန်းလို့ပါကွာ၊ စိတ်မကောင်းလွန်းလို့
အေးပါကွာ. . မမေးတော့ပါဘူး. . ”

“ကဲ. . ရွာကိုတစ်ယောက်က ပြန်၊ သူကြီးဘဦး
သွားအကြောင်းကြားကြကွာ၊ ငါတို့. . ဒီကနေ စောင့်နေကြမ

“မင်းပြောတာ နောက်ကျနေပြီ. . နှစ်ယောက်သွားကြ

တစ်ခဏအကြာတွင်. .

မီးတုတ်ကိုယ်စီနှင့် လူသူတစ်ချို့၏ အသံများ
ကြားလိုက်ကြရသည်။

“ဟော. . သူကြီး ဘဦးတို့ လာကုန်ကြပြီ ထင်တ

မကြာမီ သူကြီး ဘဦး ဦးဆောင်သော လူတစ်စုသ
ရောက်လာခဲ့ကြသည်။

ဘဦးက အသက်သုံးဆယ်လောက်ပဲရှိသေးသ





ငယ်ငယ်ရွယ်ရွယ် လူလတ်ပိုင်းမှာပင် သူကြီးဖြစ်နေသည်။

“ဟော့. . မင်းတို့ အလောင်းကို ထိမိကိုင်မိကြသေး
သလား. . ”

“စ. . ပြီးတွေ့ကတည်းက ဒီအတိုင်းပဲ. . ”

သူကြီး ဘဦးကို သိပ်ပြီး သဘောမကျကြပေ။ မျက်နှာ
ဖြူများကို ဖားလွန်းသောကြောင့်ဖြစ်သည်။ ဓါးပြသုံးယောက်ကို
အသေဖမ်းပေးခဲ့သည်နှင့် သူကြီးအဖြစ် ခန့်အပ်ခြင်းခံရသ
ဖြစ်သည်။ မူလသူကြီး ဦးကံဆိုင်က ထိုဓါးပြများ၏
နှင့်ပင် အသတ်ခံခဲ့ရသည်။

“ဓါးပြတွေက ဒီကလေးကိုတော့ တွေ့သွင်းပြိုင်. .
မတူဘူး၊ သူ့ခမျာ. . သိပ်ကြောက်နေရှာပြီး ဘာမှ ကြာ
အောင်. . ဖြစ်နေရှာတယ်. . ”

သူကြီး ဦးဘဦးသည် ကျော်စွာလေးကို စူးစူးစိုက်စိုက်ပင်
ကြည့်နေလိုက်သည်။ အတန်ကြာမှ. .

“တော်သေးတာပေါ့ကွာ၊ ကလေးကို ဘာမှလုပ်မသွား
ခဲ့ကြတာ. . ”

“ကလေးက ခြုံထဲမှာရောက်နေတာကိုး၊ ဘယ်မြင်ကြ
မလဲ. . မြင်သွားခဲ့ရင်လည်း ဒီကလေးမလွယ်ဘူး. . သူ့ကိုပါ
ရှင်းပစ်ခဲ့မှာပဲ. . ”

သူကြီး ဦးဘဦးသည် အလောင်းများကို တစ်ချက်သာ

www.burmeseclassic.com



ကြည့်လိုက်ပြီး . .

"မင်းတို့က ဓါးပြတွေရဲ့လက်ချက်ဆိုတာ ဘယ်လို သိကြသလဲ၊ ဘာကြောင့်ပြောနိုင်ကြတာလဲ . ."

"အလို . . ဓါးပြတွေ ဒါလောက်တောင် သောင်းကျန်း နေကြတာ၊ သူတို့ကို မထင်နိုင်ရဘူးလား၊ ဓါးပြတွေမဟုတ်ရင် ဒီလင်မယားမှာ ငြိုးသူရန်ဖက်များရှိလို့လား . . သူကြီး၊ သူကြီး ကကော ဘယ်လိုယူဆသလဲ . ."

သူဘာ "ငါကတော့ ဘယ်လိုမှ မဝေဖန်ချင်ဘူး၊ သက်ဆိုင်ရာ ...င်းကြားရမယ်၊ သူတို့လာပြီး စစ်ဆေးကြလိမ့်မယ်၊ အေးဟာ အမြင်မတော်ဘူး . . တစ်ခုခုနဲ့ ဖုံးအုပ်ထားလိုက်ကြ ...ှ မင်းတို့ ဒီမှာဆက်ပြီးတော့ စောင့်နေကြ . ."

ထို့နောက် သူကြီးဘဦးသည် သူ့လူတွေကိုခေါ်ပြီး ထွက်သွားခဲ့ကြလေသည်။

○ ○ ○



## (၅)
## အိပ်မက်ပေးတဲ့ မိခင်

ဤသို့ဖြင့် . . ရွှေကျော်ကြီးရွာမှ နှစ်လောင်းပြိုင် . . လူသတ်မှုကို မည်သူမှ မဖော်ထုတ်နိုင်ကြပဲ နှစ်တွေက ကြာ ညောင်းလာခဲ့သည်။ သူကြီးဘဦးသည် ဦးဘဦးဖြစ်လာကာ ခြောက်ရွာအုပ်ချုပ်ရသော သူကြီးဖြစ်လာခဲ့သည်။

သူခိုးဓါးပြများကို သူကိုယ်တိုင် ဖမ်းပေးသည်။ ဓါးပြမှု တစ်ခုဖြစ်ပြီဆိုလျှင် သူကိုယ်တိုင်လိုက်သည်။ ထိုဓါးပြများကို မရရအောင် ရှာဖွေသည်။ မိသည်။ အရှင်တော့ မဟုတ်။ အသေမိသည်ချည်းပင်။ ထို့ကြောင့် မျက်နှာဖြူတွေက သူကြီး ဘဦးကို ယုံကြည်အားထားလာခဲ့ကြသည်။ ချီးမြှောက်လာခဲ့ကြ သည်။ မျက်နှာဖြူများ အကြိုက်အခွန်အကောက်များကို

www.burmeseclassic.com



မတာရားတိုးကောက်ပေးရခြင်း၊ ရွာကိုရောက်လျှင်. . အရက် မိန်းမများကို ရှာဖွေပေးရခြင်းများကို လုပ်ဆောင်ပေးရသည်။ ရွာမှ. . မိန်းကလေးတော်တော်များများသည်လည်း သူကြီး ဦးဘဦးကြောင့် မျက်နှာဖြူများ၏ ခြေတော်တင်ခံခဲ့ကြရလေပြီ။ မျက်ရည်နှင့် ဒူးသုတ်ခဲ့ကြရလေပြီ။

ပို၍ဆိုးသည်က. . ချစ်တီးအာလာကပ္ပ၏ လယ်ပေါင် ယာပေါင်ကိစ္စများတွင် ကိုယ်တိုင်စိတ်ပါဝင်စားစွာဖြင့် ဆောင် ရွက်ပေးခြင်း။

အကြွေးမဆပ်နိုင်၍ အပေါင်ဆုံးပစ္စည်းများကို လာပြီး သိမ်းလျှင် ကျွဲ၊ နွား၊ လယ်၊ ယာ၊ မြေများကို သူကြီးအာလာကပ္ပ နှင့်အတူ ဝင်သိမ်းသည်။ ရွာသူရွာသားလယ်သမားများ၏ ဘက်မှ အခက်အခဲများကို မကြည့်ပဲ ချစ်တီးအာလာကပ္ပ၏ ဘက်မှသာ တစ်ဖက်သတ်ဆောင်ရွက်ပေးလေသည်။ အာလာကပ္ပ ၏တပည့် ကမားကို. . ရွာမှာ ချစ်တီးသူလျှိုအဖြစ်ထားထား သည်။ လယ်ယာကိစ္စများအတွက် ချစ်တီးအာလာကပ္ပအပေါ်မှာ မရိုးမသားဆက်ဆံသည်ဟု အထင်ရှိခဲ့လျှင်. . ကမားက ချက်ချင်းပင် သွားရောက်အကြောင်းကြားသည်။ ထိုသူများကို ချစ်တီးအာလာကပ္ပက လက်ဗွေပုံစံနှိပ်ထားသော စာချုပ်အပေါ် မှာ. . မိမိသဘောဖြင့် ဖြည့်စွက်ရေးသွင်းကာ ဒုက္ခအမျိုးမျိုး ပေးလေတော့သည်။ ကမားကို မကျေနပ်ကြသော်လည်း သူကြီး



ဘဦးက မြှောက်စားထား၍ နီးရာဓါးကိုကြောက်ကာ လက်ဖျား နှင့်ပင်. . မတို့ရဲကြချေ။

ဝ ဝ ဝ

တစ်ရက်တွင်. .

ကျော်စွာသည် မိမိပိုင်ဆိုင်သော အိမ်ဝိုင်းလေးဆီကို ရောက်လာခဲ့သည်။ ဆရာတော် ဦးဇဝနက ကျော်စွာ့ကို ရွာထဲသို့ မသွားရန် တားမြစ်ထားခဲ့သော်လည်း မသွားရလျှင် မနေနိုင်ခဲ့။ မိဘများကို လွမ်းဆွတ်သောစိတ်ဖြင့် ရောက်လာတတ်သည်။ သူ. . သုံးနှစ်သားအရွယ်က သေဆုံးသွားခဲ့သော မိဘနှစ်ပါးကို ကောင်းစွာပင် မှတ်မိနေခဲ့သည်။

[သုံးနှစ်သားအရွယ်လောက်က သေဆုံးသွားခဲ့သော မိဘနှစ်ပါးကို ယခုထက်တိုင် ကောင်းစွာမှတ်မိနေခဲ့သော ကလေးတစ်ယောက်၏ အမှတ်သညာသည် မှတ်ဉာဏ်ကောင်း လှသည်ဟု ဆိုရပေမည်]

ကျော်စွာသည် ချုံနွယ်ပိုပေါင်းများဖြင့် ဖုံးလွှမ်းနေသော ခြံကြီးထဲကို ကြောက်စိတ်အလျှဉ်းမရှိပဲ ဝင်လာခဲ့သည်။ ခြံကြီး တား နဂိုကတည်းက လူမနေခဲ့။ မိဘနှစ်ပါးသည် ကွင်းထဲမှာ သွားရောက်နေထိုင်ကြပြီး. . လယ်ယာလုပ်ငန်းများကို လုပ်ကိုင် ခဲ့ကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျော်စွာခြံထဲကိုရောက်ခဲ့တိုင်း ကညင်ပင်ကြီးတစ်ပင် အောက်မှာ ထိုင်ချင်ထိုင်၊ အိပ်ချင်အိပ်၊ သက်တောင့်သက်သာ စွာနေလေ့ရှိသည်။ တစ်ခါတစ်ရံ ကညင်ပွင့်များက ဝဲပြီးမြေပေါ် သို့ကျလာတတ်ကြသည်။ ကညင်ပွင့်များကိုကြည့်ပြီး သူလွန်စွာ မှပျော်လေသည်။ မိဘနှစ်ပါးသည် ကျော်စွာ့ကို ကညင်ပင်ကြီး အောက်ကိုခေါ်လာတတ်ပြီး သားငယ်နှင့်အတူ ဆော့ကစား လေ့ရှိကြသည်။ ထိုအခြေအနေများကိုပြန်ပြီး စဉ်းစားမိတိုင်း ကျော်စွာ့မှာ သွားလေသူ မိဘနှစ်ပါးကို ပိုပြီးလွမ်းဆွတ်လာ တတ်ပြီး မျက်ရည်များပင် ဝဲလာမိခဲ့လေသည်။

"အမေနဲ့ အဖေတို့ရယ်၊ သားကတော့ အခြေမဲ့.. အနေမဲ့ဘဝနဲ့ ဘကြီးဘုန်းကြီးနဲ့ အတူနေနေရတယ်၊ သား ကိုလည်း.. လူတကာကဝိုင်းပြီး အနိုင်ကျင့်ကြတယ်၊ သားရဲ့ ဘဝကို အဖေနဲ့အမေတို့ မြင်ကြည့်လှည့်ကြပါဦး.."

ကျော်စွာသည် လွန်စွာအားငယ်နေကာ သွားလေသူ မိဘနှစ်ပါးကို တမ်းတကာ ရှိုက်ကြီးတငင်နှင့် ငိုမိလိုက်လေ သည်။ မကြာမီ.. သူကြိုက်သော ဘီးမုန့်ကို စားရင်း.. နှစ်ခြိုက် စွာပင် အိပ်ပျော်သွားခဲ့လေသည်။

○ ○ ○



ထိုစဉ်..

ခြံဝင်းကြီးတစ်ခုလုံး မြူနှင်းများက ဝေ့ရစ်ဆိုင်းလျက်ရှိ သည်။ မြင်ကွင်းသည် စောစောက ကြည်လင်နေရာမှ ရုတ် တရက်ပြောင်းလဲသွားခဲ့ခြင်းပင်ဖြစ်သည်။ ယောဂီအဝတ်အစား များကိုဝတ်ဆင်ထားပြီး ယောဂီရှောင် ဦးပေါင်းပေါင်းထားသော အမျိုးသမီးတစ်ယောက်သည် ကညင်ပင်ကြီးပေါ်မှ ဆင်းလာ သလိုလို.. နောက်ဖက်မှ ထွက်လာသလိုလို.. စိတ်ထဲမှ ဝိုးတဝါးထင်လိုက်ရလေသည်။ ထို့ကြောင့် အိပ်ပျော်နေရာမှ မျက်ခွံတွေကို ဖွင့်ပြီးကြည့်လိုက်လေသည်။

ကျော်စွာ့ရှေ့မှာ လာရပ်နေသော အမျိုးသမီးတစ် ယောက်၊ ပြုံးပြုံးကြီးကြည့်နေလေသည်။ မျက်နှာမှာ ကြည်လင် လျက်ရှိသည်။

"ဟင်.. အမေ.."

"သား.. ဒီမှာ တစ်ယောက်တည်း ဘာဖြစ်လို့ လာနေနေတာလဲ.."

"ကျွန်တော်.. အမေ့ကို သတိရလို့ပါ၊ ဒါနဲ့.. အဖေ ကောဟင်.. အမေ"

"သားရဲ့ အဖေလူကြောက်ကြီးက မြင့်မြတ်တဲ့ ဘုံဘဝ ကိုရောက်သွားခဲ့ပြီကွယ့်၊ အမေက ဒီမှာခဏနေရဦးမယ်၊ သားနဲ့ တွေ့ဆုံဖို့ကြိုးစားခဲ့တာကြာပြီ၊ အခုမှပဲ တွေ့ခွင့်ရတော့တယ်"

www.burmeseclassic.com

www.burmeseclassic.com



"အမေ . . သားကို ဘာပြောချင်လို့လဲ"

"သားကို . . မှာစရာရှိလို့ . . အမေလာခဲ့တာပဲ၊ သား . . လူ့လောကကြီးရဲ့အလယ်မှာ အကြာကြီးနေရဦးမယ်၊ မမျှော်လင့်တဲ့အဖြစ်အပျက်တွေ . . ထူးဆန်းတဲ့အကြောင်းအရာတွေ မရောက်ဖူးတဲ့နေရာတွေကို သားရောက်ရလိမ့်ဦးမယ်၊ လူပေါင်းစုံနဲ့လည်း သားတွေ့ရဦးမယ်၊ စွန့်စားမှုအမျိုးမျိုးနဲ့လည်း ရင်ဆိုင်တွေ့ရဦးမှာ မလွဲပဲ . .

အဲ့ဒီလိုအချိန်မျိုးမှာ သားက အကြောက်ကြီးပြီး သတ္တိကင်းမဲ့နေရင် ဘယ်လိုလုပ်မလဲ၊ ဘဝကို ဘယ်လိုရင်ဆိုင်မလဲ၊ သားကို လူတကာက အနိုင်ယူသွားကြမှာပေါ့၊ သူများလုပ်သမျှ ခေါင်းငုံ့ခံနေရမှာပေါ့ . ."

"အမေ . . ကျွန်တော် လူတွေကို ရင်မဆိုင်ချင်တော့ဘူး၊ လူတွေနဲ့ဝေးတဲ့နေရာမှာပဲ သွားပြီးတော့ နေချင်တော့တယ်၊ သား . . သတ္တိကောင်းအောင် ဘယ်လိုလုပ်ရမလဲဟင်"

"အချိန်တန်ရင် သားကို ကူညီမယ့်သူပေါ် လာခဲ့မှာပါ၊ လူတစ်ယောက်ဖြစ်ပြီး လူတွေနေတဲ့နေရာမှာ မနေချင်လို့ ဘယ်ဖြစ်ပါ့မလဲကွယ် . . သားဟာ တစ်နေ့ကျရင် သတ္တိအကောင်းဆုံးလူတစ်ယောက် ဖြစ်လာခဲ့လိမ့်မယ်လို့ အမေယုံကြည်ထားတယ် . ."

"အမေ၊ အမေနဲ့ အဖေ့ကို သတ်သွားတဲ့သူဟာ





ယ်သူတွေလဲ . . ကျွန်တော့်ကို ပြောပြပါ . ."

"ရန်ရန်ချင်း မတုန့်နှင်းချင်ပါနဲ့တော့ သားရယ်၊ းသိလို့ကော ဘာထူးမှာလဲ၊ အမေ မပြောပါရစေနဲ့ . ."

"အမေ . . ပြောမှဖြစ်မယ်၊ အဲ့ဒါမှ သားဘဝကျေနိုင်မယ်၊ ပြောပါအမေ . . သားသိပါရစေ . ."

"မသိချင်ပါနဲ့ သားရယ်၊ သားသိသွားခဲ့ရင် . . သားရဲ့ ကြမ္မာက တစ်မျိုးတစ်ဖုံပြောင်းလဲသွားလိမ့်မယ် . ."

"ကံကြမ္မာကို ဘယ်သူမှ မစိုးမိုးနိုင်ဘူး အမေ၊ သား ည်အတိုင်းနေလည်း ပြောင်းချိန်တန်ရင် ပြောင်းလဲသွားမှာဘဲ၊ မေဖွင့်ပြောလိုက်ရင်လည်း ပြောင်းလဲချင်မှ ပြောင်းလဲသွား ဘဲ၊ အမေမပြောဘူးဆိုရင်တော့ သားတစ်သက်လုံး ဘဝင်ကျ မဟုတ်တော့ဘူး . ."

"ကောင်းပြီသား၊ လူတွေကို နက္ခတ်၊ တာရာတွေက းနေကြတယ်၊ ကံကြမ္မာနက္ခတ်က အဲ့ဒီလူကို ထိန်းချုပ်တော့ ယ်၊ အပြစ်ပေးပြီး ဒဏ်ခတ်ခံရတော့မယ်၊ မကြာမီမှာပဲ ကောင်းမှုတွေပြုခဲ့တဲ့သူကို လူ့လောကထဲက ပယ်ရှားပစ်တော့ ယ်၊ သားနဲ့ အဲ့ဒီလူကြီးဟာ တစ်နေ့မှာ ပက်ပင်းတိုးကြပြီး က်နှာချင်းဆိုင်ကြရတော့မယ်၊ အလိုလေးလေး . . ကံကြမ္မာကို ယ်လိုမှ ပြောင်းလဲလို့ မရနိုင်ပါလား . ."

"ဒါဆိုရင် အမေ . . ကျွန်တော့်ကို ပြောပြတော့မယ်



www.burmeseclassic.com

www.burmeseclassic.com



ဆိုပါတော့. . ”

“ဟုတ်တယ်. . အမေ သားကိုပြောပြတော့မယ်၊ အဲ့ လူဟာ တစ်ခြားသူမဟုတ်ဘူး သား၊ သူကြီး ဘဦးပဲ. . ”

“ဟင်. . ဘယ်သူ. . သူ. . သူကြီးဘဦး ဟုတ်လား အမေ. . သူ. . သူဖြစ်နိုင်ပါ့မလား အမေ. . ”

“သားက အမေ့ထက်ပိုပြီးတော့ သိဦးမလားကွယ် ဘဦးမှ ဘဦးအစစ်ပဲ၊ သူ. . သူဟာ မင်းအဖေကိုလည်း သတ်ပစ်ခဲ့တယ်၊ အမေ့ကိုလည်း သူ့အပေါင်းအပါတွေနဲ့. . အို. . ဒါတွေကို သားသိပြီးသားပါ. . အမေထပ်ပြောပြ လိုဦးမလား သားရယ်. . ”

ထိုစဉ် မြူတွေက ပိုပြီးတော့ ဆိုင်းလာပြီး မိခင်ဖြစ်သူ ဖုံးအုပ်သွားခဲ့လေသည်။

“အမေ. . အမေ အမေ ဘယ်ကိုရောက်သွားခဲ့ပြီလဲ အမေ. . အမေ သားကို တစ်ယောက်တည်းထားခဲ့ပြီလား. . ”

ကျော်စွာသည် မိခင်ဖြစ်သူကို လိုက်ရှာလည်း မတွေ့ ရတော့ပေ။

○ ○ ○

“ဟော့ကောင် ထစမ်း၊ မင်း အမေမဟုတ်ဘူးကွ၊ ငါ့ မင်းကိုခေါ်နေတာ. . ”





သူ့ကိုတစ်ဦးတစ်ယောက်က ခြေထောက်ဖြင့် ကန်ကာ နှိုးလိုက်လေရာ. . ကျော်စွာလည်း ကညင်ပင်ကြီးအောက်မှာ အိပ်ပျော်နေရာက လန့်နိုးသွားခဲ့လေတော့သည်။

“ဟင်. . ”

သူ့အနားမှာ ဝိုင်းနေကြသူတွေကတော့ ဘထောင်၊ ကြက်သီးနှင့် ကမားတို့ဖြစ်ကြသည်။

“မင်းတို့ ငါ့ခြံထဲမှာ ဘာဝင်လုပ်ကြတာလဲ. . ”

“ဟော့ကောင် ကျော်စွာ၊ ငါတို့လာတဲ့ကိစ္စ မင်းမသိဘူးလား. . မင်း. . ကြက်သီးအိမ်က ကြက်ကိုခိုးပြီးတော့ စားတယ် မဟုတ်လား. . မင်းကို ကြက်ခိုးမှုနဲ့ လာဖမ်းတာ”

“ကြက်သီးရဲ့ ကြက်၊ ငါခိုးတယ်. . ဟုတ်လား၊ ဟာ အဲဒီလိုအကုသိုလ်အလုပ်မျိုးကို ငါမလုပ်ပါဘူးကွာ၊ မင်းတို့. . ငါ့ကို မတရားမစွပ်စွဲကြပါနဲ့. . ”

“ဟော့ကောင် ကျော်စွာ မင်းငါတို့ကို ပြောင်ငြင်းဖို့ မကြိုးစားနဲ့. . မင်းရဲ့ခြံထဲမှာ ကြက်မွေးတွေတွေ့တယ်၊ ဟော့ကောင် ကမား၊ ဒီကောင့်ကို ပြလိုက်စမ်း. . ”

ကမားက စက္ကူစုတ်နှင့် ထုတ်ယူလာသော ကြက်မွေးတွေကို ကျော်စွာ့ရှေ့မှာ ပစ်ချလိုက်သည်။ ကျော်စွာသည် ကြက်မွေးတွေကိုကြည့်ပြီး အံ့အားသင့်သွားခဲ့ရလေသည်။

“ဒါ. . ငါ့လက်ချက်မဟုတ်ဘူး၊ မင်းကြက်ကို တစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်ယောက်က ခိုးလာပြီး ငါ့ခြံထဲမှာ ချက်စားကြတာ
ဖြစ်ရမယ်. . မင်းတို့ ငါ့ကို မတရားမစွပ်စွဲကြနဲ့. . ”

“ဘာကွ. . မင်းရဲ့ခြံထဲမှာ ဒီကြက်ကို တွေ့တာ
မင်းမခိုးလို့ ဘယ်သူခိုးမလဲ. . မင်းက လက်ပူးလက်ကြပ်
မိနေတာတောင် မျက်စိမှိတ်ပြီး ငြင်းနေသေးတယ်. . ထ, စမ်း”

ဘထောင်သည် ကျော်စွာ၏ ကော်လာစကို ဆုတ်
ကိုင်ကာ ထူလိုက်သည်။ ကြက်သီးက ကျော်စွာ့မျက်နှာ
လက်သီးနှင့် တစ်ချက်ထိုးထည့်လိုက်သည်။

“မင်းက ငါ့ကြက်ကို ခိုးစားပြီးတော့ ခုမှ မသိချင်ယော
ဆောင်နေတယ်. . ကဲကွာ. . ”

“ခွပ်. . ”

“အား”

ကမားကလည်း ကျော်စွာ့ကို ဝင်ထိုးသည်။

“ခွေးမသား. . ကြက်သူခိုး”

“ခွပ်. . ”

“အား. . ”

ဘထောင်က ကျော်စွာ့ကို ချုပ်ထားရာမှ လွှတ်ပေး
လိုက်ရာ. . ကျော်စွာမြေပြင်ပေါ်ကို ပစ်ကျသွားသည်။
ဘထောင်သည် ကျော်စွာ၏နံကြားထဲကို ခြေဦးဖြင့် ပစ်ကန်ထည့်
လိုက်သည်။



“ဒုတ်. . ”

“အား. . ”

ကျော်စွာ မြေပြင်ပေါ်မှာ လူးလှိမ့်နေရသည်။ မျက်နှာ
ပေါ်မှာလည်း သွေးအလူးလူးနှင့်. . ဖူးယောင်ကိုင်းနေသည်။
နှုတ်ခမ်းလည်း ကွဲထွက်သွားခဲ့လေသည်။

“မင်းတို့ ငါ့ကို မတရားမလုပ်ကြနဲ့. . တော်ပြီ၊
တော်လောက်ပြီ. . ငါ့ကို ထပ်ပြီး မနှိပ်စက်ကြပါနဲ့တော့. .
ထိုးကြပါနဲ့တော့. . ဟီး”

ကျော်စွာမှာ ချူးချကာ ငိုကြွေးလေတော့သည်။ နေရာ
မှလည်း မထနိုင်တော့။

“ဒီကောင့်ကို ဒါလောက်နဲ့ မရသေးဘူး၊ မှတ်လောက်
သားလောက်အောင် ဆုံးမဦးမယ်. . ခေါ်လာခဲ့ကြစမ်းကွာ”

ကြက်သီးနှင့် ကမားတို့သည် ကျော်စွာ့ကို ချိုင်းတစ်
ဖက်ဆီမှ မ,ကာ ခြံပြင်ကို ဆွဲထုတ်သွားခဲ့ကြသည်။

O O O

သူကြီး ဦးဘဦးသည် ထိတ်တုံးခတ်ထားသော
ကျော်စွာ့ကို မီးဝင်းဝင်းတောက်နေသော မျက်လုံးများဖြင့်
ကြည့်လိုက်ပြီး. .

“ငါ့အပိုင်ထဲမှာ ခိုးမှု၊ ဓါးပြမှု၊ လူသတ်မှု လုံးဝမရှိစေ

www.burmeseclassic.com

www.burmeseclassic.com



ရဘူး၊ ပြစ်မှုတစ်ခုကျူးလွန်ရင် ထိုက်တန်တဲ့ အပြစ်ဒဏ်ကို ခံစားရစေမယ်၊ မင်းကို သုံးရက်ထမင်းမကျွေးဘူး၊ ရေလည်း မတိုက်ဘူး. . ”

“သူကြီးမင်း. . ကျွန်တော်ဟာ စားစရာမရှိရင်. . မစားပဲနေမယ်. . ဒီလိုယုတ်ညံ့တဲ့အပြုအမူမျိုးတော့ ဘယ်တော့မှ မလုပ်ပါဘူး ခင်ဗျာ၊ ကြက်သီးရဲ့ကြက်ကို ကျွန်တော် ခိုးမစားရရိုးအမှန်ပါ. . ”

“ထို့. . မင်း ချေးစားပြီးပြောတာတောင် ငါမယုံဘူးကွ မကောင်းတဲ့မျိုးရိုးက သက်ဆင်းလာတဲ့မျိုးမစစ်ကောင်၊ စကားမှန်. . ဘယ်ပြောပါ့မလဲ. . ”

“သူကြီး. . ကျွန်တော့်ကို သတ်ချင်သတ်ပစ်လိုက်၊ မိဘနှစ်ပါးကိုတော့ ထိခိုက်စကားမဆိုပါနဲ့ ခင်ဗျာ၊ သူကြီးကသာ ကျွန်တော့်မိဘနှစ်ပါးကို. . ”

ကျော်စွာသည် စကားတစ်ခွန်း လွှတ်ကနဲထွက်သွားတော့မလိုဖြစ်သွားခဲ့ရသည်။ သူကြီး ဦးဘဦးသည် ဝါကျမဆုံးခဲ့သော ကျော်စွာ့စကားကြောင့် အံ့အားသင့်သွားခဲ့ရသည်။

လူပုံက နွဲ့နွဲ့နှင့် အကြောက်ကြီးသလောက် ဝမ်းတွင်းဓါတ်ခံကတော့ မာတက်ပါလား. . ကျော်စွာ့စကားထဲက အစွန်းက ထွက်လာသည်။ သူသိချင်သွားသည်။

“မင်းပြောစမ်း. . မင်းရဲ့ မိဘနှစ်ပါးကိုဆိုတာ ဘာလဲ



နဲ့ ဘယ်လိုပတ်သက်နေလို့လဲ. . ”

သူကြီး ဦးဘဦးက ဆောင့်ကြောင့်ထိုင်လိုက်ပြီး လေသံ င့် မေးလိုက်သည်။ မျက်လုံးထဲမှာ ရက်စက်ကြမ်းကြုတ်မှုတွေ . . မြင်ရသည်။ မထင်လျှင် မထင်သလိုလုပ်မည့် သူ့အသွင် ည် အသက်ကိုပင် ထိခိုက်နိုင်သည်။

“ဘာ. . ဘာမှမဟုတ်ပါဘူး၊ ကျွန်တော်. . ဘာပြော လိုက်မှန်းတောင် မသိဘူး၊ နှုတ်က လွှတ်ကနဲဆို ထွက်သွား တာပါ. . ”

“မင်း. . ငါ့ကိုမညာနဲ့၊ မင်းတစ်ခုခုသိထားတာရှိတယ်၊ င်းမှာ လျှို့ဝှက်ချက်တွေရှိနေတယ်. . အဲ့ဒါဘာလဲ. . ငါ့ကို ပြာစမ်း. . ”

“မ. . မဟုတ်ပါဘူး ခင်ဗျာ၊ ကျွန်တော် မရည်ရွယ်ပဲ ပြာမိလိုက်တာပါ. . ”

“ဖျန်း. . ဖျန်း. . ”

ကျော်စွာ့ပါးနှစ်ဖက်ကို ဘယ်ပြန်ညာပြန်ရိုက်ချလိုက် သည်။ ခေါင်းလည်ထွက်သွားသည်။ ချက်ချင်းပင် ပါးစောင်း စ်ဖက်မှ သွေးများက ထွက်ကျလာသည်။

“မင်းကို ဘယ်သူက ဘာတွေပြောထားကြလဲ၊ ငါ့ကို န်မှန်ပြော. . မပြောရင် မင်းကို ငါသတ်ပစ်မယ်၊ အစဖျောက် စ်မယ်. . မင်းဘယ်မှာ သွားသေမှန်းတောင် ဘယ်သူကမှ

www.burmeseclassic.com

www.burmeseclassic.com



သိကြမှာ မဟုတ်ဘူး”

“မင်း . . ဒီကလေးကို ဒါလောက်အထိ နှိပ်စက်စ

မလိုဘူး ထင်တယ် ဘဦး . . ”

ထိုစဉ် . . ကျောဘက်မှ အမှတ်မထင်ပေါ်လာသော

အသံကြောင့် လှည့်ကြည့်မိလိုက်သည်။

“ဟင် . . တိုက်မောင်း . . ”

ဦးတိုက်မောင်းသည် ကြက်သီးနှင့် ကမား

လည်ကုပ်မှ ကိုင်ထားသည်။ တစ်နေရာမှ ခေါ်လာခဲ့ခြင်း

ဖြစ်သည်။ မျက်နှာတွေမှာလည်း ဖူးယောင်ကိုင်းနေကြသည်

“ဒီကောင်တွေက ဘယ်လိုဖြစ်နေကြတာလဲ . .

တိုက်မောင်း . . ”

“ဘယ်လိုဖြစ်ရမလဲကွ၊ ကြက်ခိုးစားခံရတဲ့ကိစ္စ

ဒီကောင်နှစ်ကောင်က တရားခံပဲ၊ ကြက်သီးက သူ့အိမ်

ကြက်ကိုခိုးပြီး ဟောဒီ ကုလားနဲ့ ကျော်စွာ့ခြံထဲမှာ ဖျက်

ကြတာ . . မူးယစ်သောက်စားပျော်ပါးကြပြီး ကြက်သီးအိမ်

သိသွားတော့ ကျော်စွာ့ကို မဆီမဆိုင်အပြစ်ပုံချကြတယ်

ရွာထဲမှာ ထဘီစုတ်ပျောက်လည်း ကျော်စွာပဲ၊ ခါးမပျော

လည်း . . ကျော်စွာပဲ . . မိုးပေါ်မှာ ကျီးကန်းကြီးပက်လက်

သွားလည်း ကျော်စွာကြောင့်ပဲလားကွ ဟေ . . ရော့ မင်းတပ

နှစ်ယောက်ကို . . ”





နှစ်ယောက်စလုံးကို တွန်းလွှတ်လိုက်ရာ သူကြီး ဦးဘဦး

နားမှာ ပစ်လဲကျသွားခဲ့ကြသည်။

“မင်း . . ဒီကောင်တွေရဲ့ လက်ချက်ဆိုတာ ဘယ်လို

သိသလဲ . . ”

“ဘယ်လိုသိသလဲ . . ဟုတ်လား၊ မနေ့ညနေက

ဒီကောင်နှစ်ကောင် . . ကြက်ပိုက်ပြီး ကျော်စွာခြံထဲကို ဝင်သွား

ခဲ့ကြတာ ငါမြင်လိုက်တယ် . . မင်းမယုံရင် . . ကြက်သီးကို

မေးကြည့်ပါလား . . ”

“ဟော့ကောင် ကြက်သီး ဟုတ်လား . . ”

“ဟုတ် . . ဟုတ်ပါတယ်”

“တောက် . . တယ်လေ၊ ငါလုပ်ထည့်လိုက်ရ . .

နှစ်ယောက်စလုံး . . မသာပေါ်ကုန်တော့မယ်၊ မင်းကြောင့်

အပြစ်မဲ့တဲ့ကလေး မတရားအစွပ်စွဲခံလိုက်ရတယ်၊ ဘယ်လောက်

နစ်နာသလဲကွ . . ”

“မင်းကောင်တွေကို ငါနည်းနည်းပါးပါးဆုံးမထားတယ်၊

ကဲပါ . . ကျော်စွာ့ကို ထိပ်တုံးဖြုတ်ပေးလိုက် . . မင်း အပိုတွေ

လျှောက်ပြောမနေနဲ့ . . ”

သူကြီးဘဦးသည် ကျော်စွာ့ကို ထိပ်တုံးဖြုတ်ပေးလိုက်

ရသည်။ ဦးတိုက်မောင်းက ကျော်စွာ့ကို ဆွဲထူပေးလိုက်သည်။

“လာ . . သား၊ မင်းလည်း ဒီလူတွေရဲ့ ဝဋ်ကြွေးကို



www.burmeseclassic.com

www.burmeseclassic.com

ခုထက်ထိ ပေးဆပ်နေရဆဲပဲလားကွာ. . "

ကျော်စွာ့ပါးစောင်မှ သွေးများကို လက်ဖမိုးဖြင့် သုတ်ပေးလိုက်သည်။ ကျော်စွာ့ကိုတွဲပြီး ခြံထဲမှ အထွက်တွင်-

"မင်း. . ဒီကလေးကို သတ်ပြီး အစဖျောက်စရာ အကြောင်း ဘာရှိလို့လဲကွာ. . ငါတော့ နားကိုမလည်တော့ဘူး ဘဦး. . "

ဟု ဦးတိုက်မောင်းက ပြောပြီးထွက်သွားခဲ့သည်။ သူကြီး ဦးဘဦးမှာ ပါးစပ်အဟောင်းသားဖြစ်ကာ ကျန်ရစ်ခဲ့လေ၏။

○ ○ ○

## (၅)
## အဆိပ်ပိနှီးစ

ဦးတိုက်မောင်းသည် ကျော်စွာမျက်နှာကို ကြပ်ထုပ်ထိုးပေးရင်း. .

"မင်းဟာ ယောကျ်ားတစ်ယောက်ပဲ၊ ယောကျ်ားဘဝကို ရလာတာ . . ဘယ်လောက်မြင့်မြတ်တယ်မှတ်သလဲ၊ ရွာဦးကျောင်းက ဆရာတော်ဘုရားကြီးကလည်း မင်းကို ရှင်ပြုပေးခဲ့ပြီးပြီ သင်္ကန်းလည်းဆီးပေးခဲ့ပြီးပြီ၊ ဒါပေမယ့် မင်းမှာ အစွမ်းအစတွေရှိလျက်နဲ့ ငုံ့နေတယ်. . ယောကျ်ားဆိုတာ သတ္တိ၊ ဥာဏ် လုံ့လ ရှိရတယ်ကွ. . .

သူတစ်ပါးက ကိုယ့်ကို စော်ကားလာရင်လည်း ခေါင်းငုံ့မခံရဘူး။ ကိုယ့်ဘက်က မှန်တယ်လို့ထင်ရင် ပြန်ပြီးတုန့်ပြန်



www.burmeseclassic.com

www.burmeseclassic.com



ရတယ်၊ တိုက်ခိုက်ရတယ်၊ လိုတာ လက်ရုံးရည်ရော နှလုံးရည်ပါရှိရတယ်ကွ၊ အထူးသဖြင့် . . ငါတို့ဟာ ကုလားဖြူတွေရဲ့ လက်အောက်ကိုကျခံနေကြရတယ်၊ သင်းတို့က တစ်သက်လုံး ငါတို့ တိုင်းပြည်ကို အုပ်ချုပ်နိုင်ကြမှာ မဟုတ်ဘူး၊ တစ်နေ့ကျရင် ငါတို့ လူမျိုးတွေက သူတို့ကို ပြန်ပြီးတော့ တိုက်ခိုက်မောင်းထုတ်ပစ်ကြရမှာပဲကွ . . . အဲဒီတော့ ကိုယ်လုံပညာတတ်ထားဖို့လိုတယ်"

"ဟုတ်တယ် . . ကျော်စွာ၊ နင်က ကမားလိုချစ်တီးတပည့် ဘာမဟုတ်တဲ့ကောင်ကိုလည်း ကြောက်နေရတယ်၊ ဒီပညာကို သင်ထားရင် နင်ဘယ်သူ့ကိုမှ ကြောက်ဖို့မလိုဘူး"

" မြတ်လေးရာ . . ငါ့ဒီပညာတွေကို သင်ပြီးလည်း သူတို့ကို ရန်မရှာရဲပါဘူး၊ ဘထောင်ရဲ့လူတွေက အများကြီးပဲဟာ . ."

"ဘယ်လောက်များများပေါ့၊ တစ်ယောက်ကောင်းလျှင် တစ်သောင်းဗိုလ်ခြေညက်ညက်ကြေတဲ့ မင်းလည်း ဘုန်းကြီးကျောင်းစာတွေကို သင်ထားတာပဲ၊ ဒီလိုလူမိုက်ပါမွှားတွေကို အသိဉာဏ်ရှိတဲ့ သူတွေက ဉာဏ်ပညာနဲ့ထိမ်းချုပ်ပြီး အနိုင်မယူနိုင်ဘူးလား၊ မင်းကိုယ်ခံပညာတတ်ထားရင် ပိုပြီးတော့ အထောက်အကူပေးလိမ့်မယ် . . ဒီမှာ ကျော်စွာ မင်း ငါပြောတာကို လက်ခံရမယ်၊ ငြင်းဖို့ မစဉ်းစားနဲ့တော့ "





" ဟုတ် . . ဟုတ်ကဲ့"

ကျော်စွာသည် ဦးတိုက်မောင်းကိုလည်း ကြောက်ရွံ့ရိုသေလေးစားရသည်။ ဦးတိုက်မောင်းသည် ရွာမှ ပျောက်သွားခဲ့ပြီး လွန်ခဲ့သည့် ဆယ်နှစ်လောက်ကမှ စ,၍ ရွှေကျော်ကြီးရွာကို ပြန်ရောက်လာသူဖြစ်သည်။ ရှစ်နှစ်သမီးအရွယ် မြက်လေးလည်း ပါလာခဲ့လေသည်။

သူသည် ရွာတွင် ယာခင်းအလုပ်ကိုလုပ်ကိုင်ကာ အေးဆေးစွာနေထိုင်သော်လည်း သူ၏ တည်ကြည်သော မျက်နှာထားကြောင့် အများက အလိုလိုနေရင်း ရှိန်နေကြရသည်။ အထူးသဖြင့် သူ၏ မျက်လုံးများသည် တစ်ခါတစ်ရံမှာ အကြင်နာရိပ်သန်းနေကြပြီး၊ တစ်ခါတစ်ရံမှာ မိစ္ဆာတစ်ယောက်၏ မျက်လုံးများအသွင်သို့ပြောင်းလဲသွား၏။ ခက်ထန်ကြမ်းတမ်းသော သူကြီးဘဦးပင်လျှင် ဦးတိုက်မောင်း၏ အကြည့်ကို မခံနိုင်။ သို့သော် ဦးတိုက်မောင်းသည် မည်သူ့ကိုမှ မတရားမလုပ်ပေ။

"ကျော်စွာ မှုင်းနဲ့ ဘဦး ပြောနေကြတဲ့ စကားတွေကို ငါကြားလိုက်ရတယ်။ အဲဒါ . . မင်း မိဘတွေနဲ့ပတ်သက်ပြီးတော့ မဟုတ်လား . ."

"ဟုတ် . . ဟုတ်ပါတယ်"

"မင်းမိဘတွေ ဘယ်လိုဖြစ်ပြီး ကွယ်လွန်ခဲ့ကြတယ်ဆို



www.burmeseclassic.com

www.burmeseclassic.com



တာ. . ငါသိပြီးသားပါ၊ ကိုဖြိုးနဲ့ မဝေကလည်း ငါ့ရဲ့သူငယ်ချင်းတွေပါ၊ အေး. . မင်းနဲ့ ဘဦးပြောနေကြတဲ့ စကားတွေထဲမှာ သူကြီးကသာ ကျွန်တော့်မိဘနှစ်ပါးကိုဆိုတာ ဘာလဲ၊ ဘာ. . အဓိပ္ပါယ်လဲ၊ ဘဦးကလည်း မင်းရဲ့လို့ဝှက်ချက်တွေ ဘာရှိသလဲ ဆိုပြီး မရမကမေးတယ်. . အဲဒါတွေကို ငါသိချင်တယ်. . ”

“ကျ. . ကျွန်တော်”

ကျော်စွာမှာ ဂဏှာမငြိမ်တော့ပဲ လှုပ်လှုပ်ရှားရှားဖြစ်လာခဲ့ရသည်။ နေရာမှ ထရမလို. . ထိုင်ရမလိုဖြစ်နေသည်။

“မင်း. . ငါ့ကို ရဲရဲတင်းတင်းသာပြော၊ ဘယ်သူ့ကိုမှလည်း ကြောက်စရာမလိုဘူး၊ ဂရုစိုက်စရာလည်း မလိုဘူး၊ မင်းနဲ့ပတ်သက်ပြီး ငါ. . အားလုံး တာဝန်ယူတယ်. . ”

“ကျွန်တော်လည်း ဒီကိစ္စအတွက် ရင်ထဲမှာ တအားတနွေးနွေးဖြစ်နေတာပါ ဦးရယ်၊ ဘယ်သူ့ကိုတိုင်ပင်ရမှန်းမသိလို့ပါ၊ ပြောလည်းပြောချင်နေပါတယ်. . ”

“နင်. . တိုင်ပင်စရာရှိရင် ငါတို့ကိုပဲ တိုင်ပင်ပေါ့ဒါမှလည်း. . အဖြစ်မှန်ကို သိရမှာ၊ နင်ဟာ ဘာကိုမှ ဥပေက္ခာမပြုတတ်ဘူး. . ပြောရဲဆိုရဲ မရှိဘူး၊ မိန်းကလေးတစ်ယောက်လောက်တောင် သတ္တိမရှိဘူး ကျော်စွာ. . ”

“မြတ်လေး၊ ငါ. . နင့်စကားကိုကြားရတာ ခံပြင်းဆုံးပဲဟာ၊ ငါကလည်း နင်တို့ကို တိုင်ပင်မလို့ပါပဲဟာ၊ တဲ. . တဲ





ကျွန်တော်ပြောပြပါတော့မယ် ဦး၊ လွန်ခဲ့တဲ့ ဆယ်နှစ်ကျော်ကျော်လောက်က ခါးပြတစ်စုရောက်လာကြပြီး ကွင်းထဲမှာ ခါးပြတိုက်ကြတယ်၊ အဖေနဲ့ အမေက ထွက်ပြေးကြတယ်၊ ခါးပြတွေဟာ ဖွဲကောင်းကောင်းနဲ့လိုက်ကြလို့ မိသွားကြပြီး ခါးပြခေါင်းဆောင်က အဖေ့ကို သတ်ပစ်လိုက်တယ်. .

အမေက ကျွန်တော့်ကိုချုံကြီးတစ်ခုထဲမှာ ဝှက်ထားတယ်၊ အဖေ့ကို ဟိုလူကြီးက သတ်နေတာလည်း မြင်ရော. . ပြေးလိုက်သွားခဲ့တာပေါ့၊ အဲ့. . အဲ့ဒီအချိန်မှာ အဖေ့ကို သတ်ပစ်လိုက်တဲ့ ဟိုလူကြီးဟာ အမေ့. . အမေ့ကို ပြီး. . ပြီးတော့ သူ့လူတွေကလည်း အ. . အမေ့ကို နောက်တော့ အမေ့ကို သူတို့ သတ်ပစ်လိုက်ကြတယ်. . ”

[ကျော်စွာသည် ထိုရှေးဟောင်းအဖြစ်အပျက်များကို မနည်းအားခဲပြီးပြောရလေသည်။ သူ. . ကြေကွဲခံစားနေမိသည်။]

“ကဲ. . မင်း ဆက်ပြောပါဦး၊ ငါတို့ကလည်း ပြီးပြီးသားတွေကို မေးရတာ မင်းခံစားရအောင် လုပ်နေတာ မဟုတ်ပါဘူး၊ နောက်ဆက်တွဲတွေရှိသေးတယ် . . မဟုတ်လား”

“ဟုတ်ကဲ့. . ရှိ. . ရှိပါတယ် ဦး”

ကျော်စွာသည် စကားကို ဖြောင့်ဖြောင့် မပြောနိုင်ပဲ အထစ်ထစ် အငေါ့ငေါ့ဖြစ်နေသည်။ စကားတစ်ခွန်း ထွက်ဖို့ရန်



www.burmeseclassic.com

www.burmeseclassic.com



ခဲယဉ်းနေသည်။ တော်တော်လေးကို ကြောက်ရွံ့ထိတ်လန့်နေပုံရသည်။

"ဒီမှာ သား. . မင်း ဖွင့်ပြောရမှာကို သိပ်ပြီးကြောက်ရွံ့နေတယ် မဟုတ်လား၊ ငါ. . တစ်ယောက်လုံး မင်းရှေ့မှာရှိတယ်၊ ဘယ်သူ့ကိုမှ ကြောက်ဖို့မလိုဘူး. . ရဲရဲသာပြော. . မင်းနဲ့ပတ်သက်လာရင် ဘယ်သူ့ကိုမဆို ငါရင်ဆိုင်မယ်၊ ဒီမှာ. . မင်း ငါ့မျက်လုံးတွေကို ကြည့်စမ်း. . "

ကျော်စွာသည် ဦးတိုက်မောင်း၏ မျက်လုံးတွေကို ကြည့်လိုက်သည်။ မျက်လုံးချင်းဆုံမိသောအခါ သံလိုက်ဓါတ်နှင့် ကပ်ညှိသွားသလို ရုတ်တရက် လွှဲဖယ်၍မရတော့၊ ဦးတိုက်မောင်း၏မျက်လုံးတွေ စူးလက်တောက်ပြောင်လာသည်။ ပိုပြီးတော့ အရောင်ထွက်လာသည်ဟု ထင်ရသည်။ လွန်စွာမှ အားကောင်းပြီး. . ခွန်အားအပြည့်ရှိနေသော မျက်လုံးများပင်ဖြစ်သည်။ အကြည့်ချင်းဆုံလျှင် စိတ်ဓါတ်ခွန်အားခိုင်မာသော လူတစ်ယောက်ပင်လျှင်. . ပျော့ညံ့စိတ်ဝင်သွားတတ်သည်။ ထို့အပြင် ဦးတိုက်မောင်း၏မျက်လုံးများသည် တစ်လုံးနှင့် တစ်လုံး မတူဟု ထင်မိရလေသည်။

ကျော်စွာသည် ဦးတိုက်မောင်းကို ယုံကြည်အားကိုးစိတ်များဖြစ်ပေါ်လာခဲ့ပြီး မိမိပြောလိုသည်များကို ဖွင့်ပြောချလိုက်လေတော့သည်။



"ကျွန်တော် ဒီမနက်မှာ မိဘတွေကို သတိရတာနဲ့ ထဲကို ရောက်သွားတယ်၊ ကညင်ပင်ကြီးအောက်မှာ အိပ်ပျော် ားခဲ့တယ်၊ အဲ့ဒီအချိန်မှာ. . ယောဂီအဝတ်နဲ့အမျိုးသမီး စ်ယောက်ဟာ ကညင်ပင်ကြီးပေါ်က ဆင်းလာသလား၊ ပင်ကြီးရဲ့နောက်ကပဲ ထွက်လာသလား၊ မပြောတတ်ဘူး၊ မ်မက်လိုလိုနဲ့ ကျွန်တော့်အနားကို ရောက်လာခဲ့တယ်. .

ကြည့်လိုက်တော့ ကျွန်တော့်အမေ ဖြစ်နေတယ်၊ မေဟာ. . အပြင်မှာထက်ကို ပိုပြီးတော့ ကျက်သရေရှိနေ ယ်၊ အသားအရည်ကလည်း အရောင်တွေဝင်းပြီးထွက်နေ ယ်၊ အမေဟာ. . ကျွန်တော့်ကို ဓါးပြတွေရဲ့ လက်ထဲကို က်သွားတဲ့ညက ဖြစ်ကြောင်းကုန်စင်ကို ပြောပြတယ်. .

ကျွန်တော်လည်း ရင်နာနာနဲ့ နားထောင်နေမိခဲ့တယ်၊ မေဟာ သူ့ကိုစော်ကားပြီးသတ်ခဲ့သူ၊ အဖေ့ကိုလည်း အငြိုး ်ခုခုနဲ့သတ်ခဲ့တဲ့သူဟာ တစ်ယောက်တည်းဖြစ်တဲ့အကြောင်း၊ ဒီလူရဲ့နာမည်ကိုပါ ပြောပြခဲ့တယ်၊ သူဟာ တစ်ခြားသူ တ်ဘူး. . "

"ဘယ်သူလဲ. . ကျော်စွာ"

"သူကြီး ဦး ဘ ဦး ပဲ"

"ဟေ. . "

○ ○ ○

www.burmeseclassic.com

www.burmeseclassic.com



ဦးတိုက်မောင်းသည် ကျော်စွာစကားကြောင့် အံ့အာ
သင့်သွားသည်ကား မဟုတ်ပေ။ ထို 'ဟေ' အာမေဋိတ်သ
အကြောင်းတစ်ခုခုရှိနေသည်။ ထို့နောက် ခေါင်းတညိတ်ညိ
နှင့်ရှိနေလေသည်။

"အင်း. . မင်းက ဘဦးရှေ့မှာ စကားတစ်ခွန်း ထွ
သွားခဲ့တယ် မဟုတ်လား၊ သူကြီးကသာ ကျွန်တော့် မိဘနှစ်ပါး
လို့. . အမှတ်မထင် ထွက်သွားတဲ့စကားအတွက် မင်းကိုနင်
တော့. . မေးတော့တာပေါ့၊ ဒါ. . သူကိုယ်သူ မလုံမလဲဖြစ်
မိခဲ့လို့ပဲ. . အေး. . ပြောရရင် မင်းမိဘနှစ်ပါးစလုံးကို သူသ
ခဲ့တယ်ဆိုတာ မင်းတစ်နည်းနည်းနဲ့ သိသွားပြီလို့ သူယုံကြ
ထားလို့ပဲ. ."

"ဦး. . သူကြီးက ဘာကြောင့် ဒီလိုယုတ်မာရတာ
ကျွန်တော် ဘာလုပ်ရမှာလဲ၊ ကျွန်တော့်စိတ်ထဲမှာ တိတိကျ
သိလိုက်ရတော့ တစ်မျိုးကြီးပဲဗျာ. . အမေသာ ဖွင့်မပြော
ကျွန်တော် သိမှာမဟုတ်ဘူး. ."

"အေး. . တရားတော်အရ ရဟန်းသံဃာ
ဟောပြောခဲ့တာကို ငါမှတ်သားဖူးခဲ့တယ်၊ မင်း အမေနဲ့ အ
ဟာ သေကာနီးဆဲဆဲမှာ ရတနာသုံးပါးကို အာရုံပြုသွားခဲ့တ
ထင်ပါရဲ့၊ ဥပစ္ဆေဒကံနဲ့ သေကာနီးမှာ ဘဝကူးကောင်းသွ
ပုံရတယ်၊ ရှုက္ခစိုးဘဝကို ရောက်သွားခဲ့ကြတယ်နဲ့တူပါတ



"မိန်းမရုက္ခစိုးဆိုတာ ရှိသလား ဦး. ."

"ရှိ. . ရှိတာပေါ့ကွယ်၊ ရုက္ခဆိုတဲ့ သစ်ပင်ကို အမှီပြုပြီး
နေတဲ့သူ. . ရုက္ခစိုးနတ်တွေထဲမှာ အမျိုးသမီးတွေလည်း ရှိတဲ့
အကြောင်း. . တရားတော်တွေထဲမှာရှိတယ်၊ ငါနာဖူးတယ်. .
မင်းအဖေက မြင့်မြတ်တဲ့ဘုံဘဝကို ရောက်သွားခဲ့ပြီလို့ မင်းအမေ
ကိုယ်တိုင်ပြောခဲ့တယ် မဟုတ်လား၊ အဲဒါ ရုက္ခစိုးဘဝကို
အတူတူရသွားကြတာပဲဖြစ်ရမယ်. ."

"အဖေဟာ မြင့်မြတ်တဲ့ ဘုံဘဝကို ရောက်သွားခဲ့ပြီ
လို့ဆိုတာ ဘယ်ဘဝကို ပြောတာလဲ ဦး. ."

"လက်ရှိဘဝထက်ပိုပြီး မြင့်တဲ့အထက်ဘုံကို
ရောက်သွားပြီး နတ်သားဖြစ်ချင်ဖြစ်၊ ဒါမှမဟုတ်ရင် လူ့ဘဝ
ကိုလည်းပြန်ပြီးရောက်သွားနိုင်တာပဲ. ."

"ဒါဆိုတောင်းတာပေါ့ဗျာ၊ ကျွန်တော် တစ်ခုသိချင်
တာက. . 'သူကြီးဟာ အဖေနဲ့ အမေကို ဘာကြောင့်သတ်ပစ်
ရတာလဲ၊ အမေ ခြစ်ခြုတ်ပြီး စုဆောင်းထားခဲ့တဲ့ ပစ္စည်းတွေ
လည်း မရှိတော့ဘူး၊ ဘယ်မှာမှ မတွေ့ရတော့ဘူး၊ ပစ္စည်းယူပြီး
လူသတ်ခဲ့ကြတာ၊ အမေနဲ့ အဖေတို့က သူတို့ကို မှတ်မိသွား
ကြလို့လား. ."

"မှတ်မိသွားလို့ အပြတ်ရှင်းပစ်ခဲ့တာလည်း တစ်ကြောင်း၊
နောက်တစ်ကြောင်းကတော့. ."

www.burmeseclassic.com



ဦးတိုက်မောင်းသည် စကားကို ဆက်သင့်၊ မဆက်သင့် ချိန်ဆနေသည်။ တစ်ချက်တွေဝေသွားခဲ့စဉ်မှာ မျက်လုံးတွေတ အရောင်တွေမှိန်သွားသလို ထင်လိုက်ရသည်။

“ပြောပါဦး၊ ဦးသိထားတာတွေကို ပြောပြမှ ကျွန်တော် လည်းသိရမှာပေါ့. . အဖြစ်မှန်တွေကို ကျွန်တော် မသိသင့် ဘူးလား. . ”

“သိသင့်ပါတယ်ကွယ်၊ ဒါပေမယ့်. . မင်း ငါ့ကိုတော့ ကတိတစ်ခုပေးရမယ်. . ”

“ပေးပါတယ် ခင်ဗျာ၊ ဦးကြိုက်တဲ့ကတိကိုသာ တောင်း ပါ. . ”

“ငါပြောမယ့်စကားကို မင်းသိထားပေမယ့်လည်း ဘယ်သူ့ကိုမှ လျှောက်မပြောရဘူး၊ နောက်တစ်ချက်က မင်း. . ဘဦးကို အသက်သေသည်အထိ ရန်မရှာရဘူး. . ”

“ကျွန်တော် ကတိပေးပါတယ် ခင်ဗျာ၊ သူကြီး ဦးဘဦး ကိုရန်ရှာဖို့ဆိုတာကတော့ စိတ်တောင်မကူးရဲပါဘူး ဦးရယ်”

“နင်ကလေ ဘာမဆို စိတ်ကလျှော့ပြီးသားပဲ၊ နင်ဟာ ယောကျ်ားတစ်ယောက်ဆိုတာ ယုံရခက်ခက်ပဲ. . ”

မြတ်လေးက ကျော်စွာကို လုံးဝအားမရ။ ပျော့နွဲ့နွဲ့နှင့် စိတ်ပျော့တတ်သူမို့ အမြင်ကတ်ကတ်နှင့် မျက်နှာကို ကုပ်ချ ဖွဲ့ပစ်လိုက်ချင်သည်။





“ဘဦးနဲ့ မင်းအဖေဟာ ရည်းစားလုဘက်တွေကွယ့်၊ သူတို့နှစ်ယောက်က မင်းအမေကို အပြိုင်ပိုးကြတာ. . မင်း အဖေကိုဖြိုးက မဝေရဲ့အချစ်ကို ရသွားခဲ့တယ်၊ ဘဦးဟာ အဲ့ဒီကိစ္စအတွက်နဲ့ နှစ်ယောက်စလုံးကို ခဲကြိမ်းကြိမ်းခဲ့ဖူးတယ်”

“သြော်. . ”

ကျော်စွာသည် အခုမှပဲ ဇာတ်ရည်လည်သွားတော့ သည်။ မိဘနှစ်ပါးအတွက် ပိုပြီးတော့ စိတ်မကောင်းဖြစ်သွား ခဲ့ရသည်။ စကားမပြောနိုင်လောက်ပင် တွေဝေသွားခဲ့ရလေ သည်။

“ဘဦးဟာ သူကြီးဆိုပြီး မောက်မာနေတယ်၊ မျက်နှာ မှုတွေ အလိုကျ မတရားမှုတွေကို ကျူးလွန်နေတဲ့သူပဲဖြစ်တယ်၊ မင်းမသိတာတွေ အများကြီးရှိသေးတယ်. . ”

ဦးတိုက်မောင်းသည် စကားမဆက်တော့ပဲ ရှုတ်တရက် ငုပ်တုံ့သွားခဲ့သည်။ ကျော်စွာနှင့် မြတ်လေးကို လက်ဟန်ခြေဟန် နှင့်တိတ်တိတ်နေကြရန် အချက်ပြလိုက်ပြီး နေရာမှအသာ ထသွားခဲ့သည်။ ပြတင်းတံခါးကို အသံမကြားအောင် ချက်ဖြုတ် အသာတွန်းဖွင့်လိုက်သည်။

မှောင်ရိပ်ထဲတွင် လူတစ်ယောက်က ပြေးထွက်သွား သည်။

“ဟိတ်. . ဘယ်သူလဲ”



www.burmeseclassic.com

www.burmeseclassic.com



ပြေးသွားသောသူက နောက်ကိုလှည့်မကြည့်၊ လက်မှာ
ကိုင်ထားသည့် တစ်ထွာသာသာရှိ နှီးဖျားကလေးတို လက်ညှိုးနှင့်
တောက်ထည့်လိုက်သည်။

"အား. ."

နှီးစလေးက ပြေးသွားသောသူ၏ လည်ကုပ်ကို
သွား၍စိုက်သည်။ ဦးတိုက်မောင်းက အိမ်ပေါ်မှဆင်းပြီး
ပြေးလိုက်သွားရာတွင် ထိုသူသည် ခြံစည်းရိုးကိုခွကျော်တက်ပြီး
တစ်ဖက်ကိုခုန်ချသွားခဲ့လေသည်။ မြတ်လေးသည် ဓါးတို
ဆွဲကိုင်ကာ ပြေးလိုက်လာခဲ့သည်။

"အဖေ. . ခြံထဲဝင်လာတဲ့သူကို မှတ်မိလိုက်သလား"

"မှောင်နေတော့ လူရိပ်မသဲကွဲဘူး. . ဒါပေမယ့် ဒီလူ
ဘယ်သူလဲဆိုတာ မကြာခင်သိရမှာပဲ. . နှီးဖျားစာတော့
မိသွားတယ်. ."

ကျော်စွာကတော့ အိမ်ပေါ်မှာပဲ ကျန်ရစ်ခဲ့သည်။
သားအဖ နှစ်ယောက်. . အိမ်ပေါ်ကို ပြန်တက်လာခဲ့ကြသည်။

"ငါတို့ပြောနေကြတဲ့စကားကို လူတစ်ယောက်
ခိုးပြီးလာနားထောင်းတယ်၊ ဘဦးရဲ့. . လူဖြစ်မှာပဲ၊ သိပ်
စိတ်မချရတော့ဘူး. . ဘဦးဟာ သူ့အကြောင်းတွေပေါ်မှာစိုး
ငါတို့ကို အကောက်ကြံမှာ ကျိန်းသေတယ်. ."

"ဒါ. . ဒါဆို ကျွန်တော်တို့အတွက် အန္တရာယ်ရှိတာ



. .နော်. . ."

"နင်. . ကြောက်မနေနဲ့ ကျော်စွာ၊ နင့်အတွက် ငါတို့
သားအဖနှစ်ယောက်စလုံး တာဝန်ယူတယ်. ."

ကျော်စွာ ရှက်စိတ်ဝင်သွားခဲ့သည်။

"ငါဟာ. . ယောကျ်ားတစ်ယောက်ဖြစ်ပြီး မိန်းကလေး
တစ်ယောက်လောက်ကောင်မှ သတ္တိမကောင်းပါလား၊ ငါ့ကိုယ်
ငါက ရဲရင့်တာ. . သတ္တိရှိတာတွေ ဘယ်ရောက်ကုန်ကြပြီလဲ
. . .သို့ အရည်အချင်းတွေဟာ မွေးကတည်းက ပါမလာခဲ့တာ
. . .၊ ဘယ်သူ့ကိုမှ ရင်မဆိုင်ရဲတာ. . လူနုံ၊ လူအ၊ လူဖျင်း
တစ်ယောက်ဖြစ်နေပြီ. ."

စဉ်းစားရင်း ကိုယ့်ကိုယ်ကို အားမရဖြစ်သွားခဲ့ရသည်။
. . .အပေါ်မှာ စေတနာထားကြသော သားအဖနှစ်ယောက်ကို
. . .ည့်ပြီး ပို၍အနေကျုံ့သွားခဲ့ရလေသည်။

နောက်တစ်နေ့တွင် ဦးတိုက်မောင်းသည် ရွာထဲသို့
. . .သွားပြီး စုံစမ်းကြည့်ရာ ကြက်သီး၏အိမ်တွင် လူတွေ လှုပ်လှုပ်
. . .ရှားဖြစ်နေကြသည်ကို တွေ့လိုက်ရသည်။ ဦးတိုက်မောင်းက
. . .သွားသည်။

"ဘယ်သူ. . ဘာဖြစ်လို့လဲ"

"ဟာ. . ဦးတိုက်မောင်း၊ ကျွန်တော့်သား ကြက်သီးဟာ
. . .လည်ကုပ်မှာ နှီးဖျားရှုပြီး အဆိပ်တက်နေတာ တစ်ညလုံး

www.burmeseclassic.com



ကိုယ်ပူရှိန်တက်ပြီး ကယောင်ကတမ်းဖြစ်နေတယ်၊ ဆေးတို
လည်း မပျောက်ဘူး. ."

ကြက်သီး၏ ဖခင် ဦးမိုးသီးက ပြောလိုက်သည်။

"ကျုပ်. . ဒဏ်ရာကို ကြည့်ပါရစေ. . ပြစမ်းပါဦး"

ကြက်သီးသည် မှိန်းနေရာမှ မျက်လုံးတွေကို ဖွင့်
ကြည့်လိုက်သည်။ ဦးတိုက်မောင်းကို မြင်လိုက်ရသောအ
အံ့အားသင့်သွားခဲ့ရသလို တုန်လှုပ်မှုကိုလည်း ခံစားမိလိုက်
လေသည်။ ဦးတိုက်မောင်းက ကြက်သီးကို သိသာသောအကြ
ဖြင့်ကြည့်လိုက်သည်။

"မင်း. . ခေါင်းနည်းနည်းလှည့်လိုက်. ."

ဝေဒနာခံစားနေရသော ကြက်သီးက ခေါင်းကိုလှ
ပေးလိုက်သည်။ လည်ကုပ်မှ ယောင်ယမ်းနေသော ဒဏ်ရာ
သေချာစွာပင် စစ်ဆေးကာကြည့်လိုက်သည်။

"ကျုပ်မှာ. . လိမ်းဆေးကော၊ သောက်ဆေးပါ ပါ
တယ်၊ လိမ်းဆေးကတော့ အဆိပ်ဖြေဆေးပဲ၊ တစ်နာရီ
တစ်ခါလိမ်းပေး၊ အဆိပ်ပြေသွားလိမ့်မယ်. . ဖျားတာ
အဆိပ်ကြောင့်. . ဟောဒီဆေးမှုန့်ကို ရေနွေးနဲ့ဖျော်ပြီး သုံးန
ခြားသုံးကြိမ်သောက်၊ အဖျားကျသွားလိမ့်မယ်၊ ဟုတ်ပြီလ

"ဟင်. . သားက အဆိပ်မိတာ. . ဟုတ်လား၊ နှီးစ
ရှတာ၊ အဆိပ်ကဒါလောက်အထိ တက်ရသလား ဦးတိုက်မော





"အဲဒါကို ကျုပ်ရှင်းပြမယ်၊ ညက ကျုပ်ခြံထဲကို သူခိုး ကပ်တယ်၊ ကျုပ်တို့မိသားစုပြောနေကြတဲ့ စကားတွေကို လာချောင်းပြီးနားထောင်ယ်၊ ကျုပ်က သိလို့ထွက်လိုက်တော့ သူခိုးက ထွက်ပြေးတယ်၊ အဲ့ဒါနဲ့ ကျုပ်က နှီးဖျားလေးနဲ့ တောက် လိုက်တာပေါ့ဗျာ၊ သူခိုးကတော့ အော်ပြီး ခြံစည်းရိုးကို ခွကျော် ပြေးလေရဲ့ဗျာ. ."

"ဗျာ. ."

"ကျုပ်. . ခင်ဗျားသားရဲ့ ဒဏ်ရာကို သေသေချာချာ စစ်ဆေးကြည့်လိုက်တော့. . ဒီလို အဆိပ်မျိုးဟာ လူကို တဖြည်း ဖြည်းနဲ့ထုံထိုင်းလာစေတယ်၊ ပြီးတော့ သိပ်ပြီး အိပ်ချင်လာလိမ့် မယ်၊ နောက်တော့ ဘယ်တော့မှ မနိုးတဲ့အိပ်ပျော်ခြင်းနဲ့ အိပ်ပျော်သွားလိမ့်မယ်၊ ပြောရရင်တော့ သေသွားတာပေါ့ဗျာ"

"ဗျာ. ."

"ကဲ. . ကဲ ဒါလောက်လည်း အစိုးရိမ်မကြီးပါနဲ့ ကိုမိုးဦးရာ. . ကျုပ်မှာခဲ့တဲ့အတိုင်း ဆေးကို မှန်မှန်လိမ်း၊ သောက်ဆေးကို နာရီခြားမှန်မှန်သောက်၊ ညနေလောက်ဆို ဒီကောင့်အနာကလည်း သက်သာသွားမယ်၊ အဖျားလည်း ကျသွားပြီး ထူထူထောင်ထောင်ဖြစ်သွားလိမ့်မယ်၊ ကဲ. . ကျုပ်ပြန်မယ်. ."

ဦးတိုက်မောင်းသည် နှုတ်ဆက်ပြီးချက်ချင်းပင် အိမ်



www.burmeseclassic.com

www.burmeseclassic.com



ပေါ်မှဆင်းလာခဲ့သည်။ ဦးမိုးဦးနှင့် အိမ်သားတစ်စု၊ လူနာလာမေးသောသူများသည် ပါးစပ်အဟောင်းသားဖြင့် ကျန်ရစ်ခဲ့ကြသည်။

"ဦးတိုက်မောင်း. . ခ. . ခဏ နေပါဦး၊ ကျုပ် မေးပါရစေဦး. ."

ဦးတိုက်မောင်းကား ဦးမိုးသီး၏ စကားကို မကြားလိုတော့၊ ဘာပြောမည်ကို သိသည်။ ခြံထဲမှ လျင်မြန်သောခြေလှမ်းများဖြင့် ထွက်သွားခဲ့လေ၏။

O O O

"တောက်. . ကြက်သီးဆိုတဲ့ကောင်ကွာ၊ စိတ်ချရမလားလို့ခိုင်းမိလိုက်ပါတယ်၊ ဘိုက်မောင်းလက်ချက်နဲ့ ဒဏ်ရာရပြီး ပြန်လာခဲ့တယ်၊ တိုက်မောင်းက ပြေဆေးလာပေးသွားလို့သာ၊ ဒီကောင်. . မသေတာ ကံကောင်း၊ တော်တော်အသုံးမကျတဲ့ကောင်. ."

သူကြီး ဘဦးက ကြက်သီးကို မကျေမနပ်ဖြင့် ပြောလိုက်သည်။

"အဖေ. . ဘယ်သူ့ကို မကျေမနပ်ဖြစ်နေတာလဲ. ."

"ဟို. . ဟို ကြက်သီးကိုပါကွာ. ."

ဘထောင်အနားကို ရောက်လာမှန်း မသိလိုက်၊ ဦးဘဦး





အလျင်စလိုဖြင့် ပြန်ပြီးဖြေလိုက်သည်။ သားဖြစ်သူ ဘထောင်အားရိပ်မိသွားသလားဟူ၍. . စိုးရိမ်မိသွားခဲ့ရသေးသည်။

"ရွာထဲမှာ. . ဒီကောင့်သတင်းက ပျံ့နေတယ်၊ ဦးတိုက်မောင်းရဲ့ အိမ်ဝိုင်းထဲကိုသွားပြီး ဘာလုပ်တာလည်းမသိဘူး၊ ဟိုက အဆိပ်သုတ်ထားတဲ့ နှီးစနဲ့ပစ်ထည့်လိုက်တာကံကောင်းလို့ မသေတယ်. ."

"ဒီ. . ဒီကောင် မြတ်လေးနဲ့များ ချိန်းတွေ့တာလား"

"ဟာ. . မဖြစ်နိုင်တာ မြတ်လေးက ဒီကောင့်ကိုလုံးဝကြည့်ရတာ မဟုတ်ဘူး၊ တစ်လောကလည်း မြတ်လေးကိုဆွဲသွားလုပ်တာ ကံကောင်းလို့ ဇက်ပြတ်မသွားတယ်၊ ဟိုကမင်းရေးကထက်ထက်နဲ့ ကျွန်တော့်လည်း သိပ်ပြီး ဂရုစိုက်တာမဟုတ်ဘူး. ."

"အေး. . မြတ်လေးက မိန်းကလေးသာဆိုတယ်၊ ယောက်ျားလေးတွေထက်တောင် ပိုပြီးတော်နေသေးတယ်၊ သူ့အဖေ တိုက်မောင်းဆိုလည်း ရွာကိုပြန်ရောက်လာပြီးကတည်းက. . ပုံစံက တစ်မျိုးဖြစ်နေတယ်၊ သူ့ကို ငါကအစ ဟန့်နေရတယ်၊ ဒီသားအဖနှစ်ယောက်ကို သတိထားပြီး ဆက်ဆံကြပေါ့၊ ဟိုကောင်. . ကျော်စွာကိုလည်း သူတို့က မြှောက်ထိုးပင့်ကော်လုပ်နေသလား မသိဘူး. ."

"ကျော်စွာက ကျွန်တော်တို့လက်ခုပ်ထဲက ရေပါ



www.burmeseclassic.com

www.burmeseclassic.com



အဖေရာ၊ ဒီကောင့်ကို ထည့်မတွက်ပါနဲ့၊ အလကားလူကြောက် မိန်းမလျှာကောင်. . ”

ဘထောင်ကပြောပြီး သူကြီး ဦးဘဦး၏ အနားမှ ထွက်သွားခဲ့သည်။

“တော်ပါသေးရဲ့၊ ငါ့ကိုစွတွေကို ဘထောင်မရိုပ်မိလို့ အင်း. . ကျော်စွာ. . ကျော်စွာ ငါနဲ့ပတ်သက်ပြီး ဒီကောင် ဘယ်လိုများ ရိပ်မိသွားသလဲ မပြောတတ်ဘူး၊ မဖြစ်ဘူး. . ဒီကောင့်ကို အပြတ်ရှင်းပစ်ရတော့မယ်”

ကောက်ကျစ်စဉ်းလဲသောအကြံက သူကြီး ဦးဘဦး၏ ခေါင်းထဲကို ဝင်လာခဲ့ပြန်လေသည်။

○ ○ ○



(၆)

## ကျောက်ပလ္လင်ဂူ

ကြီးမားသော ကျောက်ဂူကြီးတစ်ခုဖြစ်သည်။ ယင်း ကျောက်ဂူကြီးသည် ကျောက်ပလ္လင်တောကြီးအတွင်းမှာရှိသည်။ အောက်ဒေသ၏ ရိုးမနှင့်ကပ်လျက်တည်ရှိနေသော တောနက် ကြီးတစ်ခုဖြစ်သည်။ သားကောင်များပေါများသလောက် စိမ့်စမ်း များလည်းရှိကြသည်။ ငှက်ဖျားလည်း ထူပြောလေသည်။

ကျောက်ပလ္လင်ဂူကြီးသည် ရှေးယခင်က ဂူအောင်း သတ္တဝါများ၊ ကမ္ဘာဦးလူများနေထိုင်ခဲ့ကြဟန်တူသည်။ ကျောက် ခေတ်အသုံးအဆောင်ပစ္စည်းများဖြစ်ကြသော ကျောက်ဂူ၊ ကျောက်တင်းဘုတ်၊ ကျောက်ပုဆိန်၊ ရဲဒင်း၊ ကျောက်သွားလှံ အစ်ချို့ကို တွေ့ကြရသောကြောင့်ပင်ဖြစ်သည်။ ၄င်း



www.burmeseclassic.com

www.burmeseclassic.com



ူထဲတွင် ပိုးဟပ်လမ်းကြောင်းများစွာရှိသည်။ တစ်ခို နေရာများတွင် အမျိုးအမည်မဖော်ပြတတ်သော သားကော ားသည်းရှိတတ်ကြသည်။ ရက်စက်ကြမ်းကြုတ်ကြသေ သားကောင်ကြီးများသည် ဂူထဲအမှတ်မထင်ဝင်ရောက်လာ သူများ၊ တစ်ခဏတာခိုအောင်းရန် ရောက်လာကြသူများ တိုက်ခိုက်စားသောက် ပစ်တတ်ကြသည်။ ထို့ကြောင့်. . ဤ ကြီးထဲကို မည်သူကမှ မဝင်ရဲကြသလို. . မုဆိုးများ၊ ထင်းခုတ် သမားများသည်လည်း ဂူရှေ့ကပင် ဖြတ်သွားဖြတ်လာမလုပ် ကြပေ။

ဂူငကို ပိတ်ရန် ကျောက်တံခါးကြီးတစ်ခုကိုလည် တပ်ဆင်ထားခဲ့ကြသည်။ ကျောက်ခေတ်သည်ဘက်ပိုင်း ရောက်လာသောအခါ အသိဉာဏ်ပိုပြီး ကြီးလာခဲ့ကြသေ ခေတ်ကာလတစ်ခု၏ လူမျိုးစုများက ဝေးအတက်အချ ဖွင့်ရ၊ ပိတ်ရသော ကျောက်တံခါးကြီးကို ပြုလုပ်ခဲ့ကြဟ တူသည်။ လူ၊ သတ္တဝါများဝင်သွားပြီးလျှင် ပြန်ထွက်မလာနိုင် ကြသော ဤကျောက်ပလ္လင်ဂူကြီးထဲကို အကြောင်းသိယား သော သူများက မျက်စောင်းမထိုးဝံ့ကြပါ။

ယခုသော်. .

ကျောက်ပလ္လင်ဂူရှေ့ကို လူသုံးယောက်က ရောက်နေ ကြသည်။ ကျော်စွာ၊ ဦးတိုက်မောင်းနှင့် မြတ်လေးတို့





ပင်တည်း။

သူတို့သည် ရွှေကျော်ကြီးရွာမှ တစ်နှစ်နီးပါးခန့် ပျောက်ကွယ်နေကြသည်။

|ခြောက်ရွာသူကြီး ဦးဘဦးသည် ကျော်စွာကိုပျောက်ဆုံးသွားခဲ့ ကြသည့်အတွက် အံ့အားသင့်နေခဲ့ရသည်။ ကျော်စွာ၊ ဦးတိုက်မောင်းနှင့် မြတ်လေးတို့သုံးဦးစလုံးကို အစဖျောက်ရန် လိုက်လံရှာဖွေလျက်ရှိကြသည်|

"ကျော်စွာ. . မင်းကို ငါ သိုင်းပညာသင်ပေးခဲ့တာ တစ်နှစ်နီးပါးရှိခဲ့ပြီ၊ ငါသင်ပေးခဲ့တဲ့ သိုင်းပညာကို မင်း. . ဘယ်လောက်အထိ နားလည်ခဲ့သလဲဆိုတာ ငါစမ်းသပ် ရမယ်. ."

ဦးတိုက်မောင်းသည် သူဖွာရှိုက်နေသော လက်တစ် ဆစ်ခန့်သာကျန်တော့သည့် ဆေးပြင်လိပ်တိုလေးကို ကိုင်လိုက်ပြီး. .

"မင်း. . ချက်ချင်း ကောက်ယူလိုက်စမ်း"

ဆေးပြင်းလိပ်တိုလေးကို အမှတ်မထင် အောက်ကိုပစ် ချလိုက်ရာ ကျော်စွာက ဆတ်ကနဲဆို ကုန်းပြီးအကောက်. .

"ဝှစ်. ."

ခေါင်းထက်မှာ ဝှစ်ကနဲမြည်သံနှင့်အတူ လေဟပ်သွား သည်။ ဓားစောက ကျော်စွာရပ်နေသောနေရာ ခေါင်းပိုင်း



www.burmeseclassic.com

www.burmeseclassic.com



တည်ရာကို ငှက်ကြီးတောင်မါးချက်က လျှပ်ပြတ်လိုက်သည့်ပမာ ဖြတ်ကျော်သွားခဲ့သည်။ ကျော်စွာက ဆတ်ကနဲအငိုု့ မါးချက်က ဇင်ယော်သုတ်ဝိုက်ပြီး ပိုင်းအချ၊ သီသီကလေးလွဲသွားသည်။ ကျော်စွာသာ ဆေးပြင်းလိပ်တိုလေးကို ချက်ချင်းငုံ့မကောက် လိုက်လျှင်. . ဇက်ပြုတ်သွားမှာ မလွဲ။

ကျော်စွာလည်း ဦးတိုက်မောင်း၏ အပြုအမူကို သိလိုက်ရသောအခါ ကြက်သီးဖြန်းကနဲထသွားခဲ့ရသည်။ အသည်းထဲ အေးကနဲဖြစ်သွားခဲ့ရသည်။ မိမိ၏အသက်နှင့် ကိုယ် အိုးစားကွဲတော့မလို၊ သီသီလေးပါလား. . မြတ်လေးပင်လျှင် မိမိကြို့တင်ပြီး မစဉ်းစားမိခဲ့သည့်ဖြစ်ရပ်ကြောင့် ရင်ဖိုသွားခဲ့ ရသည်။

"ဟင်. . အဖေ"

ဦးတိုက်မောင်းကတော့ မရယ်မပြုံးပဲ မလှုပ်မချောတ် ရပ်လျက်ရှိသည်။ လက်ထဲမှာ ငှက်ကြီးတောင်မါးကို ကိုင်ထား လျက်၊ စောစောကလှုပ်ရှားမှုကို သူပဲ. . မလုပ်လိုက်သလို မင်သေသေအမူအရာ. .

"ကဲ. . ဒါလောက်ဆို သိုင်းပညာရဲ့ သဘောကို မင်း. . သိလောက်ပြီ. .

ကိုယ်ကိုယ်တိုင်က သွက်လက်ဖျတ်လတ်မှုမရှိခဲ့ရင် အကင်းမပါးခဲ့ရင်. . တစ်ဖက်လူရဲ့ လက်ဦးမှုကို ခံရမှာပဲ၊





ညာချင်း တူနေရင်သော်မှ ကိုယ်ကလက်ဦးနိုင်ရမယ်၊ ကိုင်း မင်း. . ငါနဲ့ လိုက်ခဲ့. . "

ဦးတိုက်မောင်းသည် ကျော်စွာကို ကျောက်ပလ္လင်ဂူကြီး ဆီကိုခေါ်သွားခဲ့သည်။ ဂူဝမှာ ကျောက်တံခါးကြီးကို ပိတ်ထား သည်။

"ငါ. . ဒီဂူကိုတွေ့စက ဂူဝကပွင့်နေတယ်၊ ငါက လေ့လာပြီး. . စမ်းသပ်ကြည့်တော့ ဟောဒီနံရံ ကျောက်မောင်း တက်ဟာ ဂူတံခါးကိုဖွင့်စေ၊ ပိတ်စေလုပ်လို့ရတဲ့ ခလုတ်ပဲဆိုတာ သိလိုက်ရတယ်. . "

ဦးတိုက်မောင်းသည် ဂူနံရံမှ ကျောက်မောင်းတက်ကို အောက်သို့ဆွဲချလိုက်ရာ. .

ဂူဝမှ ကျောက်တံခါးကြီးသည် အသံမမြည်ပဲ. . ဘေး ဘက်ရွေ့လျားသွားကာ ပွင့်သွားခဲ့လေသည်။ ဦးမုန်တိုင်းသည် ဂူထဲကို ဦးဆောင်ပြီးတော့ ဝင်သွားခဲ့သည်။ ပေနှစ်ဆယ်ခန့် သွားပြီးသောအခါတွင် သဘာဝအလျောက် ဖြစ်ပေါ်နေသော ကျောက်ပလ္လင်ကြီးတစ်ခုကို တွေ့လိုက်ရလေသည်။

"ဒီပလ္လင်ကြီးဟာ သဘာဝအလျောက်ဖြစ်ပေါ်နေတာ၊ ရှေးကလူမျိုးစုတွေရဲ့ ခေါင်းဆောင်တွေ. . အသုံးပြုခဲ့တာလည်း ဖြစ်နိုင်တယ်၊ ဟောဟိုနံရံမှာ ဂူလိုဏ်ပေါက်ဝအစရှိတယ်၊ မင်း. . ဝင်သွား၊ ဟောဒီ. . ငါ့ဓါးကိုယူသွား၊ လမ်းမှာ



www.burmeseclassic.com

www.burmeseclassic.com



ဘေးအန္တရာယ်တွေ တွေ့ချင်တွေ့မယ်၊ မင်း. . အဲ့ဒီအန္တရာ
တွေကို ကာကွယ်တိုက်ခိုက်ပြီး အသက်နဲ့ကိုယ်မြဲနေအော
ကြိုးစားပါ၊ မင်း. . ပြန်ထွက်လာခဲ့ရင်. . ဇမ္ဗူမှာ အာဝ
ဖြစ်ပြီ. . "

"ဦး. . ဦး. . ဦး ဒီအထဲမှာ ဘာအန္တရာယ်ေ
ရှိနိုင်သလဲ၊ ရမ်းသမ်းပြီးသွားရင် ကျွန်တော် ဒုက္ခတွေ့သွား
ပေါ့. . "

"မင်း. . ယောကျ်ားမဟုတ်ဘူးလား၊ မကြောက်သလာ
ကြောက်ရင်. . ငါမင်းအစား မြတ်လေးကို သွားခိုင်းလိုက်မယ်

"ဟာ. . ဒီလိုလည်း မဖြစ်သေးပါဘူး ဦး၊ မြတ်ေ
ဒုက္ခရောက်သွားမှာပေါ့. . "

"ဒါဆို. . မင်း ဝင်မလား"

"ဟုတ်. . ဟုတ်ကဲ့၊ ကျွန်. . ကျွန်တော် ဝင်. . ဝင်
တော့မယ် ခင်ဗျာ"

ထိုစဉ်. .

မြတ်လေးသည် အနားကို ရောက်လာခဲ့သည်
ဦးတိုက်မောင်းက ယူလာသော တုတ်မီးကို မီးညှိလိုက်ေ
သည်။

"အဖေ. . ကျော်စွာ့ကို တကယ်လွှတ်တော့မလို့လာ

"အေး. . လွှတ်ရမှာပေါ့ကွယ်၊ သိုင်းပညာတတ်မြော





ပြီးမှ. . ဘာကိုမှရင်မဆိုင်ရဲတဲ့ လူကြောက်ကြီးတစ်ယောက်လို့ သတ်မှတ်ခံရတာ. . သိပ်ပြီးရှက်စရာကောင်းတယ်၊ ဒီတော့ သေမြေကြီး၊ ရှင်ရွှေထီးပဲပေါ့၊ ကြောက်တတ်တဲ့သူဟာ. . လူလည်း သေမယ်၊ နာမည်လည်း သေမယ်၊ တစ်သက်မှာ နှစ်ခါသေတယ်. . အဲ့ဒီတော့ ကျော်စွာ၊ ငါကတော့ မင်းကို ဒီ ကျောက်ပလ္လင်ဂူကြီးထဲက ပြန်ပြီးပေးမထွက်နိုင်တော့ဘူး၊ မင်း ဘာသာမင်း ဖောက်ထွက်ပေတော့. . "

"ကောင်း. . ကောင်းပါပြီ ဦး. . "

ကျော်စွာသည် တုန်တုန်ရီရီနှင့် ပြောလိုက်သည်။

"ကဲ. . လာ သမီး. . အဖေတို့ ပြန်ထွက်ကြမယ်. . "

ဦးတိုက်မောင်းသည် မြတ်လေးကိုခေါ်ကာ လှည့်ထွက်သွားခဲ့သည်။ မြတ်လေးသည် ကျော်စွာကို တစ်ချက်လှည့်ကြည့်ကာ ဦးတိုက်မောင်း၏ နောက်မှလိုက်သွားခဲ့လေသည်။

ကျော်စွာတွေဝေနေခိုက်မှာ ဂူတံခါးကို ဦးတိုက်မောင်းက ပိတ်လိုက်လေ၏။

"ဟင်. . "

ကျော်စွာ လှည့်ကြည့်လိုက်သည်။ အထိတ်တလန့်နှင့် ဂူပေါက်ဆီကို ပြေးသွားခဲ့လေသည်။

"ဦး. . ရေ၊ ဦး. . မြတ်လေး မြတ်လေး"

နာမည်များကို အော်ခေါ်လိုက်သည်။ သူ့အသံသည်



www.burmeseclassic.com

www.burmeseclassic.com



တုန်ရီလျက်ရှိသည်။ သို့သော် အပြင်ဘက်မှ တုန့်ပြန်သံများကို မကြားရတော့ပါ။

"သူတို့ ငါ့ကို ဒီဂူကြီးထဲမှာ ရက်ရက်စက်စက်နဲ့ ထားပစ်ခဲ့ကြပြီ. . ဂူထဲမှာ ငါပိတ်မိနေပြီ. ."

ကျော်စွာသည် အားငယ်သွားခဲ့ရသည်။ လက်ထဲမှာလည်း. . တုတ်မီးတစ်ဖက်၊ ဓါးတစ်ဖက်နှင့် တစ်ခဏတော့ တွေဝေနေသေးသည်။ နေရာမှာ. . မလှုပ်မယှက်နှင့် ရပ်နေသေးသည်။ ထို့နောက် လက်ထဲမှ ဓါးကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်လိုက်သည်။ ဓါးကို မြှောက်ကာ ထောင်ပြီး သေချာစွာ စူးစိုက်ပြီးကြည့်လိုက်လေသည်။ သို့သော်. . ဓါးပြားပေါ်မှာ ထင်ဟပ်လာသော မျက်လုံးနှစ်လုံးကို သူကြည့်ပြီးတော့ အံ့အားသင့်သွားခဲ့ရသည်။

"ဒီမျက်လုံးနှစ်လုံးဟာ ငါ့မျက်လုံးတွေ မဟုတ်ဘူး"

အမှတ်တမဲ့နှင့် နှုတ်ကထွက်သွားသောအသံသည်ပင် ဂူထဲမှာ ပဲ့တင်ထပ်သွားခဲ့ရသည်။ ဓါးပြားမှာ ပေါ်နေသည့် မျက်လုံးနှစ်လုံးသည် တစ်လုံးနှင့်တစ်လုံး မတူကြပေ။ ဦးတိုက်မောင်း၏ မျက်လုံးများနှင့် တစ်ထေရာတည်း တူနေလေသည်။ [ကျော်စွာသည် ကြောက်စိတ်၊ တွေဝေစိတ်များကြောင့် အာရုံလွဲမှာကာ ထင်ချင်သလို ထင်နေမိခြင်းများပေလား]

ဓါးပြားပေါ်မှာထင်ဟပ်နေသော မျက်လုံးများသည်





မိမိမျက်လုံးဟုတ်. . မဟုတ် မသေချာ၊ မိမိကို ပြန်ဖြီးကြည့်နေသော အခြားသော မျက်လုံးတစ်စုံဟုပင် ထင်နေမိသည်။

"ငါပဲကြောင်သွားပြီလား၊ ဟာ. . ဘာပဲဖြစ်ဖြစ်၊ ပြန်လို့ရမယ့်အတူတူ. . ငါ ဟိုဘက်ကိုရောက်အောင် ဖောက်ထွက်ဖို့ပဲလိုတော့တယ်၊ ကံတရားပဲ. . ဟာ. . ကံတရား မဟုတ်ဘူး၊ ငါ့ကိုယ် ငါပဲ. . မူတည်တယ်. . ငါက အဓိကပဲ. ."

ဓါးပေါ်မှာထင်ဟပ်နေသည့် မျက်လုံးများကို မြင်ပြီး တစ်ခဏ၌ စိတ်လည်း ပြောင်းလဲသွားခဲ့လေသည်။

"ကိုင်း. . သေမထူး. . နေမထူးတဲ့ ငါ့ဘဝ. . ဖြစ်ချင်တာဖြစ်. . ဒီဂူထဲကနေ မရရအောင် ငါဖောက်ထွက်မယ်. ."

ကျော်စွာသည် မာန်တင်းကာ ဓါးကိုကျစ်ကျစ်ပါအောင် ဆုပ်ကိုင်လိုက်သည်။ ဓါးပြားပေါ်မှာ ထင်ဟပ်နေသော မျက်လုံးနှစ်လုံးကို သူမြင်ယောင်နေဆဲ၊ ထိုမျက်လုံးများကြောင့် သူ့အသည်းသည် အလိုလိုပင် မာလာခဲ့သည်။ နှလုံးသားသည် တင်းမာလာခဲ့သည်။ သည်လို ခံစားမှုမျိုးတစ်ကြိမ်တစ်ခါမှ မဖြစ်ဖူးခဲ့ပါ။ ထို့နောက်. . ခြေလှမ်းတွေက ရှေ့ကိုသာ တိုးသွားခဲ့လေသည်။

○ ○ ○



www.burmeseclassic.com

www.burmeseclassic.com



တုတ်မီးမှ အလင်းရောင်ကြောင့် ဂူကြီးထဲမှာ ထိန်ထိန်လင်းလျက်ရှိသည်။ ခြေလှမ်းဆယ်လှမ်းခန့် လျှောက်သွားခဲ့သည်နှင့်. . ဂူနံရံတစ်ခုက ဆီးပြီးတော့ ခံနေသည်။ ဂူကဆုံးသွားခဲ့ပြီဟု ထင်မိလိုက်သည်။

သို့သော်. .

နံရံမှာ. . အပေါက်တစ်ခုကို တွေ့လိုက်ရသည်။ ဂူလိုဏ်ပေါက်ဝပင်တည်း. . တစ်ခုတည်းသော အပေါက်ပင်ဖြစ်သည်။ လိုဏ်ပေါက်ဝထသို့ မဝင်မီ ထူးခြားသော အနံ့အသက်တစ်ခုကို ရှူရှိုက်မိသွားသည်။ မြေသင်းနံ့လည်း မဟုတ်၊ ကျောက်သားနံရံမှ ထွက်လာသော အနံ့အသက်များပေလား။ မကြာမီမှာပင်. . ထိုအနံ့အသက်များသည် ယဉ်ပါးသွားသလိုဖြစ်သွားသည်။

ချီတုံချတုံဖြစ်နေသည့်စိတ်ကို အတတ်နိုင်ဆုံး ချိုးနှိမ်လိုက်ပြီး လိုဏ်ပေါက်ဝထဲကို ဝင်သွားခဲ့သည်။ အန္တရာယ်ရန့်ကို သူရမိလိုက်သည်။ သည်ဂူထဲမှာ သူ့ကိုအသင့်စောင့်ဆိုင်းနေသော အန္တရာယ်များရှိနေပြီကို အလိုလိုသိသွားခဲ့ရသည်။ |မသိစိတ်က သတိပေးခြင်းဖြစ်သည်။|

အတော်ကလေးလျှောက်လာမိတော့မှ ကျောက်ပလ္လင်ဂူကြီး၏ ထူးခြားမှုတစ်ခုကို ထပ်ပြီးမြင်တွေ့လိုက်ရပြန်သည်။ ပိုပြီးတော့ ကျယ်ဝန်းလာသည်။ အေးမှာ ဂူလိုဏ်ပေါက်တွေ





သော. . နံရံကြီးနှစ်ခု အဖြစ်သို့ ပြောင်းလဲသွားခဲ့သည်။ ဝဲယာ ခွဲသည်။ ဂူလိုဏ်ပေါက်များသည် တစ်နေရာနှင့်တစ်ခု ဆယ်ပေစီ လောက်သာကွာဝေးကြသည်။ သဘာဝဂူပေါက်များပင်။

ထိုစဉ်. .

ရုတ်တရက်. .

"ဖလပ်. . ဖလပ်. . ဖလပ်. ."

ကျောက်ပလ္လင်ဂူကြီးထဲမှာ အမှတ်မထင်ဖြစ်ပေါ်လာသော လှုပ်ရှားမှုတစ်ခု၊ ဂူလိုဏ်ပေါက်တစ်ခုထဲမှ လွန်စွာမှ ကြီးမားသော လင်းနို့ကောင်ကြီးများက တစ်ကောင်ပြီးတစ်ကောင်. . ထွက်ပေါ်လာခဲ့ကြသည်။

လင်းနို့ကြီးများသည် သုံးနှစ်သားအရွယ်ကလေးတစ်ယောက်၏ ကိုယ်လုံးပမာဏခန့်ရှိကြသည်။ ခေါင်းကတော့ လင်းနို့ခေါင်းနှင့်မတူ၊ ပါးစပ်ပြဲပြဲမှာ လက်မခန့်တုတ်သော အစွယ်ကြီးနှစ်ချောင်းကို ပြူးပြီးတော့ ထွက်နေကြသည်။ မျက်လုံးတွေက မျက်ဆံမပါ၊ မည်းနက်နေသည်။ ရှည်လျားသော အတောင်ပံကြီးတွေကတော့ သားရေပြင်ကြီးများပမာ ရှိနေကြသည်။

လင်းနို့ခေါင်းများသည် သူရူးတစ်ယောက်၏ ခေါင်းလို ပန်းချီဆရာလက်စွမ်းပြ၍ ရေးဆွဲထားသော မိစ္ဆာတစ်ကောင်၏ခေါင်းမျိုးပမာတူနေသည်။ နှာခေါင်းကတော့ ပွယောင်းယောင်း



www.burmeseclassic.com

www.burmeseclassic.com



နှင့် တိုသည်၊ နှာယောင်ပျောက်နေသည်။

ကြီးမားလှသော လင်းနို့ကြီးများသည် တဟုန်ထိုးပျံသန်းလာခဲ့ကြပြီး ကျော်စွာ့ကို တိုက်ခိုက်ကြလေတော့သည်။

"ဟိုက်. . လင်းနို့ကြီးတွေ၊ ကြောက်စရာကြီးတွေပါလား. ."

ကျော်စွာသည် သူ့ဆီကို ပြေးဝင်လာခဲ့ကြသော လင်းနို့ကြီးများကို လက်ထဲမှ ငှက်ကြီးတောင်ဓါးကြီးဖြင့် ဘယ်ညာဝိုက်ကာ ပိုင်းချပစ်လိုက်သည်။

"ဝှစ်. . ဝှစ်. . ဝှစ်. ."

သို့သော် လျင်မြန်ပါးနပ်လှသော လင်းနို့ကြီးများသည် ဓါးချက်ကို ကွေ့ဝိုက်ပြီး ရှောင်တိမ်းကာ ထွက်သွားခဲ့ကြသည်။ နောက်ထပ်တစ်ကျော့ပြန်ပြီးတော့ ဝင်လာခဲ့ကြပြန်သည်။ အနားသို့ရောက်သည်နှင့် ကျော်စွာ့ဓါးချက်မမိစေရန် ရှောင်တိမ်းကာ ကြီးမားသော အတောင်ပံကြီးများဖြင့် ဝိုင်းညှပ်ကာ. . ရိုက်ခတ်ကြသည်။ တိုက်ခိုက်ကြသည်။

ကျော်စွာ့ခေါင်း၊ ကိုယ်၊ ခြေထောက်များ၏ တိမ်း၊ ယိမ်း ရွေ့လျားမှုများက လျင်မြန်ဖျတ်လတ်မှုများကို ဖော်ပြနေသည်။ လင်းနို့ကြီးများက ကျော်စွာ့ကို သဲကြီးမဲကြီးဝင်ပြီး တိုက်ခိုက်ကြသော်လည်း တောင်ပံနှင့် မရိုက်ခတ်မိကြ၊ ပွတ်ကာ သီကာ လွဲချော်သွားခဲ့ကြသည်။ ရှည်လျားသော ခြေသည်းကြီးများဖြင့်





ကုပ်ခြစ်ကြသော်လည်း မမိ၊ ကျော်စွာသည် လင်းနို့ကြီးများတို့ သဘောပေါက်လာသည်။ ရှောင်တိမ်းတတ်သည်။ တိုက်ခိုက်တတ်သည်။ သိုင်းပညာကို တတ်မြောက်ထားကြသည့်အတိုင်း၊ အံ့အားသင့်စရာလည်း ကောင်းလှသည်။

"မင်းတို့က ဒါလောက်တောင် အရှောင်အတိမ်း ကောင်းနေကြတယ်. . ဟုတ်လား၊ အေး. . တွေ့ကြသေးတာ ပေါ့ကွာ. ."

ကျော်စွာသည် ဓါးကို စကြာရဟတ်လည်သလို အဆက်အောက်၊ ဘေးပတ်ပတ်လည်၊ စုန်ချီ၊ ဆန်ချီ၊ တက်ချီ၊ ကျချီ ဝိုက်ကာ၊ ဝဲကာ. . တရစပ်မွှေပစ်လိုက်သည်။ ရှောင်တိမ်းကာ ပြေးကြသော မိမိကို သဲကြီးမဲကြီး တိုက်ခိုက်ကြသော လင်းနို့ကောင်ကြီးများသည် ဓါးချက်မှ မလွတ်ကြတော့၊ ချက်ကောင်းကို ထိမှန်သွားခဲ့ကြသည်။ ခေါင်း၊ ကိုယ်၊ ခြေ စသည်တို့ အပိုင်းပိုင်း အပြတ်ပြတ်ဖြစ်ကုန်ကြသည်။ တောင်ပံကြီးတွေ ပြတ်ထွက်ကုန်ကြသည်။ အပိုင်းအပြတ်တွေက အောက်ကို တဖုတ်ဖုတ်နှင့် ပြုတ်ကျကုန်ကြသည်။ ကျော်စွာသည် ဓါးရေးသွက်သွက်နှင့် လင်းနို့ကောင်ကြီးများကို စိတ်ပါလက်ပါတိုက်ခိုက်ပစ်နေသည်။ တစ်ခဏအတွင်းမှာပင်လျှင် သက်ရှိထင်ရှားနှင့် လင်းနို့တွေ တစ်ကောင်မှမကျန်ခဲ့တော့။

"ဘာတတ်နိုင်ကြသေးသလဲ၊ မရှောင်နိုင်ကြတော့ဘူး



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်လား. . "

လင်းနို့အသေကောင်များကို ကြည့်ပြီးတော့ ကျော်စွာက. . ကြိမ်းဝါးလိုက်လေသည်။ ထို့နောက်. . ဆက်ပြီးတော့ လျှောက်လာခဲ့သည်။ သတိထားနေရသည်။ ဂူနံရံ၏ ဘေးလိုက် ပေါက်တွေက ရှိနေသေးသည် မဟုတ်ပါလား. . ကျော်စွာသည် အမှတ်တမဲ့နှင့်နောက်ကို ပြန်ပြီးလှည့်ကြည့်လိုက်မိသည်။

"ဟင်. . "

စောစောက သေဆုံးနေကြသည့် လင်းနို့အသေကောင်များသည် မရှိကြတော့။

ဝ ဝ ဝ

သတိထားပြီး ဆက်လျှောက်လာခဲ့သည်။ တုတ်မီးမှ ထွက်ပေါ်လာသော အလင်းရောင်ကို လင်းနို့တွေက မကြောက် ကြသည်မှာ အံ့သြစရာကောင်းလှသည်။ ထို့အပြင် အပိုင်းပိုင်း ဖြစ်နေကြသော လင်းနို့အသေကောင်တွေ ပျောက်သွားကြ သည်ကိုလည်း စဉ်းစား၍မရ၊ အားလုံးသည် မိမိ၏ စိတ်အထင် ကြောင့်. . အာရုံမှာ အလိုလိုထင်မြင်ကာ ပေါ်လာခဲ့ကြသည် များလား၊ ကျော်စွာသည် စောစောက အမှတ်မထင် ရှုရှိုက်မိ သော အမွှေးနံ့ကို ပြန်ပြီးတော့ သတိရလာမိသည်။ ယင်းရနံ့





ကြောင့်ပင်လျှင် အာရုံကို ပြောင်းသွားခဲ့ရသည်ပဲလား. . ဒါ လည်း မဖြစ်နိုင်. .

"ဟား. . ဟား. . ဟား"

ထိုစဉ်. .

ကျယ်လောင်သော ရယ်မောသံကြီးတစ်ခုက မထင် မှတ်ပဲ ထွက်ပေါ်လာခဲ့သည်။ ကျောက်ဂူကြီးတစ်ခုလုံး ဟိန်း ထွက်သွားခဲ့လေ၏။ ထို. . တဟား ဟားဖြင့် ရယ်မောသံကြီး သည် မဆုံးတော့ပဲ ဂူထဲမှာ ပဲ့တင်ရိုက်ခတ်ကာ လိုက်သံ ပေါက်သွားခဲ့လေ၏။

ကျော်စွာသည် ရယ်မောလိုက်သံကြီးကြောင့် ကျောထဲမှာ စိမ့်တက်သွားခဲ့ရသည်။ မည်သည့်နေရာက ထွက် ပေါ်လာသည့်အသံကြီးလည်းဟု သိနိုင်ရန် ကိုယ်ကို ပတ်ချာ လှည့်ပြီးတော့ ကြည့်နေစဉ်မှာပင်လျှင် ဘယ်ဘက်ဂူလိုက် ပေါက်ထဲမှ. . သဏ္ဍာန်သုံးဦးက ပြေးထွက်လာခဲ့ကြလေ သည်။

တစ်ကိုယ်လုံး အမွှေးအမျှင်များ ထူထဲလျက်ရှိပြီး အရပ်ကြီးကလည်း မြင့်မားလှသည်။ မျက်နှာများသည် ကျောက် ခေတ်လူသားများပမာ ခက်ထန်ကြမ်းတမ်းလှသည်။ မျက်နှာ ပြင်ထက်မှာ ထူထဲသောအမွှေးအမျှင်များကလည်း ပေါက်နေ ကြသည်။ ပါးစပ်ကြီးတွေကပြဲပြဲ၊ သွားကြီးတွေကလည်း ပြုပြုနှင့်



www.burmeseclassic.com

www.burmeseclassic.com



ကြောက်စရာအကောင်ကြီးတွေ၊ လက်ထဲမှာ. . ကျောက်တင်းဘုတ်၊ ကျောက်ပုဆိန်ကျောက်လှံတံကြီးတွေကို ကိုင်ဆောင်ထားကြသည်။

ထိုသတ္တဝါကောင်ကြီးများသည် လူလား၊ မိစ္ဆာကောင်လား၊ ခွဲခြားပြီးမသိနိုင်၊ သိနိုင်သည်ကတော့. . ရန်မူရန် သူ့ဆီကို ပြေးလာခဲ့ကြခြင်းပင်တည်း၊ ကျော်စွာသည် နောက်ကိုလည်း မဆုတ်၊ ရှေ့ကိုလည်း မတိုး၊ နေရာမှာတင် ရပ်စောင့်နေတာ သူတို့ကို အဆင်သင့်စောင့်နေလိုက်သည်။

"ဝှီး . ."

ရှေ့ဆုံးမှ ရောက်လာသော အကောင်ကြီးက လက်မှာ ကိုင်ထားသော ကျောက်တူကြီးဖြင့် ကျော်စွာ့ခေါင်းကို ထုချလိုက်သည်။ တစ်ဦးက ကျောက်ပုဆိန်ကြီးဖြင့် လည်မျိုကို ဘေးတိုက်လွှဲကာခုတ်ချသည်။ နောက်တစ်ဦးက ဗိုက်ကို လှံဖြင့် ထိုးသည်။ သုံးဦးစလုံး တစ်ပြိုင်တည်းပင်ဝင်လာခဲ့ကြခြင်းပင် ဖြစ်သည်။ ကျော်စွာ့ခေါင်းထဲကို တိုက်ကွက်တစ်ခုက ချက်ချင်းလိုလိုပင် ဝင်လာခဲ့သည်။ ငှက်ဖိုဓါးခင်းဖြင့် ဝိုက်ကာ သိမ်းကာယူကာ. . ညာလက်က မနားမနေ တိုက်ခိုက်လိုက်သလို. .

"ဝှစ်. . ဝှစ်. . ဝှစ်. ."

"အား. ."

"အား. ."

"အား. ."

သုံးဦးစလုံးကို ဓါးချက်တွေမိသွားခဲ့ကြသည်။ ကျော်စွာသည်း သုံးဦးအလယ်မှ ကိုယ်ဖော့ကာအပေါ်ကို ခုန်ထွက်သွားခဲ့သည်။ ပေါ့ပါးသော ခန္ဓာကိုယ်သည် ဖက်ရွက်လေးပမာ မြောက်တက်သွားခဲ့သည်။ ထိုသုံးဦး၏ တိုက်ကွက်များသည် ဘရမ်းဘတာဖြစ်ကာ လွဲချော်သွားခဲ့ကြလေ၏။

ကျော်စွာ၏ ဓါးချက်များကလည်း သုံးဦးစလုံးကို ထိသွားခဲ့ကြသည်။ ထက်လှစွာသော ဓါးက သူတို့၏ အမွေးထူထူကြီးများကို ထိုးဖောက်ကာ ထိသွားခဲ့ကြသည်။ ကျော်စွာသည်လည်း. . မိမိ ထိုကဲ့သို့ရှောက်လိုက်နိုင်သည့်အတွက် သေဘေးမှ လွတ်မြောက်သွားခဲ့ရသည်။

သို့သော်. . ထိုသတ္တဝါကြီးသုံးကောင်သည် ကိုယ်ပေါ်မှ ဒဏ်ရာကိုမမှုပဲ ပါးစပ်ကြီးတွေကိုဖြဲကာ. . ကျော်စွာဆီကို ပြေးဝင်လာခဲ့ကြသည်။ ခန္ဓာကိုယ်နှင့်မလိုက်အောင်ပင် လျင်မြန်ဖျတ်လတ်လွန်းလှသည်။

တိုက်ခိုက်မှုက သိုင်းသမားများ၏ တိုက်ကွက်မျိုးပင် ဖြစ်ကြသည်။ သူတို့၏ လက်နက်များကို ခေါင်းမှာဝှေ့ယမ်းပြီး လာကြသည့်ဟန်များက ခြိမ်းခြောက်မှုများပါနေသည်။ ကျော်စွာလည်း မီးတုတ်တစ်ဖက်ကိုင်လျက်နှင့် သူတို့ရောက်



www.burmeseclassic.com

www.burmeseclassic.com



အလာကိုမစောင့်တော့ပဲ ဓါးကိုဝင့်ကာ ပြေးဝင်သွားခဲ့သည်။

ဘယ်လက်မှာ မီးတုတ်တစ်ဖက်၊ ညာလက်က ဓါးတစ်လက်နှင့် သိုင်းကွက်နင်းကာ ပြေးဝင်သွားပြီး. .

"ဝှစ်. . ဝှစ်. . ဝှစ်. ."

မီးတုတ်ကြီးနှင့် ဝှေ့ယမ်းကာ မျက်နှာတွေကို တိုက်ခိုက်သည်။ ထိုသတ္တဝါကြီးများက မီးအပူရှိန်အဟပ်ခံရသည်ကို မခံနိုင်ကြ၊ အမွေးများလောင်ကျွမ်းခံလိုက်ကြရ၍ ညော်နံ့များပင်ထွက်ပေါ်လာခဲ့ကြသည်။ မျက်နှာတွေကို ငုံ့စောင်းပြီး ရှောင်တိမ်းကြစဉ်မှာပင် လက်နက်တွေကို ထိရောက်စွာ အသုံးမချနိုင်ကြ၊ တစ်လွဲတစ်ချော်ဖြစ်ကုန်ကြသည်။

"အူး. . ဝါး"

ဝမ်းခေါင်းထဲမှ လှိမ့်ပြီးထွက်လာကြသော အသံနက်ကြီးများဖြင့် အော်ပြီး ကိုယ်ဟန်တွေပျက်သွားကြသည်။ ထိုစဉ်မှာပင်လျှင် ကျော်စွာ၏ဓါးချက်များက သူတို့သုံးဦးစလုံး၏ ကိုယ်တူစပ်ပိုင်းချပစ်မိလိုက်သည်။

"ဝှစ်. . ဝှစ်. . ဝှစ်"

"အူး. ."

"အား"

"အား"





နက်ကျောသောအသံကြီးများက ဂူထဲမှာ ကမ္ဘာပျက်တေတ်ထွက်ပေါ်လာခဲ့ကြသည်။ ကျော်စွာသည်လည်းလေတိုက်သလို သူတို့နှင့်ဝေးရာကို ရောက်သွားခဲ့သည်။ နောက်ကိုပြန်ပြီး လှည့်ကြည့်လိုက်သောအခါ အံ့အားသင့်စရာများကို တွေ့လိုက်ရသည်။

သူခုတ်ပိုင်းလိုက်သော ဓါးချက်ကြောင့် လည်ပင်းမှပြတ်ထွက်သွားခဲ့ကြသည်။ ခါးမှပြတ်ထွက်သွားကြသည်။ အောက်ကို တဒိုးဒိုးဖြင့် ပစ်ကျကုန်ကြသည်။

"ဟင်. . လက်စသတ်တော့ ကျောက်သားကိုယ်ထည်တွေနဲ့ပါလား. ."

သူထင်သလို သွေးသားနှင့်ခန္ဓာကိုယ်များ မဟုတ်ကြပဲ ကျောက်ရုပ်များဖြစ်နေကြသောကြောင့်ပင်တည်း။

O O O

ကျောက်ပလ္လင်ဂူကြီးထဲမှာ ဂူနံရံမှ လိုဏ်ပေါက်တွေက ရှိနေကြသေးသည်။ နောက်ထပ်. . မည်သည့်အန္တရာယ်မျိုး ထွက်လာနိုင်ဦးမည်ကို သူမသိနိုင်၊ မခန့်မှန်းနိုင်၊ သူလက်ချက်နှင့်. . ရန်သူတွေထိခိုက်သွားကြသည်။ ပြန်ပြီးရန်မပြုနိုင်အောင်. . ဖြစ်သွားခဲ့သည်။ အားတက်သွားမိသည်။ နောက်သို့



www.burmeseclassic.com

www.burmeseclassic.com



ပြန်ဆုတ်၍လည်း မဖြစ်၊ ရှေ့ကိုသာ ဆက်ပြီး တိုးရပေတော့မည်။ ဒါမှ. . ထွက်ပေါက်ကို တွေ့မည်။

ရင်တထိတ်ထိတ်နှင့်ဆက်ပြီးတော့ လျှောက်လာခဲ့သည်။ လိုဏ်ပေါက်တွေက ဝဲယာမှာရှိနေကြသည်။ မည်သည့်အန္တရာယ်မဆို ထွက်လာနိုင်ကြသည်။ မျက်လုံးတွေက လျှင်စွာထားရသည်။ နားကိုစွင့်ထားရသည်။ အလစ်မပေးရဲ၊ အန္တရာယ်သေမင်းက သူ့ကို အဆင်သင့်ပင်စောင့်နေကြသည်။ အလိုလိုပင်. . သိနေသည်။

ထိုစဉ်. .

"ဝှစ်. . ဝှစ်. . ဝှစ်. . ဝှစ်"

ရုတ်တရက် ထွက်ပေါ်လာသော အသံများနှင့်အတူ လိုဏ်ပေါက်ဝတစ်ခုမှ ဓါးများ၊ အခြားတစ်ခုမှ လှံပျံများတဟုန်ထိုးထွက်ပေါ်လာခဲ့ကြလေပြီတည်း. . .

"ဟာ. ."

သည်တစ်ခါတော့. . သက်မဲ့အန္တရာယ်ဖြစ်သည်။ သူ့ဆီကို စက္ကန့်၊ မိနစ်မဆိုင်း ချက်ချင်းလိုလိုပင် ရောက်လာခဲ့ကြသည်။

ခေါင်းထဲတွင် အသိနှင့်ပညာကယှဉ်ပြီး စွမ်းရည်လှုပ်ရှားမှုတစ်ခုကဖြစ်သွားသည်။ လက်မှာကိုင်ထားသည့် ဇက်ကြိုးတောင်ဓါးကို ဓါးရိုးမှာလက်ညှိုးထင်ကာ လေထဲသို့လေးပတ်



သည်ပစ်လိုက်သည်။

"ဝှစ်. . ဝှစ်. . ဝှစ်. . ဝှစ်"

ထို့နောက်. . ဓါးရိုးကို ပြန်ဆုပ်ကိုင်လိုက်ပြီး သူ့ဆီကိုပြေးဝင်လာခဲ့ကြသည်။ ဓါး၊ လှံ၊ လက်နက်များကို ဓါးဖြင့်ခုတ်ယမ်းကာ ရိုက်ထုတ်ပစ်လိုက်သည်။

"ထန်. . ထန်. . ထန်. . ထန်"

ဓါးများ၊ လှံများသည် ကျော်စွာ၏လည်ပင်းမှ ခေါင်းပေါ်မှ ဘေးမှ. . ပေါင်ကြားထဲမှ ထွက်သွားခဲ့ကြသည်။ ကျော်စွာသည် ကိုယ်ကိုလည်ပတ်ပြီး စကြာရဟတ်ပမာလက်ကို လှုပ်ရှား၍ လက်နက်များကို ရိုက်ပုတ်ခတ်ထုတ်ပစ်လိုက်ရာ သံချင်းထိခတ်၍ အငွေ့ကို လွင့်စင်ကာ ထွက်သွားခဲ့ကြသည်။ တစ်ချို့. . လှံသွားများ၊ ဓါးသွားများသည် မျက်နှာအနီးသို့ပင် ရောက်လာကြပြီး ပွတ်ထွက်သွားခဲ့ကြသည်။

ကြာတော့. . ကျော်စွာသည် ချွေးများပင် ပျံလာခဲ့ရသည်။ ဓါး၊ လှံ လက်နက်များသည် နောက်ပိုင်းမှာ ရောက်လာခဲ့ကြတော့၊ သူ့ကိုယ်ပေါ်မှာလည်း ဒဏ်ရာတစ်ခုပင် ရခဲ့ပေ။ ကျော်စွာသည် ခုမှပင်. . သက်ပြင်းချမိရလေတော့သည်။

"ဖူး. . ငါ. . ကံကောင်းလို့ပါလား"

www.burmeseclassic.com

အန္တရာယ်မှ လွတ်မြောက်သွားခဲ့ပြီဟု စိတ်ဒုံးဒုံးချမိခဲ့သည်။ သို့သော်. . ထိုစဉ်. .

○ ○ ○

"ဝူး. . ဝူး. . ဝူး. . ဝူး. . ၊ ဝုတ်. . ဝုတ်. . ဝုတ်. . ဝုတ်"

မမျှော်လင့်မိသော အသံများကို ကြားလိုက်ရသည်။ တဝူးဝူးနှင့် ထွက်ပေါ်လာကြသော အသံတွေ၊ မည်သည့်နေရာက. . ထွက်ပေါ်နေကြမှန်းပင် မသိချေ။ သေသေချာချာနားစွင့်ကြည့်လိုက်မိရာ. . ဂူလိုဏ်တွေထဲက ထွက်ပေါ်လာကြသော အသံများပင်တည်း။

အလင်းရောင်တစ်ချို့သည်လည်း လိုဏ်ထဲမှ အပြင်ကိုလျှံပြီး ထွက်လာခဲ့ကြသည်။ ကျော်စွာသည် လိုဏ်ပေါက်များရှေ့မှဖြတ်ပြီး သွားရမည်ဖြစ်သည်။

တဝူးဝူး. . တဝုတ်ဝုတ်ဖြင့် ထွက်ပေါ်နေကြသော အသံများသည် တဖြည်းဖြည်းနှင့် ကျယ်လောင်လာကြသည်။ ကျော်စွာ့ခြေလှမ်းများက ရှေ့ကိုတစ်လှမ်းစ,ပြီး လှမ်းလိုက်သည်နှင့်. .

"ဝူး. . "

လုံးဝိုင်းသော မီးတောက်ကြီးတစ်ခုသည် ဂူလိုဏ်တစ်ခုမှအရှိန်ဖြင့် ပြေးထွက်လာခဲ့သည်။ ထိုမီးတောက်ဝိုင်းဝိုင်းကြီးသည်. . လူခေါင်းနှင့်သဏ္ဌာန်တူနေသည်။ ကြောက်စရာမျက်နှာကြီးတစ်ခုလုံးသည် နီရဲလျက်ရှိပြီး ပါးစပ်ကြီးကလည်းဟနေသည်။ လေထဲမှာ အထက်အောက် စုန်ဆန်ကာဝဲနေပြီးမှ ကျော်စွာ့ဆီကို တိုက်ခိုက်ရန် ပြေးဝင်လာခဲ့လေတော့သည်။

မီးအပူရှိန်က ကျော်စွာ့ကို လာဟပ်သည်။ ကျော်စွာသည် မီးလုံးကြီးက သူ့ကိုမဟပ်မိစေရန် အမျိုးမျိုးရှောင်တိမ်းနေရသည်။ တစ်ခါတစ်ရံမှာ ကြောက်စရာမျက်နှာကြီးနှင့်မီးလုံးကြီးပေါ်မှာ ခုန်ကျော်သွားခဲ့ရသည်။ တစ်ခါတစ်ရံမှာတော့မီးလုံးမျက်နှာကြီးက ပါးစပ်ကြီးကိုဖြကာ သူ့ကိုဝါးမြိုတော့မလိုဖြစ်သွားသည်။ ထိုအခါ မြေပြင်မှာ လှိမ့်ကာ ရှောင်တိမ်းလိုက်ရလေသည်။

မီးလုံးကြီး၏ တိုက်ခိုက်မှုသည် လျင်မြန်လွန်းလှသည်။ အနားကဖြတ်သွားလေတိုင်းမှာ တဝူးဝူး၊ တဝုတ်ဝုတ်ဖြင့် အသံမြည်နေသည်။ အရှောင်ကောင်း၍ ပွတ်ပြီးလွဲသွားသည့်တိုင် မီးပူဟပ်ကာ ဆံပင်တစ်ချို့ကို လောင်ကျွမ်းသွားခဲ့သည်။ ကျော်စွာက တောက်လျှောက်ပြေးနေသည်။ ဓါးနှင့်တိုက်ခိုက်ခြင်းလည်း အရာရောက်မှာမဟုတ်၊ သူ. . ရှောင်တိမ်းနိုင်၍သာမီးလုံးမျက်နှာကြီး၏ ဝါးမြိုခြင်းကို မခံရခြင်းပင်ဖြစ်သည်။

ကျော်စွာ. . မီးတုတ်တစ်ဖက်၊ ဓါးတစ်ဖက်ဖြင့် ရှေ့ကို

www.burmeseclassic.com



တောက်လျှောက်ပြေးသွားနေသည်။ မီးလုံးမျက်နှာကြီး
နောက်က တရှိန်ထိုးပင်လိုက်လာလျက်ရှိသည်။

"ဝူး . . ဝူး . . ဝူး . . ၊ ဝုတ် . . ဝုတ် . . ဝုတ်"

မီးလုံးကြီးဆီက အသံတွေက မြည်ဟည်းလျက်ရှိ
သည်။ နောက်ကိုလှည့်ကြည့်ကာ ပြေးသည်။ မီးလုံးမျက်
ကြီးသည် ပိုပြီးတော့ ကြီးမားလာခဲ့သည်။ ကြည့်ရင်း . . ကြ
ရင်းမှာ . . ကြီးသထက်ကြီးလာခဲ့သည်။ မျက်လုံးကြီးတွေ
အလျံတညီးညီး . . ပါးစပ်ကြီးကပြဲပြဲနှင့် . . အစွယ်ပြူးပြူး
သွားစူးစူးတွေက ကျော်စွာ့တစ်ကိုယ်လုံးကို ကိုက်ဖြတ်
ဆုတ်ဖြဲ၍ ဝါးမြိုပစ်တော့မည့်ဟန် . .

ကျော်စွာသည် ရှေ့ကို တဟုန်ထိုးပြေးသွားနေသ
မကြာမီ . . ကျောက်ပလ္လင်ဂူကြီး၏ တစ်နေရာကို ရောက်လာ
သည်။ မမျှော်လင့်ပဲ ရေပြင်ကျယ်ကြီးတစ်ခုကို တွေ့လို
သည်။ တုတ်မီး၏ အလင်းရောင်အောက်မှာ ရေအောက်
ချောင်းကြီးတစ်သွယ်။

နောက်မှလိုက်လာသော မီးလုံးကြီးကလည်း လွန်စွာ
နီးကပ်လာခဲ့ပြီဖြစ်သည်။ သူ့ကိုယ်ကိုသာ မီးလုံးကြီးက စွဲမိခဲ့
လောင်မီးလက်နက်ကျသည့်ပမာဖြစ်ကာ . . တစ်ကိုယ်
မီးဟုန်းဟုန်းတောက်သွားလိမ့်မည်။ အရှင်လတ်လ
မီးသဂြိုဟ်ပြီးသားဖြစ်သွားမည်မှာ မလွဲဧကန်တည်း။



ထို့ကြောင့် . .

လုံးဝစဉ်းစားမနေတော့ပဲ . . ရေထဲကို ခုန်ချလိုက်ရလေ
တော့သည်။

"ဝုန်း . ."

နောက်မှလိုက်လာသော မီးလုံးမျက်နှာကြီးသည်လည်း
ကျော်စွာကျသွားခဲ့သည့်နေရာကို ကျော်သွားကာ ရေထဲကို
ကျသွားခဲ့လေတော့သည်။

"ရှဲ . . ရှဲ . ."

မီးလုံးကြီးရေထဲကို ကျသွားခဲ့သည်နှင့် . . တရှဲရှဲနှင့်
ညသံများက ကျယ်လောင်စွာဖြင့် ထွက်ပေါ်လာခဲ့သည်။
တောက်ကြီးသည် ရေမျက်နှာပြင်ထက်မှာ အတန်ကြာ
တောက်လောင်နေခဲ့ပြီးမှ တဖြည်းဖြည်းနှင့် ငြိမ်းသွားခဲ့သည်။
ကျော်စွာသည် ရေနက်ထဲမှာ အကြာကြီးငုပ်နေရသည်။ စိတ်ချ
လောက်ပြီဆိုတော့မှ ရေမျက်နှာပြင်ပေါ်ကို တက်လာခဲ့သည်။
လုံးမျက်နှာကြီးကား ရေထဲကိုကျသွားခဲ့သည်နှင့် ငြိမ်းသွားခဲ့
သပြီတည်း။ ရေများ နေနိုင်ဆိုသည်မှာ . . ဒါပါတကား . .

ကျော်စွာ ရေမျက်နှာပြင်ပေါ်ကို ရောက်ခဲ့သည်နှင့်
သကိုအားပါးတရရှူရှိုက်မိလိုက်သည်။ လေထဲမှာပါလာသော
နံ့တစ်မျိုးက နှာခေါင်းထဲကိုဝင်လာခဲ့သည်။ ထိုရနံ့ကြောင့်
ခေါင်းထဲမှာ ကြည်လင်သွားခဲ့ရသည်။ ကျောက်ပလ္လင်ဂူထဲမှာ

www.burmeseclassic.com



ရှုရှိုက်မိခဲ့သည့် ရနံ့နှင့်မတူ၊ မိမိ၏စိတ်ကို ထင်ယောင်ထင်မှ[ား] ဖြစ်စေသည့် ရနံ့ပေလား၊ ယခုရှုရှိုက်မိသော ရနံ့သည် အာ[...] ပြောင်းလဲမှုကို ဖြေဆေးပေးသည့် ရနံ့ပေပဲလား. . မဖြေ[...] တတ်တော့ပါ။

○ ○ ○

## (၇)
## သခေါက်ဦးကဆော်ကျိ

'ကျော်စွာသည် ရေပြင်ပေါ်ကိုရောက်သည်နှင့် အသက်[...]တစ်ဝကြီးရှုရှိုက်မိပြီး မော့ကြည့်လိုက်သောအခါ. .

"ဟင်. ."

သူ. . လွန်စွာမှ အံ့အားသင့်သွားခဲ့ရသည်။ ဦးတိုက်မောင်း[...]မြတ်လေးတို့သားအဖနှစ်ယောက်ကို မမျှော်လင့်ပဲ တွေ့[...]ကြရသောကြောင့်ပင်. .

"ကျော်စွာ၊ မင်း. . တော်တော်ပင်ပန်းသွားသလားကွ"

ဦးတိုက်မောင်းက ပြုံးပြုံးကြီးကြည့်ကာ မေးလိုက်သည်။

"ကျွန်တော်. . အသက်နဲ့ကိုယ်မြဲပြီး ဒီနေရာကိုရောက်[...]ခဲ့တာပဲ. . ကြည့်တော့ပေါ့ဗျာ. ."





www.burmeseclassic.com

www.burmeseclassic.com



ကျော်စွာက ခါးကို အရင်ကမ်းပေးလိုက်သည်။ ထို့နောက် လူကိုယ်တိုင်တက်လာခဲ့လေ၏။

"ငါက. . နင့်ကိုသိပ်ပြီး စိုးရိမ်နေခဲ့တာ၊ နင်. . ဒီနေ ကိုရောက်လာနိုင်ပါ့မလားလို့. . ခုတော့ တော်သေးတာပေါ့။

မြတ်လေးကလည်း အံ့ဩရဝမ်းသာပြောလိုက်သည်။

"ဦး. . ဒီကျောက်ပလ္လင်ဂူထဲက ကျွန်တော့်ကို တိုက်ခိုက် တဲ့ဟာတွေဟာ တစ်ကယ်တော့. . ဒီဂူထဲမှာ ဒါမျိုးတွေ သလား. ."

"မင်းထင်ချင်သလို ထင်နိုင်တယ်၊ ငါလည်း မဖြေတ ဘူး၊ ဒါပေမယ့်. . မင်း ဒီအန္တရာယ်တွေကို ကျော်လွှားပြီးတော့ ရောက်လာနိုင်ခဲ့တာ. . ကိုယ်စွမ်းကိုယ်စကို ထုတ်နိုင်လို့ပဲ ငါ ရင်ဆိုင်ခဲ့သမျှဟာ သေတွင်းချည်းပဲ၊ မင်းဇမ္ဗူမှာ အာဂလူဖြစ် ကိုင်း. . မင်း. . ငါနဲ့လိုက်ခဲ့. ."

ဦးတိုက်မောင်းသည် ကျော်စွာကို တစ်နေရာဆီ ခေါ်သွားခဲ့သည်။ ကျောက်ပလ္လင်ဂူကြီးကား ဆုံးပြီဟုထင် သော်လည်း. . မဆုံးသေး၊ ညာဘက်စမ်းချောင်းလမ်းကြော အတိုင်း တဖြည်းဖြည်းလျှောက်လာခဲ့ကြရာ. . စမ်းချောင်း သည်. . တဖြည်းဖြည်းနှင့် ကျယ်ပြန့်လာခဲ့ရာ ရှေ့မှာ တ တစ်ခေါ်ကြီးကျန်နေသေးသည်ကို တွေ့လိုက်ရသည်။

ကျော်စွာ. . ယခုမှ သတိထားမိသည်။ သဘာ





အလင်းရောင် တစ်နေရာမှဝင်ရောက်လာဟန်တူသည်။ အားလုံး ကိုထင်ရှားစွာဖြင့် မြင်နိုင်လေသည်။ သေချာစွာကြည့်လိုက်သော အခါ. . မြေပြင်သည် သဲနီများနှင့်ရောလျက်ရှိပြီး သဲများဆီက အလင်းရောင်တစ်မျိုးထွက်နေသည်ကို သိလိုက်ရလေသည်။ ဦးတိုက်မောင်းသည် ဤနေရာကို မည်ကဲ့သို့ရှာဖွေနိုင်ခဲ့သနည်း၊ မည်သို့ သိရှိခဲ့ပါသလဲ. . .

တစ်နေရာသို့ရောက်သောအခါ ကျော်စွာအတွက် အံ့အားသင့်ဖွယ်ရာ တစ်ခုကိုမြင်တွေ့လိုက်ရသည်။ ရှေးဟောင်း သင်္ဘောကြီးတစ်စင်းပင်တည်း၊ သင်္ဘောကြီးသည် သာမန်ထက် ပိုမို၍တော့ ကြီးမားသည်။ မည်သည့်သစ်အမျိုးအစားဖြင့် တည်ဆောက်ထားသည်ကို မသိနိုင်၊ အနည်းငယ်မှောင်ရိပ်ကျ နေသောနေရာမှာ ဆိုက်ကပ်ထားသည်။ ဤနေရာကို သင်္ဘော ကြီးတစ်စင်းလုံးဝင်ရောက်ဆိုက်ကပ်နားနေနိုင်သည့်အတွက် အံ့အားသင့်နေမိခဲ့သည်။ မည်သူမှ မရောက်နိုင်သောနေရာ လည်းဖြစ်သည်။

ဦးတိုက်မောင်းသည် ရွာထဲမှာ လူထူးဆန်းကြီးတစ်ဦး အဖြစ် သတ်မှတ်ထားခြင်းခံရသူဖြစ်သည်။ လူတစ်ယောက်၏ စိတ်ကိုထွင်းဖောက်ပြီးတော့ သိမြင်နိုင်သူ၊ သူ့အကြည့်တစ်ချက် ကြောင့်. . စိတ်ဓါတ်ညိုးငယ်သွားတတ်သူဟု. . မည်မျှပင် ရှိုင်းစိုင်းကြမ်းတမ်းသောသူပင်ဖြစ်ပါစေ. . သူ၏အကြည့်တစ်



www.burmeseclassic.com

www.burmeseclassic.com



ချက်ကြောင့်. . အလိုလိုသိမ်ငယ်သွားရသည်။

ထူးခြားချက်တစ်ခုမှာ ဦးတိုက်မောင်း၏မျက်လုံးနှစ်လုံးသည် တစ်လုံးနှင့်တစ်လုံး မတူကြဟူသည့် အချက်ပင်တည်း [မြည်သည့်အကြောင်းကြောင့် မတူသည်ကို နောက်ပိုင်းတွင် ဦးတိုက်မောင်းကိုယ်တိုင်ပင် ဇာတ်ကြောင်းပြန်ခဲ့လေသည်]

ရှေးဟောင်းသင်္ဘောကြီးကိုကြည့်၍ အံ့အားတသင့်နှင့် ရှိနေသောကျော်စွာကို. .

"ဒီသင်္ဘောကြီးဟာ ဘောက်တူလို့ခေါ်တဲ့ သမ္ဘန်လောင်းကိုယ်၊ တပါ၊ ပိန်းလို့ခေါ်တဲ့ ပီးကော. . အစရှိတဲ့ လှေအမျိုးအစားထဲမှာ တစ်မျိုးမှ မပါဝင်ဘူး၊ ဒါပေမယ့် လောင်းကိုယ်လှေအမျိုးအစားကို အခြေခံယူပြီးတော့ တည်ဆောက်ထားတာပဲဖြစ်တယ်၊ လောင်းကိုယ်လှေကြီးမှာ ရွက်တိုင်ကိုစိုက်ထူဖို့ ခွာတိုင်တစ်ခုကို စိုက်ထူထားပေမယ့် ဒီသင်္ဘောကြီးကတော့ သုံးခုဘောင်စိုက်ထားတယ်. ."

"တော်တော်ဆန်းတယ်နော် ဦး၊ ကျွန်တော် တက်ကြည့်ချင်တယ်. . ဖြစ်မလား. ."

"ဖြစ်ပါတယ်. . တဲ. . လာကြ"

ဦးတိုက်မောင်းက သူတို့ကို သင်္ဘောကြီးဆီသို့ ချဉ်းကပ်သွားစေခဲ့သည်။ အနားကိုရောက်မှ သင်္ဘောကြီးသည် ပို၍ကြီးမားခန့်ထည်လျက်ရှိနေကြောင်း သိလိုက်ရသည်။ သင်္ဘော



ကြီး၏အနားကိုရောက်သောအခါ ကြိုးလှေကားတစ်ခုသည် အလိုလိုပင် ပြုတ်ကျလာခဲ့သည်ကို တွေ့လိုက်ကြရသည်။ ကျော်စွာနှင့် မြတ်လေးသည် နောက်ကိုခြေတစ်လှမ်းမျှပင် ဆုတ်သွားမိလိုက်ကြသည်။

သင်္ဘောပေါ်မှာ လူတစ်ယောက်ကရှိနေ၍ ကြိုးကိုပစ်ချလိုက်လေသလား. . ဦးတိုက်မောင်းက သင်္ဘောပေါ်ကို ဦးဆောင်ပြီးတော့ တက်သွားခဲ့လေသည်။ ကျော်စွာနှင့် မြတ်လေးတို့သည်လည်း ဂရုတစိုက်နှင့် လိုက်ပြီးတက်သွားခဲ့ကြသည်။

ကျော်စွာသည် ကျောက်ပလ္လင်ဂူကြီးထဲမှာ အသက်ကို သေကာတိုက်ခိုက်ခဲ့ရ၍ ကိုယ်စိတ်ပင်ပန်းခဲ့သော်လည်း ယခုတော့ ဆန်းဆန်းလျက်ရှိသည်။ သို့သော်. . သင်္ဘောကြီးပေါ်ကို ရောက်လာခဲ့သည့်တိုင် ထူးခြားသော ရနံ့တစ်မျိုးကို ရနေဆဲပင်ဖြစ်သည်။ တစ်ကယ်တော့. . ဤသင်္ဘောကြီးကို ကျွန်းသားများဖြင့်ပြုလုပ်ထားခြင်းပင်ဖြစ်သည်။ ရေနံလည်း ဝနေ၍ ညည်းပြောင်ပြီးနေလေသည်။

"ဒီသင်္ဘောကြီးက ဒီနေရာကို ဘယ်လိုရောက်နေတာလဲ ဦး. ."

"မင်း. . သိချင်ရင် နောက်တော့မှ ငါပြောပြမယ်. ."

ဦးတိုက်မောင်း၏သဘောကတော့ သင်္ဘောကြီးပေါ်မှာ

www.burmeseclassic.com

www.burmeseclassic.com



လိုက်ပြီးလေ့လာစေချင်သေးပုံရသည်။

"အဖေက . . ဒီသဘော်ကြီးပေါ်ကိုခေါ်လာတာ အကြောင်းရှိလိမ့်မယ်၊ အဖေ့ကို နင်လည်းနားမလည်ဘူ မဟုတ်လား၊ အေး . . ဘယ်သူမှ သဘောမပေါက်ဖြ နားမလည်ကြဘား၊ အဲ့ဒီလူတွေအထဲမှာ . . သူ့သမီးဖြစ်ရ ငါလည်းပါတယ် . ."

"ဩော် . . နင်တောင်မှ နင့်အဖေကို နားမလည်နိုင် တဲ့သူကိုး . ."

"ဟုတ်တယ်၊ အဖေက သိပ်ပြီးတော့ လျှို့ဝှက်တာ ငါ . . ဘာပဲသိချင်ချင်၊ မေးမေး သူ . . ဘယ်တော့မှ မဖြေ ဒါပေမယ့် အချိန်တန်ရင်တော့ . . သူပြောချင်တာကို ပြော မယ် . ."

ဦးတိုက်မောင်းသည် သဘော်ဦးပိုင်းကိုရောက်သွားခဲ့ ပျောက်သွားသည်။ ကျော်စွာနှင့်မြတ်လေးတို့က ဦးတိုက်မော ပျောက်သွား၍ လိုက်ရှာကြရင်း ဦးပိုင်းဆီကို ရောက်လာခဲ့ လေသည်။

သဘော်ကြီးသည် အလျားပေငါးဆယ်ခန့်ရှိမည် ရောမထူးထူးခြားခြား ဆယ့်ငါးတောင်ခန့်ရှိလိမ့်မည်။ ဝမ်းဝ ကိုးတောင်တစ်မိုက်ခန့်ရှိလိမ့်မည်။ စောက်ကလည်း ခြော တောင်ခန့်ရှိသည်။ အချိုးအစားက မမှန်။ [သို့သော် . . ကျော်





ကျက်လုံးထဲမှာတော့ . . သဘော်ကြီးသည် တစ်ခါတစ်ရံမှာလို သည်ထက်ပိုပြီးတော့ ကြီးမားလာသည်ဟု ထင်မိသည်။]

"မြတ်လေး . . ငါ . . ဒီသဘော်ကြီးကို ကြည့်ရတာ စိတ်ထဲမှာ တစ်မျိုးကြီးပဲဟာ၊ ဘယ်အရာပဲဖြစ်ဖြစ်၊ ပိုလာသလို အနေတော်ပြုပြီးဖြစ်သွားသလိုပဲ . ."

"အေး . . ငါလည်း နင့်လိုပဲ . . ခံစားနေရတယ် ကျော်စွာ၊ ဒီနေရာ သိပ်ပြီးတိတ်ဆိတ်နေလို့ ငါတို့ရဲ့ စိတ်အာရုံ ထဲမှာပြောင်းလဲမှုတွေ မကြာခဏဖြစ်နေသလား မပြောတတ်ဘူး၊ ငါတို့ ဒီအတိုင်းရပ်နေတာတောင် သဘော်ကြီးက အသက်ဝင် နေသလိုပဲနော် . ."

သဘော်ကြီး၏ပဲ့သည် ပဲ့တုံးကြီးဖြစ်သည်။ ပဲ့များ၊ ရစ်လိပ်များနှင့် ပဲ့ချွန်းတွင် ကြေးဝါများကိုအလှကွပ်ထားသည်။ နောင်တွင်သိရသည်မှာ ကြေးဝါများမဟုတ်ပဲ ရွှေပြားများကို အချပ်လိုက်ကွပ်ထားခြင်းပင်တည်း]

သဘော်ကြီးပေါ်တွင် ကြီးမားသည့် ပေါင်းမိုးကြီးတစ်ခု တိုလည်းပဲ . . တွေ့လိုက်ရသည်။ [ပေါင်းမိုးကြီးဟုဆိုသော်လည်း ခင်စစ် . . အိမ်တစ်ဆောင်ကို ဆောက်ထားသည်နှင့် တူလှ သည်။ ကနုတ်ပန်းများ၊ ခြူးပန်းများကို ဆင်ယင်ထားသည်။ ပေါင်းမိုး၏ အထက်မှာတော့ တက်မစင်ကြီးတစ်ခုကို အသေ ချာလုပ်ထားသည်။ တက်မကိုင်ဖြစ်သူသည် သဘော်ကြီး၏



www.burmeseclassic.com

www.burmeseclassic.com



ဦးပိုင်းတစ်ခွင်တစ်ပြင်လုံးနှင့် ရှေ့တည့်တည့် . . ခပ်ဝေးဝေးရှိ စည်းတိမ်၊ စည်းကျမျှား၊ ဗွက်၊ မှော်င် . . စသည်များကို ကောင်းစွာမြင်နိုင်သည်၊

သဘော်ကြီး၏ထူးခြားမှုမှာ ပဲ့တုံးဖြစ်သည်။ ပဲ့တုံးတွင် ကနုတ်ပန်းများ၊ ခြူးပန်းများ၊ ထူးဆန်းသော အဆင်းရှိသည့် ငှက်ရုပ်များကို ထုထွင်းတပ်ဆင်ထားတတ်သော ပဲ့တုံးပင် ဖြစ်သည်။

ပဲ့တုံးတွင် ဇော်ဂျီရုပ်တစ်ရုပ်ကို သစ်မွှေးသားဖြင့် အသေအချာထွင်းထုကာ တပ်ဆင်ထားသည်ကိုလည်း ထူးခြားစွာပင် တွေ့လိုက်ရသည်။ ဇော်ဂျီရုပ်သည် တောင်ဝှေးကို ထမ်းထားသည်။ မိုးပေါ်သို့ထပြီးပျံတော့မည့်ဟန်ဖြစ်သည်။

ဇော်ဂျီရုပ်ကိုရွှေချထားသည်။ ရွှေသားပေါ်တွင် စိန်မှုံ လေးများကြဲပက်ထားသလို အရောင်တလက်လက်ထွက်နေ သည်။ ပဲ့တုံးတွင် ရေးထိုးထားသော စာကြောင်းလေးတစ်ခုကို တွေ့လိုက်ရသည်။

"ဖေဇော်ဂျီ"

"သဘော်ကြီးရဲ့အမည်က ဖေဇော်ဂျီဆိုပါလား . . နာမည်ကလည်း အဆန်းပဲ . ."

ကျော်စွာက တိုးတိုးလေးပြောလိုက်သည်။ မြတ်လေး သည် မျက်မှောင်ကြုံ့သွားခဲ့သည်။ အကြောင်းတစ်ခုကြောင့်ပင်





ကျော်စွာ့ကို စကားမပြောရန် အရိပ်အမြွက်ပြလိုက်သည်။ ထို့ကြောင့် နှစ်ယောက်စလုံး နားစွင့်နေလိုက်ကြသည်။

စကားပြောသံတစ်ချို့ကို ကြားလိုက်ကြရသည်။ သို့သော် မသဲကွဲပါ၊ လူတစ်စုဝိုင်းပြီး ပြောနေကြသည်။ ဗလုံး ဗထွေးနှင့် အသံတွေက ရောနှောနေကြသည်။ သေချာစွာ နားထောင်ကြသော်လည်း ဘာတွေပြောနေကြမှန်း မသိ။ စကားသံများကို ဖမ်း၍မရ၊ တစ်ခဏအကြာတွင် တိတ်သွားခဲ့ ကြလေသည်။

အိမ်နှင့်တူသော ပေါင်းမိုးကြီးထဲက စကားသံများကို သူတို့ အသေအချာပင်ကြားလိုက်ကြရသည်။

"ဒီအထဲမှာ လူတွေရှိနေကြတယ်၊ စကားပြောသံတွေ ကြားရတယ် ကျော်စွာ . ."

"အေး . . ငါလည်း ကြားတယ်၊ တံခါးတွေလည်း ပိတ် ထားတော့ . . ကြည့်လို့လည်း ရမှာမဟုတ်ဘူး မြတ်လေး"

"အဖေလည်း ဘယ်ရောက်နေသလဲ မသိဘူး၊ ဒီအထဲ ကိုများရောက်နေသလား . ."

မကြာမီ . . နားထဲမှာ စကားပြောသံတွေက ပျောက် ကွယ်သွားခဲ့သည်။ ပေါင်းမိုးအိမ်ကြီးထဲမှ ခြေသံတရှပ်ရှပ်ဖြင့် ထွက်ပေါ်လာခဲ့သည်။ တံခါးတစ်ချပ်သည် ညင်သာစွာဖြင့် ပွင့်လာခဲ့လေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဦးတိုက်မောင်း အပြင်ကိုထွက်လာခဲ့သည်။ နှစ်ယောက်စလုံးပင်အံ့အားသင့်သွားခဲ့ကြလေသည်။ ဦးတိုက်မောင်းအထဲကိုဝင်နေမှန်း ယခုမှပင် သိကြရတော့သည်။

"သမီးတို့က ဒီမှာ. . ဘာလုပ်နေကြတာလဲ. ."

"သဘော်ကြီးပေါ်မှာ လိုက်ကြည့်နေတာ၊ အဖေ. . ဒီအထဲကိုဝင်နေမှန်းမသိဘူး၊ စကားပြောသံတွေကြားလိုက်ရတယ်၊ ဘယ်သူတွေနဲ့ ပြောနေတာလဲ. . ဟင်. ."

"သမီးတို့ နားကြားလွဲနေကြတာ ဖြစ်မှာပါ၊ ဒီအထဲမှာ ဘယ်သူမှ မရှိကြပါဘူး. . အဖေတစ်ယောက်တည်း ဝင်ကြည့်တာပါ. ."

ထို့နောက် ဦးတိုက်မောင်းသည် သဘော်ကြီး၏ ဦးပိုင်းဆီကို မသိမသာလှမ်းကြည့်လိုက်သည်။ တခဏအကြာတွင် လေက တဝူးဝူးဖြင့် တိုက်ခတ်လာခဲ့သည်။ လေတိုက်သံတွေထဲမှာ. . စကားပြောသံတွေလိုလို. . ဗလုံးဗထွေးအသံများက ရောနှောပြီးပါလာခဲ့ကြသည်။

"လေတိုက်သံပါကွယ်. . ကျောက်စောင်၊ ကျောက်ချွန်တွေကိုဖြတ်ပြီးတိုက်လာခဲ့ရလို့. . စကားပြောသံတွေလို့ ထွက်ပေါ်နေကြတာပေါ့ကွယ်. ."

ဦးတိုက်မောင်းက ပြုံးပြီးတော့ ပြောလိုက်သည်။ လေက စောစောက မတိုက်ပါ။ ယခုမှ တိုက်ခတ်လာခြင်းပင်ဖြစ်သည်။





ဦးတိုက်မောင်းသည် သဘော်ကြီး၏ ဦးပိုင်းကို ကြည့်လိုက်သည်နှင့် မကြာခင်မှာ လေက တိုက်ခတ်လာသည်၊ တိုက်ဆိုင်များပေလား]

"ကဲပါလေ. . မင်းတို့ ဒီသဘော်ကြီးနဲ့ပတ်သက်ပြီးတော့ ချင်နေကြတယ် မဟုတ်လား၊ လာ. . အောက်ကို ပြန်ဆင်းမယ်. . ပြောပြမှာပေါ့ကွယ်. ."

ကျော်စွာသည် သဘော်ကြီးပေါ်မှာ ဆက်ပြီးနေလိုသော်လည်း အောက်ကိုပြန်ပြီးဆင်းရန်ပြင်ရသည်။ သူ့စိတ်ထဲမှာ သဘော်ဦးပိုင်းမှ ဇော်ဂျီရုပ်တုကြီးကို သေချာစွာကြည့်လိုစိတ် ဖြစ်ပေါ်လာမိလေသည်။

ထို့ကြောင့် ဦးပိုင်းဆီကို သွက်လက်သောခြေလှမ်းများနှင့်. . လျှောက်သွားမိသည်။ ခေါင်းကိုစောင်းငဲ့ပြီး ဇော်ဂျီရုပ်တုကြီးကို သေချာစွာပင်ကြည့်မိလိုက်သည်။ လက်ရာကောင်း၍ အချိုးအစားကျနလှသော ဇော်ဂျီရုပ်တုသည် သက်ရှိထင်ရှားဇော်ဂျီတစ်ဦးရပ်နေသကဲ့သို့ ထင်ရသည်။

ရုပ်တုနှင့်အတူ တစ်ကယ့်ဇော်ဂျီအတိုင်းပင်၊ သူ. . ကြည့်နေစဉ်မှာပင်. . ဖေဇော်ဂျီ၏ကိုယ်လုံးသည် မသိမသာလှုပ်ရှားသွားသည်ဟု ထင်လိုက်ရသည်။ မျက်တောင်များသည်လည်း. . လှုပ်ခတ်သွားလေသလားဟု၊ [စိတ်ဝင်စားလွန်း၍ စိတ်အထင်နှင့် ထင်ယောင်ထင်မှားဖြစ်ခဲ့ခြင်းပေလား. .]



www.burmeseclassic.com

www.burmeseclassic.com



ရွှေချထားသော ဇော်ဂျီရုပ်တု၏ ကိုယ်ထည်ကို မ
မသာကိုင်ကြည့်မိလိုက်သည်။ ဆတ်ကနဲဆို လက်ကိုပြန်
ရုတ်မိလိုက်လေသည်။ သစ်သားသည် မာတောင့်မနေပဲ..
ပကတိ နူးညံ့နေသည်။ အသွေး၊ အသား၊ အကြော၊ အဆစ်မျ
ဖြင့် ဖွဲ့စည်းထားသော လူတစ်ဦးနှင့် ထိတွေ့လိုက်ရသလိုပင်..
သို့သော် လူတစ်ဦး၏အသွေးအသားထက်ပင် ပိုပြီးတော
နူးညံ့နေသေးသည်။ အံ့အားသင့်စရာပင်..၊

ဦးတိုက်မောင်းနှင့် မြတ်လေးတို့သည် ကျော်စွာ
ရပ်ပြီးစောင့်နေကြသည်။ ကျော်စွာပြုမူသမျှ ခွင့်ပြုထားသေ
ဖခင်ဦးတိုက်မောင်းကို မြတ်လေးက အံ့အားသင့်နေမိသ
ကျော်စွာသည် သဘော်ဦးပိုင်းဆီကို မည်သည့်အကြောင်းကြော
ရောက်သွားမှန်းပင် မသိလိုက်ပါ။ ဦးတိုက်မောင်းတို့သာ
အဖစောင့်နေမှန်း သိလိုက်ရ၍ ပြန်ပြီးလှည့်လာခဲ့သည်
သုံးယောက်ဆုံပြီးသောအခါ သဘော်ကြီးပေါ်မှ အောက်
ဆင်းလာခဲ့ကြလေသည်။

○ ○ ○

သူတို့သည် ကျောက်ပလ္လင်ဂူကြီးထဲမှာပဲရှိနေကြသည်
ကျောက်ဖျာနီကြီးဇာစ်ခုပေါ်မှာ ထိုင်လိုက်ကြကာ ယူလာသေ





အစားအစာများကို သုံးဦး၏ အလယ်မှာ ချထားလိုက်သည်။
အစားအစာများကို ကြိုတင်ပြီးယူလာခဲ့သည့် အတွက် ကျော်စွာ
အံ့အားသင့်သွားခဲ့သည်။

"ကဲ မင်းလည်း ဂူထဲမှာ အသက်လုပြီးတိုက်ခိုက်ခဲ့ရလို့
အတော်ဆာလောင်နေရောပေါ့ . . စားလိုက်ဦး"

မြတ်လေးက အစားအစာများကို ပြင်ပေးသည်။ ဗူး
ခြောက်ထဲမှာ သောက်ရေများကိုလည်း အပြည့်ထည့်လာခဲ့
သည်။ ကျော်စွာမှာ ဆာဆာနှင့် အစားအစာများကို ခေါင်းမဖော်
တမ်းပင် စားနေသည်။ သူတို့သားအဖနှစ်ယောက်ကတော့
အနည်းငယ်စီသာ စားသောက်ကြသည်။

"ဦးတိုက်မောင်းသည် ကျော်စွာ ကျောက်ပလ္လင်ဂူကြီး
ထဲမှာ မိမိတတ်မြောက်ခဲ့သော သိုင်းပညာအဆင့်ဖြင့် အန္တရာယ်
တောမှ လွတ်မြောက်ခဲ့သည့် အကြောင်းကို မမေးခဲ့၊ မည်သို့
လွတ်မြောက်လာခဲ့သည် ဆိုသည်ကိုပင် စကားစ, ပြီးမမေးခဲ့ပါ။"

"သားရော . . သမီးပါ သေသေချာချာနားထောင်ကြ
ပါ။ မင်းတို့ဟာ ဒီရွာမှာ တစ်ယောက်အပေါ် တစ်ယောက် ညှာ
တာထောက်ထားကြမယ့် သူငယ်ချင်းတွေ ဖြစ်နေကြပြီ။ အဲ့ဒီ
တော့ နောက်ကိုလည်း ဒီလိုပဲ ခင်ခင်မင်မင်ရင်းရင်းနှီးနှီးနဲ့ ဆက်
ဆံသွားကြရလိမ့်မယ်"

"အထူးသဖြင့် ကျော်စွာ မင်းဟာ . . . ကိုယ့်ကိုယ်ကို



www.burmeseclassic.com

www.burmeseclassic.com



**ယောက်ျားလေး**တစ်ယောက်ဆိုတာ မမေ့ထားနဲ့၊ ယောက်ျားဆို **တာ သတ္တိ**ကောင်းရတယ်။ ရဲရင့်ရတယ်။ သစ္စာကိုဦးထိပ်ထား **တယ်။** ကိုယ့်အပေါ်မှာ မကောင်းကြံလာတဲ့ သူတွေကို **တရား**တဲ့နည်းနဲ့ တိုက်ခိုက်ပစ်နိုင်ရမယ်"

"ငါ မင်းကို ပြောက်ပေးတာတော့မဟုတ်ဘူး။ ဒါပေမယ့် ငါ, မင်းကို သင်ပေးခဲ့တဲ့ သိုင်းပညာဟာ သူတစ်ပါးကို အနိုင်ကျင့် ဖို့မဟုတ်ဘူး။ ရပ်ရွာအကျိုးအတွက်ဖြစ်တယ်။ ကိုယ့်အသက်ကို ကာကွယ်ဖို့ပဲဖြစ်တယ်။ အေး ဒီပညာနဲ့ သူတစ်ပါးကို မတရား မလုပ်ဖို့ပဲပြောချင်တယ်။ ဒါဟာ သိုင်းသမားတစ်ယောက်ရဲ့ ခံယူ ချက်ပဲ။ အေး . . အခု . . ငါ့အကြောင်းကို ဆက်ပြီးပြော မယ် . ."

"ငါဟာ ဇနီးသေဆုံးသွားခဲ့ပြီးတဲ့ နောက်မှာ သမီး မြတ်လေးကိုလည်း ခေါ်ပြီး ရွှေကျော်ကြီးရွာကနေ့ ထွက်သွားခဲ့ တယ်။ သမီးကလည်း လူလားမမြောက်သေး၊ ခပ်ငယ်ငယ်ပဲဆို တော့ နေရာတကာခေါ်သွားလို့မဖြစ်ဘူးလေ . ."

"အဲ . . သည်တော့ သမီးကို ငါ့ရဲ့ မိဘတွေနေထိုင် ကြတဲ့ ပင်ချောင်းရွာမှာ အပ်နှံခဲ့ပြီး စိတ်လေလေနဲ့ စီးပွားရှာဖို့ ထွက်လာခဲ့တာပေါ့"

" ငါဟာ ရေကြောင်းခရီးကို ခဏခဏသွားလာနေတဲ့ သူဖြစ်တယ်။ အသက်လူလတ်ပိုင်းလောက်မှာ ကျွမ်းကျင်တဲ့



လှေသူကြီးတစ်ယောက်ဖြစ်လာခဲ့တယ်"

"အဏ္ဏဝါဆိုတာ သိပ်ပြီးတော့ ကျယ်ပြန့်တယ်၊ ကုန်း မြေထက်ပိုပြီးတော့ ကြီးတယ်။ ကုန်းမြေဟာ ရေပြင်ရဲ့ ဆယ်ပုံ သုံးပုံပဲရှိတယ်။ ပရိယာယ်မာယာများလှတဲ့ ပင်လယ်အဏ္ဏဝါ ကြီးဟာ တစ်ခါတစ်လေမှာ ရန်ပေါင်းစုံနဲ့ ခက်ထန်ကြမ်းတမ်း လာပြီး . . လှေသင်္ဘောတွေကို ရန်ရှာတတ်တယ်။ အန္တရာယ် ပြုတတ်တယ်။ ဒုက္ခပေးတတ်တယ်။ ပေါရိသအဏ္ဏဝါကြီးအဖြင့် ပြောင်းလည်းသွားတတ်ပြီး လူတွေရဲ့ အသက်ကိုလည်း ဝါးမြိုစား သောက်ပစ်တတ်ကြတယ်"

" အေး . . ငါဟာ တစ်ရက်မှာ သင်္ဘောကြီးတစ်စင်းကို ဦးစီးရတဲ့ လှေသူကြီးတစ်ယောက်အနေနဲ့ လိုက်ပါသွားခဲ့ရတယ်။ သင်္ဘောပေါ်မှာ သင်္ဘောသားတွေကုန်သည်တစ်ချို့နဲ့ ကုန် စည်းတွေလည်း ပါလာခဲ့ကြတာပေါ့"

"ကျော်စွာနှင့် မြတ်လေးတို့သည် ထူးဆန်းသော အဖြစ် အပျက်များကို ကြားကြရတော့မည်ဟုထင်၍ ကြားဖြတ်ပြီးမမေး ကြပေ . ."

" အေး . . သင်္ဘောကြီးထွက်သွားခဲ့ပြီးလို့ သုံးရက် မြောက်တဲ့နေ့မှာ ပင်လယ်ထဲ မုန်တိုင်းကျတယ်။ အဲ့ဒီအချိန်မှာ သိပ်ပြီးကြီးမားတဲ့ ညံသတ္တဝါကြီးတစ်ကောင်ကလည်း ရုတ် တရက်ပေါ်လာခဲ့ပြီး သင်္ဘောကို အကြောင်းမဲ့ တိုက်ခိုက်ပါလေ

www.burmeseclassic.com

www.burmeseclassic.com



ရော . . .”

ဦးတိုက်မောင်းသည် မုန်တိုင်းနှင့် အတူပါလာခဲ့သော ညံသတ္တဝါကြီး၏ ရန်ရှာအန္တရာယ်ပေးပုံများကို ဆက်လက်ပြော ပြောပြခဲ့သည်။

○ ○ ○



## (၈)

# သဘော်ဦးကဇော်ဂျီ

[ဦးတိုက်မောင်းသည် ပင်လယ်ထဲသဘော်ပျက်ပြီး ညံသတ္တဝါကြီးနှင့် တိုက်ခိုက်ခဲ့သည်။ ထိုစဉ်က သဘော်သူကြီး (လှသူကြီး)သည် တစ်ခြားသူမဟုတ်၊ ဦးတိုက်မောင်းပင်ဖြစ်ပါသည်။ ယင်းအကြောင်းကို ရှေ့ပိုင်းမှာ ဖော်ပြခဲ့ပြီးဖြစ်ပါသည်။ ယခုဆက်လက်၍ ဖော်ပြမည့်ဇာတ်လမ်းမှာ သဘော်ပျက်ပြီးနောက် . . ဦးတိုက်မောင်း ကြုံတွေ့ခဲ့ရသည့် ဆန်းကြယ်မှုဖြစ်အပျက်များပင်ဖြစ်ပါကြောင်း. . ]

○ ○ ○



www.burmeseclassic.com

www.burmeseclassic.com



မုန်တိုင်းသည် အားပျော့မသွားပဲ ပြင်းထန်စွာ
တိုက်ခတ်လျက်ရှိသည်။ လှေသမားများဝိုင်းဝန်းတိုက်ခိုက်လို
ကြသည့် ညံသတ္တဝါကြီးသည် ပင်လယ်ရေအောက်ကို ဖြန်
တော့ ငုပ်လျှိုးသွားခဲ့သည်။ ကိုယ်ပေါ်မှာလည်း ဒဏ်ရာဒ
ချက်တွေက ဗရပွနှင့်. . မျက်လုံးအစုံကလည်း ကန်းသွာ
သည်။ အသက်ရှင်နိုင်ရန်လမ်းမမြင်၊ သဘော်ကြီးသည်လည်
ညံသတ္တဝါကြီး၏ တိုက်ခိုက်မှုကြောင့် ပျက်စီးသွားခဲ့ရလေပြ
သဘော်ပေါ်မှ လူများအားလုံး ရေထဲကိုရောက်သွ
ကြကုန်သည်။ လှိုင်းလုံးကြီးတွေကြားထဲမှာ တွယ်မိတွယ်
စဉ် ^^်းများ၊ ပျဉ်ချပ်များ၊ သစ်သားချောင်းများကို တွယ်ကြ
. . .မျှ. .ဘား. . လှိုင်းများ၏နောက်ခေါ်ဆောင်ရာ
ပါသွားခဲ့ကြလေပြီ။

ကိုတိုက်မောင်းသည်လည်း သဘော်ပျက်မှ သစ်သ
ပိုင်းကြီးတစ်ခုကို ဖက်တွယ်ထားရသည်။ ကမ်းမမြင်၊ လမ်းမ
ဖြစ်နေသည်။ ကောင်းကင်ကြီးတစ်ခုလုံး မည်းမှောင်လျ
သည်။ လေရော မိုးပါကျနေသည်။ အိမ်လောက်ကြီးမားသေ
လှိုင်းလုံးကြီးတွေ အဝေးမှ တစ်လုံးပြီးတစ်လုံး ပြေးဝင်လာ
ကြကာ ကိုတိုက်မောင်းကို အောက်မှ တစ်ချက်တည်း ပင့်တ
ပြီးရိုက်ထည့်လိုက်သည်။ လှိုင်းနှင့်အတူ မြောက်ကနဲပါသွာ
လေ၏။ လှိုင်းလုံးကြီး၏ ထိပ်ဖျားထက်သို့ ပါသွားခဲ့ခြင်းကြော





အသည်းထဲမှာ အေးကနဲဖြစ်သွားခဲ့ရသည်။ လှိုင်းထိပ်ပေါ်မှ
နေ၍ အောက်ကိုဆီးပြီးတော့ မြင်လိုက်ရသည်။ ရေပြင်ပေါ်မှာ
မသေမပျောက်ကြသေးပဲ လူတစ်ချို့က အသက်ကို လုနေကြ
ဆဲ. . ရုန်းကန်နေကြဆဲ. .

သို့ရှိနေစဉ်. .

မည်သို့မှ မထင်မှတ်ခဲ့သော နောက်ထပ်အန္တရာယ်
တစ်ခုက ပေါ်လာခဲ့လေတော့သည်။ လှိုင်းကြမ်းကြမ်းကြီးတွေ
ထဲမှာ. . အသားစားငါးအုပ်ကြီးတစ်အုပ်က ပေါ်လာခဲ့ကြခြင်း
ကြောင့်ပင်တည်း။ ထိုငါးကြီးများသည် ပင်လယ်ထဲမှာ ဒုက္ခ
ရောက်နေကြသူများကို မညှာမတာ ဝိုင်းဝန်းကိုက်ခဲကာ
စားသောက်ကြလေတော့သည်။

"အား. ."

ငါးကြီးများကို တိုက်ခိုက်ကြရန် မည်သို့မှ မတတ်နိုင်
ကြတော့ပါ။ ပေါရိသငါးများ၏ ချွန်ထက်သော သွားများ၊
အစွယ်များကြားမှာ ကားကနဲပါသွားခဲ့ကြရပြီး အသက်ဆုံးရှုံး
ကြရလေတော့သည်။ ကိုတိုက်မောင်းသည် လှိုင်းလုံးကြီးများ၏
တစ်ဆင့်ပြီး တစ်ဆင့်သယ်ဆောင်သွားခြင်းကို ခံလိုက်ရသဖြင့်
ပေါရိသငါးကြီးများ၏ အစားခံရမည့်ဘေးမှ လွတ်မြောက်သွား
ခဲ့ရလေသည်။ ရင်ထဲမှာတော့ သူ့လူများအတွက် လွန်မင်းစွာပင်
စိတ်မကောင်းဖြစ်နေမိသည်။

www.burmeseclassic.com



"သွားကုန်ကြပြီ၊ ကိုယ့်အသက်ကိုတောင် မကာကွယ်နိုင်ကြတော့ပါလား. ."

သို့သော်. .

မိမိရဲ့အသက်ကကော. . ခန္ဓာကိုယ်နှင့် မြဲမြဲနိုင်ဦးမည်ဟု. . ယုံကြည်ထားနိုင်ပါဦးမလား. . ကမ်းမမြင်လမ်းမမြင် ပင်လယ်ပြင်ကြီးထဲမှာ မျှော်လင့်ချက်မဲ့စွာ တွယ်ရာမဲ့စွာ မျောပါရင်းသေဆုံးသွားနိုင်သည် မဟုတ်ပါလား၊ ပေါ်ရှိသော ငါးများသည်လည်း သူ့ဆီကို အချိန်မရွေးရောက်လာနိုင်ကြသည်။ အသက်အန္တရာယ်က ထောင့်စုံနီးကပ်လျှက်ရှိနေလေပြီ လွတ်လမ်းမမြင်သော်လည်း. . အားမလျော့ပါ။ နောက်ဆုံးအချိန်အထိ အသက်ရှင်နေခဲ့ခြင်းသည်. . သူ့အတွက်ကံကောင်းနေဆဲပင်ဖြစ်သည်။

"ဂျိမ်း. . ဂျိမ်း. ."

ကောင်းကင်ထက်မှ ကျယ်လောင်သော အသံကြီးတစ်သံထွက်ပေါ်လာပြီး မီးတန်းကြီးတစ်ခုက ကျလာခဲ့သည်။ ပင်လယ်ပြင်ထဲက ငါးကြီးတစ်ကောင်ကို မိုးကြိုးပစ်ချလိုက်ခြင်းပင်၊ စက်ကွင်းမိသွားကြသော ငါးကြီးအချို့သည်လည်း အဆစ်ပါသွားခဲ့ကြသည်။ လျှပ်ပန်းလျှပ်နွယ်တွေကလည်း တဖျစ်ဖျစ်နှင့် ပြိုးပြက်လင်းလက်နေကြပြီး ကိုတိုက်မောင်းခြိမ်းခြောက်နေကြလေသည်။ သစ်သားပိုင်းကြီးကို ဖက်တွယ်





ထားရသည်မှာ ကြာပြီဖြစ်၍ လက်အံလည်း သေလုနီးပါးဖြစ်နေလေပြီ။ လက်တွေကို မလွှတ်မိလိုက်စေရန် သတိထားနေရသည်။

လှိုင်းလုံးကြီးတွေက တစ်လုံးပြီးတစ်လုံး ဖုံးလွှမ်းခံလိုက်ရတိုင်း. . သူ့အသက်ရှူမှားသွားခဲ့ရသည်။ တစ်ခဏအကြာတွင်. . မိုးရော၊ လေပါ. . ငြိမ်သက်စပြုလာခဲ့သည်။ ထိုအခါ လှိုင်းလုံးကြီးတွေလည်း တဖြည်းဖြည်းနှင့် သေးငယ်လာခဲ့ကြသည်။

ကိုတောကျော်သည် သစ်သားချောင်းပိုင်းကြီးပေါ်မှာ ရစ်ပတ်နေသော ကြိုးကိုသတိထားမိသွားခဲ့ရသည်။ ထိုကြိုးကို ဖြုတ်ပြီး သစ်သားချောင်းကြီးနှင့် ကိုယ်ကိုတွဲချည်ကာ မြဲမြဲအောင်ပြုလုပ်ထားလိုက်သည်။ ထို့နောက်. . သစ်သားချောင်းကြီးကို ဖက်တွယ်ရင်း ခေါင်းတင်ကာ လိုက်ပါသွားခဲ့သည်။

ထိုစဉ်. .

ရေထဲမှာ မျောပါလာသော ရှည်မျောမျောအရာကြီးတစ်ခုကို သူမမျှော်လင့်ပဲ မြင်လိုက်ရလေ၏။ ကိုတိုက်မောင်းမျက်လုံးပြူးသွားခဲ့ရသည်။ ယင်းသတ္တဝါကြီးကား အခြားမဟုတ်၊ သေဆုံးသွားခဲ့ပြီဖြစ်သော ညံသတ္တဝါကြီးပင်တည်း။

ညံသတ္တဝါအသေကောင်ကြီးသည် သူ့ဆီကို အရှည်လိုက်မျောပါလာခြင်းမဟုတ်၊ ကန့်လန့်ဖြတ်မျောကာ ပါလာခြင်း



www.burmeseclassic.com

www.burmeseclassic.com



ပင်ဖြစ်ပေသည်။ လွန်စွာမှ ကြီးမားလှသောကြောင့် သူကိုဝင် တိုက်တော့မှာ ကျိန်းသေသည်။ သို့သော်. . သူ၏ကိုယ်တို သစ်သားတန်းကြီးနှင့် ချည်နှောင်ထားခဲ့သည်ဖြစ်၍ လွတ်ကျွတ် စွာရှောင်တိမ်း၍ မရနိုင်မှန်းသိလိုက်သည်။ ထို့ကြောင့်. . မျော လာသော ညံသတ္တဝါအသေကောင်ကြီးကို အထိတ်တလန့်ဖြင့် ကြည့်နေဆဲမှာပင်. . ကိုယ်လုံးကြီးက ဝင်တိုက်ချသွားလေတော့ သည်။

"အား. ."

ကိုတိုက်မောင်းသည် အထိတ်တလန့်ဖြင့် အော် လိုက်သည်။ နာကျင်သော ဝေဒနာကို ခံစားလိုက်ရပြီးနောက်. . မိမိ၏အသိ၊ အာရုံကို အမှောင်ထုကြီးက လုံးဝဖုံးအုပ်သွား ခဲ့လေသတည်း။

○ ○ ○

ကိုတိုက်မောင်းရုတ်တရက် သတိရလာခဲ့သည်။ မိမိ ကိုယ်မိမိ၊ ဘာဖြစ်လို့ ဖြစ်မှန်းမသိခဲ့၊ ရင်ထဲမှာ ထိတ်လန့်နေမှု အလိုလိုပင်ခံစားနေရသည်။ မျက်လုံးတွေကို အားယူပြီးဖော် ဖွင့်ကြည့်မိလိုက်သည်။ ဘာမှမမြင်ရ၊ အမှောင်ထုကြီးက လွှမ်းခြုံနေသည်။ မျက်လုံးတွေ ပွင့်လျက်နဲ့ မမြင်နိုင်သည်က ဘာကြောင့်လဲ. . စဉ်းစား၍ မရ။



အလန့်တကြားနှင့် နေရာမှ ထ,ထိုင်မိလိုက်သည်။ ချက်ချင်းပင် နောက်ကြောင်းတွေကိုပြန်ပြီး စဉ်းစားမိလာသည်။ သတိရလာသည်။ အမှတ်ရသွားခဲ့ရသည်။ အဏ္ဏဝါပြင်ကျယ်ကြီး ထဲမှာ မုန်တိုင်းမိ၊ ညံသတ္တဝါကြီးနှင့် တွေ့ကာ တိုက်ခိုက်ခြင်း ခံခဲ့ရပြီး သင်္ဘောပျက်ခဲ့သည်ပဲ။ မိမိနှင့်အတူပါလာခဲ့ကြသူတွေ သည်း ညံသတ္တဝါကြီး၏ တိုက်ခိုက်စားသောက်မှုကို ခံရခြင်း၊ သင်္ဘောကြီးကို ဖျက်ဆီးခံရခြင်းတို့ကြောင့် ဝဲသြဃအဏ္ဏဝါ ပြင်ကျယ်ကြီးထဲမှာ သေဆုံးခဲ့ကြလေပြီ။

ယခု မိမိရောက်နေသောနေရာသည် ရေပြင်ကြီး မဟုတ်တော့၊ ကုန်းမြေဖြစ်နေသည်ကို ထိတွေ့ခံစားနေရသည်။ အဏ္ဏဝါပြင်ကျယ်ကြီးထဲမှာ သေကံမရောက် သက်မပျောက်ခဲ့ပဲ အသက်ဘေးအန္တရာယ်မှ လွတ်မြောက်ခဲ့လေပြီ။ သို့သော်. . မိမိ၏မျက်လုံးတွေ မမြင်ရသည်က မည်သည့်အကြောင်း ကြောင့်နည်း၊ အိပ်မက်များ မက်နေ၍ ထမင်းလုံးတစ္ဆေ အခြောက်ခံနေရသလိုဖြစ်ကာ ကယောင်ကတမ်းဖြစ်နေတာ လား၊ စိတ်အာရုံကို အမှောင်ထုကြီးက ဖုံးလွှမ်းနေတာလား. .

သို့သော်. . မိမိ အိပ်မက်မက်နေခြင်း မဟုတ်မှန်း သိလာခဲ့ရသည်။ မျက်လုံးတွေပွင့်လျက်နှင့် မမြင်နိုင်တော့ခြင်း ပင်။ မိမိ၏အမြင်အာရုံသည် ချို့ယွင်းခဲ့လေပြီတည်း။ မျက်စိ ကွယ်ခဲ့လေပြီတည်း။

www.burmeseclassic.com

www.burmeseclassic.com



"ဟင်. . ငါ့မျက်လုံးတွေ မမြင်ရတော့ပါလား။ ငါကန်းပြီ၊ ငါ. . ငါ ကန်းပြီ. . "

ကိုတိုက်မောင်းသည် မိမိကိုယ်မိမိ ဆောက်တည်ရာမရဖြစ်အောင်ပင် ခံစားသွားခဲ့ရသည်။ မိမိသည် ပင်လယ်ထဲမှာ မျောပါသွားခဲ့စဉ်က မျက်လုံးတွေ မြင်နိုင်စွမ်းရှိခဲ့သေးသည်။ ကံကောင်းထောက်မ၍ ကုန်းပေါ်ကိုရောက်လာမှ မျက်လုံးတွေက မည်သည့်အကြောင်းကြောင့် ကွယ်သွားခဲ့ရပါသလဲ။ အသိဉာဏ်မဝေးသော ကိုတိုက်မောင်းသည် ချက်ချင်းလိုလိုပင် အဖြေပေါ်လာခဲ့သည်။

အဏ္ဏဝါပြင်ကျယ်ကြီးထဲမှာ သစ်သားပိုင်းကြီးကို ဖက်ပြီး မျောပါနေခဲ့စဉ်က ရေစီးထဲမှာမျောပါလာခဲ့သော ညံသတ္တဝါ အသေကောင်ကြီးသည် သူ့ကိုဝင်တိုက်သွားခဲ့သည်။ သတ္တဝါကြီး၏ကိုယ်ပေါ်မှ ဆူးများက သူ့မျက်နှာကို ထိခတ်သွားခဲ့သည်။ ထို့နောက်. . နာကျင်မှုကို ခံစားလိုက်ရပြီး သူလည်း သတိမေ့သွားခဲ့ရလေသည်။ ထိုဒဏ်ရာကြောင့် အဆိပ်သင့်ကာ မျက်လုံးတွေကွယ်သွားခဲ့ရခြင်းပင်တည်း။

ကိုတိုက်မောင်းသည် မိမိမျက်လုံးတွေကွယ်သွားခဲ့ရပြီဖြစ်သည့်အတွက် အားငယ်သွားခဲ့ရသည်။ မိမိသည်လည်း မည်သည့်နေရာကို ရောက်နေမှန်းမသိခဲ့၊ ဘေးကင်းရာ နေရာလား၊ အန္တရာယ်ပြွမ်းတည်းသည့်နေရာလား၊ ဘာမှမသိရ။





"ငါ့မျက်လုံးတွေကန်းပြီ၊ ဘာကိုမှ မမြင်ရတော့၊ ငါ. . ဘယ်ကိုသွားလို့၊ ဘယ်ကိုလာရမလဲ၊ လောလောဆယ်ဒုက္ခတော့. . ငါရေငတ်နေတယ်၊ အစာငတ်. . ရေငတ်နဲ့သေရမှာပဲ. . "

တစ်ကိုယ်တည်း တွယ်ရာမဲ့စွာဖြင့် ညည်းညူမိလိုက်သည်။ ထိုစဉ်. . အလင်းရောင်တစ်ခုက သူ့မျက်လုံးထဲကို ဝင်လာခဲ့သည်။ ကြည်လင်သော အလင်းမိတ်ကြီးတစ်ခုပင်ဖြစ်သည်။ ပုံရိပ်သဏ္ဍာန်များကို မမြင်ရသော်လည်း မျက်လုံးထဲမှာ အမှောင်တွေပျောက်ကွယ်သွားခဲ့ပြီး သိသာစွာ လင်းချင်းနေသည်ကတော့ ထင်ရှားသည်။ ထို့နောက်. . သူ့ဆီကို ဖွဖွနင်းလာသော ခြေသံကို ကြားနေရလေသည်။ သူသည် နားကိုစွင့်ထားလိုက်သည်။

"ဒုက္ခရောက်ပြီ၊ ဒီမှာ. . ရေမျောကမ်းတင်ဖြစ်နေတဲ့သူကို. . အင်း. . သေကံမရောက်သက်မပျောက်ဆိုသလိုပဲ၊ ကံကြီးပေလို့သာပဲ. . "

နားထဲမှာ ပီသကြည်မြသောအသံကို ကြားလိုက်ရသည်။ သြဇာတိက္ကမကြီးမားသော အသံပိုင်ရှင်တစ်ဦးပင်ဖြစ်သည်။ ကိုတိုက်မောင်း. . အားတက်သွားခဲ့ရသည်။ လူတစ်ယောက်၏အသံကို ကြားလိုက်ရသောကြောင့်ပင်။ မိမိကို ကူညီနိုင်မည့်သူဖြစ်နိုင်သည် မဟုတ်ပါလား။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်. . သဘော်ပျက်ပြီး ဒုက္ခရောက်လာတဲ့သူ ပါခင်ဗျာ၊ ပင်လယ်ထဲမှာ. . သင်္ဘောကလွတ်မြောက်ခဲ့ပေမယ့် ဒီနေရာကိုရောက်တော့ မျက်စိလုံးဝမမြင်ရတော့ပါဘူး၊ ဘယ် သွားလို့ ဘယ်လာရမှန်းလည်း မသိတော့ပါဘူး ခင်ဗျာ၊ ကူညီ နိုင်ရင် ကူညီပါ. ."

"အေး. . အေး၊ ဘာမှမပူနဲ့ လူကလေး၊ အဘ. . ကူညီပါ့မယ်၊ မင်း. . ဒီနေရာကို ရောက်လာခဲ့တာ. . သိပ်ပြီး ကံကောင်းတယ်၊ မင်းစောစောက ဘေးကင်းရာနေရာ. အစစ် အမှန်ပဲ၊ အန္တရာယ်တွေပြွမ်းတည်းတဲ့နေရာ မဟုတ်ဘူး၊ စိတ် အေးချမ်းသာစွာနဲ့သာနေပါ. ."

ကိုတိုက်မောင်း အံ့အားသင့်သွားခဲ့ရလေသည်။ သူ၏ စိတ်ကူးကို ဤလူကြီးက သိနေပါလား ဟူ၍ပင်။

"မင်း. . ငါ့နောက်က လိုက်ခဲ့၊ ရဲရဲသာလျှောက်. ."

မမြင်ရသောလူကြီးက ပြောပြီးရှေ့က ထွက်သွားခဲ့ သည်။ ကိုတိုက်မောင်းသည် ခြေသံကိုမှန်းဆပြီး နောက်မှ လိုက်သွားခဲ့လေသည်။ လမ်းမှာ ခလုတ်ကန်သင်းလည်း မတိုက် မိပါ။ ကျင်းတိမ်စသည့် အသေးအဖွဲ့နေရာများထဲသို့လည်း မကျခဲ့ပါ။ အေးဆေးစွာပင် လိုက်သွားနိုင်ခဲ့သည်။ မျက်လုံးထဲ မှာတော့ အလင်းရောင်ဖြူဖြူကြီးကို မြင်နေရဆဲ။

ထိုပုဂ္ဂိုလ်ကြီး၏ ကိုယ်မှထွက်သော အလင်းရောင်များ





ပေလားဟု ထင်မှတ်မိခဲ့လေသည်။

နောက်မှ လျှောက်၍လိုက်နေရပေမယ့်လည်း မောပန်း ခြင်းမရှိ၊ အခက်အခဲမရှိ၊ ပင်ပန်းနွမ်းနယ်ခြင်းလည်း မရှိခဲ့ပေ။ ကြာမီ. . တစ်နေရာသို့ရောက်သွားခဲ့သည်။ ခြေထောက်တွေ က. . မာညက်သောပြင်ကြီးတစ်ခုကို နင်းမိသွားသည်။ ဖဝါး၏ အတွေ့အထိသည် ကျောက်ဖျာကြီးတစ်ခုကို နင်းမိသလို ခံစားမိ သည်။ ထိုပုဂ္ဂိုလ်ကြီးက ရပ်ဟု၊ နားဟု မပြောမချင်း ဆက်ပြီး တော့. . လျှောက်နေရသည်။

"ကဲ. . ရောက်ပြီ၊ ရပ်တော့ ဒီနေရာမှာပဲ. . ထိုင်"

ကြည်လင်၍ ပီသပြီး ဩဇာတိက္ကမကြီးသော အသံက ထွက်လာခဲ့ပြန်သည်။ ထို့ကြောင့် နေရာမှာတင် ထိုင်ချလိုက် ရလေသည်။ မျက်လုံးထဲမှာ လာပြီးထင်ဟပ်နေသော အလင်း ရောင်များက ပျောက်ကွယ်သွားခဲ့လေသည်။ ထို့ကြောင့်. . မျက်ချင်းပင် အမှောင်ဖုံးသွားခဲ့လေ၏။

"မင်းရှေ့မှာ သောက်ရေအိုးနဲ့ ငှက်ပျောသီးရှိတယ်၊ ဆာလောင်မှုဖြစ်နေတဲ့ဝမ်းကို ဖြည့်ဆည်းပေးလိုက်. ."

အသံက ထွက်ပေါ်လာခဲ့ပြန်သည်။ တကယ်လည်း ဆာလောင်နေပြီဖြစ်၏။ သည်အထဲ မျက်စိမမြင်ရသော ဝေဒနာက တစ်ဖက်မှ ပိုပြီးတော့ အားငယ်မိသည်။

"ငါရောက်နေတဲ့နေရာဟာ ကျောက်ဂူကြီးတစ်လုံးနဲ့



www.burmeseclassic.com

www.burmeseclassic.com



တူတယ်၊ နေရထိုင်ရတာ ကောင်းတယ်၊ သက်တောင့်သက်သာ ရှိတယ်၊ ငါ့ကိုခေါ်လာတဲ့သူဟာ ဘယ်သူပါလိမ့်. . ”

စဉ်းစားရင်း လက်က မြေပန်းကန်ကို စမ်းမိသည် ငှက်ပျောသီးတစ်လုံးကို ထိတွေ့မိသည်။ ချက်ချင်းပင် အခွံ ပြီးစားလိုက်လေ၏။ ရေအိုးကိုလည်း စမ်းမိသည်။ ယွန်းခွက် တူသော သောက်ရေခွက်ဖြင့် ခပ်ကာ သောက်လိုက်သည်။

ငှက်ပျောသီးတစ်လုံး၊ ရေတစ်ခွက်တည်းနှင့် ဆာလောင်မွတ်သိပ်မှုများက တမဟုတ်ချင်း ပြေပျောက်သွား ရသည်။ ဝမ်းပြည့်သွားသလို ခံစားလိုက်ရပြီးနောက်ထပ် ထပ် စားလိုစိတ်မရှိတော့ပေ။ သူ့ကိုခေါ်လာခဲ့သော ပုဂ္ဂိုလ်ကြီးသ လည်း ဘယ်ရောက်သွားမှန်းမသိတော့၊ သူ. . ငြိမ်ပြီးတေ ထိုင်နေရသည်။ ဘာမှမမြင်ရတော့. . ပတ်ဝန်းကျင်အကြော မသိရပါ။

“ငါ. . ဒီမှာ ရှိနေတယ်၊ ဘယ်မှမသွားဘူး၊ ဘာ မပူနဲ့. . မင်းရဲ့မျက်လုံးတွေကို ငါ. . အကဲခတ်နေတယ်၊ ငါ. . အကူအညီပေးမယ်၊ ဒါပေမယ့်. . မင်း. . ငါခိုင်းတာ လုပ်ရမယ်. . ”

ထိုပုဂ္ဂိုလ်ကြီး၏အသံကို အနီးကပ်ကြားလိုက်ရ သူ၏ကိုယ်သည် ဆတ်ကနဲဆိုဖြစ်သွားခဲ့ရလေသည်။ သူ၏စိ ကိုထွင်းဖောက်ပြီးတော့ သိနေပါလား၊





“ဟုတ်ကဲ့၊ ကျွန်တော် ခိုင်းတာကို လုပ်ပါ့မယ်ခင်ဗျာ”

“ကောင်းပြီ၊ မင်းကို. . ငါ နေရာပေးမယ်၊ ဂုဏ်တော် တီးစိတ်၊ အပတ်ငါးထောင်စိတ်၊ ငါးရက်တိတိစိတ်ရမယ်၊ ငါးရက်မှာ. . ငါခိုင်းထားတဲ့ ပုတီးပတ်ရေပြည့်ရင် ပြီးရော. . ”

ထိုလူကြီးက စကားဆုံးသွားသည်နှင့် ဆည်းလည်းသံ တချွင်ချွင်ကို ကြားလိုက်ရသည်။ စေတီတော်တစ်ဆူက အနီး အနားမှာရှိနေသည်ကို သတိပြုမိလိုက်သည်။ စောစောကလို မျက်လုံးထဲမှာ အလင်းရောင်ဖြူဖြူကြီးက ပေါ်လာခဲ့ပြန်သည်။ ထိုလူကြီးက သူ့ရှေ့ကထွက်သွားခဲ့သည်။ ခြေသံကိုနားထောင်ပြီး နောက်မှလိုက်သွားခဲ့လေသည်။

“ဒီမှာ. . ထိုင်၊ ပုတီးကို စိတ်ပါလက်ပါစိတ်၊ နောက် ကြောင်းကိစ္စတွေ ဘာကိုမှမစဉ်းစားနဲ့၊ ကာယသုခ၊ စိတ္တသုခကို ရရှိလိမ့်မယ်. . ”

ထို့နောက်. . ထိုလူကြီး၏အသံကိုမကြားရတော့၊ သူ့ သက်ထဲကို ပုတီးတစ်ကုံးက ရောက်လာခဲ့သည်။ မည်သူလာ ထည့်လိုက်မှန်း မသိလိုက်ပါ။

တင်ပြင်ခွေထိုင်ကာ စေတီတော်ကို ရည်မှန်းပြီး ဦးချ တန်တော့သည်။ ဘုရားရှိခိုးသည်။ ငါးပါးသီလခံယူသည်။ ဝေနေယျသတ္တဝါအပေါင်းတို့ကို မေတ္တာပို့ကာ. . အမျှဝေ သည်။ အခြားသောပုဂ္ဂိုလ်များ မေတ္တာပို့ အမျှပေးဝေသည်ကို



www.burmeseclassic.com

www.burmeseclassic.com



လည်း. . ဝမ်းမြောက်ဝမ်းသာစွာဖြင့် သာမုခေါ်လေသည်။ သူ့စိတ်သည်. . ပို၍ပြီးတော့ နူးညံ့လာခဲ့လေသည်။ ထို့နောက်. . ဂုဏ်တော်ပုတီးကို စိတ်ပါလက်ပါစွာပင် စိတ်နေမိသည်။

ထိုစဉ်အတွင်း မိမိ၏နားထဲမှာ စကားပြောသံတွေလို ကြားနေရသည်။ ဗလုံးဗထွေးနှင့်မို့ မသဲကွဲပါ၊ မိမိနည်းမလည်သော ဘာသာစကားဖြင့် ပြောနေကြသော စကားသံများပင် ဖြစ်လိမ့်မည်။ ပုတီးစိတ်သည့်ကိစ္စထဲတွင် အာရုံကို နှစ်ထားမိရာ နားထဲမှာ မည်သည့်အသံများကိုမှ မကြားရတော့၊ သည်လိုနှင့် မည်မျှကြာသွားခဲ့သလဲဆိုသည်ကို မပြောတတ်တော့။

○ ○ ○

ပုတီးတစ်ပတ်ပြည့်အောင် စိတ်ရန်ခဲယဉ်းလှသော်လည်း. . ယခုတော့ ဘုရားဂုဏ်တော်၊ တရားဂုဏ်တော်၊ သံဃာဂုဏ်တော်များကို အောက်မေ့ကာ ရင်ကဲမှာနှစ်ပြီးစိတ်နေမိသည်။ ကြာတော့. . မိမိတစ်ကိုယ်လုံး ပေါ့ပါးကာ လေထဲသို့ မြောက်တက်သွားသလို ခံစားလိုက်ရသည်။ ခန္ဓာကိုယ်ကြီးသည် တွယ်ရာမဲ့ကာ. . လဲမှို့လေးပမာလွင့်မျောနေသည်။ အချိန်မည်မျှကြာသွားခဲ့သည်ကိုပင်. . မသိတော့ပါ။ မစဉ်းစားမိတော့ပါ။ လွန်စွာအေးချမ်းတည်ငြိမ်မှုကို ခံစားနေရသည်။

ထိုစဉ်. .





မျက်လုံးထဲမှာ အလင်းရောင်တစ်ခုက ထင့်ဟပ်လာသည်။ အလင်းဖြူဖြူကြီးပဲဖြစ်သည်။ သူ၏အသိအာရုံသည် နိုးပြီးတော့ ဝင်လာခဲ့သည်။ ပစ္စက အခြေအနေကို ပြန်ပြီးတော့ ရောက်လာခဲ့သည်။ ထိုပုဂ္ဂိုလ်ကြီးရောက်လာပြီကို အလိုလိုပင် သိလိုက်သည်။

"လူလေး၊ မင်း. . ပုတီးပတ်ရေ ငါးထောင်ပြည့်သွားပြီ ဟုတ်လား. ."

"ကျွန်တော် စိတ်ပါလက်ပါ စိတ်နေတာ ပြည့်၊ မပြည့် အောင် မမှတ်မိတော့ပါဘူး ခင်ဗျာ. ."

"ပြည့်သွားပြီကွယ့်၊ ပုတီးပတ်ရေ ငါးထောင်ပြည့်သွားချိန်မှာ. . ငါ. . ရောက်လာခဲ့တာပဲ. ."

"ဟင်. . ကျွန်တော် ဒါလောက်တောင် မမြန်ပါဘူး ခင်ဗျာ. ."

"မင်း. . စိတ်ပါလက်ပါစိတ်ခဲ့လို့. . သုံးရက်နဲ့ပုတီးပတ်ရေငါးထောင်ပြည့်သွားခဲ့တယ်ကွယ့်. ."

"ဟင်. . ဟုတ်လား၊ ကျွန်တော် သုံးရက်လုံးလုံး ထိုင်ရာကမထပဲ ပုတီးစိတ်နေခဲ့တယ် ဟုတ်လား. ."

"ဟုတ်တယ်. . မင်းအမိဋ္ဌာန်အောင်ပြီ၊ ကိုင်း. . ငါ့နောက်ကိုလိုက်ခဲ့. ."

ကိုတိုက်မောင်းမှာ ထိုပုဂ္ဂိုလ်ကြီး၏နောက်ကို လိုက်သွား



www.burmeseclassic.com

www.burmeseclassic.com



ခဲ့ရပြန်သည်။ ကျောက်ဂူဆီကို ပြန်ရောက်သောအခါ သစ်သီး တစ်လုံးနှင့်ရေတစ်ခွက်ကိုသာ အာဟာရဖြစ်စေရန်မှီဝဲသည်။ နောက်ထပ်ဆာလောင်မှုမရှိပဲ တစ်နေ့လုံးနေနိုင်သည်။

"ကဲ. . မင်းရဲ့မျက်လုံးတွေကို ငါကြည့်မယ်၊ ပက်လက် လှန်ပြီး. . အိပ်လိုက်ပါ. ."

ပုဂ္ဂိုလ်၏အသံက ထွက်ပေါ်လာခဲ့သည်။ ကိုတိုက်မောင် သည် နေရာမှာပင် လှဲပြီးအိပ်လိုက်ရသည်။ ကျောအောက်မှ မည်သည့်အရာ ခင်းထားသလဲမသိပါ၊ နူးညံ့သော အတွေ့အထ ကိုခံစားရသည်။

"မျက်ခွံတွေကို ပိတ်မထားနဲ့ ဖွင့်ထား. ."

ပိတ်ထားမိသော မျက်ခွံတွေကို ဖွင့်ထားလိုက်ရသည်။ မျက်လုံးတွေသည် လင်းနေရာမှ ရုတ်တရက်မှောင်သွားသည်။ ပုဂ္ဂိုလ်အနားမှ ထွက်သွားခဲ့ပြီလား မပြောတတ်ပါ။

"ငါ ဘယ်မှမသွားဘူး ရှိတယ်၊ မင်းရဲ့မျက်လုံးတွေကို ကြည့်နေတာ. ."

စကားသံနှင့်အတူ သူ၏မျက်လုံးတွေပေါ်ကို နူးညံ့သော လက်ဖဝါးတွေက ရောက်လာခဲ့သည်။ ရုတ်တရက် အမှောင်ထု ကြီးသည် ပိုပြီးတော့ နက်ရှိုင်းသွားခဲ့သည်။ ခန္ဓာအဝှမ်း အေးကနဲ စိမ့်ကနဲဆိုခံစားလိုက်ရသည်။ ထို့နောက်. . ပူလောင်ပြင်းပြ တွေက မျက်လုံးတွေထဲကို ရောက်လာခဲ့ပြီသည်။ မီးစကြီးနှင့်



ထိုးမိလိုက်သလိုပင်။ မျက်လုံးအစုံသည် ဟောက်ပက်ကြီးဖြစ် သွားသလို ခံစားလိုက်ရသည်။ လက်က မျက်လုံးတွေပေါ်ကို အုပ်ထားရာမှ ပြန်ကွာသွားသည်။ ထို့နောက်. . မကြာမီမှာပဲ မျက်နှာပေါ်ကို အုပ်မိုးလာခဲ့ပြန်သည်။ စိုစွတ်သော အတွေ့ အထိက မျက်လုံးနေရာကို ရောက်လာခဲ့သည်။

မျက်လုံးအိမ်ထဲမှာ ခုတုတုခံစားလိုက်ရသည်။ တစ်ခုခု ပြည့်စွက်ပြီးဝင်ရောက်သွားသလိုပင်၊ နားထဲတွင် ဆေးကြိတ် သံလိုလို၊ ရေစက်ဆုံထဲထည့်ပြီး ထောင်းနေသံမျိုးလိုလို သဲ့သဲ့မျှ ကြားနေရသည်။ စကားပြောသံတွေကလည်း ထွက်လာကြပြန် သည်။ သူနားမလည်သော စကားများပင်ဖြစ်သည်။ စကားသံ တွေက လုံးထွေးနေကြသည်။ တစ်ယောက်နှင့်တစ်ယောက် ညှိမ်းပြီး စကားပြောနေကြဟန်တူသည်။ အသံတွေက တိုးညှင်း သည်။

သူ့မျက်လုံးအိမ်များပေါ်မှ လက်ဖဝါးကို ရုပ်လိုက်သည်။ ထို့နောက်. . ခြေသံတဖျပ်ဖျပ်ကို ကြားလိုက်ရသည်။ တစ်ယောက် ယောက်က ဂူထဲမှာလာနေသလိုလို၊ [တစ်ယောက်ထက်ပိုသော ခြေသံလည်း ဖြစ်နိုင်သည်]

ထိုသူ. . အနားကိုရောက်လာသောအခါ ပန်းပေါင်းစုံ ခင်းထားသော ရနံ့ကိုရလိုက်သည်။ ကိုယ်မှထွက်သော ရနံ့ဟု ထင်ဆမိလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"မျက်ခွံတွေကို ပိတ်ထားလိုက်. ."

ပုဂ္ဂိုလ်က သတိပေးလိုက်သဖြင့် မျက်ခွံတွေကို ပိတ်ထားလိုက်ရသည်။ မျက်ခွံတွေပေါ်ကို ဆေးကြိတ်ဖက်များထ ရောက်လာသည်။ အုံပေးသည်။ အဝတ်စတစ်စနှင့် စည်းနှော ခြင်းခံလိုက်ရသည်။ ထို့နောက်. . စုပေါင်းပြီး မန္တာန်ရွတ်နေကြ သော အသံများကို ကြားနေရသည်။ မည်သူတွေမှန်းမသိ တော်တော်များများပင် ဖြစ်ကြသည်။ အားလုံးတလေသံတည်း ပင်ဖြစ်ကြသည်။

သူ. . အိပ်ချင်လာသည်။ အိပ်ပျော်သွားခဲ့သည်။ ဘာဆိုဘာမှ သတိမရတော့။

အိပ်ပျော်နေစဉ်အတွင်း မျက်လုံးတွေထဲမှာ အင်အား ကောင်းသော အလင်းမါတ်ကြီးက ဝင်ရောက်စိုးမိုးလာခဲ့သည်။ လွန်စွာမှ ထူးခြားသော သင်္ဘောကြီးတစ်စင်းကို မြင်တွေ့လာ ရသည်။ သင်္ဘောဦးပိုင်းမှာ ဇော်ဂျီရုပ်တုတစ်ခုကို ထင်ရှားစွာ မြင်နေရသည်။ သင်္ဘောပေါ်မှာလည်း ထိုးကွင်းမင်ကြောင်များ နှင့်လူတစ်စုက သွားလာလှုပ်ရှားလျက်ရှိနေကြသည်။

မြင်ကွင်းက ပြောင်းလဲသွားခဲ့သည်။ ရွှေကျော်ကြီးရွာ ခြောက်ရွာတိုက်နယ်သူကြီး ဦးဘဦးဆီကို ရောက်သွားသည်။ လူခြောက်ယောက်၊ မြင်းခြောက်ကောင်နှင့် ရွာတစ်ရွာဆီကို ဒုန်းစိုင်းကာနှင်လာသည်။ ရွာထဲဝင်ပြီး မါးပြတိုက်ကြသည်။





ရှေ့ဆုံးမှလူသည် မျက်နှာကို အဝတ်အစည်းထားသော်လည်း မည်သူဆိုသည်ကို သိနေသည်။ သူကြီး ဦးဘဦးပင်။

နောက်မြင်ကွင်းတစ်ခုက ဦးဘဦးသည် သူ့လူငါးယောက် လုံးကို သေနတ်ဖြင့်ပစ်သတ်ကာ အလောင်းများကို ချောက် ထဲသို့ပစ်ချနေခြင်းပင်။

မြင်ကွင်းက ပြောင်းလဲသွားခဲ့ပြန်သည်။ ကျော်စွာ ခြံထဲရှိ ကညင်ပင်ကြီးဆီကို ရောက်သွားခဲ့သည်။ မြင်တွေ့လိုက်ရသည် က. . ကညင်ပင်ထက်ရှိ ယောဂီဝတ်နှင့် ချောမောလှပသော အမျိုးသမီးတစ်ဦး။

တစ်ခုပြီးတစ်ခု ပြောင်းလဲသွားကြသော မြင်ကွင်းများ ထဲတွင် ကျော်စွာကို သူကြီးသား ဘထောင်၊ ကြက်သီးနှင့် အမားတို့က ဝိုင်းပြီး နှိပ်စက်နေကြသည်များပင်တည်း၊ နောက်ထပ် ပုဗ္ဗနိမိတ်၊ အာရုံနိမိတ်များစွာကိုလည်း ထင်ရှားစွာ နှင့်. . မြင်တွေ့နေရလေသည်။ သည့်နောက်ပိုင်းမှာတော့ သတိ မေ့သွားသလိုလို. . အိပ်ပျော်သွားသလိုလို ဖြစ်သွားလိုက်ရသည်။

○ ○ ○

အချိန်မည်မျှကြာသွားခဲ့သလဲ မသိပါ။ ဦးတိုက်မောင်း သည် သူကိုယ်သူ သေဆုံးသွားခဲ့သည်ဟု ထင်မိခဲ့ကြောင်း



www.burmeseclassic.com

www.burmeseclassic.com



နောက်ပိုင်းတွင် ဖြည့်စွက်ပြီး ပြန်ပြောပြပါသည်။ ကိုတိုက်မောင် နိုးလာခဲ့သောအခါတွင်. .

"ကဲ. . မင်းရဲ့မျက်လုံးတွေက ကောင်းသွားခဲ့ပါပြီ ဒါပေမယ့် ပင်လယ်ပြင်မှာ ထိခိုက်ဒဏ်ရာရခဲ့တဲ့အတွက် မူလ မျက်လုံးတွေတော့ မဟုတ်တော့ဘူး၊ ငါ. . အစားထည့်ပေးထား တဲ့. . မျက်လုံးတွေပဲဖြစ်တယ်. ."

ပုဂ္ဂိုလ်၏အသံက ထွက်ပေါ်လာခဲ့သည်။ တစ်ဆက် တည်းမှာပင်. . မျက်ခွံကို ပိတ်ပြီး စည်းနှောင်ထားသော အဝတ်စကို ပယ်ရှားခြင်းခံလိုက်ရသည်။ ပရဆေးများဖြင့် ဖုံးအုပ်ထားခဲ့သည့်အရာများကိုလည်း မျက်ခွံထက်မှ ခွာယူလိုက် သည်။

"မျက်ခွံတွေကို ဖွင့်ကြည့်လိုက်. ."

ခိုင်းသည့်အတိုင်း မျက်ခွံတွေကို တဖြည်းဖြည်းမှ ဖွင့်ကြည့်လိုက်ရသည်။ မျက်စိကျိန်းခြင်း၊ စူးအောင့်ခြင်း မရှိ ပကတိကြည်လင်လျက် အရာရာအားလုံးကို မြင်တွေ့လိုက် ရသည်။ သူ့ ထထိုင်လိုက်သည်။ ရှေ့ဦးစွာမြင်တွေ့လိုက်ရသူ ဖြူဆွတ်သောအသားအရည်၊ ဖြူဆွတ်သောမုတ်ဆိတ်မွေးရှည် ကြီးများဖြင့် မိမိရှေ့မှာထိုင်နေသော အဖိုးအိုတစ်ဦးပင်။

ကြည်လင်တောက်ပသော မျက်လုံးအစုံသည် သူ့ စိုက်ကြည့်လျက်ရှိသည်။ ထိုမျက်လုံးများသည် မေတ္တာ၊ ဂရုဏာ





နက်ရှိုင်းသော မနောဓါတ်တို့ စုပေါင်းဖွဲ့စည်းထားသည်။ ထို ပုဂ္ဂိုလ်ကြီးဝတ်ထားသော အဝတ်အစားများသည် အနီရောင် ဖြစ်ပြီး. . ဦးပေါင်းသည်လည်း လက်ျာရစ်ပေါင်းထားပြီး အနီ ရောင်ပင်ဖြစ်သည်။

"ကျွန်တော့်မျက်လုံးတွေ ပြန်ပြီးမြင်နိုင်အောင် တုသပေးတဲ့အတွက် ကျေးဇူးတင်ပါတယ် ခင်ဗျာ၊ အဘကို ဂါရဝပြုပါတယ်. ."

လက်အုပ်ချီကာ ရှိသေစွာဖြင့် ကန်တော့လိုက်လေ သည်။

"မင်းဟာ. . အသက်ရှင်နိုင်တဲ့ ကံတရားရှိနေသေးလို့ အသက်ရှင်နေခဲ့တာ၊ ကံကုန်တဲ့သူတွေကတော့ ဥပစ္ဆေဒကံနဲ့ သွားကုန်ကြပြီ မဟုတ်လား. ."

"အေး. . ငါကတော့ တတ်နိုင်သလောက် မင်းကို အကူအညီပေးပြီးခဲ့ပြီ၊ မင်းကို ငါဒီမှာ နောက်ထပ်တစ်ရက်ပဲ နေခွင့်ပြုမယ်၊ မင်းပြန်ဖို့ ငါစီစဉ်ပေးမယ်. ."

"အဘ. . ကျွန်တော် ဒီမှာ တစ်သက်လုံးနေချင်ပါ တယ်၊ ခွင့်ပြုပါ. ."

ထိုလူကြီးက ခေါင်းကိုခါယမ်းလိုက်သည်။

"ဒီနေရာဟာ သာမန်လူသားတွေ နေသင့်တဲ့နေရာ မဟုတ်ဘူး မင်းကို ငါ. . ကယ်တင်ထားရတာလည်း အထက်



www.burmeseclassic.com

www.burmeseclassic.com



ပုဂ္ဂိုလ်တွေရဲ့ အမိန့်အရပဲ၊ မင်း. . ဒီလိုနေရာမျိုးကို လာချင်ရင် ကျင့်ကြံအားထုတ်ပါ။ စရဏတရားကောင်းအောင်ကြိုးစားပါ ဒုက္ခရောက်နေကြတဲ့သူတွေကို ကူညီပါ။ မင်းမှာ လုပ်စရာတွေ အများကြီးရှိသေးတယ် လူလေး. . ”

“ဒါနဲ့ ကျွန်တော့်မျက်လုံးတွေက. . ”

“လူကောင်းပကတိလို ပြန်ပြီးမြင်ရရင် ပြီးရော မဟုတ်လား၊ သည်မျက်လုံးတွေဟာ. . မင်းအတွက် ဘာတွေ အထောက်အကူပြုကြမလဲ၊ မင်း. . အလိုလိုသိလာလိမ့်မယ် မင်းမှာ မေးပိုင်ခွင့်မရှိသလို၊ ငါလည်း ဖြေခွင့်မရှိဘူး. . ”

ထိုလူကြီးသည် ပြုံးယောင်ယောင်မျက်နှာဖြင့် ပြောကာ နှစ်သိမ့်လိုက်သည်။ သူ. . မမေးဝံ့တော့ပါ။

[မျက်လုံးတွေကိုလက်ဖြင့် မသိမသာစမ်းမိလိုက်သည်၊ တိရစ္ဆာန်တစ်ကောင်ကောင်၏ မျက်လုံးလား၊ စမ်းကြည့်လိုက် တော့. . ကျောက်သားပမာ မာကျောနေသည်ကို သိလိုက်ရ သည်။ ကျောက်သားမျက်လုံးလေလား၊ မိမိ၏မျက်လုံးတွေ ဟုတ်မဟုတ်လည်း မပြောနိုင်၊ နောင်အခါ ကြေးမုံမှန်ထဲ ကြည့်မိရ ပကတိမျက်လုံးများအတိုင်းရှိနေကြသော်လည်း တစ်လုံးနှင့်တစ်လုံး မတူကြသယောင် တွေ့လိုက်ရလေသည်

ထိုလူကြီးသည် နေရာမှထ,ကာ သစ်ပင်တစ်ပင်မှာ ထောင်ထားသည့် တောင်ဝှေးနီနီကြီးကို ယူကာ တစ်နေရာဆီသို့





ထွက်သွားခဲ့လေသည်။ ကိုတိုက်မောင်းအတွက် မြင်မြင်သမျှ ထူးဆန်းနေရသည်။ ပတ်ဝန်းကျင်ကိုလည်း လှည့်ပတ်ပြီးတော့ ကြည့်မိလိုက်သည်။ မိမိ. . မျက်လုံးတွေ မမြင်ခဲ့ရစဉ်က ားထဲမှာ. . ကြားခဲ့ရသည့် စကားပြောသံများကို ပြန်ပြီး သတိရလာမိသည်။ သေသေချာချာနားထောင်ခဲ့သော်လည်း ားမလည်ခဲ့ချေ။ မည်သည့်ဘာသာစကားနှင့် ပြောနေကြမှန်း သိခဲ့။ တစ်ခါတစ်ရံမှာ ဗလုံးဗထွေးဆန်လှသည်။ အပြန်အလှန် ်ပြောနေကြသံများဖြစ်ကြသည်။ ထိုသူများသည် ယခု ဘယ် ရောက်ကုန်ကြသနည်း။ တစ်ဦးမှ မတွေ့ရတော့ပါ။ ကျောက်ဂူ ဆီကို လျှောက်သွားခဲ့သည်။ ကျောက်ဂူထဲမှာလည်း မည်သူ့ကိုမှ တွေ့ရပါ။ သူ တွေ့လိုက်ရသည်က ကျောက်ရေပ်ဆုံကြီး တစ် ကျောက်ရေပ်ကျည်ပွေ့ တစ်ခု၊ ကျောက်ပြားဖြူဖြူကြီးတစ်ခုနှင့် ဆေးကြိတ်သော ကျည်ပွေ့လုံးလုံးကြီးတစ်ခုပင်ဖြစ်သည်။

မျက်လုံးတွေ မမြင်ခဲ့ရစဉ်က ဆေးကြိတ်နေသော အသံများ၊ ငရုပ်ဆုံထဲဆေးထည့်ကာ ထောင်နေသော အသံများကို ကြားနေရသည်။ ယခုတော့. . မည်သူမှ မရှိကြ တော့၊ အားလုံး. . တိတ်ဆိတ်ခြောက်သွေ့နေသည်။ သို့သော် အားချမ်းမှုအတိကတော့ ရှိနေသည်။

မကြာမီ. .

ဦးပေါင်းနီနီ၊ အဝတ်အစားနီနီနှင့် လူကြီးသည် ဂူထဲက



www.burmeseclassic.com

www.burmeseclassic.com



ထွက်လာခဲ့သည်။ ကိုတိုက်မောင်းအံ့အားသင့်သွားခဲ့ရသည်။ ထိုလူကြီးထွက်သွားသည်က တစ်နေရာ၊ ပြန်ရောက်လာတော့ ဂူထဲက. . ထိုလူကြီး၏လက်ထဲမှာ ပစ္စည်းနှစ်စုံကပါလာခဲ့သည်။ ဆေးပင်တစ်မျိုးပင်ဖြစ်သည်။ ဇော်ဂျီတစ်ဦးဦးထုတ်ဆောင်းထား သည့်သင်္ကာန်၊ ဆေးပင်သည် ဇော်ဂျီတစ်ဦး၏ သင်္ကာန်နှင့် တူညီလျက်ရှိသည်။ ခြေလက်အင်္ဂါစုံလင်စွာပါသည်။ လက်သည် ဆေးသွေးနေသည့်ဟန်ဖြစ်သည်။

"ဟောသည် ဆေးမြစ်လေကို ဆောင်ထား၊ ကုန်းလမ်း ရေလမ်း၊ ဆူး၊ ခြောင့်ခလုတ်ဘေးကင်းရှင်းတယ်၊ ရေမွှေးနဲ့ စိမ်ထားရတယ်၊ ငါ. . မင်းကိုပေးလိုက်တာက နှစ်ခုကို တစ် နော်၊ အားလုံးနှစ်စုံ၊ တစ်စုံမဟုတ်ပဲ တစ်ခုတည်းဆောင်ထားလို့ မရဘူး၊ တစ်ကယ်လို့ဆောင်ထားခဲ့ရင် ပြန်ပြီးပေးဖို့ အိပ်မက် ပေးလိမ့်မယ်၊ မင်းနောက်ထပ် အန္တရာယ်ခရီးကိုသွားဖို့ ကြုံရလိမ့် ဦးမယ်၊ ဒါကြောင့် ငါပေးလိုက်တာ၊ ယုံရင်ဆောင်ထား မယုံကြည်ရင်. . ပြန်ထားခဲ့. ."

"ယုံ. . ယုံကြည်ပါတယ်ခင်ဗျာ၊ ကျွန်တော်. . အဘရဲ့ ကျေးဇူးကို တစ်သက်မမေ့ပါဘူး. ."

"အေး. . မင်းဟာ သစ္စာရှိပြီး တည်ကြည်တဲ့လူတစ် ယောက်မို့. . ငါ့ဘက်ကလည်း တတ်နိုင်သလောက်ကူညီရတာ ကျန်တဲ့ဆေးမြစ်တစ်စုံကိုလည်း မင်းလိုပဲ စိတ်ဓါတ်မျိုးရှိတဲ့





သူတွေ့ရင် ပေးလိုက်၊ ကဲ. . ငါ့နောက်ကို လိုက်ခဲ့ပေတော့. ."

ထိုလူကြီးသည် တောင်ဝှေးကိုထောက်ကာ ထော်တာ ရှေ့မှထွက်သွားခဲ့သည်။ ကိုတိုက်မောင်းက နောက်မှလိုက် သွားခဲ့လေသည်။ ကျွန်းကြီးတစ်ခုလုံး စိမ်းစိမ်းစိုစိုနှင့်ရှိနေရာမှ မြူငွေ့ပါးပါးက ရုတ်တရက်ဆိုင်းလာခဲ့လေတော့သည်။ ဤကျွန်းကြီးသည် မည်သည့်နေရာမှာ တည်ရှိနေမှန်းမသိချေ။ သမုဒ္ဒရာ၏အလယ်မှာ ရှိနေသည်ပဲလား၊ လူသူနှင့် မသက်ဆိုင် သောနေရာမှာ တည်ရှိနေသည်ဟုပင် ထင်နေမိသည်။ မကြာမီ ကမ်းပါးတစ်ခုဆီကို ရောက်လာခဲ့လေသည်။

ထိုစဉ်. . လွန်စွာမှကြီးမားသော ရှေးသင်္ဘောကြီးတစ် စင်းသည် မြူတွေကြားထဲမှ တဖြည်းဖြည်းထွက်ပေါ်လာခဲ့သည်။

[ထူးခြားသော ပုံသဏ္ဌာန်ရှိသည့် သင်္ဘောကြီးကို ကိုတိုက်မောင်း မည်သည့်နေရာမှာမှ မတွေ့ဖူးခဲ့ပါ၊ ထို့ကြောင့် အံ့အားသင့်နေမိခဲ့လေသည်]

သင်္ဘောကြီးသည် သူတို့နှင့်မလှမ်းမကမ်းမှာ အလိုလို ပင်. . ဆိုက်ကပ်ခဲ့သည်။ ကမ်းပါးစောက်ရှိ ကျောက်လှေကား ထစ်များအတိုင်း ဆင်းသွားခဲ့သည်။ မကြာမီ သင်္ဘောကြီးဆီကို ရောက်သွားခဲ့ကြသည်။ အနားကိုရောက်ကာမှ သင်္ဘောကြီး သည်. . ထင်တာထက်ပိုပြီးတော့ ကြီးမားနေကြောင်းကို သိလိုက်ရလေသည်။ သင်္ဘောကြီးပေါ်မှာ လှော်တက်ဆယ်



www.burmeseclassic.com

www.burmeseclassic.com



ချောင်း [တစ်ဖက်ငါးချောင်းစီ]နှင့် တက်နှစ်ချောင်းကိုလည်း တွေ့လိုက်ရသည်။

"ကဲ. . မင်း ဒီသင်္ဘောကြီးနဲ့လိုက်သွားပေတော့၊ မင်းကို သင်္ဘောပေါ်က လူတွေက အေးအေးဆေးဆေးခေါ်သွားကြလိမ့်မယ်၊ ဒါပေမယ့် မင်းဟာ သင်္ဘောသူကြီးလည်းဖြစ်တယ်၊ ပွဲကိုင်လည်းဖြစ်တယ်၊ ဒါကြောင့်. . မင်းဘာသာမင်း ပွဲကို ကိုင်သွား. . ရေကြောင်းအတွေ့အကြုံကို မင်းကရပြီးသား မဟုတ်လား၊ ဒီသင်္ဘောကြီးကို မင်း. . နောက်တစ်ကြိမ် အသုံးပြုကောင်းပြုရလိမ့်မယ်. .

အဲ့ဒီအချိန်ဟာ မင်းအတွက် သေရေးရှင်ရေးကြုံတွေ့နေရတဲ့အချိန်အခါမျိုးဖြစ်လိမ့်မယ်၊ သင်္ဘောကြီးကို ထားရတဲ့ နေရာကလည်း ဘယ်သူမှ မသိတဲ့နေရာ သိပ်ပြီး လျှို့ဝှက်တဲ့ နေရာဖြစ်လာရလိမ့်မယ်၊ ကဲ. . မင်းသွားတော့ကွယ်. ."

ထိုလူကြီးသည် သိမ်မွေ့သော စကားများဖြင့် ကိုတိုက်မောင်းကို တတွတ်တွတ်ဖြင့် ပြောနေသည်။ ကိုတိုက်မောင်းသည် မိမိ. . လှေသူကြီးဖြစ်သည်ကို လည်းကောင်း၊ ပွဲကိုင်ကြီးတစ်ဦးလည်းဖြစ်သည်ကိုလည်းကောင်း၊ ထိုလူကြီးက သိလျက်ရှိသည်။ သည့်အတွက်. . မအံ့သြမိ တော့ပါ။ [အဘယ်ကြောင့်ဆိုသော်. . အဝတ်အစားနီနီနှင့် ထူးခြားသော အသွင်ရှိသည့် ထိုလူကြီးသည် အရာရာကိုသိနေ





သောကြောင့်ပင်တည်း]

ကိုတိုက်မောင်းသည် ထိုလူကြီးကို ကန်တော့သည်။

"အေး. . ရတနာသုံးပါးကို မမေ့နဲ့၊ ဖြူစင်တဲ့စိတ်ကို ထား၊ ကောင်းတာကို လုပ်တာ ဖွဲကိုအမိကထား၊ လုံ့လကို မလျှော့နဲ့. . ကိုင်း. . သွားပေဦးတော့. ."

"အဘ. . ကျွန်တော့်ကို ခွင့်ပြုပါဦး. ."

နှုတ်ဆက်ပြီး ကြိုးလှေကားမှတစ်ဆင့် သင်္ဘောပေါ်ကို တက်သွားခဲ့လေသည်။ သတိထားမိသည်မှာ မိမိက သာမန်ကြိုးတစ်ချောင်းဟုထင်မိခဲ့သော အရာသည် နီရဲသောနွယ်ကြိုးများကိုပြုလုပ်ထားကြောင်း သိလိုက်ရသည်။ သင်္ဘောပေါ်ကို ရောက်သောအခါ. . ဦးပိုင်းမှာ ဇော်ဂျီရုပ်တစ်ရုပ်ကို တွေ့လိုက်ပြီး. . ထုလုပ်ထားဟန်မှာ လွန်စွာမှ အသက်ဝင်လှသည်။ ဇော်ဂျီဟုလည်း အမည်ရေးထိုးထားလေသည်။

ကိုတိုက်မောင်း. . သင်္ဘောကြီးပေါ်ကိုရောက်သည်နှင့် အိမ်ကြီးနှင့်တူသော ပေါင်းမိုးကြီးထဲမှ လူကြီးတစ်ယောက် ထွက်လာခဲ့သည်။ သျှောင်တစ်စောင်းထုံးထားပြီး အနီရောင် ခေါင်းပေါင်းပေါင်းထားသည်။ အဖျားတွင်စုသွားပြီး ချွန်သော မုတ်ဆိတ်မွေးရှိသည်။ နှုတ်ခမ်းမွေးရေးရေးတင်လေသည်။

"လွန်စွာမှ ကြည့်ကောင်းလှသော ဉပမိရုပ်ပိုင်ရှင်ဖြစ်ပြီး ညိုးနုရောင်သန်းသော ရုပ်အင်္ကျီနှင့် အနီခံမှာ အညိုရင့်ရောင်



www.burmeseclassic.com

www.burmeseclassic.com



စတုရန်းကွက်များယှက်ရက်ထားသော ပုဆိုးကို ဝတ်ဆင်ထား သည်။ စူးလက်သော မျက်လုံးပိုင်ရှင်ဖြစ်ပြီး မြင်ယုံနှင့် ခင်မင် လေးစားဖွယ်ရာကောင်းလှ သူတစ်ဦးပင်တည်း။ ထိုလူကြီး သူ့ကို အပြုံးဖြင့် ကြိုဆိုကာ . . .”

“ကဲ . . လူလေး ခရီးထွက်ကြမယ်၊ လိုအပ်ရင် မင်း ‘ပဲ့’ ကိုင်ပေါ့ကွယ် ဟုတ်ကဲ့ ကောင်းပါပြီးဦး”

သင်္ဘောကြီးပေါ်မှာ သင်္ဘောသားများကို မတွေ့ရသေး ပေ။ မိမိကိုလည်း ‘ပဲ့’ကိုင်စေချင်သည်က . . ယုံကြည်စိတ်ချ ဖြစ်မည်ထင်သည်။ မိမိကျွမ်းသော အလုပ်လည်းဖြစ်၍ လိုလာ စွာပင် လက်ခံမိသည်။

ထိုစဉ် . .

ပေါင်းမိုးအိမ်ကြီးထဲမှ ဆယ်ယောက်ထွက်လာခဲ့သည် ထိုလူဆယ်ယောက်သည် သျှောင်များကို သေသပ်စွာထုံးထား ကြသည်။ နက်မှောင်သော ဆံပင်များသည် ပိတုန်းရောင်တော ရှိနေကြကာ လက်ပနေကြသည်။ ထူးခြားသည်မှာ ထိုသူဆယ် ယောက်စလုံးသည် မျက်နှာတစ်ဆင်တည်းရှိနေကြပြီး မျက်နှ မျက်လုံး၊ နှာတံ၊ နှုတ်ခမ်းက အစ တူညီနေကြသည်။ ခါးတော ကို မြောင်အောင်ကျိုက်ထားကြပြီး အင်္ကျီဗလာရှိကြသည်။ ကျော မြင်နှင့် ရင်ဘတ်များမှာ မင်ကြောင်ဆေးရေးများ ပေါင်တံများ လည်း မင်ကြောင်ဆေးရေးများကို ထိုးထားကြသည်။





အရပ်အမြောင်းတွေလည်း တူညီနေကြသည်။ မည် သည့် အကြောင်းကြောင့် မျက်နှာက အစတူညီနေကြသည်ကို မပြောနိုင်ပါ။ နားလည်မလည်မိတော့ . . .

ထိုသူများသည် သင်္ဘောကြီး၏ ဝဲ၊ ယာဘက်များဆီကို ငါးယောက်စီ ခွဲကာ သွားရောက်ကြပြီး ထိုင်လိုက်ကြသည်။ ထို့ နောက် လှော်တက်များကို ကိုင်ကား စတင်ပြီး တစ်ပြိုင်တည်း လှော်ခတ်ကြလေသည်။

သင်္ဘောကြီးသည် ကမ်းမှ တဖြည်းဖြည်း ခွာလာခဲ့ သည်။ ကိုအိုက်မောင်းသည် ပဲ့စင်ပေါ်ကိုတက်ပြီး မိမိတာဝန် ကို စတင်ပြီး ထမ်းဆောင်သည်။ ထို့နောက် ကမ်းဆီကို လှမ်း ကြည့်လိုက်သောအခါ ပုဂ္ဂိုလ်ကြီးကိုမတွေ့ရတော့ပါ။ မည်သည့် အချိန်ကတည်းက ပြန်သွားသလည်းမသိ၊ ထိုပုဂ္ဂိုလ်ကြီး၏ အမည်ကိုလည်း သိခွင့်မရခဲ့၊ သူ ခိုနားခဲ့သော ကျွန်းကြီး၏ အမည်ကိုလည်း မသိခဲ့၊ သင်္ဘောပေါ်မှာ လွှမ်းဆွေးပြီးတော့ လိုက်ပါလာခဲ့ရသည်

“သူ့ရဲ့အမည်က ဗလသိဒ္ဓိတဲ့၊ ဒီကျွန်းကြီးရဲ့ အမည်က တော့ အာယုဒီပကျွန်းတဲ့၊ သေကံမရောက်ပဲ၊ ဒီကျွန်းကို ရောက် လာခဲ့ ကြတဲ့ သူတွေဟာ ကိုယ့်အသက်ကို ဆက်နိုင်တယ်။ အဲ သည်အတွက် ကုသိုလ်ကောင်းမှုတွေလုပ်ရတယ်။ ရတနာသုံး ပါးကို ရင်ထဲမှာ နှစ်ပြီး ကိုးကွယ်ဆည်းကပ်ရတယ်။ မင်း ဂုဏ်



www.burmeseclassic.com

www.burmeseclassic.com



တော်ပုတီးပတ်ရေ ငါးထောင်တိတိစိတ်ခဲ့တယ် မဟုတ်လား။ မင်း စိတ်ပါလက်ပါစိတ်ခဲ့တဲ့အတွက် တစ်ရက်ပြီး တစ်ရက် ကုန်သွားခဲ့တာတောင် မသိလိုက်ဘူး။ ဒါဟာ ဗုဒ္ဓဂုဏ်တော်တို့ ရှိသေလေးစားခဲ့လို့ပဲ . . . ”

ထိုလူကြီးက အာယုဒီပကျွန်းပေါ်တွင် မိမိမည်သို့ နေထိုင်ခဲ့သည်ကိုပင် သိနေသည်။ မအံ့သြမိတော့ပါ။ သိနိုင်သည့် နည်းရှိ၍သာ သိခဲ့သည်ဟုပင် မှတ်ယူရပေတော့မည်။

○ ○ ○



(၉)

## ရောက်လာတော့မည့်ကြမ္မာ

ဦးတိုက်မောင်းသည် အာယုဒီပကျွန်းပေါ်မှာ တွေ့ကြုံခဲ့ရသည်များကို နိဂုံးချုပ်လိုက်လေသည်။

“ငါကြုံခဲ့တာကတော့ အဲ့ဒါပဲကွယ်. . ”

“ဟင်. . ဦးကလည်း ဆက်ပြောစရာရှိသေးတယ်လေ၊ ဖေဖော်ဂျီသင်္ဘောကြီးနဲ့အတူ ခရီးစထွက်တဲ့အခါ လမ်းမှာ ကြုံတွေ့ခဲ့ရတာတွေ၊ သင်္ဘောပေါ်က လူကြီးကလည်း ဘယ်သူလဲ၊ ပြီးတော့. . မျက်နှာတူ လုံးရပ်တူတဲ့ လှေထိုးသားဆယ်ယောက်ရဲ့ အကြောင်း၊ ဒီကို သင်္ဘောကြီးဆိုက်ကပ်ခဲ့ပြီ၊ သူတို့ဘယ်ကို ရောက်သွားခဲ့ကြသလဲ၊ ဒါတွေကို ပြောပြဦးလေ၊ ကျန်နေသေးတယ်. . ”



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်လေ၊ အဖေကလည်း လမ်းမှာ ဘာတွေဖြစ်ခဲ့တယ်၊ ဒီ. . ဖေဖော်ဂျီကြီးပေါ်က လူတွေဘယ်ကိုရောက်သွားကြသလဲဆိုတာကိုလည်း ပြောပြဦးမှပေါ့. . အဖေက စကားတိုဖြတ်ချလိုက်တာကိုး. . "

မြတ်လေးကလည်း မကျေမနပ်နှင့် ပြောလိုက်လေ၏။

"ဘာမှမထူးခြားလို့ မပြောခဲ့တာပေါ့ကွယ်၊ သင်္ဘောကြီးကလမ်းတစ်လျှောက်လုံးမှာ ဘာအန္တရာယ်မှ မတွေ့ခဲ့ဘူး။ ဘေးမသီရန်မခနဲ့ ဒီနေရာကိုရောက်လာခဲ့တယ်၊ ဟောဒီနေရာကြီးဟာ ပင်လယ်ရေကြောင်းနဲ့ အဆက်အစပ်ရှိတယ်၊ ပင်လယ်ဒီရေ. . အတက်အကျ၊ အဝင်အထွက်၊ တက်ရေ. . ကျရေရှိတဲ့. . လမ်းကြောင်းကြီးတစ်ခုပဲကွယ့်၊ ကျောက်ပလ္လင်ဂူကြီးနဲ့လည်း ဆက်စပ်မှုရှိနေတယ်၊ သင်္ဘောပေါ်က လူတွေကတော့. . ကိုယ့်နေရာကိုယ်. . ပြန်သွားခဲ့ကြပြီပေါ့ကွယ်. . "

ဦးတိုက်မောင်းက အေးဆေးစွာဖြင့် ရှင်းပြလိုက်သော်လည်း မပြည့်စုံဟုထင်မိကြသည်။ မြုပ်တွက်တစ်ခုတော့ရှိနေပြီး မပြောပဲချန်ထားခဲ့သည်ဟု ယူဆထားကြသည်။

"အာယုဒီပကျွန်းပေါ်မှာ တွေ့ခဲ့ရတဲ့ ဗလသိဒ္ဓိဆိုတဲ့ လူကြီးဟာ ဘယ်သူလဲ၊ ဦး. . ပြောခဲ့တဲ့အတိုင်းဆိုရင် ဖော်ဂျီ





တစ်ဦးနဲ့တူတယ်. . "

"ဒီလိုပုဂ္ဂိုလ်မျိုးတွေဟာ တွေ့ရခဲပါတယ်၊ ကြုံကြိုက်ဖို့ဆိုတာလည်း မလွယ်လှပါဘူး၊ ကိုယ်. . ဉာဏ်မမီတာကို တွေးကြပါနဲ့ကွယ်၊ မင်းတို့ကို ငါမှာချင်တာက ဒီအကြောင်းတွေကို. . ဘယ်သူ့ကိုမှ မပြောဖို့ပဲ. . ဒီနေရာကိုလည်း ဘယ်သူမှ မသိစေဖို့ပဲ. . ဒါ. . အရေးကြီးတယ်. . "

"ကျွန်တော်. . ကတိပေးပါတယ် ဦး"

"သမီးလည်း ကတိပေးပါတယ်. . "

ဦးတိုက်မောင်းက ပုလင်းလေးတစ်လုံးကို ကျော်စွာအားပေးလိုက်သည်။ ပုလင်းထဲမှာ ဖော်ဂျီဦးထုပ်ဆေးမြစ်ကို ရေနွေးဖြင့်စိမ်ထားသည်။ ဖော်ဂျီတစ်ဦးဆေးကြိတ်နေသည့်ပုံဖြစ်သည်။ |တစ်ချို့ဂျင်ဆင်းဆေးပင်သည် လူတစ်ယောက်၏မွေးရာပါကိုယ်ဟန်အတိုင်း တူနေသကဲ့သို့ပင်| သဘာဝအလျောက်ဖြစ်ပေါ်နေသော ဖော်ဂျီဆေးဖြစ်သည်။ ဖော်ဂျီတစ်ဦးဦးထုတ်ဆောင်းထားသကဲ့သို့ တူလှသည်။ ဖော်ဂျီနှစ်ဦး (တစ်စုံ) ဖြစ်သည်။

"မင်း. . ဒါလေးကိုဆောင်ထား၊ သွားလေရာသွား. . "

ကျော်စွာက တရိုတသေဖြင့် ယူလိုက်ပြီး အိတ်ထဲသို့ထည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်းကို ငါ. . ထပ်ပေးစရာရှိတယ်. ."

ထို့နောက်. . လွယ်အိတ်ထဲမှ အထုတ်လေးတစ်ထုတ်ကိုထုတ်ယူလိုက်သည်။ မှိုင်းခံစက္ကူဖြင့် ထုတ်ထားသည်။ စက္ကူပတ်ထားသည်ကို ဖြည်လိုက်သောအခါ လက်သန်းလုံးခန့်ရှိ ဆေးလုံးငါးလုံးကို တွေ့လိုက်ကြရသည်။ ဆေးလုံးလေးတွေက မည်းနက်နေကြသည်။

"မင်းက သိုင်းပညာကို တတ်မြောက်ပြီးသားရှိနေတာတောင်. . ကိုယ့်ကိုယ်ကို စိတ်မချသေးဘူး၊ သတ္တိက လိုသေးတယ်၊ အဲ့ဒီတော့ ဒီဆေးလုံးကို သောက်ဖို့လိုတယ်. ."

"ဒါ. . ဘာဆေးလုံးလေးတွေလည်း ခင်ဗျာ. ."

"ဒီဆေးလုံးကို သောက်ရင် ရဲရင့်လာမယ်၊ သတ္တိရှိလာမယ်၊ ရန်သူကို ရင်ဆိုင်ရဲလာမယ်၊ ကိုယ့်အပေါ်မှာ အနိုင်ကျင့်နေတဲ့သူတွေကို ရင်ဆိုင်ရဲတဲ့သတ္တိတွေရှိလာမယ်. ."

"ဟင်. . တစ်ကယ်လား ဦး၊ ဒီဆေးလုံးက ဒါလောက်တောင်ပဲ. . အစွမ်းထက်သလား. ."

"ဒါလောက်တောင် မဟုတ်ဘူး၊ ဒါထက်တောင် ပိုဦးမယ်. . ကဲ. . မင်းစိတ်ချ လက်ချသောက်ပေတော့၊ သမီးက သောက်ရေပေးလိုက်ပါကွယ်. ."

ဆေးလုံးငါးလုံးက ကျော်စွာ၏ လက်ထဲကို ရောက်လာခဲ့သည်။ ကျော်စွာသည် ဆေးလုံးများကို ပါးစပ်ထဲသို့ ပစ်ထည့်





လိုက်သည်။ ထို့နောက် မြတ်လေး၏ လက်ထဲမှ ဖလ်ခွက်ကို ယူပြီး ရေများကို သောက်ချလိုက်လေ၏။ ရင်ထဲမှာ အေးမြသွားသလို ဝမ်းထဲကို ဆေးလုံးများရောက်သွားမတော့ အနည်းငယ်ပူလောင်သော ခံစားမှုကိုရသည်။ တစ်ကိုယ်လုံးရှိန်းဖိန်းသွား ခဲ့ရပြီး ခွန်အားအသစ်များတိုးပွားလာသလို ခံစားလိုက်ရသည်။

"ဒီဆေးက တစ်မျိုးကြီးပဲ၊ သောက်ရတာ. . ဘယ်လိုကြီးမှန်း မသိရဘူး. ."

"သောက်လိုက်ရင် ဒီဌဆေးစွမ်းပြတဲ့ဆေး၊ မင်းကိုယ်မင်း. . စိတ်ချယုံကြည်လာလိမ့်မယ်၊ လောကမှာ ကြောက်ရမယ့်လူမရှိတော့ဘူး၊ ဒါ. . ငါ. . ရှားပါးဆေးမြစ်တွေကို နက္ခတ်နဲ့ယှဉ်ပြီးဖော်စပ်ထားတာ၊ ဆယ့်နှစ်နှစ်မှတစ်ကြိမ် ပေါ်လာတဲ့အာကာသနက္ခတ်ထူးနဲ့ ယှဉ်ပြီးမှ ဖော်စပ်လို့ရတယ်၊ မင်းကို. . ငါခင်လွန်းလို့ ပေးတာ၊ ငါ့စေတနာကို မင်းနားလည်ရင် ကျေနပ်ပြီ၊ လာ. . ငါတို့ပြန်ကြဖို့ အချိန်တန်ပြီ. ."

သုံးယောက်စလုံး ထိုနေရာကို ထွက်လာခဲ့ကြသည်။ ကျောက်ပလ္လင်ဂူကြီးထဲကို ပြန်ပြီးမဝင်ကြတော့ပါ။ ကျောက်ဖျာနီနီကြီးခင်းထားသော လမ်းအတိုင်း သဘော်ကြီး၏ ဦးပိုင်းဘက်ဆီကို လျှောက်လာခဲ့ကြသည်။ ကျောက်ဖျာနီနီကြီး ဆုံးသွားသောအခါ တောအုပ်ကြီးထဲကို ပြန်ရောက်သွားခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ဦးတိုက်မောင်းကတော့ ရှေ့ကနေ သွားနေသည်။ ကျော်စွာနှင့် မြတ်လေးတို့သည် နောက်ကိုလှည့်ကြည့်လိုက်ကြသောအခါ.. သဘော်ကြီးကိုလည်းကောင်း၊ ကျောက်ဖျာနီနီကြီးသော်လည်း ကောင်းမတွေ့ရတော့ပါ။ ခြေလှမ်းငါးဆယ်မျှပင် မပြည့်မီ ပျောက်ကွယ်သွားခဲ့သည့်အတွက် အံ့အားသင့်သွားခဲ့ကြရသည်။

သို့သော်.. ချောင်းသွယ်လေးတစ်ခုက တောင်နှင့် မြောက်ကို တန်းပြီး စီးဆင်းလျက်ရှိသည်။ ယခုတော့.. ရေအနည်းငယ်ကိုသာ တွေ့ရသည်။ သဘော်ကြီး ဝင်ထွက်နိုင်သည့်တစ်ခုတည်းသော လမ်းကြောင်းဖြစ်သည်။ သဘော်ကြီးသည် ဤလမ်းကြောင်းအတိုင်း ဝင်လာခဲ့ခြင်းပင်ဖြစ်သည်။

ပင်လယ်ရေတက်လျှင် ဤနေရာကိုရောက်လာသည်။ ချောင်းသည်တစ်ဘက်ကို ပေလေးဆယ်မျှကျယ်ဝန်းသည်။ ရေတက်နှင့်ပါလာခြင်းဖြစ်ပြီး ကျောက်ပလ္လင်ဂူသို့ရောက်လာသောအခါ.. မိမိလာရာဘက်ဆီကို သဘော်ဦးက ပြန်လှည့်ထားခဲ့လေသည်။

ဤနေရာကို ရှာဖွေတွေ့နိုင်ရန် မလွယ်ကူပါ။ ရွာသို့ ပြန်ရောက်လျှင် ကျောက်ပလ္လင်ဂူကြီးထဲမှ ဖြစ်ရပ်များနှင့်သော်လည်းကောင်း၊ ဖဲဗော်ဂျီ ရှေးခေတ်သဘော်ကြီးနှင့် ပတ်သက်၍သော်လည်းကောင်း၊ ရေငုံနှုတ်ပိတ်ထားကြရန် အလိုလိုပင်.. သိထားကြပြီဖြစ်သည်။ သို့သော်.: သူတို့သုံး ယောက်ကို ပြဿနာအထွေထွေနှင့်.. အန္တရာယ်များက စောင့်ဆိုင်းနေကြသည်တကား။

၁း၉

"ဒါ၉ ○ ○ ○

၁မှ်မ၉

"ကျွဲကျော်ကြီးရွာကြီးထဲမှာ တစ်နှစ်နီးပါးခန့်ပျောက်နေသော ဦးဖြော်မောင်းတို့သားအဖနှင့် ကျော်စွာတို့ပြန်ရောက်လာခဲ့ကြဲဆို့ သတင်းသည် တစ်ရွာလုံးပျံ့နှံ့သွားခဲ့သည်။ သူကြီး ဦးဘားသည် သူတို့ပျောက်ဆုံးနေသည့် သတင်းကိုကြားရသည့်အိုကနကစပြီး လူလွှတ်ပြီး တိတ်တဆိတ်စုံစမ်းစေခဲ့သော်လည်း..ထူးခြားခဲ့ပါ။ ကြာလာသော်.. သူတို့ကို မည်သို့ အကောက်ရှိတ်ရမည်ကို ခေါင်းထဲမှာ ပေါ်လာခဲ့လေသည်။

"ဒီကြောင်တွေ ရွာကိုပြန်မလာပဲနေကြမှာ မဟုတ်ဘူး၊ တစ်ရက်ရက်မှာ ပြန်လာကြမှာပဲ.. ပြန်လာတော့မှ ဟင်း.. ဟင်း.. ဟဲ၊ဖြ"

မြေဖေက်ရွာသူကြီး ဦးဘဦးက မည်သို့အကောက်ကြံသည်ကို မည်သူမှ မသိကြပေ။ ဦးတိုက်မောင်းတို့ ပြန်ရောက်လာကြသောအခါ.. သူကြီးက ကြက်သီးကိုလွှတ်၍ ခေါ်ခိုင်းလိုက်လေသည်။ ထိုအချိန်တွင် ဦးတိုက်မောင်းတို့သည် ယာခင်း







www.burmeseclassic.com

www.burmeseclassic.com



ထဲမှာရှိနေကြသည်။

"ဦး . . ဦးရီး"

"ဟေ . . ဘယ်သူလဲကွ၊ ... . . ကြက်သီး ဘာတို့ လည်းကွယ့် . . "

ဦးတိုက်မောင်းက ယာခင်းထဲမှာ ... သွား ... က်သည် ကြက်သီးတွေ့သွားခဲ့လေသည်။ ဦးဘဦးက ... င်း၍သာ လာခဲ့ရသည်။ သူတစ်ခါက မှားခဲ့သည့်ကိုစွ ... ခဲ့အတွင် မျက်နှာပူနေမိခဲ့သည်။

"သူကြီး ဦးဘဦးက ခိုင်းလိုက်လို့လာခဲ့ရ ... ပါ ခင်ဗျာ"

"အေး . . ပြော"

"ညနေကျရင် . . သူ့အိမ်ကို လာခဲ့ပါဦး ... . . "

"ဩော် . . သူက ငါ့ကို ဆဲ့ ... တယ် မ ... ကောင်းပြီလေ၊ သူကြီးက ခေါ်တယ်ဆိုတော့လ ... သွားရ ... ပေါ့ . . "

ဦးတိုက်မောင်က မထီတရီအပြုံးနှင့် ကြက်သီး ... ကြည့်ကာ . . ပြောလိုက်သည်။ မြတ်လေးကလ ... အနား ... ရောက်လာခဲ့လေသည်။

"ငါ . . နင်ပြောတာကြားပြီးပြီ ကြက်သီး ပြောပြီး ... ပြန်တော့ . . "

ကြက်သီးက ခေါင်းငုံ့သွားသည်။





"ကျွန်တော် . . ဦးကို တောင်းပန်ပါတယ်၊ ဟိုတစ်ခါက သူကြီး ဦးဘဦးက ခိုင်းလိုက်လို့လုပ်ရတာပါ၊ ဦးရီးတို့ သူနဲ့ ... တ်သက်ပြီး အကြောင်းတစ်ခုခုသိထားတယ်လို့ထင်ပြီး ... ချောင်းနားထောင်ခိုင်းတာပါ . . "

"ဒါတွေကို ငါသိထားပြီးပါပြီ၊ ဒီကောင် ငါတို့အသက်ကို ရန်ရှာလိမ့်မယ်ဆိုတာလည်း ငါသိတယ် . . "

"ကျွန်တော့် ကိုယ်ထဲမှာ ဦးရီးပေးတဲ့အသက်ပဲရှိပါတယ်၊ ဦးရီးသာ ဖြေဆေးမပေးခဲ့ရင် ကျွန်တော်လည်း သေဘာကြာပြီ ... လောက်ဆို အရိုးဆွေးနေလောက်ပြီ၊ ကျွန်တော် တစ်ခုသတိ ပေးချင်တာက သူကြီး ဦးဘဦးဟာ ဦးရီးတို့သားအဖနဲ့ ကျော်စွာ့ကို လူ့လောကထဲက ထုတ်ပစ်ဖို့ကြံစည်ထားကြတယ်၊ ကျွန်တော် . . ဒီစကားကို အရဲစွန့်ပြီးတော့ ပြောရတာပါ၊ သူနဲ့တွေ့ရင် . . သတိထားပြီး ဆက်ဆံပါ . . "

ကြက်သီး၏စကားကြောင့် အံ့အားသင့်သွားခဲ့ကြသည်။ သူတို့ရှိလောက်သည့် စကားဟု လက်ခံမိသည်။

"ဩော် . . ဒီကောင်က သူ့အကြောင်းတွေကို ငါက သိလို့ . . မပြောသေးပဲနေတာတောင် လက်ဦးမှုကို ရယူဖို့ ကြိုးစားနေတာကိုး၊ အေး . . ကောင်းပြီ . . မင်း အခုလိုလာပြီး တစ်ချက်ခုတ်၊ နှစ်ချက်ပြတ်သဘောနဲ့ သတိပေးတာ ကျေးဇူး တင်ပါတယ် . . ငါ . . ညနေကျရင် လာခဲ့မယ်လို့ ပြောလိုက်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့. . ကျွန်တော့်ကို ခွင့်ပြုပါဦး. ."

ကြက်သီးက လေးစားသော အမူအရာဖြင့် လှည့်ထွက်သွားခဲ့သည်။

○ ○ ○

"ဝုတ်. . ဝုတ်. . ဝုတ်"

ခွေးဟောင်သံက သူကြီးဦးဘဦး၏ အိမ်ထဲမှ ထွက်ပေါ်လာခဲ့သည်။

"ဘယ်သူလဲ. . ဟေ့. ."

သူကြီး ဦးဘဦး၏ အသံပင်၊ ခြံအပြင်မှလူက. .

"ဘဦး. . ငါကွ၊ တိုက်မောင်း"

ဦးတိုက်မောင်း၏ အသံသြသြကြီးက ထွက်ပေါ်လာခဲ့သည်။ အသံကတိတ်ဆိတ်သွားသည်။ ခွေးဟောင်သံက ထပ်မံပေါ်လာခဲ့သည်။

"ဝုတ်. . ဝုတ်. . ဝုတ်"

ကြာမီ. . မီးတိုင်ခွက်နှင့်လူတစ်ယောက်က လျှောက်လာခဲ့သည်။ တံခါးဖွင့်သံကို ကြားလိုက်ရသည်။ မီးရောင်အောက်မှာ. . သူကြီးဦးဘဦးကို တွေ့လိုက်ရသည်။

"ငါက. . မင်းမလာတော့ဘူး ထင်လို့၊ ဘာဖြစ်လို့





ချက်ချင်းလိုက်မလာတာလဲ. ."

"ဟ. . ငါအလုပ်ပြီးမှ လာမှာပေါ့ကွ၊ မင်း ငါ့ကို တွေ့ရရင်ပြီးရော မဟုတ်လား. . ဆို ဘာကိစ္စလဲ. ."

"အိမ်ထဲကိုဝင်ဦး၊ ငါ. . အေးအေးဆေးဆေးပြောပြမယ်. ."

"ကောင်းပြီလေ၊ ဝင်ဆိုလည်း ဝင်ရတာပေါ့ကွာ"

ခြံထဲကိုဝင်လိုက်သည်။ ခွေးကို တိုင်တစ်တိုင်မှာ ကြိုးနှင့်ချည်ထားသည်။ ဦးတိုက်မောင်းကို မြင်လိုက်သော တစ်ချက်၊ နှစ်ချက်ထိုးပြီးတော့ ဟောင်လိုက်သေးသည်။ နောက်တော့. . ဘယ်လိုဖြစ်သွားသလဲ မသိ။ ဦးတိုက်မောင်း စိုက်ကြည့်လိုက်သည်နှင့် ချက်ချင်းငြိမ်ကျသွားသည်။ ထို့နောက် ဝပ်ကျသွားသည်။ နတ်ပူးသလို. . တစ်ကိုယ်လုံး တဆတ်ဆတ်နှင့်တုန်ရီနေကာ တအင်. . အင်ဖြင့် ညည်းသံပေးနေလေတော့သည်။ ခေါင်းပင် မဖော်နိုင်တော့။

သူကြီး ဘဦးသည် သူ့ခွေး. . ရုတ်တရက် အကြောက်လွန်သွားသည့်အတွက် အံ့အားသင့်သွားခဲ့ရသည်။ သူလည်း ဦးတိုက်မောင်းကို ထိတ်လန့်သွားမိလေသည်။

"ဟေ့ကောင် တိုက်မောင်း၊ မင်း. . ငါ့ခွေးကို ဘာလုပ်လိုက်တာလဲကွ. ."

"ငါ. . ဘာလုပ်လို့လဲ၊ မင်း ခွေးကိုမေးကြည့်ပေါ့၊



www.burmeseclassic.com

www.burmeseclassic.com



ငါလည်း ဘာသိမှာလဲ. . တဲ. . မင်း ငါ့ကို မေးမယ်ဆိုတာ မေး. ."

"ငါက. . မင်းကို မေးမယ်လို့ ပြောသေးလို့လား"

"ဘဦး၊ မင်း. . အပိုတွေလုပ်မနေစမ်းပါနဲ့ကွာ၊ မင်းရဲ့ ဦးနှောက်ထဲမှာရော. . စိတ်ထဲမှာရော. . ဘာတွေရှိနေသလဲ ဆိုတာ. . ငါသိတယ်. . ငါတို့သုံးယောက်ကို မင်း မသင်္ကာ ဖြစ်နေတာ မဟုတ်လား. ."

သူကြီး ဦးဘဦး အံ့အားသင့်သွားခဲ့ရသည်။ သူ့အတွေး နှင့်သူ့အကြံအစည်ကို တစ်စွန်းတစ်စများ သိနေပြီလား. .

"ငါ. . ငါက မင်းတို့ကို. ."

"နေဦး၊ မင်း. . မပြောနဲ့. . ငါပြောမယ် ဘဦး၊ တစ်ကယ်တော့ ဘာမှမဟုတ်ဘူး၊ ငါတို့ရွာမှာမရှိတာ. . တစ်နေရာကိုထွက်သွားပြီး ဓါးပြတိုက်၊ ခိုးဆိုးလုယက်တိုက်ခိုက် နေတယ်လို့ မင်းက လုပ်ဇာတ်သွင်းမလို့ မဟုတ်လား။ မင်းလုပ် ခဲ့တဲ့အပြစ်တွေကို ဖုံးကွယ်ပြီး ငါတို့အပေါ်ကို ပုံချမလို့ မဟုတ်လား. . ဘဦး၊ နောက်ဆုံး. . မင်း ငါတို့ကို အပြတ်ရှင်းဖို့ တောင်ဆုံးဖြတ်ပြီးပြီဆိုတာ ငါသိတယ်၊ ကိုင်း. . မင်းဘာပြော ချင်သေးသလဲ"

"ဟင်. ."

သူကြီးဘဦးသည် ဦးတိုက်မောင်းပြောလိုက်သည့်





ားကြောင့် အာစေးမိသွားသလိုဖြစ်သွားခဲ့ရသည်။ သူ့ ကြံအစည်မှန်သမျှ အားလုံးသိနေပါလား၊ မီးတိုင်ခွက်၏ ရောင်အောက်မှာ. . ဦးတိုက်မောင်း၏ မျက်လုံးအစုံသည် းစက်မောကျော့နေသည်။ အရောင်တလက်လက်ထွက် က်ရှိသည်။ ထိုမျက်လုံး၏အကြည့်ကို ဦးဘဦးကြောက်လာမိ ည်။ ရင်မဆိုင်ရဲ၊ ထို့ထက်ပိုပြီးတော့ ကြောက်မိသည်က လုပ်ခဲ့သည့် အပြစ်တွေဆိုသည့် စကားကြောင့်ပင်. .

"ငါ. . ငါက ဘာအပြစ်တွေများ လုပ်ခဲ့လို့လဲကွ၊ ဒီမှာ တ်မောင်း. . မင်းက ငါ့ကို ပြန်ပြီးတော့ ခြိမ်းခြောက်နေတာ းကွ၊ ငါဟာ သူကြီး၊ ခြောက်ရွာသူကြီး. . ငါ. . အားလုံးကို ်ချုပ်နေရတာ. . ငါ. . ဘာအပြစ်မှ မလုပ်ခဲ့ဘူး၊ သူခိုး ပြတွေကို ငါကိုယ်တိုင်ဖမ်းခဲ့လို့ သခင်ကြီးတွေက ငါ့ကို ည်ကောင်းလက်မှတ်နဲ့ သူကောင်းပြုခဲ့တာ. ."

"ထွီ၊ ခွေးပါးစပ်က နတ်စကားထွက်တယ်၊ မင်း. . ကြောင်းငါမသိဘူးများမှတ်လို့လား၊ ဇအေး. . မကြာတော့ဘူး၊ ဒဏ်မင်းခံရတော့မှာပဲ. . တဲ. . မင်း ငါ့ကို ဘာမေးမလို့လဲ . ငါ. . အချိန်မရှိဘူး"

"တိုက်မောင်း. . မင်းကများ ငါ့ကိုကြိမ်းလား၊ င်းလားနဲ့. . မင်းကို ငါသူငယ်ချင်းမို့လို့ ခွင့်လွှတ်လိုက်မယ် သွားတော့. ."



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီလေ၊ ခေါ်လည်း မင်းပဲ၊ နှင်လည်းမင်း
ပြောစရာမရှိဘူးဆိုရင်လည်း ပြန်မယ်၊ ဒါပေမယ့် မင်း
ငါမှာခဲ့မယ်၊ မင်း ငါတို့ကို မကောင်းကြံစည်နေတာ ရပ်မသွ
ဘူး၊ ငါသိတယ်. . အေးအေးဆေးဆေးနေရင် မင်း. .
ဘာမှမဖြစ်ဘူး၊ ခြေတစ်လှမ်းဆက်တိုးလာရင်တော့ ကို
သေတွင်းကိုယ်တူး တာနဲ့. . အတူတူပဲ၊ မင်းကြမ္မာငင်တော့မ
မကြာတော့ဘူး. ."

ဦးတိုက်မောင်းက ချာကနဲဆို လှည့်ထွက်သွားခဲ့သည
သူကြီး ဦးဘဦးသည် အံကိုတင်းတင်းကြိတ်ကာ ကျန်ရစ်ခဲ့
သည်။

"အဖေ. . ဟိုလူကြီးက အဖေ့ကို ဘာတွေခြိမ်းခြော
ခဲ့တာလဲ. ."

ဘထောင်က ခြံတံခါးမပိတ်မီ အပြင်ကပြန်လာခဲ့သည
ခြံထဲမဝင်မီ တစ်ယောက်တစ်ခွန်းပြောနေကြသည့်အသံများ
ကြားလိုက်ရ၍ မေးလိုက်ခြင်းပင်ဖြစ်သည်။ ဦးဘဦးသ
ပျာပျာသလဲဖြစ်သွားခဲ့သည်။

"မင်းလုပ်ခဲ့တဲ့ အပြစ်တွေကို ဖုံးကွယ်ပြီး ငါ့အ
ပုံချမလို့လားဆိုတာတွေရယ်. . ခြေတစ်လှမ်းဆက်တိုးလာ
ကိုယ့်သေတွင်းကိုယ်တူးတာနဲ့ အတူတူပဲ၊ မင်းကြမ္မာငင်
မယ်တဲ့၊ ဒါဘာစကားတွေလည်း အဖေ၊ အဖေဘာတွေလု





လို့. . သူက ဒီလိုစကားမျိုးတွေပြောရတာလဲ၊ ကျွန်တော်. .
သိချင်တယ်. ."

"ဟာ. . ဒီကောင် ငါ့ကို တမင်သက်သက်ခြိမ်းခြောက်
သွားခဲ့တာ၊ ငါသူကြီးအဖြစ်နဲ့ အုပ်ချုပ်နေတာကို ဒီကော
မနာလိုလို့လျှောက်ပြောနေတာ၊ ဒီမယ်သား ငါပြော
ဒီကောင်တွေရွာထဲမှာမနေပဲ ပျောက်နေတာ မင်းသိသလား

"ဟင့်အင်း မသိဘူး"

"အေး. . မင်းမသိပေမယ့် ငါသိတယ်၊ လာ. . ငါမင်း
ကိုတိုးတိုးပြောမယ်၊ ဒီလိုကွ၊ တိုက်မောင်းဆိုတဲ့ကောင်ဟာ
သိုင်းပညာအားကိုးနဲ့ သူ့သမီးကိုပါခေါ်ပြီး ရွာစဉ်လှည့်၊
ဓါးပြတိုက်နေတာ ဟိုအကောင် လူကြောက်ကျော်စွာကလည်း
အဖော်အနေနဲ့ ပါပါသွားတယ်. ."

"ဟာ. . ဟုတ်ပါ့မလား. . အဖေ. ."

"ဟုတ်တာမှ သိပ်ဟုတ်ပေါ့ကွာ၊ ငါစုံစမ်းပြီးပြီ၊
ဒီကောင်တွေကို ဖမ်းပြီးစစ်ရမယ်၊ ငါအထက်ကိုလည်း တင်ပြီးပြီ၊
သခင်ကြီးတွေရဲ့ ခွင့်ပြုချက်မကြာခင်ကျလာတော့မယ်၊
လောလောဆယ် ဟိုကောင်ကျော်စွာကို အရင်ဖမ်းပြီး စစ်ရမယ်"

"အဖေ့ဘက်က ကျိန်းသေရင်တော့ ကျော်စွာ့တာဝန်
ကျွန်တော်ယူတယ်၊ ဒီကောင် မိန်းမလျှာ၊ တစ်ချက်ရိုက်မစစ်ရ
ဘူး. . ပေါ်မှာပဲ. ."



www.burmeseclassic.com

www.burmeseclassic.com



"အေး. . မနက်ဖြန်ကျရင် ကျော်စွာ့ကို သွားဖမ်းကြ သိုသိုသိပ်သိပ်ရှိပေ့စေနော်၊ ဟိုအကောင်တိုက်မောင်းမသိစေ ကျော်စွာက ဒီကောင့်အချစ်တော်၊ ကျော်စွာ ငါ့လက်ထဲ ရောက်ရင် အညှာကိုင်လှုပ်လို့ရပြီ. . "

သူကြီးဦးဘဦး၏မျက်နှာသည် ပိုပြီးတော့ တင်းမာ လာခဲ့လေ၏။

○ ○ ○



(၁၈)

## အသက်သေးကြုံကြုံရပြီ

ကျော်စွာပိုင်သော ခြံကြီးသည် နာမည်ကြီးလျက်ရှိသည်။ လူမနေသော ခြံကြီးဖြစ်နေသောကြောင့်လည်း သတင်းတွေက အမျိုးမျိုးထွက်ပေါ်နေခြင်းပင်၊ ညဘက်တွင် ကညင်ပင်ကြီးအောက်မှာသော်လည်းကောင်း၊ ခြံထဲမှာသော်လည်းကောင်း ယောဂီဝတ်နှင့် အမျိုးသမီးတစ်ယောက် သွားလာနေသည်။ တစ်ခါတစ်ရံမှာ ကညင်ပင်ကြီးထက်မှ ဆင်းလာတတ်သည် ဟူ၍ပင်၊ ယခင်က ထိုသတင်းမျိုးထွက်ပေါ်လာခြင်းမရှိခဲ့. . တစ်ချို့ကလည်း မယုံကြည်ကြ။

"မဖြစ်နိုင်ပါဘူးကွာ၊ တစ်ချို့က ဒီခြံကြီးထဲဝင်ပြီး မဟုတ်မဟတ်တွေ လုပ်ချင်လို့ မဟုတ်တဲ့သတင်းတွေ လွှင့်ထား



www.burmeseclassic.com

တာပဲဖြစ်မှာပါ. . "

ထို့ကြောင့်. . မြင်ဖူး၊ တွေ့ဖူးခဲ့ကြသည့် လူတွေကလည်း ဇဝေဇဝါဖြစ်သွားခဲ့ကြရသည်။ မည်သို့ပင်ဆိုစေ၊ ထိုခြံကြီးထဲကို ကျော်စွာကလွဲ၍ မည်သူမှ မသွားရဲကြပေ။ ကျော်စွာကတော့ ထိုသတင်းများကိုကြားမိသော်လည်း ဥပေက္ခာပြုထားနိုင်ခဲ့သည်။ အံ့အားသင့်ခြင်းလည်း မဖြစ်မိ၊ ဂရုစိုက်ခြင်းလည်း မရှိခဲ့။

အဘယ့်ကြောင့်ဆိုသော် မိခင်မဝေသည် ကျော်စွာကို ထူးထူးခြားခြား အိပ်မက်ပေးထားခဲ့သောကြောင့်ပင် ဖြစ်သည်။

"သား၊ မင်းကို. . လူတွေက အန္တရာယ်လာပြုကြလိမ့်မယ်၊ သား. . သတိထားပြီးတော့နေပါ၊ သားအတွက် အန္တရာယ်ကြီးမားနေပြီ. . သူကြီး ဘဦးဟာ သားကိုမကောင်းကြံစည်နေတယ်၊ သတိမလစ်ပါစေနဲ့. . "

အိပ်မက်ထဲတွင် ရုက္ခစိုးမိခင်ကြီးက နှစ်ကြိမ်တိတိ အိပ်မက်ပေးသည်။

"အမေလည်း ပြုဖူးခဲ့တဲ့ကုသိုလ်ကံအဟုန်ကြောင့် မြင့်မြတ်တဲ့ဘုံဘဝကို သွားရတော့မယ်၊ အမေ မသွားမီ သားကို အစွမ်းကုန်အကူအညီပေးခဲ့မယ်၊ မအိပ်မနေ အသက်ရှည်တဲ့ သား. . အသက်သက်ရှည်ရှည်နေဖို့အတွက် နိုးနိုးကြားကြားနဲ့ အိပ်ပါ. . သားဆီကို အန္တရာယ်ကလာနေပြီ. . လာနေပြီ"





မိခင်သည် အိပ်မက်ထဲမှ ပျောက်ကွယ်သွားခဲ့သည်။ ော်စွာသည်လည်း ကညင်ပင်ကြီး၏အောက်မှာ အိပ်ပျော် ရာက ဖျတ်ကနဲဆို လန့်နိုးသွားခဲ့လေသည်။ ထိုအချိန်တွင် ဆီကို လူတစ်စုက ရောက်လာခဲ့ကြပြီတည်း၊ ပက်လက် နေအထားဖြင့် အိပ်နေစဉ်မှာပင်လျှင် ဘထောင်က ထောက်ဖြင့်ကန်ကာ နှိုးလိုက်သည်။ ကျော်စွာက အနိုး၊ ထောက်ဖြင့်ကန်သည့် အချိန်နှင့်တစ်ထပ်တည်း။

"ဟေ့ကောင် မိန်းမလျှာ၊ ထစမ်း. . "

ကျော်စွာ. . မျက်လုံးတွေ ဖွင့်ကြည့်မိလိုက်သည်။ ထောင်၊ ကြက်သီး၊ ကမားနှင့်တကွ ဂေါ်ရာပုလိပ်သုံးယောက် သူ့ကိုဝိုင်းရံထားကြသည်။ ကမား၏လက်ထဲတွင် အုန်းဆံ တစ်ချောင်းကိုကိုင်ထားသည်။ ကျော်စွာ့ကို တုတ်နှောင်ဖို့ သည်။ ကျော်စွာက ပက်လက်အနေအထားတစ်ယောက်စီ က်နှာကိုလိုက်ကြည့်နေသည်။ ကမား၏ လက်ထဲမှာလည်း င့်၊ အခြေအနေမကောင်းတော့ပြီကို ရိပ်စားမိလိုက်သည်။

"မင်းကို. . ငါက ထလို့ပြောနေတာ မကြားဖူးလား၊ ာင်ပေကပ်ကပ်နဲ့ နာချင်ပြီထင်တယ်"

"ငါ့ဘာသာ ငါ. . အေးအေးဆေးဆေးနေနေတာ၊ ို့က ငါ့ကို ဘာလုပ်ကြမလို့လဲ. . "

"အံမာ. . ပြန်မေးနေရသေးတယ်၊ ငါ့ကို ဒီသို



www.burmeseclassic.com

www.burmeseclassic.com



ဘယ်တုန်းက ပြန်မေးဖူးလို့လဲကွ၊ အေး. . မင်းမသိသေး
ငါပြောပြမယ်၊ ငါ့အဖေက မင်းကို ဖမ်းခိုင်းလိုက်တာ၊ ဟော်
သခင်ကြီးတွေလွှတ်လိုက်တဲ့ ပုလိပ်တွေလည်း ပါတ
အပြစ်ကတော့. . ခါးပြမှုပဲ. ."

"ခါးပြမှု၊ ဟုတ်လား. . ဒါတော့မင်းတို့ မှားနေကြ
ငါ. . အဲ့ဒီမကောင်းမှုတွေကို ဘယ်တော့မှ မလုပ်ဘူး. ."

ဘထောင်က ပုဝါနှင့် ထုတ်ထားသော အထုတ်
ထုတ်ကို ပြလိုက်သည်။

"ဟောဒီမှာ မင်းရဲ့ခြံထဲကရတာ. . ကျည်ဆံထ
မင်းဝှက်ထားတာ မဟုတ်လား၊ ဒါသက်သေပဲ. .
ဘာငြင်းချင်သေးသလဲ. ."

"ဟင်. . ဒါ ငါ့ပစ္စည်းမဟုတ်ဘူး၊ ငါ့ကို သက်သေ
အကွက်ဆင်ပြီးဖမ်းတာ၊ ငါ့ကို မတရားမလုပ်ကြပါနဲ့ကွာ
တောင်းပန်ပါတယ်. ."

"လုပ်တုန်းက လုပ်ပြီးတော့ ဘာအခုမှ တောင်
နေတာလဲ၊ မင်း. . ထစမ်း၊ ငါကိုယ်တိုင်ဆွဲထူမိရင် မင်းနာ
နော်. . ဟေ့ကောင်. ."

"ရှိကြီးခိုးပါရဲ့ကွာ၊ ငါတစ်ကယ်မကျူးလွန်ခဲ့လို့ပါ၊
မဖမ်းကြပါနဲ့. . မဖမ်းကြပါနဲ့ကွာ. ."

ကျော်စွာက ငိုယိုပြီးတော့ တောင်းပန်သည်။





"အံမာ. . မင်းက အခုမှ ဘူးကွယ်နေပြန်ပြီ၊ ဟေ့ကောင်
ကြက်သီးနဲ့ ကမား. . ဒီကောင့်ကို ကြိုးနဲ့တုတ်လိုက်စမ်းကွာ"

ပုလိပ်သုံးယောက်က ကျော်စွာ့ကို သေနတ်ဖြင့်
ချိန်ထားကြသည်။ ကြက်သီးကတော့ မလှုပ်မရှားရပ်နေဆဲ။
ကမားသည် လူစွမ်းကောင်းကြီးလုပ်ပြီး ကျော်စွာ့ကို ကြိုးဖြင့်
တုတ်ရန်ကိုယ်ပေါ်ကို လက်ကရောက်သွားခဲ့သည်နှင့်
မထင်မှတ်သော အခြေအနေတစ်ခုက ရုတ်တရက်ဖြစ်သွား
ခဲ့လေ၏။ ကျော်စွာ့လက်နှစ်ဖက်က ဘယ်ပြန်၊ ညာပြန်လှုပ်ရှား
လိုက်သည်။ လက်ဖျံနှစ်ချောင်းသည် ကြက်ခြေခတ်လွှဲခတ်
သွားခဲ့ကြသည်။

"ဖြောင်း. . ဖြောင်း"

"အား"

ကမား၏ နရင်းနှစ်ဖက်စလုံး ပူထွက်သွားခဲ့ရသည်။
မျက်လုံးထဲမှာလည်း မီးပွင့်ထွက်သွားခဲ့ကာ ပစ်လဲကျသွားခဲ့လေ
၏။ တစ်ဆက်တည်းမှာပင် ကျော်စွာလည်း ပက်လက်အနေ
အထားမှ ခုန်ထလိုက်သည်။

"ဖြောင်း"

"ဖြောင်း"

"အင့်. ."

"အား"



www.burmeseclassic.com

www.burmeseclassic.com



ဒူး၊ ခြေ၊ လက် အစုံက ဂေါ်ရာပုလိပ်သုံးယောက်ဆီကို တစ်ပြိုင်တည်း ဝင်သွားခဲ့ကြကာ သေနတ်တွေလည်း လွင့်ထွက်သွားခဲ့ကြရသည်။ အားလုံးခွေကနဲလဲကျသွားခဲ့ကြလေသည်။ ဘထောင်သည် ကျော်စွာ၏ မမျှော်လင့်သော တုန့်ပြန်မှုကို မယုံကြည်နိုင်လောက်အောင်ပင် ဖြစ်သွားခဲ့ရသည်။

"ဟော့ကောင်. . မင်း. . မင်း"

ဘထောင်သည် စလွယ်သိုင်းထားသော ကျောထက်ရှိ ဓါးအိမ်ထဲမှ ဓါးရှည်ကို ဆွဲထုတ်လိုက်သည်။

"မင်းက. . ကြောက်ကန်ကန်ပြီး. . ခုခံတယ်ပေါ့၊ ဟုတ်လား. . အေး. . မင်းကို အသေမိလည်း ငါ့ဘာပြဿနာမှ မတက်ဘူး၊ ဟိုလူကြီး တိုက်မောင်းရော၊ မင်းကော. . မြတ်လေးကော ဆုငွေထုတ်ထားပြီးပြီ၊ ကိုင်း. . ဘုရားတရားသာ အောက်မေ့ပေတော့. ."

ပြောပြောဆိုဆို ဓါးကိုမြှောက်ကာ ကျော်စွာ့ကို အသေခုတ်ချလိုက်သည်။ ကျလာသော ဓါးချက်ကို ကျော်စွာက သွက်လက်စွာပင် ရှောင်တိမ်းလိုက်သည်။ တစ်ပြိုင်တည်းမှာပင် ကညင်ပင်ရင်းမှာ ထောင်ထားသော ဓါးရှည်ကို ကျော်စွာက ဆွဲယူလိုက်သည်။ နောက်တစ်ချက်. . ဓါးချက်က ဘထောင်ဆီက ကျအလာမှာ. . သူ၏ဓါးဖြင့် ဆီးခံလိုက်သည်။

"ထန်. . ထန်. ."



သံသံချင်းငြင်းထန်စွာ ထိခတ်သွားခဲ့သည်။ မီးပွင့်သွားသည်။ လူချင်းပူးကပ်သွားသည်နှင့် ကျော်စွာက ဘထောင်၏ ရင်ဝကို ဆောင့်ကန်ထည့်လိုက်သည်။

"အင့်. ."

ဘထောင်. . အင့်ကနဲဖြစ်သွားကာ ယိုင်ထွက်သွားသည်။ လက်ထဲမှ ဓါးလည်းလွတ်ကျသွားခဲ့သည်။ ဘထောင် ရင်ဝမှာ နာကျင်သောဝေဒနာကို ခံစားလိုက်ရရင်း ကျော်စွာ့ကို အံ့အားသင့်စွာဖြင့် ကြည့်မိလိုက်သည်။ အရင်ကျော်စွာ မဟုတ်တော့၊ သတ္တိသွေးတွေရှိလာကာ ကိုယ်ခံပညာလည်း တစ်ဖက်ကမ်းခတ်တတ်မြောက်ထားပုံရသည်။

"ဟော့ကောင် ဘထောင်၊ ငါ. . မင်းတို့အနိုင်ကျင့်ချင်တိုင်းကျင့်လို့ရတဲ့ ကျော်စွာမဟုတ်တော့ဘူးကွ၊ မင်း. . ငါ့ကို အသေသတ်နိုင်ရင်သတ်၊ မင်း. . ငါ့ကို မသတ်နိုင်ရင်. . ငါ မင်းကိုသတ်မယ်. ."

ကျော်စွာ့အသံကြီးက ဟိန်းထွက်သွားခဲ့သည်။ ဘထောင်ပင်လျှင် ထိတ်လန့်သွားခဲ့ရသည်။ ကျားဟိန်းသံကြီး ထွက်လာသည့်အတိုင်းပင်တကား။

ထိုစဉ်. .

ကမားသည် လဲကျနေရာမှ ခါးကြားထဲမှ ဓါးမြှောင်ကို ထုတ်ကာ ကျော်စွာ၏ ကျောဘက်မှ မဆင်မခြင်ပြေးဝင်လာ

www.burmeseclassic.com



ခဲ့သည်။ ကျော်စွာက နားပါးသည်။ နောက်ကိုဆတ်ကနဲဆို လှည့်လိုက်ပြီး ဓါးဖြင့်ပွတ်ဆွဲဆွဲလိုက်သည်။

"အား. ."

"သွားစမ်း၊ ချစ်တီးအာလာကပွတပည့်. ."

ကမားမှာ လည်မင်းမှာ အစင်းကြောင်းကြီးဖြစ်သွားပြီး မျက်လုံးကြီးအပြူးသားနှင့် ပက်လက်လန်ကျသွားသည်။ ဂေါ်ရာပုလိပ်သုံးယောက်က သေနတ်များကို ကောက်ယူလိုက်ကြပြီး ကျော်စွာကို ပစ်ခတ်ရန် ထိုးချိန်လိုက်ကြသည်။

"ဟိတ်ကောင်တွေ. ."

မထင်မှတ်ပဲ ထွက်ပေါ်လာသောအသံနှင့်အတူ လူနှစ်ယောက်က ခုန်ဝင်လာခဲ့ကြသည်။ ဦးတိုက်မောင်းနှင့် မြတ်လေးတို့ပင်၊ ပုလိပ်များ၏ အလယ်ကိုကျသွားခဲ့ရပြီး ဓါးချက်တွေက လျှပ်ပြက်သွားခဲ့ကြသည်။

"ဝုစ်. ."

"ဝုစ်. ."

"အား"

"အား"

ဂေါ်ရာပုလိပ်တွေ ဓါးချက်မိသွားခဲ့ကြပြီး တဘိုင်းဘိုင်းနှင့်ပစ်လဲပြီးကျသွားခဲ့ကြသည်။ ဘထောင်သည် ဘာလုပ်လို့ လုပ်ရမှန်းပင် မသိရှာတော့၊ အခြေအနေက သူထင်သလိုဖြစ်မလာ





အားလုံးလွဲခဲ့ပြီ. .

"ငါ. . ဒီလိုအခြေအနေမျိုးဖြစ်လာလိမ့်မယ်ဆိုတာ သိလို့. . ကြိုတင်ပြီး ပြင်ဆင်ထားခဲ့တာ၊ အခုတော့. . မင်းတို့က နှာတစ်ဖျားဦးသွားခဲ့တာကိုး၊ ကျော်စွာ ဒီဘက်ကို လာခဲ့. ."

ကျော်စွာသည် ဦးတိုက်မောင်းနှင့် မြတ်လေးတို့ဆီကို လျှောက်သွားခဲ့သည်။ ဘထောင်မှာ မြေပြင်ထက်မှာ လူးလိမ့်နေကြသော ဂေါ်ရာပုလိပ်သုံးဦးနှင့် ကမားကို စိတ်မသက်သာစွာဖြင့် ကြည့်မိလိုက်သည်။ ထို့နောက်. . ကြက်သီးဆီကို အကြည့်က ရောက်သွားခဲ့သည်။

"မင်းက ဘာဖြစ်လို့ ငါ့ကိုဝင်ပြီး မကူတာလဲကွ၊ ဘာလည်း မင်း သူတို့ကို သိပ်ကြောက်နေသလား. . ဟင် ကြက်သီး. ."

"ဒီမှာ ဘထောင်၊ ငါ. . ငါ ဒီလိုမတရားတဲ့ကိစ္စမျိုးမှာ ဝင်ပြီး မပါချင်တော့ဘူးကွာ၊ မင်းခေါ်လို့သာ လိုက်လာခဲ့ရတာ"

"ဟင်. . မင်း မင်း သစ္စာဖောက်"

ဘထောင်သည် ကြက်သီးကို ရန်ရှာမည်ပြုလိုက်သည်နှင့်. .

"ဟေ့ကောင်. . သား၊ ဘထောင် မလုပ်နဲ့. ."

သူကြီးဦးဘဦးသည် လူစိမ်းငါးယောက်နှင့်အတူ ရောက်လာခဲ့သည်။ လက်ထဲမှာလည်း နှစ်လုံးပြူးသေနတ်များ



www.burmeseclassic.com

www.burmeseclassic.com



ကိုကိုင်ထားသည်။

[ထိုလူစိမ်းငါးယောက်သည် သူကြီးဦးဘဦးအုပ်ချုပ်သော ရွာတစ်ရွာစီမှ ဖြစ်ကြသည်။ လူကောင်းများ မဟုတ်ကြချေ]

"ငါရောက်မလာရင် ပွဲကမပြီးဘူးပေါ့။ ဟုတ်လား ဟော့ကောင် တိုက်မောင်း၊ မင်းက ဓါးပြတိုက်၊ လူသတ်လုပ်နေ တဲ့ကောင်၊ အထက်အမိန့်အရ မင်းကိုလာဖမ်းကြတဲ့လူတွေကို ပြန်ပြီးခုခံသလားကွ၊ မင်းတို့ကို ကြီးလေးတဲ့အပြစ်ပေးရမယ် အဲ့ဒါကတော့ သေဒဏ်ပဲကွ၊ မင်းတို့ကို ငါကိုယ်တိုင် စီရင်မယ်. ."

သူကြီးဦးဘဦးသည် သူတို့နှစ်ယောက်စလုံးကို သေနတ် ဖြင့်ချိန်ထားလိုက်သည်။ သူနှင့်အဖော်ပါလာကြသော လူစိမ်း ငါးယောက်တို့သည်လည်း ခြောက်လုံးပြူးသေနတ်ကိုယ်စီ ကိုင်ကာ ဦးတိုက်မောင်းတို့သုံးယောက်ကို ချိန်ထားလိုက်ကြ လေ၏။

"ကျော်စွာနဲ့ သမီးတို့. . ငါ့နောက်မှာ လာနေကြ"

ဦးတိုက်မောင်းက သူတို့နှစ်ယောက်ကို သတိပေး လိုက်သည်။

"အဖေ. . သတိထားနော်၊ ဒီလူကြီးက သမီးတို့ ရမယ်ရှာနေတာ၊ တစ်ကယ်လုပ်ချင်လုပ်မှာ. ."

"ဒီကောင်. . ငါ့ကို လုပ်ဝံ့သလား၊ မလုပ်ဝံ့သလား



ဆိုတာ ခုသိရမယ်. . ဟော့ကောင် ဘဦး၊ ကိုယ်ကျူးလွန်ခဲ့တဲ့ အပြစ်တွေကို သူများအပေါ်ပုံချတာ အင်မတန်ယုတ်မာတဲ့ အလုပ်ပဲကွ၊ မင်းက ကျော်စွာ့မိဘနှစ်ပါးကိုလည်း သတ်ပစ် ခဲ့တယ်၊ မင်းကိုယ်တိုင်လည်း ဓါးပြမှုကို ကျူးလွန်ခဲ့တယ်၊ အဲ့သလို ကျူးလွန်ခဲ့ပြီးရင် ကိုယ်နဲ့အတူတူ ကျူးလွန်ခဲ့တဲ့လူတွေကို သတ်ပစ်လေ့ရှိတယ်၊ နောက်ကြောင်းတွေပေါ်ကုန်မှာစိုးလို့ ပေါ့ကွာ၊ ပြီးတော့. . အဲ့ဒီလူတွေကို မင်းကပြပြီး ဓါးပြတွေပါ လို့ပြောမယ်၊ လူသေတွေကတော့ ငြင်းချက်လည်း မထုတ်နိုင် တော့ဘူး၊ မင်းအပေါ်မှာလည်း တုန့်မပြန်နိုင်တော့ဘူး. .

မင်းကတော့ မျက်နှာဖြူတွေပေးတဲ့ နာမည်ကောင်း လက်မှတ်ရပြီး ငြိမ်းနေတာပေါ့ကွာ. ."

ဦးတိုက်မောင်း၏ပစ်မှတ်က လူစိမ်းငါးယောက်ဆီကို တန်းကနဲဝင်သွားခဲ့သည်။ ထိုသူ. . ငါးယောက်တို့သည် ဦးဘဦး ကို. . မယုံသင်္ကာဖြင့် လှည့်ကြည့်လိုက်ကြသည်။ မျက်နှာ အသီးသီးက အံ့ဩသွားခဲ့ကြသည့်ဟန်များ. .

သူကြီးဦးဘဦးသည်လည်း ဦးတိုက်မောင်း၏ စကား ကြောင့်. . ရင်ထဲမှာ ပူကနဲဖြစ်သွားခဲ့ရသည်။ သို့သော်. . ဟန် ကိုယ်ဘို့ဆိုသလို. .

"မင်း. . ငါ့ကို လုပ်ဇာတ်ခင်းပြီး ဒီလိုစွပ်စွဲချင်တိုင်း စွပ်စွဲလို့ရမှာလားကွ၊ ဟော့ကောင်. . မင်းတပည့်ရဲ့ခြံထဲမှာ

www.burmeseclassic.com



ဝှက်ထားတဲ့ကျည်ဆန်ကို ငါတို့ရှာဖွေဖော်ထုတ်ပြီးပြီ၊ အေးအေးသက်သာသာ. . အဖမ်းခံပေတော့. .

ကဲ. . မင်းတို့. . သူတို့သုံးယောက်ကို လက်ပြန်ကြိုးတုတ်၊ ရွာပြင်ကိုထုတ်လာခဲ့ကြကွာ. . ငါ့မှာ စီရင်ပိုင်ခွင့်ရှိတယ်ကွ. . ”

သူကြီးဦးဘဦးက သူတို့သုံးယောက်ကို အပြတ်ရှင်းပစ်တော့မည်။ ကိစ္စပြီးလျှင်. . ဓါးပြတွေပါဟု မျက်နှာဖြူသခင်ကြီးများကို လုပ်ဇာတ်ခင်းကာ တင်ပြတော့မည်။ သူကြီးဦးဘဦးက သူတို့သုံးယောက်စလုံးကို နှစ်လုံးပြူးသေနတ်ကြီးဖြင့်ချိန်ထားသည်။ ကျန်. . လူစိမ်းငါးယောက်က ခြောက်လုံးပြူးများနှင့် အသီးသီးချိန်ထားကြပြီး တရွေ့ရွေ့တိုးလာနေကြသည်။

ဦးတိုက်မောင်းသည် သူတို့အားလုံးကို စူးစိုက်ပြီးတော့ကြည့်နေသည်။ မလှုပ်မရှား မျက်တောင်မခတ်ပဲ ရပ်လျက်ရှိသည်။ ငါးယောက်စလုံး၏ မျက်လုံးများနှင့် ဦးတိုက်မောင်း၏မျက်လုံးများသည် ဆုံမိသွားခဲ့ကြသည်။

ထိုစဉ် လူငါးယောက်၏ ခြေလှမ်းများသည် ရုတ်တရက်ရပ်တံ့သွားခဲ့ကြသည်။ ချက်ချင်းပင် သူကြီးဦးဘဦးဘက်ကိုမျက်နှာတွေ ပြန်လှည့်လိုက်ကြသည်။ သေနတ်များဖြင့် ထိုးချိန်လိုက်ကြလေ၏။





“ဟော့. . ဟော့ကောင်တွေ မင်း. . မင်းတို့၊ ဒါ. . ဒါဘာလုပ်ကြတာလဲ. . ”

“ခင်ဗျားကို မယုံဘူး. . လုံးဝမယုံဘူး”

“ဟာ. . ဟိုကောင်ပြောတိုင်း၊ မင်းတို့က ယုံလိုက်ကြတာကိုး၊ ငါ့နာမည်ကို သက်သက်မယ့် ဖျက်တာ၊ မင်းတို့ငါ့လူတွေဖြစ်ပြီး သူများပြောတဲ့စကားကို အယုံလွယ်ရသလား. . ”

“ခင်ဗျားကို မယုံဘူး၊ ကျွန်တော်တို့ကို. . အပျောက်ရှင်းပစ်မှာ ကျိန်းသေတယ်၊ မယုံဘူး. . ”

“ဟုတ်တယ် မယုံဘူး. . မယုံဘူးကွ. . ”

တစ်ယောက်စကားကို တစ်ယောက်က သံယောင်လိုက်ပြီးတော့ ပြောနေကြသည်။ စကားသံတွေက မှုမမှန်၊ မယုံဘူးဆိုသည့်စကားကိုပင် ထပ်တလဲလဲပြောနေကြသည်။ မည်သို့သော အကြောင်းကြောင့် ထိုသို့ပြောင်းလဲသွားကြသည်ကို မည်သူမှ မသိကြပေ။

[ရုတ်တရက်ပြောင်းလဲသွားခဲ့ကြသော သူတို့၏အမူအရာများသည် မိမိကိုယ်ကို မသိကြတော့သလို. . အိပ်မွေ့ချထားခြင်းခံကြရသလို ဖြစ်နေကြသည်]

“ဟော့. . ဟော့ကောင်တွေ၊ မင်းတို့၊ မင်းတို့. . ငါ. . ငါ့ကို ဘာလုပ်ကြမလို့လဲ. . ”



www.burmeseclassic.com

www.burmeseclassic.com



သူကြီး ဦးဘဦး မျက်သလဲဆန်ပျာ ဖြစ်နေစဉ်မှာ

"ဖြောင်း"

"ဂျွတ်. . ဂျွတ်. . ဂျွတ်"

ကညင်ပင်ကြီးသည် ရှုတ်တရက်ယိမ်းထိုးကာ လှုပ်

လာခဲ့သည်။ အောက်ခြေအမြစ်ပိုင်းက စပြီး မြေသားမျာ

တက်လာခဲ့သည်။ သူတို့အံ့အားတသင့်နှင့် ကြည့်နေကြဆဲမှာ

အောက်ကိုအမြစ်မှ ကျွတ်ထွက်သွားကာ. . လဲကျသွားခဲ့

တော့သည်။

"ဟာ. . ကညင်ပင်ကြီး၊ လဲကျလာပြီ. . ကျလာပြီ

ဦးဘဦးက အလန့်တကြားဖြင့် အော်လိုက်လေ

ထို့နောက်. . ထွက်ပြေးသည်။ အားလုံးထွက်ပြေးကြသည

မလွတ်ကြပါ။ ကြီးမားသော ကညင်ပင်ကြီးသည် သူတို့အ

ကိုလဲကျသွားခဲ့လေကော့သည်။

"အား. ."

"အား. ."

"ဘုံး"

ငယ်သံပါအောင် အော်ဟစ်လိုက်ကြသံများ

ပွက်ပွက်ညံသွားခဲ့ကြလေသည်။ ပြေးမိပြေးရာပြေးသေ

ကမားကို သစ်ကိုင်းတုတ်တုတ်ကြီးက ရိုက်ခတ်သွားခဲ့လေ

"ဖြောင်း"





"အား. ."

ကမားရော၊ ဘထောင်ပါ လွင့်ထွက်သွားခဲ့သည်။ သစ်ကိုင်းစ ထိခတ်မိသွားသော ကမား၏ဗိုက်ကို ထုတ်ချင်း ခတ်ဝင်သွားခဲ့သည်။

"အား. ."

ဘထောင်ကိုလည်း သစ်ကိုင်းတုတ်တုတ်ကြီးတစ်ခုက အပေါ်မှပိနေလေသည်။ မည်သို့မှ ရုန်းထွက်၍မရတော့၊ ပေါင်တစ်ချောင်းကား သွင်သွင်ကျိုးသွားခဲ့လေပြီတည်း။ ဦးဘဦးနှင့် ဒုစရိုက်သားငါးယောက်နှင့် ပုလိပ်များကတော့ ကညင်ပင်ကြီးအောက်ကို လုံးဝရောက်သွားခဲ့ကြသည်။

ထိုစဉ် နယ်ခြံ့ပုလိပ်အင်စပက်တာနှင့် ပုလိပ်သားများက. . သူတို့ဆီကို ရောက်လာခဲ့ကြသည်။ မမျှော်လင့်သော အဖြစ်အပျက်များကို မြင်လိုက်ကြရ၍ အံ့အားသင့်သွားခဲ့ကြလေသည်။

"ငါတို့ကို ဖမ်းဖို့လာတာ၊ ရှင်းလို့ရမှာ မဟုတ်ဘူး. . လာ. . လာကြ"

ဦးတိုက်မောင်းက အခြေအနေကို သုံးသပ်မိလိုက်သည်။ ထို့နောက် ထိုနေရာမှ လျှင်မြန်စွာဖြင့် ထွက်လာခဲ့ကြလေသည်။

"ဟာ. . ဟိုမှာ. . ပြေးပြီဟေ့"



www.burmeseclassic.com

www.burmeseclassic.com



မြန်မာစကားပြန်တစ်ယောက်က မြင်သွားပြီ အော်လိုက်သည်။

“လိုက်ကြ . . လိုက်ကြ၊ ဒါသူကြီးပြောတဲ့ ခါးပြ ဖြစ်မှာပဲ . . ”

နောက်မှ လက်နက်တွေကိုယ်စီဖြင့် ပြေးလိုက်သွား ကြသည်။ ကြက်သီးသည်လည်း ရောယောင်ပြီး ဦးတိုက်မောင်းတို့၏နောက်မှ ပြေးလိုက်သွားသည်။

“ကျွန်တော့်ကိုလည်း မထားခဲ့ပါနဲ့၊ လိုက်ခဲ့ပါရစေ . . လိုက်ခဲ့ပါရစေ . . ”

“ဟေ့ကောင် ကြက်သီး၊ မင်းက ဘာကြောင့် ငါ နောက်ကလိုက်လာခဲ့ရတာလဲ . . ပြန်လေကွာ . . ပြန်”

“ကျွန်တော် . . ပုလိပ်တွေကို ကြောက်တယ်ဦး ကျွန်တော့်ကိုလည်း ဖမ်းကြလိမ့်မယ်လို့ ထင်တယ်၊ မမော ထုတ်ပါနဲ့ . . လိုက်ခဲ့ပါရစေ . . ”

“ဟာ . . ဒီကောင် ခက်နေပြီ၊ မင်းနဲ့ဘာဆိုင်လို့ မင်းကို ဘာဖြစ်လို့ ဖမ်းရမှာလဲ . . ”

ကြက်သီးကို ဘယ်လိုပင် တားဆီးသော်လည်း မရ အခြောက်တိုက်ကြီး အကြောက်ကြီးက လိုက်လာခဲ့သည်။

“ကိုင်း . . ဒါလောက်လိုက်ချင်တဲ့ကောင်၊ လိုက်ခဲ့တ လိုက်ခဲ့တော့ . . ”





နောက်မှာ နယ်ချဲ့ပုလိပ်များကလည်း တောက်လျှောက် ကိုက်လာခဲ့ကြပြီဖြစ်သည်။ ဦးတိုက်မောင်းတို့ ဦးတည်ပြီး ပြေးဝင်သွားကြသောနေရာသည်ကား ကျောက်ပလ္လင်တောကြီး ပင်တည်း။

“ဒီလူတွေကို မျက်ခြေဖြတ်ပစ်ရမယ်၊ ဘဦးက . . ကောက်ကြဲထားလို့ ငါတို့ရှင်းပြဖို့ အခွင့်အရေးမရှိတော့ဘူး၊ ရာမှာတင် ပစ်သတ်ခံရမှာ ကျိန်းသေတယ် . . ”

ကြက်သီးကိုလည်း သိပ်မယုံကြပေ၊ နယ်ချဲ့ပုလိပ်များ၏ မ်းပြဖြစ်နိုင်သည်။ ထို့ကြောင့် . . နောက်က မလိုက်စေပဲ ရှေ့ကပြေးစေသည်။

“ကြက်သီး . . မင်း ရှေ့ကပြေး . . ”

အကြောင်းရင်းကို မသိသော ကြက်သီးက ဦးတိုက် မောင်းခိုင်းသည့်အတိုင်း ရှေ့ကပြေးသည်။ နောက်မှလိုက်လာ သောသူများသည် နယ်ချဲ့ပုလိပ်များနှင့် စကားပြန်သာ တ်ကြပေ။ ဦးတိုက်မောင်းတို့ကို အထင်မှား၊ အမြင်မှား နေကြသော ရွှေကျော်ကြီးရွာသူရွာသားများလည်း ပါလာ ကြသည်။ သူတို့၏ လက်ထဲမှာ လက်နက်အစုံအလင်နှင့်ပင်။

“ရွှေကျော်ကြီးရွာသားတွေဟာ သူကြီးဦးဘဦးရဲ့ မှိုင်းမိ သွားခဲ့ကြပြီ၊ သူတို့လည်း ဦးတို့ကို မကောင်းမြင်သွားခဲ့ကြ သက်အန္တရာယ်ရန်ရှာကြမှာ ကျိန်းသေတယ် . . ”



www.burmeseclassic.com

www.burmeseclassic.com



ကြက်သီးက ပြေးရင်းနှင့်ပြောသည်။ လူအုပ်ကြီးသည် ညာသံပေးပြီးတော့ နောက်မှ လိုက်လာခဲ့ကြသည်။

"ဒီ. . မါးပြတွေကို တွေ့ရာသချိုင်းမါးမဆိုင်းပဲ နေရာမှာတင်. . အသေသတ်ပစ်ကြ. . "

"ဟော့ကောင် ကြက်သီး၊ ဘယ်ဘက်ကိုချိုး. . မြန်မြန်"

သူတို့သည် ချုံနွယ်များဖုံးအုပ်နေကြသော ဘယ်ဘက် လမ်းကိုတိုးဝင်သွားခဲ့ကြသည်။ ချုံနွယ်များက ပြန်အုပ်သွား ခဲ့ကြသောအခါ လမ်းလည်းပျောက်သွားခဲ့လေသည်။

○ ○ ○

နောက်မှလိုက်လာခဲ့ကြသော နယ်ချဲ့ပုလိပ်အင်စပက် တာနှင့် ပုလိပ်သားများသည် ရွှေကျော်ကြီးရွာသားများလည်း ပါလာခဲ့ကြသည်။ အပြေးလိုက်လာခဲ့ကြရာမှ ခြေလှမ်းတွေ ရုတ်တရက်ရပ်တဲ့လိုက်ကြသည်။

"ဟောဒီနေရာမှာ ပျောက်သွားကြတယ်၊ လူဖြန့်ပြီး လိုက်ရှာကြစမ်း. . "

အင်စပက်တာက ခက်ထန်သောလေသံကြီးဖြင့် အမိန့် ပေးလိုက်သည်။ သူလည်း တောက်လျှောက်လိုက်လာခဲ့ရ မောဟိုက်လျှက်ရှိနေလေပြီ။ ထိုနေရာသည် သစ်ပင်များလည်း ထူထပ်သည်။ ပင်ကိုင်း၊ ပင်ရွက်တွေကလည်း တစ်ပင်နှင့်တစ်ပင်



က်ကာ ထပ်လျက်ရှိကြသည်။

ထိုစဉ် လွန်စွာမှမွှေးကြိုင်သော အနံ့ကို ရလိုက်ကြ ည်။ ထိုရနံ့သည် လေသင့်ရာလိုက်ပါလာခဲ့ခြင်းပင်ဖြစ်သည်။ ုတ်တရက်လည်း မိုးအုပ်သလိုဖြစ်သွားခဲ့ရသည်။ ပတ်ဝန်းကျင် စ်ခုလုံး ညနေ. . မိုးချုပ်စကာလကဲ့သို့ မှောင်ရီသန်းသွား လေ၏။ ယင်းအမွှေးရနံ့သည် ပန်းပေါင်းဆီရနံ့ကဲ့သို့သော် ည်းကောင်း၊ သစ်ခေါက်တစ်မျိုးမှ ဖော်စပ်ရသော ရနံ့မျိုးနှင့် ည်း မတူပေ။

"ဟူး. . ဟူး. . ဟူး"

"ဟဲ. . ဟဲ. . ဟဲ"

လေတိုက်သံလိုလို၊ လျှင်တော်လဲသံလိုလို၊ သံများက ထွက်ပေါ်လာခဲ့ကြသည်။ သို့သော်. . လေလည်း တိုက်၊ လျှင်လည်းမလှုပ်ပါ။ အသံတွေကတော့ ဆက်တိုက် ကြားလာခဲ့ရသည်။ တိုး၍. . တိုး၍ မှောင်လာခဲ့သည်နှင့် ညီ အားလုံး၏စိတ်အာရုံများသည်လည်း ညိုးငယ်သွားကြ သလိုခံစားလိုက်ကြရလေသည်။

ထိုစဉ်. .

"ဗွီ. . ဗွီ. . ဗွီ. . ဗွီ. . "

လေထဲမှာ. . အရိပ်သဏ္ဌာန်နှစ်ခုက လျှင်မြန်သော ဟုန်ဖြင့် ပစ်ဝင်လာခဲ့သည်။ ငှက်ဂဠုန်ကြီးတစ်ကောင်လို၊

www.burmeseclassic.com

www.burmeseclassic.com



လူပုံလိုလို. . မသဲမကွဲသဏ္ဌာန်ကြီးဖြစ်ပြီး လက်ထဲမှာလည်း အရှည်တစ်လံကျော်ကျော်ခန့်ရှိ တုတ်တံကြီးတစ်ချောင်းကို ပခုံးထက်မှာ ထမ်းထားသည်ဟု ထင်မိလိုက်ကြရသည်။

မျက်တောင်တစ်ခတ်စာအတွင်းမှာပင် ထိုသဏ္ဌာန်သည် သူတို့ကိုယ်ပေါ်ကို ရောက်လာကြပြီး. .

"ဖြောင်း. . ဖြောင်း"

"အား"

"အား"

မျက်နှာဖြူအင်စပက်တာ၏ မျက်နှာကို သိမ်းကျုံးပြီးတော့. . ရိုက်ထည့်လိုက်သည်။ ထို့နောက်. . အခြားသဏ္ဌာန်တစ်စုက ကျန်ပုလိပ်များကိုလည်း ရိုက်ထည့်လိုက်သည်။ စကားပြန်နှင့်တကွ၊ အခြားရွာသားများကိုလည်း တောင်ဝှေးလိုလို၊ တုတ်တံလိုလို. . အရာဖြင့် တရစပ်မွှေကာ လိုက်ရိုက်နေလေရာ. . မြေပြင်ထက်မှာ ဘိုင်းကနဲ. . ဘိုင်းကနဲ ပစ်လဲကျကုန်ကြလေတော့သည်။

"ဟာ. . ဘာကြီးလဲ ဘာကြီးလဲ ငါတို့ကို လိုက်ရိုက်နေတာ"

မျက်နှာဖြူအင်စပက်တာက သွေးရူးသွေးတမ်းဖြင့် မေးလိုက်လေရာ. . မည်သူမှ အဖြေမပေးနိုင်ကြမီ. . နောက်ထပ်ရိုက်ချက်များက သူ့ကိုယ်ပေါ်ကို တဖြောင်းဖြောင်းနှင့် ကျလာခဲ့ကြလေသည်။





မှောင်ရီရီထဲမှာ မထင်မရှားသဏ္ဌာန်နှစ်ဦး၏ ရုပ်သွင်ကိုသဲကွဲစွာမမြင်ကြရသော်လည်း ဇော်ဂျီတစ်ဦး၏ သဏ္ဌာန်နှင့် အတော်လေးကို တူညီနေသည်ဟု တစ်ချို့ကထင်မိကြသည်။ တစ်ချို့ကတော့ မနုဿလူပုံလိုလို၊ လူတစ်ပိုင်း၊ ငှက်တစ်ပိုင်း သတ္တဝါများလိုလို. . ထင်မိထင်ရာတွေလျှောက်ပြီး ထင်ကုန်ကြလေတော့သည်။

တုတ်တံ၊ သို့မဟုတ်၊ တောင်ဝှေးလိုလိုအရာဖြင့် အရိုက်ခံကြရသူများသည် မီးစဖြင့် အထိုးခံရသလိုသော်လည်းကောင်း၊ ကျင်စက်မိသကဲ့သို့သော်လည်းကောင်း၊ မချိမဆန့် ခံစားလိုက်ကြရပြီး. . တစ်ယောက်ပြီးတစ်ယောက်ပစ်လဲကျကုန်ကြကာ တစ်ချို့သတိလစ်ကုန်ကြသည်။ တစ်ချို့ မေ့လဲသွားခဲ့ကြသည်။ တစ်ချို့လည်း ထွက်ပြေးသွားခဲ့ကြလေသည်။

ထူးခြားချက်ကတော့ အားလုံး၊ ရှူးတွင်ချဉ်ဆီထိရောက်အောင်ကြောက်သွားခဲ့ကြပုံများက တူညီလှပြီး ဦးတိုက်မောင်းတို့၏နောက်ကို နောက်ထပ်ဆက်မလိုက်ရဲကြတော့ပေ။

သတိရလာကြသောသူများသည်လည်း စိတ်ဓါတ်ခွန်အားပျော့သွားကာ သိမ်ငယ်သောစိတ်များ ဝင်သွားခဲ့ကြလေသတည်း။

○ ○ ○



www.burmeseclassic.com

www.burmeseclassic.com



# ဒုတိယပိုင်း

## (၁၁)

## ဖေဖော်ကျီခေါ် ဆောင်ရာ

ဦးတိုက်မောင်းတို့သည် ကျောက်ပလ္လင်တောကြီး၏ ကျက်ရှိုင်းသောအပိုင်းဆီကို့ ရောက်လာခဲ့ကြသည်။ နောက်ပိုင်းမှာ. . ဘာဖြစ်ပြီးကျန်ခဲ့သလည်းဆိုသည်ကို ကျော်စွာတို့က မသိကြပေ။ ဦးတိုက်မောင်းကတော့ သိနေခဲ့သည်။

“သင်းတို့၊ ငါတို့နောက်က. . လိုက်မလာနိုင်ကြတော့ပါဘူးကွာ. . သက်တောင့်သက်သာသာ. . သွားကြပါတော့”

ထို့ကြောင့် သက်တောင့်သက်သာပင် သွားခဲ့ကြလေသည်။ ဦးတိုက်မောင်းက ကိုယ့်အစီပွါယ်နှင့် ကိုယ်ပြောနေခဲ့သည်ကို ကျန်လူများက နားမလည်ခဲ့ကြ၊ ကျောက်ပလ္လင်ဂူကြီးကိုမတွေ့ကြရပေ။ မတွေ့ဆို၊ ကျောက်ပလ္လင်ဂူကြီးနှင့်

www.burmeseclassic.com

www.burmeseclassic.com



မနီးသော လမ်းကိုမှ ဦးတိုက်မောင်းက ရွေးပြီး သီးခြားလမ်းက ထွက်သွားခဲ့ခြင်းပင်ဖြစ်လေ၏။]

မည်သို့သော ရည်ရွယ်ချက်ဖြင့် ကျောက်ပလ္လင်တော နက်ကြီးထဲသို့ ရောက်လာခဲ့ကြောင်းကို ကျော်စွာက မရိပ်မိခဲ့၊ ကြက်သီးကတော့ ပုလိပ်များလက်ထဲသို့ မကျရောက်စေရန် ရှောင်တိမ်းပြီး ထွက်ပြေးလာခဲ့ကြောင်းလောက်ကိုသာ နားလည် ထားခဲ့သည်။

သို့သော်. .

ကျော်စွာသည် ဦးတိုက်မောင်း၏ ရည်ရွယ်ချက်ကို မကြာမီမှာပင်. . သဘောပေါက်လာခဲ့လေသည်။ မြစ်လက် တက်ကြီးတစ်ခုသည် ကျောက်ပလ္လင်တောကြီးထဲမှ ဖြတ်ပြီး စီးဆင်းလျက်ရှိသည်။ ကျောက်ပလ္လင်ဂူရှိရာကို မြစ်လက်တက် ကြီးက ဦးတည်ပြီးသွားနေသည်။ ယင်းနေရာတွင် ရှေးသဘော် ကြီးတစ်စင်းကလည်း ရှိနေသည်။ ဖေဖော်ဂျီသဘော်ကြီးဆိုင် ဦးတည်ပြီးရွှံ့တော့သွားနေသည်မှာ. . သေချာနေပြီ။ ကြက်သီး သည် ဤတောလမ်းကို အံ့အားသင့်နေခဲ့သည်။ တစ်ခါမှလည်း မရောက်ဖူးခဲ့၊ သိလည်းမသိပေ၊ လူပြော သူပြောများသော ကျောက်ပလ္လင်ဂူကြီးဆိုကိုပင်လျှင်. . တစ်ကြိမ်မှ မရောက်ဖူးခဲ့

တစ်ခဏအကြာတွင် သစ်ပင်ကြီးများ ပိုမိုထူထပ်ပြီး အုပ်ဆိုင်းနေသောနေရာကို ရောက်လာခဲ့ကြသည်။ ယင်းနေရာ





ကိုကျော်စွာနှင့် မြတ်လေးတို့ကတော့ သိခဲ့ကြပြီဖြစ်ကြသည်။ ဖေဖော်ဂျီသဘော်ကြီးသည် ရေထဲမှာ ကျောက်ချထားကာ တည်ငြိမ်စွာရပ်တည်လျက်ရှိသည်။ သူတို့ကို. . တမင်စောင့် ဆိုင်းနေသလိုပင်တည်း၊ ကြက်သီးသည် သဘော်ကြီးကို မြင်တွေ့လိုက်ရသောအခါ လွန်စွာမှ အံ့အားသင့်သွားခဲ့ရလေ သည်။

“ငါတို့ ဒီနေရာမှာ ခဏတော့ ခိုနေကြရမယ်၊ ပြီးတော့ ဒီသဘော်ကြီးနဲ့ ခရီးထွက်ကြရမယ်၊ ရွာမှာ လုံးဝမနေသင့် ကြတော့ဘူး၊ ဆက်နေကြလည်း ဦးဘဦး လုပ်ဇာတ်ခင်းထားတဲ့ တိစ္ဆက ငါတို့အပေါ်မှာပိနေပြီ၊ သူ့ရဲ့ လုပ်ဇာတ်ဆိုတာ တော်တော်နဲ့ ပေါ်မှာမဟုတ်ဘူး၊ ကိုယ်ကျူးလွန်ခဲ့တဲ့ အပြစ် မဟုတ်ပဲနဲ့ လောလောဆယ်မှာ. . မှားယွင်းပြီး အပြစ်ပေးခံကြ ရမှာကျိန်းသေတယ်၊ ပြီးတော့. . ဒီမျက်နှာဖြူကောင်တွေဟာ ဘဦးကို လက်သတ်ပြီးမွေးထားတာ၊ ဘဦးက မျက်နှာဖြူတွေရဲ့ အလိုကျ လုပ်ပေးနေရတာ တစ်စက်လေးမှ မကောင်းဘူး. .

ကြက်သီး. . မင်း ငါတို့နဲ့လိုက်မလို့လား၊ ဒါမှမဟုတ် တစ်နေရာကို ရှောင်ထွက်သွားပြီး ခိုလှုံနေမှာလား၊ မင်းမှာ မိဘတွေရှိကြသေးတယ်နော်. . ပြန်ပြီး စဉ်းစား၊ ပြီးတော့ မင်းမှာ ဘာအပြစ်မှရှိတာ မဟုတ်ဘူး၊ ရွာကိုပြန်သွားလို့ရတယ်. .”

“အဖေကလည်း သူကို ရွာပြန်လွှတ်လိုက်ရင် သမီးတို့



www.burmeseclassic.com

www.burmeseclassic.com



ဘယ်ကိုပြေးတယ်. . ထွက်သွားကြတယ်ဆိုတာ ပြန်ပြီးတော့ ပြောမှာပေါ့. . ”

“ငါ. . ဒီလို မယုတ်မာပါဘူး မြတ်လေးရယ်၊ ဟိုကောင်တွေနဲ့ပေါင်းမိပြီး မိုက်ခဲ့တာကိုလည်း ငါဝန်ခံပါတယ်၊ သူကြီးဦးဘဦးလည်း သစ်ပင်ပိလို့ သေလောက်ပါပြီ၊ ဟို ပုလိပ်တွေလည်း သေကြမှာပါပဲ၊ ကမားလည်း အခြေအနေကောင်းမှာ မဟုတ်ဘူး၊ ဘထောင်တစ်ယောက်ကတော့ သက်ဆိုးရှည်ပြီး ကျန်ရစ်ခဲ့ဦးမှာပဲ. .

ဒါပေမယ့် ကျွန်တော်. . ဒီရွာမှာမနေချင်တော့ဘူး ဘထောင်လည်း ကျွန်တော့်ကို မကျေနပ်ဘူး၊ သူကြီး မသေဘူး ထားဦးတော့၊ ကျွန်တော့်ကို ရန်ရှာမှာကျိန်းသေတယ်. . ဦးရဲ့ ဘယ်ကိုပဲသွားသွား၊ လိုက်ပါရစေ. . ကျွန်တော် ဒုက္ခမပေးပါဘူး၊ ကျွန်တော်. . ဦးရိုးတို့နဲ့ ပါသွားတယ်ဆိုတာ နောက်က လိုက်လာတဲ့လူတွေက သိကြမှာပါ၊ ပြန်ပြောကြမှာပါ. . ”

“အေး. . မင်းကိုယ်မင်း. . အာမခံတယ်ဆိုရင်ပြီး တာပါပဲ. . လိုက်ခဲ့ပေါ့ကွာ. . ငါ မင်းကို မတားဆီးတော့ပါဘူး”

ဒီရေသည် တရိပ်ရိပ်ဖြင့် တက်လာခဲ့သည်။ ပင်လယ်ထဲမှ တက်လာသော ဒီရေသည် ရိုးမတောကြီးနှင့် တစ်ဆက်တည်း၊ တစ်စပ်တည်းရှိသော ကျောက်ပလ္လင်တောကြီး၏ အတွင်းဘက် ချောင်းလက်တက်အတိုင်း ဝင်လာခဲ့လေ၏





အားကောင်းစွာ၊ တဝေါဝေါ၊ တဟဲဟဲဖြင့် ဝင်လာခဲ့ခြင်းပင်တည်း။

ဒီရေများသည် ဤကျောက်ပလ္လင်တောကြီးထဲကို အလုံးလိုက်အရင်းလိုက်ဝင်လာခဲ့သဖြင့် ဦးတိုက်မောင်းမှလွဲ၍ အားလုံး. . အံ့အားသင့်သွားခဲ့ကြရသည်။ ဤနေရာနှင့် ပတ်သက်ပြီး မည်သူ့ဆီကမှ ပြောဆိုနေကြသံများ မကြားဖူးခဲ့ကြ၊ မည်သူမှလည်း မသိကြပေ၊ ထို့အတူ. . မည်သူမှလည်း မရောက်ဖူးခဲ့ကြပေ။ မည်သည်ကြောင့်လည်းဆိုသည်ကို စဉ်းစား၍မရကြပါ။

ဖေဇော်ဂျီ ရှေးဟောင်းသင်္ဘောကြီးသည် ရေတက်လာသည့်အချိန်ကြောင့် တလှုပ်လှုပ်နှင့်ရှိလာခဲ့သည်။ လှုပ်ရှားလာခဲ့သည်။ ဇရာမဆင်ရိုင်းကြီး အိပ်မောကျနေရာမှ နိုးထလာသကဲ့သို့ပင်။ ဖေဇော်ဂျီသင်္ဘောကြီး ဤနေရာမှာရှိနေသည်။ ရပ်နားထားသည်ကိုလည်း မည်သူကမှ မသိကြလေတကား။

“ဒီသင်္ဘောကြီးနဲ့ ငါတို့ခရီးထွက်ကြရမယ်၊ ညနေမိုးချုပ်ကာနီးမှ ထွက်ကြမယ်၊ သိပ်မစောင့်ကြရတော့ပါဘူး၊ မင်းတို့ ဒီမှာခဏနေခဲ့ကြဦး. . ”

ဦးတိုက်မောင်း သင်္ဘောကြီးဆီကို လျှောက်သွားခဲ့သည်။ ထိုစဉ်. . နီရဲသောကြိုးလှေကားတစ်ခုသည် သင်္ဘောပေါ်မှ အလိုအလျောက်အောက်ကို ကျလာခဲ့လေသည်။

ကျော်စွာ. . အံ့အားသင့်သွားခဲ့ရသည်။ သင်္ဘောကြီး



www.burmeseclassic.com

www.burmeseclassic.com



ပေါ်မှာ လူမရှိပဲနှင့် ကြိုးလှေကားကြီးကို မည်သူက ချလိုက်သလဲ၊ သူ့အလိုအလျောက်ကျလာခဲ့သည်ပဲလား၊ တိုက်ဆိုင်မှုလား၊ ကျော်စွာ. . မှတ်မိသည်ကတော့ သူ. . ဤသင်္ဘောကြီးပေါ်ကို ရောက်ခဲ့ပြီး ပြန်ဆင်းခဲ့စဉ်က ကြိုးလှေကားသည် တန်းလန်းပင်ကျန်ခဲ့သည်။ ယခု. . မည်သူက ဆွဲတင်ပြီး ပြန်ချပေးခဲ့သလဲ. . ကျော်စွာသာလျှင် မဟုတ်၊ မြတ်လေးသည်လည်း. . သင်္ကာမကင်းသောစိတ်ဖြင့် ဖေဖော်ဂျီသင်္ဘောကြီးကို ခပ်လှမ်းလှမ်းကပင် ရပ်ပြီးကြည့်နေမိခဲ့သည်။

ဦးတိုက်မောင်းသင်္ဘောပေါ်ကို တက်သွားခဲ့သည်။ လူငယ်တစ်ယောက်လိုပင် သွက်လက်ပေါ့ပါးစွာဖြင့် ကြိုးလှေကားမှတစ်ဆင့်တက်သွားခဲ့သည်။ ထို့နောက်. . သင်္ဘောကြီးပေါ်ကိုရောက်သွားပြီး ပျောက်ကွယ်သွားခဲ့လေသည်။ အိမ်နှင့်တူသော ခေါင်းမိုးကြီးထဲကို ဝင်သွားခဲ့သည်ဟု ထင်မိသည်။ အတော်ကလေးကြာတော့ ပြန်ထွက်လာခဲ့သည်။

ဦးတိုက်မောင်းသည် သင်္ဘောကုန်းပတ်ပေါ်ကို ရောက်လာခဲ့သည်။ လက်ရန်းတန်းများကို လက်နှစ်ဖက်ဖြင့် ဆုပ်ကိုင်ကာ. .

"တက်လာခဲ့ကြတော့ဟေ့. ."

"လာ. . မြတ်လေး. ."

သင်္ဘောဆီကို လျှောက်သွားကြသည်။ ရေက အတော်





လေးကိုတက်လာခဲ့လေပြီ၊ ကုန်းပေါ်အထိ ရောက်လာခဲ့ပြီဖြစ်သည်။ ရေထဲဆင်းပြီး လျှောက်ကြရသည်။ သင်္ဘောကြီး၏အနားကို ရောက်သွားခဲ့ကြသည်။ ကြိုးလှေကားက ရေထဲကိုတစ်ဝက်တစ်ပြတ်ကျနေသည်။ ရေစီးအားကြောင့် လှုပ်ရှားလျက်ရှိသည်။ ကျော်စွာနှင့် ကြက်သီးက ကြိုးလှေကားကို ထိန်းပေးထားကြသည်။

"မြတ်လေး. . နင် အရင်တက်. ."

မြတ်လေးက ကြိုးလှေကားကို လက်နှစ်ဖက်ဖြင့်အားပြုပြီးကိုင်ကာ တက်သွားသည်။ ဦးတိုက်မောင်းက ဆွဲတင်သည်။

"ကြက်သီး. . မင်းတက်"

ကြက်သီးလိုက်တက်သွားသည်။ ကျော်စွာလည်း နောက်ဆုံးမှ သတိထားပြီးတက်ရသည်။ ဝိုင်းပြီး ထိန်းပေးမည့်သူမရှိ၍ ကြိုး၏အောက်ပိုင်းက အတော်လေးကို လှုပ်ရမ်းလျက်ရှိနေပြီ၊ ကြက်သီးက ကျော်စွာကို ဆွဲတင်သည်။ ကျော်စွာ့ကိုကြည့်ပြီး ကြက်သီးအံ့အားသင့်နေမိသည်။ အရင်ကျော်စွာမဟုတ်တော့၊ ပြောင်မြောက်သော သတ္တိစွမ်းပကားတွေရှိနေခဲ့ပြီဖြစ်သော ကျော်စွာ၊ မာန်တင်းကာ ရဲရင့်တက်ကြွနေပြီဖြစ်သောကျော်စွာ၊ ကိုယ်လုံပညာကျွမ်းကျင်စွာ တတ်မြောက်ထားကာ မကြောက်မရွံ့ မိမိအသက်နှင့်ခန္ဓာကိုယ်ကို ကာကွယ်



www.burmeseclassic.com

www.burmeseclassic.com



နိုင်ခဲ့သော ကျော်စွာဖြစ်ခဲ့လေပြီတည်း။

သုံးယောက်စလုံး သဘော်ကြီးပေါ်ကို ရောက်သွာ ခဲ့ကြသည်။ ကြက်သီးသည် သဘော်ကြီး၏ ခန့်ထည်ပုံ ကြည့်ပြီး အံ့အားသင့်နေမိသည်။ ဦးတိုက်မောင်းနှင့် ကျော် တို့သည် ဤသဘော်ကြီးနှင့်မည်ကဲ့သို့ ပတ်သက်နေသနည်း

ကျော်စွာသည် သဘော်ဦးဆီကို လျှောက်သွားသည် ရွှေချထားသော ဖေဖော်ဂျီရုပ်တုကို တလေးတစားဖြင့် ကြည့် နေမိသည်။

"ကျွန်တော်တို့ ဖေဖော်ဂျီနဲ့အတူ လိုက်ပါကြရမေ မယ့်. . လမ်းမှာ ဘေးအန္တရာယ်အခက်အခဲတွေရှိခဲ့ရင်လည် ကူညီပါ. . ဖေဖော်ဂျီ. . "

ဖော်ဂျီရုပ်တုသည် ကျော်စွာစူးစိုက်၍ ကြည့်မိသော ကြောင့်လားမသိ၊ စိတ်အထင်မှာ လှုပ်ရှားသွားသည်ဟု ထင် လိုက်သည်။ ရွှေချထားသော ဖော်ဂျီရုပ်တုသည် ဖုံများမတ ညီပဲ. . ပိုပြီးတော့ ဝင်းလက်တောက်ပြောင်နေသည်မှာ အံ့အာ သင့်စရာပင်. .

ကြက်သီးသည် ကျော်စွာ့အနားကို ရောက်လာခဲ့သည် ဖေဖော်ဂျီရုပ်တုကို တအံ့တသြငေးမောကာ ကြည့်လိုက်မိသည် ထို့နောက်. .

"ငါ့ကို ခွင့်လွှတ်ပါ ကျော်စွာ၊ ငါ ဘထောင်တို့ ပြော





ပေးလို့. . မင်းကို အနိုင်ကျင့်မိတာပါ. . ငါမကောင်းခဲ့မှန်း သိပါပြီကွာ. . "

"ငါ. . မင်းကို ဘယ်လိုမှ သဘောမထားပါဘူး. . ကြက်သီး၊ အခုအချိန်ကစပြီး မင်း. . ငါ့အပေါ်မှာ ကောင်းသွား ရင် ပြီးတာပါပဲကွာ. . "

"ငါကတိပေးပါတယ်ကွာ၊ မင်းအပေါ်မှာရော. . ဦးရိုး ဦးတိုက်မောင်းနဲ့ မြတ်လေးအပေါ်မှာပါ. . ငါ အကောက်မကြံ တော့ပါဘူး၊ သူကြီးဦးဘဦးနဲ့ သူ့သားဘထောင်တို့ဟာ ကောက်ကျစ်ယုတ်မာကြတဲ့သူတွေကွ၊ ဒီလူကြီးက ကွယ်ရာမှာ ဓါးပြတိုက်၊ လုယက်ပြီး လူသတ်တယ်၊ သူနဲ့အတူပါဝင်ပြီး တိုက်ကြတဲ့သူတွေကိုလည်း အမှုပေါ်မှာစိုးလို့ နှုတ်ပိတ်ပြီး သတ်ပစ်ခဲ့တာ. . ဦးရိုးတိုက်မောင်းပြောမှပဲ သိရတော့တယ် ကွာ. .

ငါအခုစဉ်းစားမိတယ်၊ ဓါးပြတွေကို သူကြီး ဦးဘဦးက ဖမ်းတယ်၊ အသေမိကြတယ်ဆိုတာ လက်စသတ်တော့ သူ့ လူတွေကိုသတ်ပစ်ခဲ့တာကိုးကွ၊ လက်စသတ်တော့ သင်းက နာမည်ကောင်းလက်မှတ်ယူပြီး မျက်နှာဖြူတွေကို ဖော်လံဖား လုပ်နေတာကိုး၊ ဦးရိုး ဦးတိုက်မောင်းက ဒါတွေကို ဘယ်လို သိထားသလဲမသိပါဘူးကွာ၊ အံ့အားသင့်စရာပဲ. . "

"မင်း. . အံ့အားမသင့်နဲ့ ကြက်သီး၊ မင်းတို့ ငါတို့



www.burmeseclassic.com

www.burmeseclassic.com



မသိတာတွေကို ဦးရိုးတိုက်မောင်းက အကုန်သိနေတယ်ထွ"

သဘော်ကြီးသည် တလိမ့်လိမ့်နှင့် လူးလာသည် ရေပြည့်လာပြီဖြစ်၍ လှုပ်ရှားနေသည်။

"လာကွာ၊ သဘော်ထွက်တော့မလား မသိဘူး. ."

ဦးတိုက်မောင်းတို့ဆီကို လျှောက်သွားခဲ့ကြသည်။

"အဖေ. . သဘော်က အကြီးကြီး၊ လှေထိုးသာ တွေလည်း မတွေ့ရဘူး၊ သမီးတို့ချည်းပဲ သွားဖို့လွယ်ပါ့မလား"

မြွတ်လေးက မေးလိုက်သည်။ ထိုစဉ် ကျော်စွာ ကြက်သီးတို့လည်း အနားကို ရောက်လာခဲ့ကြသည်။

"အဖေတို့ချည်းပဲ ဒီသဘော်ကြီးကို တာဝန်မယူ ပါဘူးကွယ်၊ သူတို့ရောက်လာကြပါလိမ့်မယ်. ."

သူတို့ဆိုသည်က မည်သူများပါလိမ့်ဟု စဉ်းစားနေ တောနေကြဆဲမှာပင်. . ပေါင်းမိုးအိမ်ကြီး၏ တံခါးရွက်များ ပွင့်လာခဲ့ကြလေသည်။

၀ ၀ ၀

ရှေးဦးစွာထွက်လာသူမှာ လူကြီးတစ်ယော သျှောင်တစ်စောင်းထုံးထားပြီး အနီရောင်ပုဝါကို ဦပေါင်းပေါင် ထားသည်။ မုတ်ဆိတ်မွေးများသည် ချွန်ပြီးအဖျားတွင် စုသွ





သည်။ နှုတ်ခမ်းမွေးကလည်း ရေးရေးတင်လေသည်။

ပန်းနုရောင်သန်းသော ရှပ်အင်္ကျီ၊ အနီခံမှာ အညိုရင့် ရောင်စတုရန်းကွက်များ ယှက်ရက်ထားသော လုံချည်ကို တ်ဆင်ထားသည်။ ဥပမိရှပ်လည်း ခန့်ညားလှသည်။ ပန်းနု ရောင်သန်းနေသော မျက်နှာပြင်သည် ထူးခြားသည်၊ မြင်မိ သည်နှင့်ပင် ခင်မင်စရာကောင်းလှသည်။

ထို့နောက်. .

ပေါင်းမိုးအိမ်ကြီးထဲက လူတစ်စုထပ်ပြီး ထွက်လာခဲ့ ကြပြန်လေသည်။ ထိုသူများသည် လူလတ်ပိုင်းအရွယ်များ ဖြစ်ကြသည်။ သျှောင်တစ်စောင်းထားကြပြီး ပိတုန်းရောင်တမျှ တ်မှောင်ကာ ပြောင်လက်နေကြသည်။

ဦးတိုက်မောင်းမှအပ. . အားလုံးအံ့အားသင့်သွားခဲ့ ကြသည်။ အကြောင်းမှာ ထိုသူဆယ်ယောက်စလုံးသည် မျက်နှာ ဆင်တည်းရှိနေကြသည်။ မျက်ခုံး၊ မျက်လုံး၊ နှာတံ၊ နှုတ်ခမ်း အစ. . အားလုံးတူညီကြသည်။ အင်္ကျီများဝတ်မထားကြ၊ ကျောပြင်နှင့် ရင်ပတ်မှာ ထိုးကွင်းမင်ကြောင်များကို ထိုးထား ကြသည်။ ပေါင်တံများမှာလည်း ဆေးမင်ကြောင်များ ထိုးထား ကြသဖြင့် ယောကျ်ားပီပီသသဖြင့် ကြည့်ကောင်းလှသည်။

မျက်နှာထားတွေကတော့ ပြုံးမယောင် တည်မယောင် နှင့် အကဲခတ်ရခတ်လှသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျော်စွာသည် ဦးတိုက်မောင်းပြောပြခဲ့သော ဖေဇော်ဂျီ သဘော်ကြီးပေါ်မှ အဖြစ်အပျက်များကို ပြန်ပြီးတော့ သတိရ သွားခဲ့သည်။ အံ့အားသင့်သွားမိသည်။ ထိုသူ. . ထိုသူများသည် လွန်ခဲ့သော ဆယ်နှစ်လောက်က ဤသဘော်ကြီးပေါ်မှာ ဦးတိုက်မောင်းစတင်ပြီး တွေ့ဆုံခဲ့သည့် သူများပင်တည်း မြတ်လေးသည်လည်း အံ့အားသင့်သွားမိရှာလေသည်။

ထိုသူများသည် မည်သည့်အကြောင်းကြောင့် ဤသဘော်ကြီးပေါ်မှာ ရှိနေခဲ့ရပါသလဲ၊ ရောက်နေခဲ့ရပါသလဲ ထို့အပြင်. . ဦးတိုက်မောင်း လူလတ်ပိုင်းအရွယ်လောက်က ဖေဇော်ဂျီသဘော်ကြီးပေါ်မှာဆုံခဲ့သော ဤလူကြီးသည် နှစ်ကာလများစွာကြာမြင့်ခဲ့သော်လည်း အသက်ကြီးသွားဟန် မတူ။ ဤအရွယ်အတိုင်းပင် ရှိနေသေးသည်ဟု ယူဆမိလိုက် ကြသည်။

"ဦးရဲ့ အမည်က ဦးမာလတဲ့. . မှတ်ထားကြ ဟောဒီက မောင်တိုက်မောင်းနဲ့ အာယုဒီပကျွန်းပေါ်မှာ တစ်ခါ ဆုံဖူးခဲ့ပြီးပါပြီ၊ သူတော်စင်ကြီးဗလသိဒ္ဓိရဲ့ စကားက မမှန်ဖူး လား မောင်တိုက်မောင်း၊ မင်း ဒီသဘော်ကြီးကို နောက်ထပ် အသုံးပြုရဦးမယ်ဆိုတာလေ. ."

"သွေးထွက်အောင် မှန်နေပါတယ် ခင်ဗျာ၊ အခုတစ်ခါ ကတော့ မမျှော်လင့်ပဲ. . ဘေးအန္တရာယ်ကြုံလာခဲ့လို့ပါ ခင်ဗျာ"





"အိမ်း. . ဒီလိုပေါ့ကွယ်၊ ကြမ္မာဝဋ်ကြွေးရှိလာခဲ့ရင် ကျေမချင်း ပေးဆပ်ကြရတာပဲ၊ ရန်ဆိုတာ. . မရှောင်သာရင် င်ဆိုင်ရမယ်၊ ရှောင်နိုင်ရင်တော့ အကောင်းဆုံးပေါ့ကွယ်"

ဒီရေအတက်ကြမ်းလာခဲ့သည်။ မည်သည့်အကြောင်း ကြောင့်လည်းမသိ၊ ထူးထူးခြားခြားဖြစ်တောင့်ဖြစ်ခဲ၊ လှိုင်းကြမ်း ကြီးများပါ တဝုန်းဝုန်းနှင့် ရိုက်ခတ်လာခဲ့ကြသည်။ ရေလှိုင်း ကြီးများသည် ကုန်းပေါ်သို့ပင် တက်လာခဲ့ကြသည်။ ကျောက်ပလ္လင်ဂူကြီး၏ သုံးပုံတစ်ပုံစာလောက်ကိုပင် ဖုံးလွှမ်း သွားခဲ့လေပြီ။ [သဘော်ကြီးထွက်ကာနီးမှ ထိုသို့ ထူးခြားမှုများ ဖြစ်လာသလား မပြောတတ်ပါ] မျှော်ရီသန်းလာခဲ့ပြီဖြစ်သည်။

"ကိုင်း. . သားတို့ရေ ငါတို့ ခရီးထွက်ကြမယ်ဟေ့. ."

ဦးမာလက ပျော့ပျောင်းညင်သာသောအသံဖြင့် ပြောလိုက်သည်။ လှေလှော်သားများမှာ ဦးမာလကို ရှိသေစွာ ၊. . ခါးကိုညွတ်လိုက်ကြသည်။ ထို့နောက် တစ်နေရာစီ ခွဲကာ က်သွားခဲ့ကြလေ၏။ ကျောက်ဆူးကြိုးကို စက်သီးဖြင့် င်သူက တင်၊ ရွက်တိုင်များကို စစ်ဆေးသူက စစ်ဆေး၊ ပ်ထားသောရွက်များကို တပ်သူကတပ်နှင့် သဘော်တစ်စီး း သူ့အလုပ်နှင့်သူ ဖြစ်ကုန်ကြသည်။ မကြာမီ တောကြီးမြက် ည်းထဲမှာပင် ရွက်တိုင်ကြီးသုံးတိုင်မှ ရွက်များက တဖြည်းဖြည်း င့်တက်လာခဲ့ကြသည်။ ထူးထူးခြားခြား၊ လေကလည်း

www.burmeseclassic.com



ကောင်းစွာပင်မိသည်။ တခဏအတွင်းမှာပင် ရွက်နီနီကြီးတွေက. . ဖောင်းကာသွားခဲ့ကြသည်။ လှေထိုးသားတစ်ဦးကထိုးဝါးတစ်လုံးဖြင့် ရေထဲမှာ ထောက်ကန်လိုက်သည်။ သင်္ဘောကြီးသည် ကမ်းမှတဖြည်းဖြည်းနှင့် ခွာထွက်လာခဲ့လေသည်။

လေကတဟူးဟူးဖြင့် တိုက်ခတ်နေသည်။ ရွက်များကိုကြိုးတင်ပြီးတင်ထား၍ ဖေဇော်ဂျီသင်္ဘောကြီးက ရေထဲမှာတရှိန်ထိုးပင် ပြေးနေလေတော့သည်။

ဦးတိုက်မောင်းသည်. . ပဲ့စင်ပေါ်ကိုတက်ကာ ပဲ့ကိုင်သောတာဝန်ယူသည်။ ဝါသနာနှင့် အလေ့အကျင့်ကိုဖျောက်၍မရပါ။ တာဝန်တစ်ခုခုကိုယူမှ စိတ်အဆာပြေသောညဉ်မျိုးက အရိုးစွဲလျက်ရှိနေလေပြီ။

ကျောက်ပလ္လင်တောကြီး၏ အလယ်မှဖြတ်ကာစီးဆင်းနေသော ချောင်းရိုးအတိုင်း ဖေဇော်ဂျီသင်္ဘောကြီးကတရိပ်ရိပ်ဖြင့် ပြေးနေလျက်ရှိသည်။ ဦးတိုက်မောင်းက ပဲ့ကိုကိုင်နေသောကြောင့် လှေထိုးသားများအတွက် တက်တွေကိုကိုင်ဖို့မလိုသေးပါ။ တစ်ခြားအလုပ်များကိုသာ လုပ်ကိုင်နေကြသည်။ ကျော်စွာသည် ထိုလှေထိုးသားများကိုကြည့်ပြီး စဉ်းစားနေမိသည်။ သူတို့သည် တစ်ချိန်က ဦးတိုက်မောင်းတွေ့မြင်ဖူးခဲ့သည့်သူများလား၊ သို့မဟုတ်. . လှေထိုးသားအသစ်များလားဆိုသည်ကိုပင်။





ဦးတိုက်မောင်းတွေ့မြင်ဖူးခဲ့သည့် လှေထိုးသားများဆို
ျင်တော့ ယခုအချိန်တွင် အသက်အရွယ်ရလောက်ပေပြီ။

ယခုလှေထိုးသားများကား ဤအရွယ်က ဤအရွယ်ပင်
ပြောင်းလဲကြ၊ ထို့အပြင်. . သူတို့အချင်းချင်းသာ စကားပြော
ကြသည်။ တစ်ခြားမည်သူ့ကိုမှ မပြောကြချေ။

ကျောက်ပလ္လင်တောကြီးသည် ရှီးမတောကြီးနှင့်
စ်ဆက်တည်းရှိနေသည်။ ဖေဇော်ဂျီသင်္ဘောကြီးသည်
ာ၏ အလယ်မှဖောက်ပြီးတော့ ထွက်လာခဲ့သည်။ မိုးချုပ်
ှာင်လာခဲ့သည်နှင့်အမျှ မြူတွေကလည်း မထင်မှတ်ပဲကျ
ာခဲ့ကြလေသည်။ သို့သော်. . သင်္ဘောကြီး၏ ဦးတည်ချက်
မ်းကြောင်းကား ရှေ့တည့်တည့်သို့ပင် တရှိန်ထိုးသွားနေ
က်ရှိသည်။

ဦးမာလသည် ကျော်စွာတို့ဆီကို ရောက်လာခဲ့သည်။

"မင်းနာမည်က ကျော်စွာနော်. ."

"ဟုတ်ပါတယ် ဦး"

ဦးမာလက ကျော်စွာ့အမည်ကို သိနေသည်။
တိုက်မောင်းပြောထား၍လားမသိ၊ ဦးမာလ၏ ကိုယ်မှ ပန်းရနံ့
်မျိုးကိုရှူမိသည်။ မာလဆိုသည့်ပန်းပင် မဟုတ်ပါလား. .

"အေး. . ဒီ ဖေဇော်ဂျီသင်္ဘောကြီးဟာ ပျော်ညွှန့်
်ရှိသူတွေအတွက် မဟုတ်ဘူး၊ စိတ်ဓါတ်ခိုင်မာတဲ့သူ၊



www.burmeseclassic.com

www.burmeseclassic.com



ရဲဝံ့တဲ့သူ၊ သတ္တိကောင်းတဲ့သူ၊ တွေးခေါ်မြော်မြင်တတ်သူ စိတ်ထားဖြူစင်တဲ့သူအတွက်ပဲဖြစ်တယ်၊ လူပျော့ လူညံ့တွေ အတွက်မဟုတ်ဘူး၊ လူဗလာတွေအတွက် မဟုတ်ဘူး. .

လူဆိုတာ. . ကံကြမ္မာရဲ့သားကောင်တွေပဲ၊ ကောင်း သောကြမ္မာ၊ မကောင်းသောကြမ္မာတွေကို တစ်လှည့်စီ တွေ့ကြရမယ်၊ အန္တရာယ်တွေနဲ့လည်း ရင်ဆိုင်တွေ့ချင်တွေ့ နိုင်တယ်၊ အဆိုးကိုကြုံပြီးရင် အကောင်းကိုလည်း ကြုံတွေ့ရ မယ်၊ ဒါဟာ လောကဓံတရားပဲ. . ”

“ကျွန်တော် ဘယ်လိုအခြေအနေမျိုးကိုပဲ ကြုံရကြုံ ရင်ဆိုင်ရဲပါပြီ၊ အရင်ကတော့ ကျွန်တော်ဟာ လူကြောက် တစ်ယောက်ပါ၊ အခုအချိန်မှာတော့. . ဘာကိုမှ မကြောက် တော့ပါဘူး. . ဦးရီးပြောတဲ့ လောကဓံဆိုတာကြီးကို ဘယ် ထောင့်၊ ဘယ်နေရာကပဲဖြစ်ဖြစ် ရင်ဆိုင်ရဲပါပြီ. . ”

“အေး. . ကောင်းတယ်၊ ကြောက်ရင် သတိကင်းလွတ် တယ်၊ အကြံကောင်းတွေ မထွက်ဘူး. . ရဲမှုတစ်ကယ့်လူ အာဂလူ. . ကြောက်စိတ်က အရာရာကို ဆုံးရှုံးစေတယ်. .

ထို့နောက် ထိုလူကြီး၏အကြည့်က ကြက်သီးဆီ ရောက်သွားခဲ့သည်။ ကြက်သီး မျက်နှာငံ့သွားသည်။

“မင်းကတော့. . လူငယ်တစ်ယောက်အနေနဲ့ လူပေါ မှားခဲ့တဲ့အတွက် အမှားတွေကျူးလွန်ခဲ့တယ်၊ အဲ့ဒီအမှားဟာ





မောင်ကျော်စွာနဲ့လည်း ပတ်သက်နေတယ်၊ ဟုတ်တယ်. . ဟုတ်လား”

“ဟုတ်. . ဟုတ်ပါတယ် ခင်ဗျာ”

“အေး. . မင်း လိမ္မာသွားပါပြီ. . လူဆိုတာ ရာဂ၊ ဒေါသ၊ မောဟတွေကင်းဝေးစေရမယ်၊ သဒ္ဓါ၊ ပညာ၊ သမာဓိ၊ ...ားများတတ်ရမယ်၊ ဒုက္ခ၊ ဒေါမနဿကို ချုပ်စေရမယ်၊ ...ဂ်ဖိုလ်နှင့် လျော်တဲ့ အကျင့်ကိုကျင့်ကြံရမယ်၊ သူတစ်ပါးကို ...ီးမွမ်းထောပနာရစေရမယ်၊ အဲ့ဒါတွေ. . အားလုံးအတွက် ...ူတော်ကောင်းတရားတွေကို လိုက်နာကြား၊ ပွားများကြရ ...ယ်ကွယ့်၊ ဟုတ်ပြီလား. . ”

“ကျွန်တော် မှတ်သားထားပါ့မယ်၊ ဆိုဆုံးမတဲ့ကျေးဇူး ...ိုမမေ့ပါဘူး ခင်ဗျာ”

ထို့နောက် ဦးမာလ၏အကြည့်က မြတ်လေးဆီကို ...ရောက်သွားခဲ့လေသည်။

“သမီးက. . ကံရဲ့အကျိုးကို ယုံကြည်တယ်၊ မကောင်းမှု ...ိုရှက်တယ်၊ မကောင်းမှုကိုကြောက်တယ်၊ အကြားအမြင် ...ာသုတကြွယ်ဝတယ်၊ လုံ့လဝီရိယရှိတယ်၊ မမေ့မလျော့ သတိရှိတယ်. . မြော်မြင်ဆင်ခြင်တတ်တဲ့ပညာရှိတယ်. . အဲ့ဒီ ...တွက်. . အကျိုးယုတ်စရာဘာမှ မရှိဘူး၊ ကောင်းစားမယ့် ...တွေကာပါတယ်၊ ဒီခရီးမှာ သမီးဘာကိုမှ မစိုးရိမ်ဘူး

www.burmeseclassic.com



မဟုတ်လား. . "

"မစိုးရိမ်ပါဘူး ဦးရီး၊ သမီး ဘာမဆို ရင်ဆိုင်ရဲပါတယ်"

"အေး အေး၊ ဒီလိုမှပေါ့ကွယ်. . "

ဦးမာလသည် တစ်ယောက်ဆီကိုလိုက်ပြီး အကဲခတ်ကာပြောသည်။ လူကဲခတ်ပညာကို တတ်ကျွမ်းသော ဦးမာလကိုစိတ်ထဲမှ ချီးမွမ်းမိကြလေသည်။

"ဦးရီး. . ဒီသဘောင်္ကြီးပေါ်မှာ ကျွန်တော်တို့ကို တာဝန်တစ်ခုခုတော့ ပေးပါ. . "

ကျော်စွာက တောင်းခံလိုက်လေရာ. .

"အားလုံး. . သူ့တာဝန်နဲ့သူရှိနေကြပြီ၊ ထောင့်စေ့နေကြပြီကွယ့်. . ဒါပေမယ့် အလျဉ်းသင့်လာတဲ့အခါမှာ ပေါ်ပေါက်လာမယ့်တာဝန်တွေရှိကောင်းရှိလာလိမ့်မယ်၊ မင်းတို့အခြေအနေကြည့်ပြီးတော့ ဝင်လုပ်ကြပေါ့၊ အခုတော့. . မင်းတို့အနားယူလိုက်ကြဦး၊ ကဲ. . လာကြ"

ဦးမာလသည် သူတို့သုံးယောက်ကို ပေါင်းမိုးအိမ်ကြီးဘက်ဆီကို ခေါ်သွားခဲ့သည်။ မြတ်လေးက ပဲ့စင်ထက်မှ ဦးတိုက်မောင်းကို လှည့်ကြည့်လိုက်သည်။ ဦးတိုက်မောင်းက လိုက်သွားဟု မျက်နှာရိပ်မျက်နှာကဲပြလိုက်လေသည်။ ဦးမာလခေါ်သွားသောနေရာသည် သူတို့ထွက်လာခဲ့သော တံခါးပေါက်မှမဟုတ်၊ ပေါင်းမိုးကြီး၏ အခြားတစ်ဖက်သို့ဖြစ်သည်။





တစ်ကယ်တော့ ပေါင်းမိုးအိမ်ကြီးသည် အိမ်ကြီးတစ်လုံးနှင့်သဏ္ဍာန်တူလေသည်။ ထူးခြားစွာဆောက်ထားပြီးသေသေချာချာကြည့်မိက နံရံတွင်ဇော်ဂျီရုပ်များကို တွေ့လိုက်ရလေသည်။ တစ်ချို့က ဆေးတောင်ဝှေးကို ထမ်းပြီးပျံသန်းနေသည့်ဟန်၊ တစ်ချို့က ဆေးကြိတ်နေသည့်ဟန်၊ တစ်ချို့ကတော့ သူယောင်မယ်များနှင့် ပျော်ပါးနေသည့်ဟန်များဖြစ်ကြသည်။

ကျော်စွာသည် နံရံထက်မှာ ရေးရေးတင်နေသော ဇော်ဂျီရုပ်များကို သေသေချာချာကြည့်လိုက်သည်။ ဆေးဖြင့်ရေးဆွဲထားသည် မဟုတ်၊ နံရံပေါ်မှာ အလိုအလျောက်ထင်နေခြင်းသာဖြစ်သည်။ နံရံသည် သစ်သားတစ်မျိုးဖြင့်ပြုလုပ်ထားခြင်းပင်ဖြစ်သည်။ အဆက်အစပ်မရှိပဲ အားလုံးတစ်ပြင်တည်းဖြစ်နေသည်။ သံတစ်ချက်ရိုက်ထားသောအရာ၊ စို့တစ်ချက်ရိုက်ထားသော အရာမရှိ၊ ဤမျှလောက်ကြီးမားသောသစ်သားပြားကြီးမျိုးကို သူတစ်ခါမှ မတွေ့ဖူးခဲ့၊ ဤသစ်သားပြားနှင့် သက်ဆိုင်သော သစ်ပင်ကြီးသည်လည်း ဧရာမသစ်ပင်ကြီးတစ်ပင်ဖြစ်ပေလိမ့်မည်။ လွန်စွာမှ ကြီးမားသော သစ်ပင်ကြီးတစ်ပင်ပင်တည်း။

[တစ်ကယ်တော့ သဘောင်္ကြီးတစ်ခုလုံးကို သစ်ပြေးသားဖြင့်တည်ဆောက်ထားခြင်းပင်ဖြစ်သည်။ သိဒ္ဓိပေါက်သောသူများသည်သော်လည်းကောင်း၊ ဖြူစင်သောသီလ သမာဓိ၊



www.burmeseclassic.com

www.burmeseclassic.com



သိက္ခာရှိကြသောပုဂ္ဂိုလ်များသည်သော်လည်းကောင်း၊ သစ်ပြေ
သားဖြင့်ပြုလုပ်ထားသော လှေ၊ သဘော်များကို ရေဆန်မှာ
ပင်လျှင်. . မြန်မြန်ထက်ထက်သွားစေရန်. . ပြေးစေရ
တတ်နိုင်ကြသည်ဟု ဆိုပါ၏။]

လှေကားအတိုင်း အောက်ကိုဆင်းကြရသည်။ ငါးထ
မှုသောလှေကားဖြစ်သည်။ တံခါးတစ်ခုဆီကို သူတို့ရောက်လာ
ခဲ့ကြသည်။ ဦးတိုက်မောင်းက တံခါးကို ဖွင့်ပေးလိုက်သည်
အထဲကိုဝင်လိုက်ကြသည်နှင့် ကျယ်ကျယ်ဝန်းဝန်းရှိနေသည်
အုံ့ဩစရာကောင်းလောက်အောင်ပင် တွေ့လိုက်ကြရသည်
ပေါင်းမိုးအိမ်ကြီး၏ ပြင်ပအနေအထားနှင့် ကြည့်လျှင်ဝ
အထဲမှာ. . ဤမျှလောက်မကျယ်နိုင်၊ သာမန်အနေအထာ
ကျဉ်းကျဉ်းလေးသာဖြစ်ရမည်။ ခုတော့. . လူအယောက်နှ
ဆယ်မကနေနိုင်လောက်အောင်. . ကျယ်ကျယ်ဝန်းဝန်းရှိနေ
သည်က. . စဉ်းစား၍ပင်မရ၊ ပဋ္ဌလက်ဆန်လွန်းလှသည်
ထို့အပြင်. . အခန်းတွေကလည်း ဆယ်ခန့်စာရှိနေသည်
အခန်းတံခါးများကို တံခါးများဖြင့် ပိတ်ထားကြလေသည်။

"တစ်ယောက်တစ်ခန်းစီနေကြ၊ သက်တောင့်. .
သက်သာနေလို့ရတယ်၊ ညောင်းညာရင်တော့. . အပြင်ကို
ထွက်ချင်ထွက်ကြပေါ့၊ မောငတိုက်မောင်းလည်း တစ်ခေ
အကြာမှာရောက်လာမှာပါ၊ သူ့ကို ဦးရိုးက တစ်ညလုံး မခိုင်းပ





ဘူးကွယ်၊ သူက. . ပွဲကိုင်ဘဝကလာတာဆိုတော့ ဝါသနာကို
ဖျောက်လို့မရဘူးလေ၊ စိတ်ကျေနပ်အောင် အလုပ်ပေးထား
တာပါ. ."

"သမီး သိပါတယ် ဦးရိုး၊ အဖေက သူ့အလုပ်အပေါ်မှာ
သိပ်ပြီးတော့ အစွဲအလန်းကြီးလွန်းပါတယ်. ."

"အိမ်း. . ငါအပြင်ကို တစ်ခေါက်ထွက်လိုက်ဦးမယ်၊
လိုတာလေးတွေကို စီစဉ်လိုက်ဦးမယ်ကွယ်၊ သမီးတစ်ယောက်
တည်း. . တစ်ခန်းနေရဲတယ် မဟုတ်လား. ."

"နေရဲပါတယ်. . ဦးရိုး"

"တဲ. . တဲ မင်းတို့လည်း ကိုယ်ရောစိတ်ပါ သိပ်ပြီး
နွမ်းနယ်နေကြပြီ၊ ပင်ပန်းနေကြပြီ. . အနားယူလိုက်ကြဦး၊
နိုးနိုးကြားကြားနဲ့ အိပ်ကြပေါ့ကွယ်. ."

"ကောင်းပါပြီ ခင်ဗျာ"

ဦးမာလသည် လှေကားအတိုင်း အပေါ်ကို ပြန်တက်
သွားသည်။ သူတို့အုံ့အားသင့်နေမိကြသည်။ အခန်းကြီးက
အိမ်ကြီးတစ်ဆောင်ပမာ ကျယ်ဝန်းနေသည့် အဖြစ်၊ သဘော်
ကြီးထက်ပင် ကြီးနေသယောင်၊ ထို့အပြင် ဦးမာလသည်
ဦးတိုက်မောင်းနှင့် ငယ်သယောင်ထင်သော်လည်း
မောင်တိုက်မောင်းဟု ခေါ်သည်။ ဦးမာလ၏ အသက်သည်
မည်မျှရှိပြီနည်း။



www.burmeseclassic.com

အားလုံးသည် အံ့အားသင့်စရာများပင်ဖြစ်သည်။ ဦးမာလပြန်ထွက်သွားသောအခါ သင်းပျံ့သောပန်းရန့် ကျန်ရစ်ခဲ့သည်။ ထိုရန့်သည် အာရုံကို ပြောင်းလွဲစေသည်ပါ လား၊ ထင်ယောင်ထင်မှားဖြစ်တတ်စေသည်ပဲလား မသိပါ။ အားလုံးသည် အံ့အားသင့်စရာများပင်တည်း။

၀ ၀ ၀



## (၁၂)
## တမျှော့ကြီးသိဒ္ဓိ

ဖေဖော်ဂျီသဘော်ကြီးသည် ပင်လယ်ပြင်ထက်မှာ. . တရိပ်ရိပ်ဖြင့် ပြေးနေလျက်ရှိသည်။ အချိန်ကား ညဥ့်သန်းကောင်ယံကာလဖြစ်သည်။ ရွက်တိုင်မှ နီမောင်းသော အသွေးအရောင်ရှိသည့် ရွက်ကြီးများသည် လေမိသဖြင့် ဖောင်းတားလျက်ရှိနေကြသည်။ ထို့ကြောင့်. . လေကောင်းသဖြင့် တက်အကူမလိုပဲ ရေပြင်ထက်မှာ တရိပ်ရိပ်ဖြင့် ပြေးနေခြင်းပင်ဖြစ်သည်။

ကျော်စွာသည် သူ၏အခန်းထဲမှာ လက်နှစ်ဖက်ကို ပိုက်၍ အိပ်ပျော်နေသည်။ အကျီအိတ်ထဲမှာ ဇော်ဂျီဦးထုပ်ဆေးမြစ်တစ်စုံကို အမွှေးနံ့သာများဖြင့် စိမ်ထားသော ပုလင်းလေး

www.burmeseclassic.com



တစ်လုံးက ရှိနေသည်။ ထိုပုလင်းလေးကို လက်ဖြင့် ဖိထား
သည်။ မအိပ်မိက ဖော်ဂျီဦးထုပ်ဆေးမြစ်ကို စိတ်ထဲစွဲမိသွား
လားမသိ၊ အိပ်မက်မြင်မက်နေမိသည်။

ဖော်ဂျီနှစ်ဦးသည် သူ့အနားမှာ ရပ်နေကြ
တောင်ဝှေးဖြင့် ပခုံးကို တို့လိုက်သည်။

"ဟော့. . ထ. . ထ အပြင်မှာ ထူးခြားမှုတစ်ခုဖြ
နေတယ်ကွ၊ သွားကြည့်. . "

ကျော်စွာ လန့်နိုးသွားခဲ့လေ၏။ အနားမှာ မည်သူ
မရှိပါ။ ထွန်းထားသော ဖယောင်းတိုင်တုတ်တုတ်ကြီးမှ မီးရော
က လင်းလက်နေသည်။

ဘေးမှာချထားသောဓါးကိုယူကာ အိပ်ယာထ
ဆင်းလိုက်သည်။ အခန်းအပြင်ကို ထွက်လိုက်သည်
မည်သူ့ကိုမှ မတွေ့ရ၊ မြတ်လေးနှင့် ကြက်သီးတို့သည် သူ
အခန်းတွေထဲမှာ အိပ်ကောင်းဆဲရှိနေကြလိမ့်မည်။ ဦးတိုက်မော
ကကော. . အခန်းတစ်ခုထဲမှာ အနားယူနေပြီလား မသိပါ

လှေကားအတိုင်း တက်လာခဲ့သည်။ သင်္ဘောကုန်းပ
ပေါ်ကို ရောက်သွား၏။ ညဥ့်သည် နက်ရှိုင်းလှပြီဖြစ်သည်
လေကတော့ တဝူးဝူးဖြင့် တိုက်နေဆဲပင်။ ဖေဖော်ဂျီ သင်္ဘော
ကြီးကလည်း ပင်လယ်ပြင်မှာ ပြေးနေဆဲပင်ဖြစ်သည်။ သို့သော
ပင်လယ်ပြင်ကြီးသည် မှောင်မိုက်မနေပဲ. . မီးစုန်းရောင်တော





ကာလှပနေသည်။ လှေတော်သားနှစ်ယောက်သုံးယောက်ကို
သာ. . တွေ့ရသည်။ သင်္ဘော်မျှော်စင်ထက်မှာ တစ်ယောက်ကို
တွေ့လိုက်ရသည်။ ပင်လယ်ပြင်အခြေအနေကို စောင့်ကြည့်နေ
သော ကင်းသမားဖြစ်ဟန်တူသည်။ ကျန်သောလှေထိုးသားများ
သည် ဘယ်ရောက်ကုန်ကြသနည်း. . အနားယူနေကြပြီဖြစ်ဟန်
တူသည်။

"မောင်ကျော်စွာ. . တစ်ရေးနိုးလာပြီလား. . "

ရုတ်တရက်ထွက်ပေါ်လာသော အသံကြောင့် လှည့်
ကြည့်လိုက်ရာ. . ပဲ့စင်ပေါ်မှာ လူတစ်ယောက်၊ ဦးမာလပင်
ဖြစ်သည်။ ဦးတိုက်မောင်းကို အနားပေးထားပြီး တာဝန်ယူနေ
ဟန်တူသည်။ ဦးမာလသည် မဲ့နင်းတာဝန်ကိုလည်း ယူတတ်
သူပါလား၊ သင်္ဘောသူကြီးလည်း သူပဲလားမသိ. .

"ဟုတ်ကဲ့. . ဦးရီး၊ ကျွန်တော် အိပ်မက်,မက်ပြီး
နိုးလာခဲ့တာပါ. . "

ဦးမာလကို အမှန်အတိုင်းပဲ ပြောပြလိုက်သည်။

"အေး. . မင်းက သက်တောင့်သက်သာ မနေတတ်ဘူး၊
အလိုက်လည်းသိတယ်. . မင်းစိတ်ထဲမှာ ဒီလိုလိုက်ပါနေရတာ
ကို ဘဝင်မကျဘူး မဟုတ်ဘူး. . "

"မှန်ပါတယ် ခင်ဗျာ၊ ကျွန်တော် တာဝန်တစ်ခုကို
ယူချင်နေပါတယ်၊ ဦးရီးရဲ့နေရာမှာ ကျွန်တော်နေပါရစေလား



www.burmeseclassic.com

www.burmeseclassic.com



ခင်ဗျာ. . ဦးရီးတစ်လှည့်နားပါဦး. . ”

“ရပါတယ်ကွယ်. . ငါက ဒီပွဲစင်ပေါ်မှာပဲ နေရင်း. . နေရင်းနဲ့ ပြီးသွားတာပါပဲ. . ”

ထိုစဉ်. . .

မျှော်စင်ထက်မှ ထွက်ပေါ်လာသော အသံတစ်သံ ကြားလိုက်ကြရသည်။

“သင်္ဘောကြီးတစ်စင်းနောက်ကနေ လိုက်လာပါတယ်

လှေထိုးသားတစ်ဦး၏အသံက ပီသကြည်မြလှသည် ဦးမာလသည် ချက်ချင်းပင် နောက်ကိုလှည့်ကြည့်လိုက်လေ သည်။ သူ၏ မံသမျက်လုံးတွေက အဝေးကိုလှမ်းမျှော်ပြီးတော့ ကြည့်လိုက်သည်။

အတော်ခပ်လှမ်းလှမ်းတွင် မည်းမည်းသဏ္ဍာန်ကြီး တစ်ခုက ရွေ့လျားပြီးတော့ လာနေသည်။ ကျော်စွာလည်း သင်္ဘောပွဲပိုင်းဆီကို ပြေးသွားပြီးကြည့်လိုက်ရာ. . ရေပြင်ထက် မှာရွေ့လျားပြီးလာနေသော သဏ္ဍာန်တစ်ခုကို ဝိုးတဝါး တွေ့လိုက်ရသည်။ သင်္ဘောတစ်စီးရယ်ဟု ထင်နိုင်စရာမရှိသော် လည်း ဦးမာလနှင့် မျှော်စင်သမားက သင်္ဘောတစ်စီးရယ်ဟု သိနေကြသည်မှာ အတွေ့အကြုံကြောင့်ပေလား၊ ကျွမ်းကျင်မှု ကြောင့်ပင်လား. . မည်သို့ပင်ဖြစ်ပစေ၊ မျက်စိအမြင်အာရုံ စူးရှမှုတော်တော်ထက်သန်သည်ဟုပဲ ဆိုရပေမည်။ သို့ရှိစဉ်. .





ဦးတိုက်မောင်း၊ မြတ်လေးနှင့် ကြက်သီးတို့သည်လည်း သင်္ဘောကုန်းပတ်ပေါ်ကို အမှတ်မထင်ရောက်လာခဲ့ကြလေသည်။

“ဟင်. . ဦးရီးတို့လည်း နိုးလာကြပြီ. . ”

“ဟုတ်တယ်၊ ငါတို့ကို တစ်ယောက်ယောက်က နှိုးလိုက် သလိုပဲ. . အကြောင်းတစ်ခုခုရှိလိမ့်မယ်ထင်ပြီး တက်လာခဲ့တာ၊ င်းလည်း ဒီကိုရောက်နေတာကိုး. . ”

“ကျွန်တော်လည်း အိပ်ပျော်နေရာက လန့်နိုးလာတာ ၊ သင်္ဘောတစ်စီးနောက်က လိုက်လာနေတယ်လို့ပြောတယ်”

“ဟင်. . ဟုတ်လား၊ သူ့လမ်း. . သူသွားကြတာဖြစ် ပေါ့ကွယ်. . ”

“ဒါပေမယ့် ငါကတော့ ဒီလိုမထင်ဘူး မောင်တိုက်မောင်းရဲ့”

ပွဲစင်ထက်မှ ဦးမာလက လှမ်းပြီးတော့ပြောလိုက်သည်။ ည်သို့အဓိပ္ပါယ်ရှိသလဲတော့ မသိ၊ ဦးတိုက်မောင်းသည် လှပွဲပိုင်းဆီကို ပြေးသွားခဲ့သည်။ ထို့နောက် မည်းမည်း သဏ္ဍာန်ကြီးဆီကို စူးစိုက်ပြီးတော့ ကြည့်နေမိသည်။ တခဏ ကြာတွင် ထိုနေရာမှထွက်လာခဲ့သည်။

“ဒီသင်္ဘောဟာ ငါတို့နောက်က တမင်လိုက်လာခဲ့တာ ဖြစ်မယ်၊ အကူအညီတောင်းဖို့လည်း မဖြစ်နိုင်ဘူး၊ အနှောင့် ယှက်ပေးမယ့်လက္ခဏာရှိတယ်. . ”

“မှန်လိုက်လေ. . မောင်တိုက်မောင်းရယ်၊ ငါလည်း



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုပဲထင်တယ်ကွယ်. . ကဲ. . သတိဆိုတာ ပိုတယ်မရှိဘူး လိုတယ်ပဲရှိတယ်၊ ကိုယ့်ဘက်က အသင့်ဖြစ်ဖို့က အရေးကြီးတယ်"

ဦးမာလက ပြောလိုက်သည်။ ခုလိုအချိန်ကြီးမှာ မည်သို့သော အန္တရာယ်မျိုးက ရောက်လာနိုင်သလဲ. . မည်သူမှ တွေးမရကြပါ။ ကြက်သီးမှလွဲ၍ သုံးဦးစလုံး ဓါးကိုယ်စီ ပါလာကြသည်။

"မောင်ကြက်သီး. . ရော့. . "

ပွဲစင်ထက်မှ ဦးမာလက အအိမ်နှင့်ထည့်ထားသော ဓါးတစ်လက်ကို ပစ်ပေးလိုက်သည်။ ကြက်သီး၏ လက်ထဲကို ဓါးကရောက်လာ၍ ဝမ်းသာသွားခဲ့ရသည်။ သို့သော်. . မည်သို့သော အန္တရာယ်မျိုးမှန်း မသိကြရ၍ စိတ်ကထင့်နေမိကြသည်။

○ ○ ○

သစ်ပြေးသားနှင့် တည်ဆောက်ထားသော ဖေဖော်ဂျီ သဘော်ကြီးက ရေပြင်ထက်မှာ အံ့ဩစရာကောင်းလောက်အောင်. . တရိပ်ရိပ်ဖြင့် ပြေးနေသော်လည်း နောက်မှလိုက်လာသော. . မည်းမည်းသဏ္ဌာန်ကြီးက ပိုမြီးတော့ အားကောင်းနေသည်။ လျင်မြန်လျက်ရှိသည်။ မကြာမီ. . အနီးသို့ကပ်လာသောအခါ. . သဘော်ကြီးတစ်စင်းဖြစ်နေသည်မှာ အမှန်ပင်တည်း။ [စောစောကတော့ ဝေလငါးတစ်ကောင်ဟု ထင်နေမိကြလေသည်။]





ထိုစဉ်. . ပျောက်နေကြသော လှေထိုးသားများသည်လည်း. . တစ်ဦးပြီးတစ်ဦး ပေါ်လာခဲ့ကြလေသည်။ အခြေအနေကိုကြည့်ပြီး သူတို့ကို မည်သူတွေက အကြောင်းကြားလိုက်ကြမှန်းမသိရပါ။ လက်ထဲမှာတော့ တစ်လံသာသာရှိတုတ်များကို သာကိုင်ဆောင်ထားကြသည်။ တစ်ချို့ကတော့ လက်နက်မျိုးစုံ။

"ဟိတ်. . ဒီသဘော်ကြီးက ငါတို့ကို အနှောင့်အယှက်ပေးကြလိမ့်မယ်. . အားလုံးသတိနဲ့နေကြ. . "

ဦးမာလက. . ပွဲစင်ထက်မှနေ၍ သတိပေးလိုက်လေသည်။ နောက်မှလိုက်လာသော သဘော်ကြီးသည် တစ်စင်းလုံးနက်မှောင်လျက်ရှိသည်။ ညအမှောင်ကြောင့်လား၊ နက်မှောင်စေသော ဆေးတစ်မျိုးမျိုးသုတ်လိမ်းထားသလား၊ သို့မဟုတ်. . ဤသဘော်ကြီးကို သစ်နက်တစ်မျိုးဖြင့် တည်ဆောက်ထားသလား မပြောတတ်ပါ။ သဘော်ကြီးပေါ်မှာ လူသူအရိပ်ယောင်မမြင်ကြရ၊ တစ်ဦးတစ်လေသော်မှ မတွေ့ရ။ သူ့အလိုအလျောက် ရွေ့လျားနေသော ပိုင်ရှင်ကင်းမဲ့သည့် သဘော်ကြီးများဖြစ်နေမလား. .

သို့သော်. .

သဘော်ကြီးသည် ဖေဖော်ဂျီသဘော်ကြီး၏ ဘေးမှ ကျော်ဖြတ်သွားခဲ့သည်နှင့်. .



www.burmeseclassic.com

www.burmeseclassic.com



"ဟေး . . ဟေး . . ဟေး"

"ဟား . . ဟား . . ဟား"

"ငါတို့လမ်းပေါ်မှာ ဖြတ်သွားကြတဲ့ သူမှန်သမျှ . . တစ်ဦးတစ်ယောက်မှ အရှင်မထားကြနဲ့ . . သဘော်ကိုလည်း ဖျက်ဆီးပြီး နှစ်ပစ်ကြ . . "

တဟေးဟေး . . တဟားဟားနှင့် အသံများလည်း ထွက်ပေါ်လာကြသည်။ ခြိမ်းခြောက်သံများလည်း ထွက်ပေါ်လာခဲ့ကြသည်။ လူရိပ်သဏ္ဌာန်ကိုတော့ မတွေ့ရပေ။ ရေပြင်ကျယ်ကြီးက စိမ်းပြာရောင်တောက်ပနေသလို ထိုသဘော်ကြီးကလည်း ဘေးပတ်ပတ်လည်မှာ အဖြူရောင် အလင်းရောင်တစ်ချို့ထွက်ပေါ်နေသည်ကို တွေ့လိုက်ကြရသည်။ သို့သော် သဘော်ပေါ်မှာ လူရိပ်သဏ္ဌာန်တစ်ဦးတစ်ယောက်ကိုသော်မှ မတွေ့ရ။ စောစောကထွက်ပေါ်လာခဲ့ကြသည့် အသံတွေကတော့ ဆူညံသွားခဲ့ကြသည်။ ကျော်စွာတို့သည် အံ့အားသင့်နေမိခဲ့ကြသည်။

သို့သော် . . ဖေဇော်ဂျီသဘော်ကြီးပေါ်မှ ဦးမာလနှင့် ဦးတိုက်မောင်းတို့ကတော့ ထူးခြားမှု မရှိကြသလိုပင်။

"ဦးရီး . . ဟောဟိုက သဘော်ကြီးဟာ ဘာသဘော်ကြီးလည်း မသိဘူး၊ လူသံတွေကို ကြားလိုက်ရပြီး ဘေးနားက ဖြတ်သာသွားတယ်၊ တစ်ယောက်မှကို မတွေ့လိုက်ရဘူး . . "



"မောင်ကျော်စွာ၊ ဒီသဘော်ကြီးဟာ . . ပင်လယ်ပြင်မှာသွားလာနေကြတဲ့ တစ်ခြားလှေသဘော်တွေကို လိုက်ပြီး အနှောင့်အယှက်ပေးနေကျပဲ . . အခုလည်း သူ့ . . ဒီအတိုင်းနေမှာတော့ မဟုတ်ဘူး၊ ငါတို့ကိုလည်း မြင်တွေ့သွားခဲ့ကြပြီ မင်းတို့သာ သတိဝီရိယနဲ့ နေကြ၊ ကြောက်တတ်ကြရင်ဖေ အခန်းထဲဝင်နေကြ . . "

ဦးမာလ၏ စကားကြောင့် ကျော်စွာ အခံရခက်သွားပြီ ခဲ့သည်။

"ကျွန်တော်တို့ ကြောက်တယ် . . မကြောက်တယ် ဆိုတာ . . ဦးရီး အချိန်တန်ရင်သိလာရမှာပါ . . ဘယ်သူမဆို လာမယ့်ဘေးကို ပြေးပြီးရင်ဆိုင်တတ်မှ ယောကျ်ားကောင်းဖြစ်တယ်လို့ပြောကြတယ် . . ဟုတ်မဟုတ် ဦးရီးစောင့်ကြည့်ပေါ့"

ကျော်စွာ၏အပြောကြောင့် အားလုံးအံ့အားသင့်သွားခဲ့ကြရသည်။ ဒီလိုစကားမျိုး သူတစ်ခါမှ မပြောဖူးပါ။ ဦးတိုက်မောင်းသည် ဦးမာလ၏ မျက်နှာကို အားနာနာဖြင့် ကြည့်လိုက်သည်။ ဦးမာလကတော့ ကျော်စွာကို အကဲခတ်ကာ ကြည့်နေရင်းမှ မသိမသာ ပြုံးမိလိုက်သည်။

စောစောကသဘော်ကြီးသည် ဖေဇော်ဂျီသဘော်ကြီး ထက်ပိုပြီး လျင်မြန်စွာဖြင့် ကျော်ဖြတ်သွားနိုင်ခဲ့သည်မှာ ထူးခြားမှုတစ်ခုခုပဲဟု စိတ်ထဲမှာ သံသယတွေရှိနေခဲ့ကြသည်။

www.burmeseclassic.com

ရှေ့မှာ. . အန္တရာယ်တစ်ခုခု၊ သို့မဟုတ်. . ဆိုးကျိုးတစ်ခုခုဖြစ်ပေါ်လာတော့မည်ဆိုလျှင်. . စိတ်ထဲမှာ. . ထင်နေမိသည့် ခံစားချက်မျိုးဖြစ်လာတတ်ကြသည်မှာ မမှတာပင်။

ယခုလည်း မကြာမီ အချိန်ကာလအတွင်းမှာပင်. . ဖျှင့်မမျှော်လင့်ထားမိသည့် အန္တရာယ်တစ်ခုသည် ရှေ့မှာ ကိုနေပြီဖြစ်သောကြောင့်ပင်တည်း။

○ ○ ○

ထွက်ေ

လာခဲ့ြ

ကျ ဖေဇော်ဂျီသဘော်ကြီးသည် ညဉ့်ကာလအချိန်မှာပင် . . အင်္ဂလိပ်ရေပြင်ထက်မှာ မရပ်မနားတဟုန်ထိုးခရီးနှင် သျက်ရှိနေလေရာ. . တိုတောင်းလှသော အချိန်အတွင်းမှာပင် လျှင်. . ပိုပြီးတော့ လျင်မြန်လာခဲ့သည်။

ထိုစဉ်. . ပုံစင်ထက်မှ အော်ပြီး သတိပေးလိုက်သော အသံကို ကြားလိုက်ကြရပြန်လေသည်။

"ဟို. . သဘော်ကြီး. . ရှေ့မှာ. . စောင့်နေတယ်"

မျှော်စင်ထက်မှ လှေထိုးသား၏ သတိပေးသံကြောင့် အားလုံးလှုပ်လှုပ်ရှားရှားဖြစ်သွားခဲ့ကြရလေသည်။ ချက်ချင်းလိုလိုပင် တွေ့လိုက်ကြရသည်က စောစောက သဘော်ကြီးသည် ရေပြင်ထက်မှာ တုံ့နေကာ. . ဖေဇော်ဂျီသဘော်ကြီးကို တမင်ရပ်စောင့်နေသလိုရှိနေသည်။



ဦးတိုက်မောင်းသည် ဦးမာလကို တစ်ချက်လှမ်းကြည့်လိုက်သည်။ ဦးမာလသည် ပဲ့ကိုင်နေသော်လည်း သဘော်လမ်းကြောင်းကို မပြောင်းပစ်ပေ၊ ဒီအတိုင်းပဲ ဆက်ပြီးသွားနေသည်။

"မောင်တိုက်မောင်း. . ဒီသဘော်ကြီးဟာ ငါတို့ကို မင်စောင့်နေတာပဲ၊ အားလုံးသတိရှိကြ၊ လာမယ့်ဘေးမြင်းတွေ့ကြရတော့မယ်. . "

ဦးမာလက သတိပေးလိုက်သည်နှင့် အားလုံး လှုပ်လှုပ်ရှားဖြစ်သွားခဲ့ကြရသည်။ ဦးတိုက်မောင်း ကျော်စွာ၊ ကြွက်သိးသည် ဓါးရှိုးကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားလိုက်ကြသည်။ ထိုစဉ်. .

ပျောက်နေသော လှေထိုးသားများသည် သူတို့၏ ခန်းထဲမှ တစ်ယောက်ပြီးတစ်ယောက် ထွက်လာခဲ့ကြသည်။ က်ထဲမှာလည်း ဓါး၊ လှံ၊ လက်နက်များကို ကိုင်ဆောင်ထားလေသည်။ မျက်နှာတစ်ဆင်တည်းရှိသော လှေထိုးသားများ ည် စကားတစ်ခွန်းမှ မပြောကြပဲ ထိုသဘော်မည်းမည်းကြီး ကိုသာ မျက်နှာမူပြီးတော့ ကြည့်နေကြလေသည်။

ဖေဇော်ဂျီသဘော်ကြီးက ထိုသဘော်ကြီးအား မှ ဖြတ်အသွားမှာ တစ်ဖက်သဘော်ကြီးပေါ်မှာ ပုံသဏ္ဌာန် မျိုးမျိုးတို့က ထွက်ပေါ်လာခဲ့ကြလေသည်။ စောစောက

www.burmeseclassic.com

www.burmeseclassic.com



သဘော်ကြီးပေါ်မှာ မမြင်မိခဲ့ကြသောသူများသည် ယခုမှ ဝိုးတိုး ဝါးတားသဏ္ဌာန်များဖြင့် ပေါ်လာခဲ့ကြသည်မှာ စဉ်းစား မရနိုင်လောက်အောင်ပင်ဖြစ်သွားခဲ့ကြရလေ၏။ ထိုသဏ္ဌာန် များသည် ဖေဇော်ဂျီသဘော်ကြီးပေါ်ကို တစ်ဦးပြီးတစ်ဦး ခုန်ကူးလာခဲ့ကြသည်။ မထင်မှတ်အောင်ပင် လျင်မြန်လိုက် သည့် ဖြစ်ခြင်း၊ လက်ထဲမှာလည်း ရဲဒင်း၊ ဓါး၊ ခက်ရင်းခွမှိန်း များကို ကိုင်ဆောင်ထားကြသည်။

ထိုသူများ၏ မျက်နှာကို ကောင်းစွာ မမြင်နိုင်ကြ ရှည်လျားသောဆံပင်ကြီးများက မျက်နှာကို ဖုံးအုပ်ထား ည်။ တစ်ချို့ကလည်း ပတ်လည်အနားကော့သော ဦးထုပ် နက်ကြီးများကို ဆောင်ထားကြသည်။ ဦးထုပ်နက်များ ကြီးမားလှပြီး နဖူးတစ်ဝက်မက ဖုံးအုပ်ထားကြသည်။ မျက်နှာ များကို သဲကွဲစွာမမြင်နိုင်။ [ညအမှောင်ကြောင့် သဲကွဲစွာ မမြင်နိုင်ကြသောသူများသည် မျက်လုံးတွေကလည်း နက်မှောင် နေကြသည်။ တစ်ချို့မျက်ကွင်းတွေ ချိုင့်ဝင်နေကြပြီး ပါးရိုးတွေ ကထွက်နေကြသည်]

ထိုသူများသည် ဖေဇော်ဂျီသဘော်ကြီးပေါ်မှ လူများ တိုက်ခိုက်ကြလေတော့သည်။

"ဟား. . ဟား. . ဟား ဟား၊ ဒီ ပင်လယ်တစ်ပြင် ဟာ. . ငါ့ပိုင်နက်ကွ၊ ပင်လယ်ဗိုလ်ကြီး သိဒ္ဓိဆိုတာ ငါ



ဟောဟိုက သဘော်ကြီးကလည်း ငါ့သဘော်၊ ဒီသဘော်ကြီး ကလည်း သိဒ္ဓိပဲ၊ မင်းတို့သဘော်ကြီးဟာ ငါ့ပိုင်နက်ထဲကို ကျူးကျော်ပြီးဝင်ရောက်လာတယ်၊ အားလုံး ငါ့လက်ခုပ်ထဲက ရေပဲ. . သေကြပေတော့. ."

ကြိမ်းဝါးသံကြီးတစ်ခုက ထွက်ပေါ်လာခဲ့သည်။ ကျော်စွာ့အနားမှကပ်ပြီး ထွက်ပေါ်လာခဲ့သောအသံဖြစ်သည့် အတွက် လှည့်ကြည့်လိုက်ရာ လွန်စွာမှ မြင့်မားသော အရပ်. . [ခြောက်ပေနီးပါးခန့်ရှိမည်]။ ကြံ့ခိုင်သော ကိုယ်လုံးကိုယ်ထည် ရှိသော လူကြီးတစ်ယောက်သည် မည်းနက်သော သားမွေး အင်္ကျီရှည်ကြီးကို ဝတ်ဆင်ထားသည်။ ဦးထုပ်ကြီးတစ်လုံးကို နဖူးအုပ်အောင် ဆောင်းဆားသည့်အပြင် ရှည်လျားသော ဆံပင်ကြီးများကလည်း မျက်နှာပေါ်မှာ တစ်ခက်၊ ကျောပြင်နှင့် ပုခုံးထက်မှာ တစ်ဝက်ကျနေကြသည်။

"ဒီရေပြင်ကျယ်ကြီးဟာ အားလုံးနဲ့သက်ဆိုင်တာပဲဗျ၊ ခင်ဗျားတစ်ယောက်တည်း ပိုင်တယ်ဆိုတာ ဖြစ်နိုင်ပါ့မလား၊ ခင်ဗျား. . ကျုပ်တို့ကို မတားဆီးပါနဲ့. ."

"အံမာ. . မင်းက မလောက်လေး မလောက်စားနဲ့ ငါ့လိုကောင်မျိုးကို ဒီလိုပြန်ပြီးပြောဝံ့သလားကွ၊ ဒါလောက် တောင်ရဲတင်းလှတာ. . သေပေတော့. ."

သိဒ္ဓိဆိုသည့်လူကြီးက ကျော်စွာ့ကို လက်ဖြင့်တွန်းပစ်

www.burmeseclassic.com



လိုက်သည်။ ထို့နောက်. . လက်မှာကိုင်ထားသည့် ဓါးကြီး
အားကုန်ပိုင်းချလိုက်သည်။

"ဝှစ်. ."

သို့သော်. . ကျော်စွာသည် ခေါင်းကိုငုံ့ကာ အသာ
ရှောင်ပေးလိုက်သည်။ ထို့နောက် တစ်ဆက်တည်းမှာ
လက်မှဓါးဖြင့် ဆီးပြီးခံထားလိုက်သည်။

"ထန်. . ထန်"

ကျော်စွာသွက်လက်စွာ ရှောင်တိမ်းလိုက်နိုင်ပုံ
မြင်တွေ့လိုက်ရသည်နှင့် ကိုယ်ခံပညာကျွမ်းကျင်စွာ တ
မြှောက်ထားသူဖြစ်ကြောင်း သဘောပေါက်သွားခဲ့ရသည်
သိဒ္ဓိသည် ကျော်စွာကို အပြတ်ရှင်းမည့်ဟန်ဖြင့်. . ဓါး
မွှေ့ကာ မွှေ့ကာ. . တရစပ်ပစ်သွင်းထည့်လိုက်သည်။

"သေပေတော့. . သိဒ္ဓိကို ဒီလိုစမ်းလို့ မရဘူးကွ"

သို့သော် ကျော်စွာက လျင်မြန်စွာ ရှောင်တိမ်းလို
နိုင်သည့်အပြင်. . ဓါးချက်တွေကို စကြာရဟတ်လည်သည့်ပ
တရစပ်မှင်. . မရပ်မနား တစ်ချက်ပြီးတစ်ချက် ပစ်သွင်းလို
လေသည်။

သိဒ္ဓိဆိုသည့်လူကြီးသည် ခြေထောက်အစုံက ကြမ်း
နှင့်မထိပဲ လေထဲမှာလွင့်သွားသလို ရှောင်တိမ်းလိုက်နိုင်သ
ကာ အံ့အားသင့်စရာကောင်းလှသည်။ လဲမို့ကလေးလွင့်သွ



သလိုပင်. . တုတ်ခိုင်သော ခန္ဓာကိုယ်ကြီးနှင့် မလိုက်ဖက်အောင်
ပေါ့ပါးပါးလေး လွင့်သွားခဲ့သည်။ ဘယ်လိုမှ မယုံကြည်နိုင်စရာ
ပင်၊ သိဒ္ဓိနှင့်ပါလာကြသောသူများသည်လည်း ဖေဇော်ဂျီ
သဘော်ကြီးပေါ်မှ လူများကို ရက်စက်စွာပင် ပင်မရှောက်
ထိုးခုတ်၍ တိုက်ခိုက်ကြလေတော့သည်။

ဦးတိုက်မောင်းနှင့် မြတ်လေးတို့သည် ကျွမ်းကျင်သော
ဓါးကွက်များဖြင့် ပြန်ပြီးတော့ တိုက်ခိုက်ကြသည်။

"ထန်. . ထန်. . ထန်. . ထန်"

ထိုသူများသည် တစ်ချို့ ဓါးရေးကျွမ်းကျင်သည်။
တစ်ချို့ မကျွမ်းကြ၊ ကြက်သီးက တစ်ယောက်ကို ဓါးမြှောင့်
ပြေးပြီးပိုင်းချလိုက်ရာ ဓါးချက်မမိပဲ ချော်ထွက်သွားခဲ့သည်။
သို့သော်. . အချော်ကောင်းဟု ဆိုရပေမည်။ ဓါးချက်က
လည်မြို့ကို ဖောက်ထွက်သွားခဲ့သည်။

"အား. ."

နက်ကျောသောအသံကြီးက ထွက်ပေါ်လာခဲ့သည်။
ထိုသူသည် ခေါင်းကို သွက်သွက်ရမ်းအောင်ခါပစ်လိုက်သည်။
လက်ထဲမှ ဓါးလည်း လွတ်ကျသွားခဲ့သည်။ ကြက်သီးက ဓါးကို
ဆွဲနုတ်ပြီး နောက်တစ်ချပ်ထပ်အခုတ်မှာ. . ထိုသူက ရှောင်တိမ်း
လိုက်သည်။ ဓါးဦးက ထိုသူ၏ ဦးထုပ်ကို အမှတ်မထင်ထိခတ်
သွားခဲ့သည်။ ဦးထုပ်လွင့်သွားခဲ့လေရာ. .

www.burmeseclassic.com

www.burmeseclassic.com



"ဟင်. ."

ကြက်သီး လန့်သွားသည်။ နောက်ကိုပင် ယောင်ရမ်းပြီးတော့ ဆုတ်မိသွားခဲ့ရသည်။ ထိုသူ၏ ခေါင်းပိုင်းသည် အရိုးခေါင်းသဏ္ဍာန်ကြီးဖြစ်နေသည်။ မျက်ကွင်းဟောက်ဖက်၊ နှာခေါင်ပေါက်က ကျယ်ကျယ်၊ ပါးစပ်ပြဲပြဲကြီးနှင့် သွားတွေက အဖွေးသား၊ သို့သော်. . တစ်ခဏချင်းမှာပင် သာမန်လူတစ်ယောက်ပမာ ပြန်ဖြစ်သွားခဲ့သည်။ ကြက်သီးသည် အာရုံမှာ စွဲထင်ချင်ရာထင်ပြီး အမြင်မှားသွားခြင်းဖြစ်နိုင်သည်။ ဒီလိုပွဲမျိုးကို မတိုးဖူး၍ ကြောက်စိတ်ဝင်နေကာ ကိုယ့်အသက်ကိုလုပြီး ကာကွယ်နေရစဉ်မှာ ကြောက်စိတ်ကြောင့် မူးဝေသွားခဲ့ခြင်းလည်းဖြစ်နိုင်သည်။ ညဥ့်နက်ပိုင်းကာလလည်း ဖြစ်နေ၍ မည်သည့်ရုပ်လက္ခဏာကိုမှ သဲကွဲစွာ မမြင်ရပါ။ ထိုသူသည် ဓါးချက်မိသွားသော လည်ပင်းကို လက်နှစ်ဖက်နှင့် အုပ်ကာ ကိုင်ပြီး ရေထဲကို ထိုးကျသွားခဲ့လေသည်။

"ဘွမ်း. ."

ဝ ဝ ဝ

သိန္ဓုသဘော်ကြီးပေါ်မှ လူများသည် ကြမ်းတမ်းသော မျက်နှာပေါက်များရှိကြသည်။ ဖေဇော်ဂျီသဘော်ကြီးပေါ်မှ လှေထိုးသားများသည် ဓါး၊ လှံ၊ ခက်ရင်းသုံးခွမှိန်းကြီးများကို

ကိုင်ဆောင်ထားကြပြီး အတင့်ရဲစွာ ဝင်ရောက်ရန် ပြုလာကြသူများကို ရဲဝံ့စွာတိုက်ခိုက်ကြသည်။ လှေထိုးသားတစ်ယောက်က ဘုတ်ရှည်နီနီကြီးတစ်ချောင်းကိုကိုင်ကာ ပြေးဝင်လာပြီး တစ်ယောက်ကို ရိုက်ချလိုက်သည်။

"ဖြောင်း"

ဦးထုပ်လွင့်ထွက်သွားသည်။ ခေါင်းကိုရိုက်မိသည် ဖြစ်၍ ခေါင်းလည်း လည်ထွက်သွားခဲ့သည်။ ရှည်လျားသော ဆံပင်များက ဝဲလှည့်သွားခဲ့ကြပြီး. . မျက်လုံးတွေအပြူးသားနှင့် ပါးစပ်ကြီးဟ,နေကာ ကြောင်တက်တက်နှင့် ကြည့်နေဆဲမှာပင် လှေထိုးသားက နောက်တစ်ချက် ရိုက်ချလိုက်သည်။

"ဖြောင်း. ."

"အွး. ."

နက်ကျောသောအသံကြီးက ထွက်ပေါ်လာခဲ့ကာ ဆိုင်းကာနဲ့ပစ်လဲပြီး ကျသွားခဲ့လေသည်။

သိန္ဓုသဘော်ကြီးပေါ်မှ လူများသည် ပင်လယ်ဓါးပြတွေလော၊ တစ်ချို့ရုပ်ဖျက်ထားကြသည် ထင်သည်။ မျက်နှာပြင်ထက်မှာ အရိုးစုမျက်နှာများရေးခြယ်ထားကြသည်။ အရိုးခေါင်းဖြူဖြူများက မျက်လုံးဟောက်ပက်၊ ပါးစပ်ပြဲပြဲနှင့် သွားလုံးကို ခြောက်လှန့်နေသလိုထင်ရသည်။ ထိုသူများသည် ကောင်းဆိုးရွားများသဏ္ဍာန်. . ဖန်တီးထားကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ရင်ဆိုင်တွေ့ကြသူများ၊ တိုက်ခိုက်ကြသူများက ဤမျက်မှ
ကို . . မြင်လိုက်ကြရလျှင် ချက်ချင်းသိမ်ငယ်သွားပြီး ပြေ
သွားကြရန်ဖြစ်သည်။

လှေထိုးသားတို့၏ ရှုပ်ချွစွာတိုက်ခိုက်မှုများက
ကြောက်ခမန်းလိလိပင်ဖြစ်သည်။ သိဒ္ဓိသဘော်ကြီးပေ
ရန်သူများကလည်း သားရဲမင်းရဲစီးနေကြသည့်ပမာ ရက်စ
ထိုးခုတ်တိုက်ခိုက်ကြသည်။

ထူးခြားသည်မှာ ထိုသို့တိုက်ခိုက်နေကြစဉ် တစ်ဖ
သိဒ္ဓိသဘော်ကြီးသည် ဖေဖော်ဂျီသဘော်ကြီးနှင့်ယှဉ်
လိုက်နေခြင်းပင်ဖြစ်သည်။ သို့သော် . . သိဒ္ဓိသဘော်ကြ
ကိုယ်ထည်သည် မီးစုန်းရောင်တလက်လက်ထွက်နေ
ထင်ရသည်။ တစ်ခါတစ်ရံမှာ အဖြူရောင်သို့ ပြောင်းသွား

သို့သော် . . ဖေဖော်ဂျီသဘော်ကြီးပေါ်မှာ အ
အကြေတိုက်ပွဲများဖြစ်နေကြသော်လည်း ဦးမာလက
ပွဲကိုင်မပျက်၊ ပွဲစင်ထက်မှနေ၍ အခြေအနေကို စောင့်
နေလေသည်။ သွေးအေးနေသည်။

ရန်သူတစ်ယောက်၊ မြတ်လေးဆီကို ပုဆိန်ကြီးကို
ပြေးဝင်လာခဲ့သည်။ အနားကိုရောက်သော လက်ကိုမြှော
အားကုန်ခုတ်ချလိုက်သည်။

မြတ်လေးက သွက်လက်စွာ ဘေးကို ခုန်ရှောင်



သည်။ ပုဆိန်က, လေကိုခုတ်မိသွားသည်။ မြတ်လေးသည်
ဓါးရိုးကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ပြီး ဘေးတွတ် တွတ်ချ
လိုက်သည်။

"အား . ."

ထိုသူ၏လက်မှ ပုဆိန်လွတ်ကျသွားသည်။ မြတ်လေး
သည် ရန်သူ၏ လက်မောင်းနှင့် လက်ဖမိုးနေရာကို မြင်သွား
သည်။ အရှိုးစုသက်သက် . . တစ္ဆေသရဲလို့ထင်အော
ကိုယ်ပေါ်မှာ . . ဒီလိုဖန်တီးပြောင်းလွဲထားရုံနဲ့ ကြော
မလား . . အကန်

နာနာ[illegible]အတုများကို မြတ်လေးက သွက်သွက်ပြီး
ဓါးရေးများဖြင့် အစွမ်းကုန်တရစပ်မွှေကာ တိုက်ခိုလာက်
ဦးတိုက်မောင်းကလည်း မြတ်လေးနှင့် ကျောချင်းကပ်
ရန်သူ့လက်ချက်မမိစေရန် တွန်းလှန်တိုက်ခိုက်နေရသည်။
မျက်နှာပေါ်မှာ ကန့်လန့်ဖြတ် အမာရွတ်ကြီးနှင့် တစ်ယောက်၊
ဦးတိုက်မောင်းဆီကို ခုန်ဝင်လာခဲ့သည်။ လက်ထဲမှာလည်း
ခက်ရင်းသုံးခွမှိန်းကြီးနှင့် ဗိုက်နှစ်ဖက်ဖြင့် ဆုပ်ကိုင်ကာ . .
စုံမြှောက်ပြီး တအားစိုက်ချလိုက်သည်။

ဦးတိုက်မောင်းက ဆတ်ကနဲဆို ဘယ်ခြေရှေ့တက်ကာ
ရှောင်လိုက်သည်။ ထိုသူက အားလွန်သွားပြီး မှိန်က ကြမ်းပြင်
ကိုဒေါက်ကနဲဆိုသွားစိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒေါက်. ."

ဦးတိုက်မောင်း၏ ခေါင်းက ထိုသူ့ရင်ဝကို ထိုးစိုက်မိသွားခဲ့လေသည်။

"အား. ."

၀.၀ ၀

ကြမ်းတမ်းသောရုပ်ရည်ရှိသည့် သိဒ္ဓိသည် ကျော်စွာ၏နောက်တစ်ကြိမ်ပြေးဝင်လာခဲ့ပြန်သည်။ သူပြေးလာသည့်သာ မြန်ဆန်လွန်းလှသည်။ လေထဲမှာ လျင်မြန်စွာ လွင့်လာလို့။ ဖျတ်ကနဲဆို အနားကိုရောက်လာခဲ့သည်။

ကို "မင်းက. . တော်တော့်ကို ခေါင်းထက်တယ်ပေါ့လေဟုတ်လား. . သိဒ္ဓိကလည်း ဒီလိုမျိုးနဲ့မှ တွေ့ချင်နေတာကွကိုင်း. . လူ့ပြည်မှာ နေရတာ ညည်းငွေ့ရင် ငရဲပြည်ကိုသွားဒါမှမဟုတ်. . တစ္ဆေချင်းစကားပြော၊ တသောသောနေရောလဟယ်. ."

သိဒ္ဓိသည် ကျော်စွာကို တရကြမ်းဝင်ရောက်ကာအသေအကြေတိုက်ခိုက်လေတော့သည်။

"ထန်. . ထန်. . ထန်"

ကျော်စွာက ခေါင်းကိုတင်းကြပ်စွာဆုပ်ကိုင်ကာ ဆီးခံလိုက်သည်။ သံသံချင်း ထိခတ်သံများက ပြင်းထန်စွာဝင်



ထွက်ပေါ်လာခဲ့ကြသည်။ မီးပွင့်တွေတလက်လက်ဖြင့်ထွက်သွားခဲ့ကြသည်။ သိဒ္ဓိက ကြောက်စရာမျက်နှာထားကြီးဖြင့်အံကိုတင်းတင်းကြိတ်ကာ မျက်လုံးကြီးတွေအပြူးသားဖြင့်တိုက်ခိုက်သော်လည်း ကျော်စွာက မတုန်လှုပ်တော့ပါ။

"ဟိတ်. . ကျော်စွာဆိုတာ လူကြောက်မဟုတ်ဘူးကွ၊ လူဆိုး. . လူမိုက်ကိုလည်း မကြောက်ဘူး၊ တစ္ဆေ သရဲ သဘက်ကိုလည်း မကြောက်ဘူး. . ဘာကောင်ကြီးပဲလာလာ၊ ကျော်စွာနဲ့တွေ့ရင်. . သေမင်းရဲ့ တမန်နဲ့တွေ့တယ်လို့သာ မှတ်လိုက်ကြ"

ကျော်စွာ၏ ခေါင်းချက်များကို သိဒ္ဓိက အကြောက်အကန်ဝင်. . ကာကွယ်နေရသည်။ သိဒ္ဓိသည် ကျော်စွာကိုကြည့်ပြီးတော့. . အံ့အားသင့်သွားခဲ့ရသည်။ လူငယ်သလောက်အားမာန်ကလည်း အပြည့်၊ ခေါင်းရေးကလည်း ထက်လှသည်။ ပြောသည့်အတိုင်းလည်း ထက်ထက်မြက်မြက်လုပ်သောသူ သို့သော်. . သိဒ္ဓိက ကျော်စွာ့ စွမ်းရည်ကို သိချင်သေးသည်။ ဒီကောင်. . ဒီတစ်ကြိမ်မှမသေလျှင်. . တော်ရုံနှင့်သေနိုင်မှာမဟုတ်။

"ဟေ့ကောင်တွေ၊ ဒီကောင်လေးကို ဝိုင်းပြီးတော့ပညာပေးလိုက်ကြစမ်း. ."

သိဒ္ဓိ၏ တပည့်တပန်းများက ကျော်စွာ့အနားသို့ဝိုင်းလာခဲ့ကြသည်။ ကျော်စွာကလည်း မည်သူ့ကိုမှ ဂရုမစိုက်

မပေးရဲ၊ သူတို့က အုံလိုက်ကျင်းလိုက်နဲ့ တရကြမ်းဝင်ပြီး တိုက်ကြတော့မည်။

"ပေါ်ရိုသအဏ္ဏဝါကြီးဟာ လူသားတစ်ယောက်ရဲ့ အသွေးအသားကို အလိုရှိတယ်တဲ့ဟေ့၊ တောင်းခံနေပြီ ကိုင်း . . မလောက်လေးမလောက်စားလေးက ငါတို့ကို . . နိုင်အောင်တိုက်စမ်း . ."

အဆီပြန်နေသော မျက်နှာကြီးနှင့် လက်မရွံ့သမားများ ကတစ်ပြိုင်တည်းဝင်ရောက် တိုက်ခိုက်ကြသည်။ အဏ္ဏဝါ တစ္ဆေကြီးသိဒ္ဓိကလည်း တရကြမ်းပြေးဝင်လာပြီး တိုက်ခိုက်သည်။ ကျော်စွာသည် ဓါးတစ်လက်တည်းနှင့် ခြေအထုတ်၊ လက်အနှုတ်၊ သိုင်းစွန်အကုပ်တိုက်ကွက်များကို မွှေခတ်ပြီး သုံးကာ . . ကိုယ်ကိုလှည့်ပတ်ပြီး တိုက်ခိုက်နေရသည်။

"ထန် . . ထန် . . ထန်"

ကျော်စွာသည် လစ်လျှင်လစ်သလို ဓါးချက်များကို မိမိရရ ပစ်သွင်းသည်။ ထိသည်။ ချက်ကောင်းကိုမိသည်။

"အား . ."

"အား . ."

တစ္ဆေကြီးသိဒ္ဓိကလည်း ကျော်စွာကို လစ်ပြီထင်ပြီး ကျောဘက်မှ ဓါးဖြင့်ဝင်ပိုင်းရာ . . ကျော်စွာက ရှေ့ကလူကို ဓါးချက်တစ်ချက်ပစ်သွင်းအပြီးမှာ . . နောက်ကိုလည်း လှည့်ပြီး



ကြည့်လိုက်သည်။ လှစ်ကနဲဝင်လာသော ဓါးချက်ကို ကာ လက်ထဲမှဓါးဖြင့် ပက်ထုတ်လိုက်သော်လည်း နောက်ကျ ခဲ့လေပြီ . .

"အား . ."

သိဒ္ဓိသည် နာကျင်စွာအော်လိုက်ပြီး နောက်ကို လေးချက်လောက် ခုန်ထွက်သွားခဲ့သည်။ ထို့နောက် . . လုံးပြူးကြီးဖြင့် စိုက်ကြည့်နေလေသည်။

"ဟား . . ဟား . . ဟား ဟား၊ ဒီကောင်က ငါ့လိုကောင် တောင် ထိအောင်တိုက်ခိုက်နိုင်တယ်၊ အာဂလူပဲဟေ့ . ."

သူတောကျစွာဖြင့် ပြောလိုက်သည်။ ထိုစဉ် . . ထူးခြား အခြေအနေတစ်ခုက ဖြစ်လာခဲ့လေ၏။ ထူးခြားသော မွှေးရနံ့များက ထွက်ပေါ်လာခဲ့သည်။ လေကောင်းစွာ ခတ်နေသော်လည်း အမွှေးရနံ့များက ပျောက်ပျက်မသွားခဲ့ ပြာရောင်တောက်နေသော ပင်လယ်ပြင်ကြီးပေါ်မှာ မြူတွေ ရွှတ်တာရက်ကျလာခဲ့ကြသည်။

"ဝီး . . ဝီး . . ဝီး . . ဝီး"

ရဟတ်လည်သံလိုလို . . ပိတုန်းမြည်သံလိုလို . . သံများက အမှတ်မထင်ထွက်ပေါ်လာခဲ့လေသည်။ တဖွဲဖွဲနှင့် လာခဲ့ကြသော မြူများသည် ပင်လယ်ပြင်မှ ထွက်ပေါ်လာ . . မီးစုန်းဓါတ်များကြောင့်လား မသိ၊ အလင်းရောင်များ

www.burmeseclassic.com

www.burmeseclassic.com



ထွက်ပေါ်လျက်ရှိကြသည်။ တဝီးဝီးနှင့် အသံများနှင့်အ မသဲကွဲသော အရိပ်သဏ္ဌာန်များက လျင်မြန်သော အဟုန်ဖြ ရောက်လာခဲ့ကြသည်

[အဏ္ဏဝါပြင်ကျယ်ကြီးသည် သတ္တုဓါတ်ပေါင်းစုံရောပွမ်းနေ ဓါတ်ပြောင်းလဲခြင်းဖြစ်နေကြသည်။ ထိုသို့ ဓါတ်ပြု၍ ထွက်ပေ လာကြသော အနံ့အသက်များသည် ကန့်ဓါတ်ပါနေကာ ကလည်း စိမ့်ရွှေရွှေရနံ့မျိုးရှိနေကြသည်။ တစ်ခါတစ်ရံ ဆူးရှ ရနံ့မျိုးက ဖောက်ဝင်လာတတ်ပြီး . . လူ၏စိတ်ကို ပြောင်း သွားစေတတ်လေသည်]

[ထိုသဏ္ဌာန်များသည် ကျော်စွာ၊ မြတ်လေး၊ ကြက် တို့၏ နောင်အခါ တစ်ညီတစ်ညွတ်တည်း ပြောဆိုချက်အ ဦးထုပ်ဆောင်း၍ တောင်ဝှေးကိုင်ဆောင်ထားသော ဇော်ဂျီ သဏ္ဌာန်များနှင့်တူသည်ဟု ဆိုကြသည်]

ထိုအရိပ်သဏ္ဌာန်များသည် လူတွေကြားထဲသို့ ရောက်ခဲ့ကြသည်နှင့် တစ်ပြိုင်နက် . .

“ဖြောင်း”

“ခွပ်”

“အား”

ရှိုက်သံ၊ နှက်သံ၊ အော်သံများကို ကြားလိုက်ရ သည်။ မြူတွေက သဘော်ကြီးတစ်ခုလုံးကို လွှမ်းခြုံထားသ



တစ်ဦးနှင့်တစ်ဦးလည်း ကောင်းစွာမမြင်နိုင်ကြတော့။ ပင်လယ် ထဲမှ ဓါတ်သဘာဝအရ ထွက်ပေါ်နေသော အလင်းရောင်က လည်း . . သက်ရှိလူသားများ၏ စိတ်နှလုံးကို ဆွဲကိုင်ထားသလို ရှိနေကြသည်။ မိမိတို့ အချင်းချင်းများပြီး ရိုက်နှက်နေကြသလား လည်း မသိကြရ။

ကျော်စွာတို့သည် ယခုအချိန်တွင် နေရာမှာတင် အသာငြိမ်ပြီးတော့ ရပ်နေကြရသည်။ မြူများငြေ လူလုံးလည်း မကွဲတော့ပါ။ မည်သူမည်ဝါမှန်းလည်း တော့ပါ။ ရှိုက်သံ၊ နှက်သံအော်ဟစ်သံများကို ဂြ နောက် . . အတော်ကလေးကြာသော် . . အသံဗလုံခရီးနှင်ဂသွ ခဲ့ကြသည်။ းနေသလဲ ဓ

ဖေဇော်ဂျီသဘော်ကြီးပေါ်မှာ . . ပြာဖန်ယှ ပြေးလွှားနေကြသည်။ သိဒ္ဓိသဘော်ကြီးက ဖေ ျသ ကြီးနှင့်ယှဉ်ပြီး ပြေးနေလျက်ရှိရာ . . ထိုသင်္ဘောကြီးပေါ် သဏ္ဌာန်တွေက တစ်ဦးပြီးတစ်ဦး ခုန်ကူးသွားခဲ့ကြသ မကြာမီမှာ . . မြူတွေ အကျရပ်သွားခဲ့ကြသည်။ အဏ္ဏ ရေပြင်သည် စိမ်းပြာရောင်ပြန်ပြီးတော့ တောက်ပလျက်ရှိသ

ဖေဇော်ဂျီသဘော်ကြီးပေါ်မှာ ပင်လယ်ဓါးပြတစ္ဆေ သိဒ္ဓိနှင့် သူ့လူများကို မတွေ့ကြရတော့ပါ။ ထို့အတူ . . သ သဘော်ကြီးကိုလည်း မတွေ့ကြရတော့။ လှေထိုးသားများသ

www.burmeseclassic.com

www.burmeseclassic.com



အာခန်ကျသူ သုံးဦးမှလွဲ၍ အခြားသူများမရှိကြတော့။ ပွဲစင်ပေါ်မှာ ဦးမာလ၊ သင်္ဘောကြီးပေါ်မှာ ဦးတိုက်မောင်း၊ ကျော်စွာ၊ မြတ်လေးနှင့် ကြက်သီးတို့သာ ကျောက်ရုပ်များပမာရပ်ပြီး ကျန်ရစ်ခဲ့ကြသည်။ ဖေဇော်ဂျီသင်္ဘောကြီးကား အဏ္ဏဝါရေပြင်ထက်မှာ တရိပ်ရိပ်ဖြင့်ပြေးနေဆဲ၊ တိတ်ဆိတ်နေမှုကို ပွဲစင်ဆက်မှ . . ဦးမာလ၏အသံက ဖြိုခွင်းလိုက်လေသည်။

"ဒီ . . အဏ္ဏဝါတစ်ကြောမှာ သိဒ္ဓိသင်္ဘောကြီးဟာ ကား ကျက်စားနေဆဲပဲဖြစ်တယ်၊ ရက်စက်ကြမ်းကြုတ်တဲ့ ရန်မျိုး မြကြီးသိဒ္ဓိကို တစ္ဆေကြီး သိဒ္ဓိလို့ခေါ်ကြတယ်၊ သူဟာ သွားစေ နဲ့ ပက်ပင်းတိုးရင် ဒီလိုပဲ တိုက်ခိုက်ရန်မူလေ့ ရှိ ပ်တို့က မတော်တဆ ကြုံသွားခဲ့ကြတာပါ"

နောင်ဒ . . ဆေးစွာပြောလိုက်လေ၏။ ဦးမာလ၏ စပ်ဆောင်း စောက ဖြစ်ပျက်ခဲ့မှုများသည် အရေးမကြီး သလို . . ဦးတိုက်မောင်း၊ ကျော်စွာ၊ မြတ်လေးနှင့် ကြက်သီး ည် တစ်ယောက်မျက်နှာတစ်ယောက် ကြည့်မိ လိုက် ၏။

○ ○ ○



# (၁၃)

# မာယာဂျွန်း

ဖေဇော်ဂျီသင်္ဘောကြီးသည် တစ်ညလုံးခရီးနှင်လျက်ရှိသည်။ မည်သည့်အရပ်ကို ဦးတည်ပြီးသွားနေသလဲ မသိ။

"ကျွန်တော်ပွဲစင်ပေါ်မှာ တစ်လှည့်တာပန်ယူပါစေခင်ဗျာ . . "

ဦးတိုက်မောင်းက ဦးမာလကို ရိုကျိုးစွာဖြင့် ပြောလိုက်သည်။

"မောင်တိုက်မောင်း၊ ငါ . . မပင်ပန်းပါဘူးကွ၊ မင်းတို့က ဟိုတစ္ဆေကြီးသိဒ္ဓိနဲ့ အပေါင်းအပါတွေကို တိုက်ခိုက်ကြရတဲ့အတွက် . . ပင်ပန်းသွားပြီ၊ အနားယူလိုက်ကြဦး . . "

ဦးတိုက်မောင်းက မည်သို့ပဲ တောင်းခံတောင်းခံ၊ တာဝန်လွှဲပြောင်းကာ ယူမည်ပြောလည်း မရပေ။ ထို့ကြောင့် လက်လျှော့လိုက်ရသည်။ မကြာမီမှာ . .



www.burmeseclassic.com

www.burmeseclassic.com



လေးဦးစလုံးအိပ်ပျော်နေကြရာမှ တစ်ပြိုင်တည်းလိုလို နိုးလာခဲ့ကြသည်။ အခန်းအပြင်ကို အတူတူပင် ထွက်လာခဲ့ကြသည်။

"ဦးရီး. . သဘောင်္ကြီးရပ်သွားသလိုပဲ. . "

"အေးကွယ့်. . ငါလည်း ဒီလိုပဲထင်တယ်. . လာကွာ အပေါ်ကို တက်ကြည့်ကြရအောင်ဟေ့. . "

အခန်းအပြင်ဘက်မှာ ထွန်းညှိထားသော ဝါဆိုဖယောင်းတိုင်ကြီးကတော့ တစ်ညလုံးထွန်းထားသည့်တိုင် သည်အတိုင်းပဲ ရှိနေသေးသည်။ သုံးချိုးတစ်ချိုးပင် မကုန်သေးပေ။ မည်ကဲ့သို့သော ဖယောင်းအမျိုးအစားနှင့် စီမံကာ ပြုလုပ်ထားသလဲ မသိပါ။

လေးဦးစလုံး ကုန်းပတ်ပေါ်ကို တက်လာခဲ့ကြသည်။ ဖေဖော်ဂျီသင်္ဘောကြီးသည် အမှန်တကယ်ပင် ခရီးဆက်မထွက်တော့ပဲ. . ကျွန်းတစ်ကျွန်းမှာ ကပ်ပြီးရပ်တန့်လျက်ရှိသည်။ မိုးကား. . မလင်းသေး၊ အရှေ့ပြဗ္ဗာအရပ်မှာ လင်းရောင်ခြည် သန်းလာခဲ့ပြီဖြစ်သော်လည်း မှောင်ရိပ်တဝါးရှိနေဆဲ၊ တစ်ညလုံး ခရီးနှင်လာသော သင်္ဘောကြီးသည် မိုးမလင်းမှာပင် ကျွန်းတစ်ကျွန်းသို့ရောက်လာခဲ့သည့်အတွက် အံ့အားသင့်သွားမိခဲ့ကြသည်။ ဦးမာလသည် သူတို့ကို စောင့်ကြိုလျက်ရှိသည်။

"ကုလားဖြူပုလိပ်တွေဟာ မင်းတို့ကို ဒီကျွန်းပေါ်အထိ လိုက်ပြီး မတရားမလုပ်နိုင်ပါဘူးကွ. . ခရီးတစ်ထောင့်နားကြဦး





ငါတို့သင်္ဘောကြီးကို မွမ်းမံပြင်ဆင်ရဦးမယ်၊ ဒီကျွန်းကြီးကို မာယာကျွန်းလို့ ခေါ်ကြတယ်. . "

"မာယာကျွန်း ဟုတ်လား၊ ဦးရီး. . "

ကျော်စွာက ကျွန်းကြီးအမည်ကို စိတ်ဝင်စားသွားခဲ့ရသည်။

"အေး. . ဟုတ်တယ်ကွယ့်၊ မာယာတစ်သိန်းအပလိန်း အနန္တတဲ့၊ စာဆိုနဲ့ညီ မညီသိချင်ရင် ကျွန်းပေါ်တက်ပြီး လေ့လာကြည့်ပေါ့ကွယ်. . "

ဦးမာလက ရိက္ခာထုတ်တစ်ထုတ်ကို ပေးလိုက်သည်။ ရိက္ခာထုတ်သည် ပျော့ပျောင်းသော ပိုးပုဝါစနီနီဖြင့် ထုတ်ထားခြင်းပင်ဖြစ်သည်။ မာယာကျွန်းကို စိတ်ဝင်စားသွားခဲ့ကြသည်။ ဖေဖော်ဂျီ သင်္ဘောကြီးပေါ်မှာ တစ်ညလုံးနေခဲ့ရသည့်အတွက် ညည်ငွေ့လာကြပြီဖြစ်သည်။ ထို့အပြင် သိဒ္ဓိသင်္ဘောကြီးပေါ်မှ တစ္ဆေကြီး သိဒ္ဓိနှင့် အပေါင်းအပါများတို့၏" ရန်ကို ကာကွယ်တိုက်ခိုက်ခဲ့ ကြရ၍ ပင်ပန်းနွမ်းနယ်ခဲ့ကြသည် မဟုတ်ပါလား၊ ဦးမာလ၏ ဆန္ဒကလည်း မာယာကျွန်းပေါ်ကို သွားစေချင်သလား မသိ၊ တိုက်တွန်းနေသလိုထင်ရသည်။

"ကျွန်တော်တို့လည်း ကျွန်းပေါ်ကို တက်ချင်ပါတယ်"

ဦးတိုက်မောင်းသည် ဆန္ဒအမှန်ဖြင့် ပြောလိုက်သည်။ လေးယောက်စလုံး သဘောတူညီကြသည်။ လှေထိုးသားတစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်က နွယ်ကြိုးလှေကားနီနီကြီးကို ချပေးလိုက်သည်။ ကျော်စွာသည် ရှုတ်တရက်ဆိုသလို လှေဦးပိုင်းဆီကို ထွက်သွားခဲ့သည်။ ဖေဇော်ဂျီရုပ်တုကြီးကိုကြည့်ပြီး . .

"ဖေဇော်ဂျီ . . ကျွန်တော်တို့ကို ခွင့်ပြုပါဦး၊ မာယာကျွန်းပေါ်ကို သွားကြမလို့ပါ . . "

ဖေဇော်ဂျီရုပ်တုသည် ကျော်စွာကို အရောင်တောက်သောမျက်လုံးတွေဖြင့် ကြည့်နေသယောင်၊ တကယ်တော့ ကျော်စွာလည်း ဖေဇော်ဂျီကိုသော်လည်းကောင်း၊ ဖေဇော်ဂျီသဘော်ကြီးနှင့်သော်လည်းကောင်း၊ ရင်းနှီးကျွမ်းဝင်နေပြီဖြစ်သည်။

ဦးတိုက်မောင်း၊ မြတ်လေးနှင့် ကြက်သီးတို့က ကျော်စွာ၏ထူးခြားသော အပြုအမူကို ကြည့်နေခဲ့ကြသည်။ ဦးမာလကတော့ မသိကျိုးကျွံပြုကာ နေသည်။

ကျော်စွာ ပြန်ရောက်လာသောအခါကျမှ သဘော်ပေါ်ကဆင်းကြသည်။ ပင်လယ်လှိုင်းများက ကမ်းခြေဆီသို့ တဝုန်းဝုန်းဖြင့် မြေးတက်လာလိုက်၊ ပြန်ဆင်းသွားလိုက်နှင့် ရှိနေကြသည်။ လှိုင်းပုတ်သံ၊ ကျောက်ဆောင်များကို ရိုက်ခတ်သံများက အားကောင်းနေကြသည်။

ကြိုးလှေကားမှတစ်ဆင့် အောက်ကိုရောက်သွားခဲ့ကြရာတွင် ရေကခြေသလုံးတစ်ဝက်ခန့်အထိ နစ်မြုပ်နေကြသည်။ ကုန်းမြေပေါ်ကို တဖြည်းဖြည်းတက်လာခဲ့ကြသည်။ ရေစီး



ကြောင်း အနည်းငယ်ယိမ်းထိုးနေသောကြောင့် မြတ်လေး၏လက်မောင်းကို ကျော်စွာက ကိုင်ထားရသည်။ ကြက်သီးက နောက်ဆုံးက လိုက်လာသည်။ ဦးမာလလည်း ဖေဇော်ဂျီသဘော်ကြီးပေါ်မှ သူတို့ကို ရပ်ကြည့်နေသည်။

ကုန်းမြေပေါ်ကို ရောက်သွားကြသောအခါ ဖေဇော်ဂျီသဘော်ကြီးကို တစ်ပြိုင်တည်း . . တိုင်ပင်ထားကြသလို လှည့်ကြည့်လိုက်ကြသည်။ ကျောက်ချထားသော သဘော်ကြီးက ခန့်ညားထည်ဝါစွာရှိနေသည်။ သဘော်ကြီးပေါ်မှာ လှေထိုးသားများ၏ လှုပ်ရှားမှုကို မတွေ့ရတော့၊ မာယာကျွန်းဘက်ကို မျက်နှာမူလိုက်ကြသောအခါ ညို့မှောင်နေသော ကျွန်းကြီးက သူတို့ကို ဆီး၍ကြိုနေလေသည်။ မိုးလင်းပိုင်းဆီသို့ ရောက်လာခဲ့လေပြီ။

○ ○ ○

ကျွန်းကြီးသည် သစ်ပင်ကြီးငယ်များဖြင့် ထူထပ်လျက်ရှိသည်။ အတွင်းဘက်ကို တဖြည်းဖြည်းဝင်လာခဲ့ကြသည်။ ကြက်သီးက ဦးမာလပေးလိုက်သော အအိမ်ပါ ဓါးရှည်တစ်လက်ကို ကျောပိုးကာ စလွယ်သိုင်းထားသည်။ ရိက္ခာထုတ်ကို လွယ်ထားသည်။ မကြာမီ . . တသွင်သွင်စီးဆင်းလျက်ရှိသော စမ်းချောင်းကြီးတစ်ခုကို မြင်တွေ့လိုက်ကြရသည်။

www.burmeseclassic.com

www.burmeseclassic.com



"စမ်းချောင်းကြီးဟော့၊ မျက်နှာသစ်ပြီး ကိုယ်လက်သန့်စင်ကြရအောင်"

မျက်နှာသစ်ကြသည်။ ကိုယ်လက်သန့်စင်ကြသည်။ ထို့နောက်. . ဆာလောင်မွတ်သိပ်လာခဲ့ပြီဖြစ်၍ ရိက္ခာထုတ်နီနီကြီးကို ဖြည်လိုက်ရာ အထဲမှာ ကတ္တီပါစနီနီနှင့်ပင် ထုတ်ထားသော. . အထုပ်နှစ်ထုတ်ကို တွေ့လိုက်ကြရလေသည်။ ဦးတိုက်မောင်းက စိတ်ဝင်စားသွားခဲ့ရ၍ တစ်ထုတ်ကို ဖြည်လိုက်ရာ. . အဝတ်အစားအသစ်လေးစုံကို တွေ့လိုက်ကြရသည်။ လေးစုံစလုံး ရှမ်းဘောင်းဘီ၊ ရှမ်းအင်္ကျီများကဲ့သို့ ချုပ်ထားသည်။ အဝတ်တစ်ထည်ကိုယ်တစ်ခုနှင့်သာ လိုက်ပါလာခဲ့ကြ၍ သူတို့မှာလဲစရာမရှိကြပါ။ ဦးမာလသည် ကြိုတင်စီစဉ်ထားခဲ့လေသလား၊ အမြော်အမြင်ကြီးမားလှသည်ပဲ ဆိုရမလား မပြောတတ်ပါ။

စမ်းချောင်းထဲမှာ ရေဆင်းချိုးကြသည်။ မြတ်လေးက စမ်းချောင်းအောက်ဖက်ရှိ ကျောက်ခွက်ကြီးထဲမှာ ချိုးသည်။ ကိုယ်ပေါ်မှ ဝတ်လာခဲ့ကြသည့် အဝတ်အစားများကို လျှော်ဖွတ်ကြသည်။ အဝတ်အစားသစ်များနှင့် လဲလှယ်ကာ ဝတ်ဆင်လိုက်ကြလေသည်။ အဝတ်အစားများကို တက်နေခြည်အောက်မှာ. . လှမ်းထားစဉ် ဟာနေသော ဝမ်းကိုဖြည့်ရန် ရိက္ခာထုတ်ကိုဖြည်လိုက်ကြသည်။ ဆန်မှုန့်နှင့်ပြုလုပ်ထားသော မုန့်ဝိုင်း





လေးခုကို တွေ့လိုက်ကြရသည်။ ထွက်လာသော အနံ့အသက်က လွန်စွာမှ မွှေးကြိုင်သည်။

ကြက်သီးက အနီးအနားရှိ ဝါးပင်တစ်ပင်ကိုခုတ်ကာ ဝါးဆစ်များခုတ်ပြီး ရေခွေးကြိုသည်။ ထို့နောက်. . မုန့်တစ်ခုစီဝေကာ စားကြလေသည်။ မုန့်သည် လွန်စွာမှအရသာရှိပြီး တစ်ခုတည်းနှင့် ဗိုက်ပြည့်သွားခဲ့ကြသည်။

[နောင်နာရီပေါင်းများစွာကြာသည်အထိ ဆာလောင်မွတ်သိပ်ခြင်းမရှိခဲ့၊ အဆာခံမုန့်ကို မည်ကဲ့သို့ စီရင်ဖိုးပြုလုပ်ထားသလဲ မသိပါ။]

၀ ၀ ၀

"ဦးမာလကကော့ ငါတို့ကို ဒီမာယာကျွန်းထဲကို ဝင်ပြီး လေ့လာစေလိုတဲ့ သဘောရှိတယ်. ."

"သမီးလည်း ဒီလိုပဲ သဘောပေါက်မိတယ် ဖေဖေ"

"မင်းတို့ကတော့ ဒီမှာပဲ နားနားနေနေ နေကြမလား၊ ကျွန်းပေါ်လျှောက်ကြည့်ကြမလား. ."

"ဦးမာလက အကြောင်းရှိလို့ ကျွန်းပေါ်ကို လျှောက်ကြည့်စေချင်တယ်နဲ့တူပါတယ်၊ ကျွန်တော့်ဆန္ဒကလည်း ကျွန်းထဲမှာ ဘာတွေများ ထူးခြားမှုတွေရှိသလဲလို့ သိချင်ပါတယ်. . ဦး. ."

ကျော်စွာက တက်ကြွစွာဖြင့် ပြောလိုက်သည်။ ကြက်သီး



www.burmeseclassic.com

www.burmeseclassic.com



ကလည်း ထိုသဘောအတိုင်းပင်ဖြစ်သည်။

"ကိုင်း. . ဒါဆိုရင်လည်း ငါတို့သွားကြတာပေါ့. ."

အားလုံးနေရာမှ ထ,လိုက်ကြသည်။ တောထဲကို တဖြည်းဖြည်းဝင်လာခဲ့ကြလေသည်။ စမ်းချောင်းကြီးသည် တစ်ဖြောင့်တည်းစီးဆင်းနေခြင်းမဟုတ်၊ မြွေလိမ်မြွေကောက် သဏ္ဍာန်ကွေ့ရစ်ပြီး စီးဆင်းလျက်ရှိသည်။

တောသည် ပိုပြီးတော့ နက်လာသည်။ သစ်ပင်ကြီးတွေ လည်း ပိုပြီးတော့ ပေါများလာခဲ့ကြသည်။ ချေ၊ ဒရယ် သားကောင်ငယ်လေးတွေကို တွေ့စပြုလာခဲ့သည်။ လူရိပ်မြင် ကြသော်လည်း မပြေးကြ၊ ခပ်လှမ်းလှမ်းမှ ငြိမ်ကာ ကြည့်နေ ကြသည်။ သူတို့ကို သတ္တဝါတစ်မျိုးဟုပဲ. . ထင်နေကြဟန်တူ လေသည်။ သစ်ပင်ကြီးတစ်ချို့ပေါ်မှာ. . မျောက်အုပ်ကြီးတို တွေ့လိုက်ကြရသည်။ မျောက်များသည်လည်း ငြိမ်ပြီးတော့ ကြည့်နေကြသည်။ ဆူညံသံမပေးကြ၊ အံ့အားသင့်မိကြရသည်။

"မျောက်လောက် အငြိမ်မနေတဲ့သတ္တဝါဟာ မျောက်ပဲ ရှိတယ်၊ ဒီကျွန်းပေါ်က မျောက်တွေက လှုပ်လှုပ်ရွရွမရှိကြ ပါလား. . ."

သစ်ပင်ထက်မှ မျောက်များသည် လူသားများကို တွေ့ဖူးကြဟန်မတူ၊ ကြောင်စီစီမျက်လုံးများဖြင့် ကြည့်နေကြ ဆဲ၊ ထို့နောက်. . လျှောက်မှန်းမသိ လျှောက်လာခဲ့ကြရ





တောနက်ထဲသို့ မသိမသာ ကျံပြီးတော့ ဝင်လာခဲ့ကြသည်။ ရှေ့မှာတွေ့လိုက်ကြရသော သစ်ပင်ကြီးများ၏အသွင်သဏ္ဍာန် များကို မမျှော်လင့်ပဲ တွေ့လိုက်ကြရသောအခါ အံ့အားသင့် သွားခဲ့ကြရလေသည်။

"ဦးရီး. . ဒီသစ်ပင်ကြီးတွေက တစ်မျိုးပဲ၊ အကျည်းတန် အရုပ်ဆိုးလူမျက်နှာကြီးတွေလိုပဲ၊ သစ်ကိုင်းကြီးတွေကလည်း မြှောက်ထားလိုက်ကြ၊ ဘေးကိုကားထားလိုက်ကြနဲ့. . လက် ချောင်းတွေနေရာမှာလည်း လက်သည်းချွန်ချွန်ကြီးတွေလို ရှည်ထွက်နေကြတာ၊ ဘယ်လိုကြီးမှန်း မသိဘူး. ."

ကြက်သီးသည် မသတိစရာ သစ်ပင်ကြီးတွေကို ကြည့်ပြီး အလိုလိုနေရင်း ကျောချမ်းသွားခဲ့မိသည်။ သစ်ပင် တိုင်းလိုလိုပင်. . အကျည်းတန်အရုပ်ဆိုးပုံသဏ္ဍာန်များ ဖြစ်ပေါ်လျက်ရှိကြသည်။

"ရာသီဥတုကြောင့် မြေဆီလွှာကြောင့် ဖောက်ပြန်ပြီး သစ်ပင်ပန်းမာန်တွေလည်း ပုံပန်းမကျဖြစ်နေတာနဲ့ တူပါတယ်ကွာ"

ဦးတိုက်မောင်းက ထိုသို့ပြောလိုက်သော်လည်း သူ့ မျက်လုံးတွေကတော့ သစ်ပင်ကြီးများကို စူးစမ်းနေဆဲ၊ အန္တရာယ်တစ်ခုခုကျရောက်လာနိုင်သည်ဟုလည်း မသိစိတ်က သတိပေးနေသလို. .

"ဒါပေမယ့် ကိုယ်. . မကျွမ်းကျင်တဲ့နေရာကို



www.burmeseclassic.com

ရောက်လာခဲ့တာဆိုတော့. . အစစအရာရာသတိထားကြ မျက်စိ. . နားကိုဖွင့်ထားကြ. . ”

သစ်ပင်ကြီးတစ်ပင်သည်. . အောက်ခြေဟောင်း လောင်းပေါက်ကြီး ပွင့်နေကာ ကြီးမားသော ပါးစပ်ပေါက်ကြီး ကို ဟထားသလိုထင်ရသည်။ သစ်ခေါက်ကြီးနှစ်ခုကလည်း ဖုပြီးတော့စူထွက်နေကာ မျက်လုံးကြီးတွေဖိုဖြစ်နေကြသည် သစ်ပင်ကြီးတွေများထဲမှာ. . အကြီးမားဆုံးဖြစ်သည်။

လေတိုက်သောအခါ ကြီးမားသောသစ်ကိုင်းကြီး လှုပ်ရမ်းနေကြပုံမှာ မိစ္ဆာကောင်ကြီးများ၏ လက်တွေ ဝှေ့ယမ်း နေကြသလို ထင်ကြရလေသည်။

သစ်ကိုင်းများက ရှည်လျားလှပြီး ခြေတံလက်တံ ပမာပျော့ပျောင်းလှသည်။ ထို့ကြောင့်. . လေအနည်းငယ် တိုက်ခိုက်သည်ပင်. . လှုပ်ရမ်းသွားခဲ့ကြကာ. .

“ဖြောင်း. . ”

“ဝှီး. . ”

သစ်ကိုင်းချင်းရိုက်ခတ်သွားခဲ့ကြသည်။ တစ်ချို့ သစ်ကိုင်းများသည် သူတို့ဆီကို ရောက်လာခဲ့ကြသည်။

“ဟာ. . မြန်မြန်ရှောင်ကြဟေ့. . ”

မြေပြင်ထက်မှာ ပစ်လှဲပြီးတော့ ရှောင်လိုက်ကြရသည် လက်နှင့်တူသော သစ်ကိုင်းရှည်ကြီးများသည် သူတို့ကိုယ်ပေါ်





ပွတ်ပြီးတော့ ကျော်သွားခဲ့ကြလေသည်။

သစ်ပင်ကြီးများ၏ သစ်ကိုင်းများမှာ လှုပ် တဖြောင်းဖြောင်းနှင့် သစ်ကိုင်းချင်းပွတ်ကာ သည်။ ကြည့်နေရင်းမှာပင်. . သစ်ပင်ကြီးတွေ နေသည်ဟု ထင်မြင်လာခဲ့ကြသည်။

“ဝီး. . ငီ. . ဝီး. . ဝီး”

တဝီဝီမြည်သံများက ထွက်ပေါ်လာနေ လေတိုက်သံမျိုးဖြစ်ပေမယ့် လေက ဒါလေ မဟုတ်၊ သစ်ပင်ကြီးတွေ၏ ယိမ်းထိုးနေကြမှု သည်ဟု ထင်နေမိကြလေသည်။

မာယာကျွန်းသည် အရာရာပင် ပဋ္ဌလက် သည်။ လွင်တီးခေါင်ပြင် မဟုတ်ပါပဲလျက်. . အလိုလိုထနေသည်။ ထို့ကြောင့် သစ်ပင်ကြီးတွေ သည်ဟု ထင်ယောင်ထင်မှားဖြစ်နေကြသည်ပဲလား လှည့်စားမှုပဲဖြစ်ပါစေဟု ဆုတောင်းမိကြရသည်။

[မြေပြင်တစ်နေရာမှ ဓါတ်ငွေ့တစ်မျိုးမျိုးက စိမ့်ထွက် နေဟန်တူသည်။ ယင်းဓါတ်ငွေ့သည် တံလျှပ်ပမာ ပတ်ဝန်းကျင် မှာ ပျံ့နှံ့ပြီး ရှူရှိုက်မိသူသည် ဦးနှောက်ထဲမှာ ဝေဝါး၊ မပြတ် သားသော အသိဉာဏ်မျိုးဖြစ်ပေါ်လာလေသလား. . ]

မျက်စိအောက်မှာပင် သစ်ပင်ကြီးတွေက ရွေ့လျား

www.burmeseclassic.com



လာကြသလိုထင်ရသည်။ ကြီးမားသော မြစ်ပျဉ်းကြီးတွေက ခြေ—တက်များသဖွယ် ကြွတက်လာကြသည်။

ရှည်လျားသော လက်တံရှည်သစ်ကိုင်းကြီးများဖြင့် သိမ်းကျုံးဖြီး ဝေ့ယမ်းတိုက်ခိုက်နေကြသည်။

"ဝှီး . . ဝှီး . ."

"ဖြောင်း . . ဖြောင်း"

ငှစ်ပင်မှ တစ်ပင် . . သစ်ကိုင်းချင်းပြင်းထန်စွာရိုက်ခတ်ကြ၍ . . မီးများပင် ပွင့်ထွက်သွားခဲ့ကြသည်။ ရိုက်ခတ်နေကြသော သစ်ကိုင်းကြီးများသည် အောက်မှ လူတစ်စုကို ဘယ်ညာသိမ်းကျုံးပြီး ရိုက်လိုက်သလိုဖြင်သွားကြသည်။ သို့သော် . . အရှောင်မြန်ကြ၍ လူတွေကိုမထိမိကြပါ။ ကြက်သီးတစ်ဦးသာလျှင် အဖျားနှင့် ရိုက်မိသွားပြီး လွင့်ထွက်သွားခဲ့ရသည်။

သစ်ပင်ကြီးများပေါ်မှာ အလိုအလျောက်ဖြစ်နေကြသော . . မျက်နှာကြီးများက ပိုပြီးတော့ ခက်ထန်လာသည်။ မိစ္ဆာဆန်လာသည်ဟု ထင်မိကြသည်။ နေရာမှရွေ့လျားနေကြကာ . . ဝိုင်းပြီးတော့ ညှပ်ကြတော့မယောင် ထင်လာမိခဲ့ကြရပြန်သည်။

သူတို့ဘယ်ဆီကိုပဲ ပြေးပြေး၊ သစ်ပင်ကြီးတွေက နောက်မှ လိုက်ဖမ်းနေကြသည်ဟုလည်း ထင်လာခဲ့ကြရပြန်လေသည်။





သူတို့လေးယောက်သည် အကြီးဆုံးသစ်ပင်ကြီး အောက်ကိုပဲ ပြန်ရောက်လာခဲ့ကြသည်။ ထိုသစ်ပင်ကြီး၏ သက်တံကြီးများသည် ပိုပြီးတော့ လှုပ်ရှားလာခဲ့ကြသည်။ တစ်ကြိမ်တွင် အောက်ကိုနိမ့်ဆင်းလာခဲ့ကြသော လက်တံကြီးတွေက လေပြင်းတိုက်ခတ်ခံလိုက်ရသလို . . ဝေ့ယမ်းသွားခဲ့လေရာ . .

"ဖြောင်း . ."

"ဖြောင်း"

"အား . ."

"အား . ."

လေးယောက်စလုံးကို ကျောဘက်မှ သိမ်းကျုံးကာ တ်ခတ်မိသွားခဲ့ရသည်။ ထိုအခါ . . သစ်ပင်ကြီးရဲ့ ပါးစပ် ပါက်နှင့်တူသော အခေါင်းပေါက်ကြီးထဲကို လွင့်စင်ကာ ရာက်သွားခဲ့ကြလေသည်။ သစ်ခေါင်းကြီး၏နံရံနှင့် ပစ်ကာ တ်မိသွားကာ အောက်ကို တစ်ယောက်ပြီးတစ်ယောက် ရှိန်ထိုးပစ်ကျသွားခဲ့ကြသည်။

အံ့သြစရာကောင်းလှသည်မှာ သစ်ပင်ကြီး၏အောက် ခြသည် ရေတွင်းကြီးတစ်ခုပမာ တိုးလျိုပေါက်ကြီးဖြစ်နေသည်။ န်လိုက်ခေါင်းကြီးပမာရှိနေသည်။ လူလေးဦး၏ ခန္ဓာကိုယ်များ ည် အောက်ကိုရွေ့နောက်ဆင့်၍ ကျဆင်းနေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



တော်တော်နှင့်ကို အောက်သို့မရောက်နိုင်ကြ၊ အချိန်အတန်ကြာမှ

"ဘွမ်း . ."

"ဘွမ်း . ."

အောက်မှရေပြင်ကြီးက ဆီးပြီးတော့ခံနေသည်၊ တစ်ယောက်ပြီးတစ်ယောက် ရေထဲကိုပစ်ကျသွားခဲ့ကြလေရာ လွန်စွာမှ အေးစက်သော အတွေ့အထိကို ခံစားသွားခဲ့ကြရလေသည်။ အားလုံးရေထဲကို ကျရောက်သွားခဲ့ကြလေသတည်း။

ရုတ်တရက်တော့ မှောင်မှောင်မည်းမည်းနှင့်မို့ ဘာမှ မမြင်ကြရတော့၊ အကန်းတွေပမာဖြစ်ကုန်ကြသည်။ ရေအောက်ကိုတရှိန်ထိုးကျရောက်သွားခဲ့ကြသည်။ ရေနက်ထဲကို ရောက်သွားခဲ့ကြသည်။ လေးယောက်စလုံးသည် သတိလစ်ဟင်းမှု မရှိကြ၊ ရေပြင်ပေါ်ကို တစ်ယောက်ပြီးတစ်ယောက် တက်လာခဲ့ကြလေသည်။

သို့သော် . .

မှောင်နှင့် မည်းမည်းရှိနေသည့်အတွက် တစ်ယောက်ကိုတစ်ယောက် မမြင်နိုင်ကြ၊ တစ်ကွဲတစ်ပြားစီ ဖြစ်ကုန်ကြလေသည်။

○ ○ ○



(၁၄)

# ညံသတ္တာ၏ရန်ဗျာပြန်ခြင်း

မြေပြင်ကြီးရဲ့အောက်မှာ ရေပြင်ကြီးတစ်ခုက ရှိနေသည်။ ကျယ်ပြန့်သော ရေပြင်ကျယ်ကြီးထဲမှာ ရေကားခတ်သံများကို ကြားနေကြသည်။ တဘွမ်းဘွမ်းနှင့် ကူးခတ်နေကြသည်။

"ကျော်စွာ၊ သမီးမြတ်လေး၊ ကြက်သီး မင်းတို့ . . အခြေအနေကောင်းကြရဲ့လားဟေ့ . ."

ဦးတိုက်မောင်း၏အသံက ထွက်ပေါ်လာခဲ့သည်။ ရေပြင်ထက်မှာ ကိုယ်ဖော့ကာ ရပ်တည်နေရင်း မေးလိုက်ခြင်းပင်ဖြစ်သည်။

"အဖေ . . သမီး . . ဒီမှာ . ."

မြတ်လေး၏ အသံက ဘယ်ဘက်မှ ထွက်ပေါ်လာခဲ့



www.burmeseclassic.com

www.burmeseclassic.com



သည်။

"အေး. . သမီး၊ ညာဘက်ကို မှန်းပြီးကူးလာခဲ့၊ အဖေ ဒီမှာ. ."

မြတ်လေး ကူးခတ်လာသံကို ကြားရသည်။ ထို့နောက် ဦးတိုက်မောင်းဆီကို နောက်ထပ်ကူးခတ်လာကြသံများကို ကြားလိုက်ကြရသည်။ ကျော်စွာနှင့် ကြက်သီးတို့ပင် ဖြစ်ကြလိမ့်မည်။

ဦးတိုက်မောင်းသည် တဖြည်းဖြည်းနှင့် မှောင်ထဲမှာ မြင်လာသည်။ မျက်လုံးတွေက ကျင့်သားရလာခဲ့ကြသည်။ လူသုံးယောက်က တစ်ဦးနှင့်တစ်ဦး မကွာဝေးကြပဲ တစ်ပြိုင်တည်းလိုလိုပင်. . ကူးခတ်လာနေကြသည်။ ဦးတိုက်မောင်းသည်. . မကြာခဏအသံပေးသည်၊ မကြာမီမှာပင်လျှင်. . လေးယောက်သားဆုံမိကြလေသည်။

"လူစုံပြီလားဟေ့. . ကျော်စွာ. ."

"ဟုတ်ကဲ့၊ ကျွန်တော် ရောက်နေပါပြီ. . ဦးရီး"

"ကြက်သီးကော. ."

"ဦးရီးရဲ့ ရှေ့မှာပါ. ."

"အေး. . အေး. . ဒီမှာ ငါပြောမယ်၊ ဟိုး ရှေ့မှာ အလင်းရောင်လေးတစ်စုံ၊ တွေ့လား၊ တံခါးပေါက်လိုလို ဂူဝလိုလိုနဲ့ ထွက်ပေါက်လည်း ဖြစ်ချင်ဖြစ်နိုင်တယ်၊ ဒီအထဲမှာ



လေကတော့ ကောင်းကောင်းရှိတယ်ကွ၊ အသက်ရှူလို့လည်း ဝတယ်၊ ငါတို့အဲဒီနေရာကို မှန်းဆပြီးတော့ ကူးသွားကြမယ်၊ တစ်ယောက်နဲ့တစ်ယောက် သိပ်မခွာပဲ လိုက်လာခဲ့ကြ၊ လူစုမကွဲစေနဲ့. ."

ဦးတိုက်မောင်းကတော့ သူတို့သုံးယောက်ကို ကောင်းစွာမြင်နေရသည်။ သူတို့ကတော့ ဦးတိုက်မောင်းကို မမြင်ကြ၊ ထို့နောက်. . ရေကူးခတ်သံများက ထွက်ပေါ်လာခဲ့ကြပြန်လေသည်။ အလင်းရောင်ရှိသည့်နေရာကို မှန်းဆပြီးတော့ ကူးသွားကြသည်။ လေးယောက်စလုံး ကူးနိုင်ကြသည်။

"လက်ပန်းကြမယ်နော်၊ မောရင်ပြော. . တွဲပြီး ကူးမယ်၊ သမီးကော. . အခြေအနေကောင်းရဲ့လား. ."

"သမီးကူးနိုင်ပါတယ်. ."

ကျော်စွာနှင့် ကြက်သီးတို့ဆီမှ စကားသံတွေကတော့ ထွက်မလာကြ၊ မှန်မှန်တော့ ကူးနေကြသည်။ တခဏအကြာတွင်. . အလင်းရောင်ကြောင့် တစ်ဦးကိုတစ်ဦး မြင်နိုင်လာခဲ့ကြသည်။ ရေပြင်သည်. . ကျယ်ပြန့်လှပြီး. . မြစ်ကြောင်းကြီးကလည်း ရှည်လျားလှသည်။ မြေပြင်အောက်မှ ဖြတ်ပြီးစီးဆင်းနေသော မြစ်ကြီးတစ်ခုလည်း ဖြစ်နိုင်သည်။ စမ်းချောင်းကြီးတော့ မဖြစ်နိုင်၊ မြစ်ရနံ့ကိုရကြလေသည်။ သို့မဟုတ် စမ်းချောင်းကြီးနှင့် မြစ်ကြီးရောထွေးနေသော ရေနေရာလည်း

www.burmeseclassic.com

ဖြစ်နိုင်သည်။

ဘေးမှာ. . ကမ်းခြေတစ်ခုကိုလှမ်းပြီး မြင်လိုက်ကြရသည်။ သစ်ပင်၊ ချုံနွယ်များပင် ပေါက်နေကြသည်။ အုံ့အားသင့်စရာကောင်းလှသည်။ သူတို့နေရာမှ အထက်ကို အတော်ကလေးမြင့်မားလျက်ရှိနေသည်။ အမိုးကိုမမြင်ကြရ၊ ထို့ကြောင့်သူတို့. . အောက်ကိုကျလာခဲ့သောအနက်သည် မနည်းလှကြောင်း. . ခန့်မှန်း၍ရနိုင်သည်။ သစ်ပင်ကြီးများ၏ အန္တရာယ်မှလွတ်မြောက်လာခဲ့ကြပြီး ယခုမည်သည့်နေရာကို ရောက်လာခဲ့ကြမှန်းပင် မသိကြတော့၊ ကမ်းဆီကိုရောက်အောင် ကူးသွားခဲ့ကြသည်။ တစ်ယောက်ပြီးတစ်ယောက် ကုန်းပေါ်ကို ရောက်သွားခဲ့ကြလေသည်။

ရေထဲမှာ. . အတန်ကြာကူးခတ်လာခဲ့ကြရ၍ မောပန်းနွမ်းနယ်နေကြသည်။ အလင်းရောင်က သိပ်ပြီး အားမကောင်းလှသော်လည်း. . ပတ်ဝန်းကျင်ကို ကောင်းစွာ မြင်သာ ထင်သာလျက်ရှိသည်။

သူတို့ကိုယ်ပေါ်မှာ ဓါးတစ်ချောင်းစီက လွဲလို့ ဘာမှမပါကြတော့၊ တစ်ကိုယ်လုံးလည်း စိုရွှဲလျက်ရှိနေကြလေ၏။ ဘာမှ မတတ်နိုင်ကြ၊ ဒီအတိုင်းပဲ နေလိုက်ကြရသည်။ အတန်ကြာ. . အမောဖြေပြီးကြသောအခါ. . ကိုယ်ပေါ်မှာ ရေတွာ အတန်ငယ်စစ်သွားခဲ့ကြသည်။





"လာကြဟေ့. . ငါတို့ ထွက်ပေါက်ရှာကြမယ်. ."

ဦးတိုက်မောင်းသည် လူငယ်တွေကဲ့သို့ပင် ဖျတ်လတ်တက်ကြွနေသေးသည်။ သွားမည်ဆိုသည့်အတိုင်း နေရာမှချက်ချင်းထ,ရပ်လိုက်လေသည်။ မီးရောင်. . သို့မဟုတ်. . အလင်းရောင်ထွက်ပေါ်လျက်ရှိသော နေရာဆီကို ဦးတည်ပြီးတော့. . ထွက်လာခဲ့ကြသည်။ အမြင်ကနီးသော်လည်း ခရီးကဝေးဆိုသည့် အတိုင်းပင်၊ တော်တော်ကလေးကို လျှောက်ရသည်။ မြေအောက်မှာ ထူးခြားစွာပင် အနွေးဓါတ်က ရနေသည်။

သူတို့၏ ဘေးမှစီးဆင်းနေသော မြစ်ကြီးသည်ဖြည်းဖြည်းမှန်မှန် စီးဆင်းနေရာမှ သွက်လက်မြန်ဆန်လာသည်ကိုတွေ့လိုက်ကြရသည်။

"ရေစီးကြောင်းက ဘာကြောင့် ဒါလောက်မြန်ဆန်လာခဲ့ရတာလဲ၊ ဒါသဘာဝမကျဘူး. ."

ဦးတိုက်မောင်းသည် ခေတ္တခဏရပ်ကာ စီးဆင်းနေသောရေပြင်ကို သေချာစွာကြည့်နေမိသည်။

"ဘွမ်း. ."

ကုန်းပေါ်ကို ရေလုံးတစ်လုံးက အမှတ်မထင်ပက်စင်လာခဲ့သည်။ ရေစီးကြောင်းကြီးက. . ယခုမှ သီးခြားဖြစ်ပေါ်လာခဲ့ခြင်းပင်။

ကျော်စွာသည် ခေါင်းထဲမှာ အတွေးတစ်ခုဝင်လာ



www.burmeseclassic.com

www.burmeseclassic.com



ခဲ့သည်။

"ဦးရီး. . ဒီမြစ်ကြီးဟာ အနက်ကြီးပဲ၊ သတ္တဝ
တစ်ကောင်ကောင်. . ရေအောက်က ဖြတ်သွားသလားမှ
မသိတာ. ."

"မင်းထင်တာ ဖြစ်နိုင်တယ် ကျော်စွာ၊ ဒါပဲရှိလိမ့်မယ်
သတိထားကြ. ."

ရေအောက်မှ ဖြတ်သွားသော သတ္တဝါကြီးတစ်ကောင်
ကောင်ကြောင့် ရေလှိုင်းများဖြစ်ပေါ်လာကာ လှုပ်ခတ်သွား
ခြင်းပင်၊ အားလုံးကလည်း ထိုအတိုင်းပင်. . ယူဆကြလေသည်။

ရေလုံးများသည် ကုန်းပေါ်ကို တဝုန်းဝုန်းဖြင့် တက်လာ
ခဲ့ကြသည်။ ကြီးမားသော ရေသတ္တဝါကြီးများတစ်ကောင်ပြီး
တစ်ကောင်ဖြတ်သွားကြလေသလား၊ သို့မဟုတ်. . ကိုယ်ထည်
ရှည်လျားသော သတ္တဝါကြီးတစ်ကောင်ကောင်ကများ. . ခန္ဓာ
ကိုယ်အတ္တဘောကြီးနှင့် ရေအောက်မှ ငုပ်လျှိုးသွားခဲ့လေ
သလား၊ မပြောတတ်ပါ။ ဦးတိုက်မောင်းသည် တစ်စုံတစ်ရာကို
ဖျတ်ကနဲဆု တွေးမိလိုက်လေသည်။ ထိုကြီးမားသော သတ္တဝါ
ကြီးသည်တစ်ကောင်တည်းသော သတ္တဝါကြီးသာဖြစ်ခဲ့လျှင်. .

ထို့နောက်. . ရေစီးကြောင်းသည် ပုံမှန်အတိုင်းပြန်ဖြစ်
သွားခဲ့သည်။

"တော်သေးရဲ့ကွာ၊ ငါတို့ ရေထဲကနေ ဖြတ်ကူးလာခဲ့





ကြတာ၊ ရေအောက်က သတ္တဝါကြီးတွေ ဖြတ်သွား. . ဖြတ်လာ
လုပ်ကြတဲ့ လမ်းကြောင်းဖြစ်နေတယ်၊ နို့မို့ဆိုရင်. . ငါတို့ကို
တိုက်ခိုက်သွားနိုင်တယ်. ."

"သည့်ထက်ပိုပြီး အန္တရာယ်ကြုံတွေ့လာလည်း ပိုပြီး
ဂရုစိုက်စရာမလိုတော့ပါဘူး၊ တော်တော်ဆိုးဆိုးရွားရွားကိစ္စတွေ
နောက်မှာကြုံခဲ့ကြရပြီးပြီပဲ. . သတိထားဖို့ပဲလိုတယ်. ."

ကျော်စွာက အရာရာကို အံတုရင်ဆိုင်ရဲသော
လေသံဖြင့် ပြောလိုက်လေ၏။ သူတစ်ပါးနှိပ်စက်၍ မျက်ရည်
ကျရသော ငိုကြွေးရသော. . ကျော်စွာမဟုတ်တော့၊ အန္တရာယ်
မှန်သမျှ ရင်ဆိုင်ရဲသော၊ တွန်းလှန်တိုက်ခိုက်ရဲသော. . ကျော်စွာ
ဖြစ်နေလေပြီ။

မကြာမီ. . အလင်းရောင်တွက်ပေါ်လျက်ရှိသော
နေရာကို ရောက်လာခဲ့ကြသည်။ ထိုအခါ. . မိမိတို့ထင်မြင်
နေကြသလို. . တံခါးပေါက်၊ ဂူပေါက်မဟုတ်ပဲ မထင်တာတွေ
ဖြစ်နေသည့်အတွက်. . အံ့အားသင့်သွားခဲ့ကြရလေသည်။

ဝ ဝ ဝ

အားလုံးတွေ့လိုက်ကြရသည်ကား. . သလင်းကျောက်
နံရံကြီးတစ်ခုသည် ရှေ့မှာကာဆီးလျက်ရှိသည်။ တစ်ဖက်ကို
တိုးလျှိုပေါက်မြင်နိုင်ပြီး မှန်ထူထူချပ်ကြီးသဖွယ်ရှိနေသည်။



www.burmeseclassic.com

www.burmeseclassic.com



သဘာဝနံရံကြီးလော၊ သို့မဟုတ် . . ရှေးကျသော လူသားတွေ၏ . . အတတ်ပညာဖြင့် ဖန်တီးပြုလုပ်ခဲ့ကြခြင်းပေလော မိမိတို့၏ မျက်လုံးတွေကိုပင် . . မယုံကြည်နိုင်လောက်အောင် ဖြစ်သွားခဲ့ကြရသည်။ သလင်းကျောက်နံရံကြီးဆိုပေမယ့်လည်း လွန်စွာမှ ကြည်လင်လှပြီး တစ်ဖက်ကို တိုးလျှိုးပေါက်မြင်နိုင်သည်။ မြင်နိုင်ရုံသာမက သလင်းကျောက်မှန်သားပြင်ကြီး၏ တစ်ဖက်တွင် ရေပြင်ကြီးအတိပြီးလျက်ရှိနေလေသည်။ ရေသတ္တဝါကြီးများသည် ကူးခတ်သွားလာလျက်ရှိကြသည်။ ကြီးမားလှသော ငါးကြီးများ၊ ရေဘဝဲကြီးများ၊ ရေနဂါးကောင်လေးများသည် ရေအောက်မှာ ဖြတ်သွား . . ဖြတ်လာရှိနေကြသည်။

"ဒီနေရာဟာ ပင်လယ်ကြီးနဲ့ တစ်ဆက်တည်း တစ်စပ်တည်းရှိနေတဲ့ နေရာပဲ၊ ရေသတ္တဝါတွေ ဝင်ထွက်သွားလာနိုင်ကြတယ်၊ ငါတို့ဟာ . . သမုဒ္ဒရာကြီးရဲ့ အလယ်လောက်ကို ရောက်နေကြသလား၊ မပြောတတ်ဘူး . ."

"ဦးရီး . . ဟိုမှာ ကြည့်စမ်းပါဦး"

ကြက်သီးက လက်ညှိုးထိုးပြလိုက်ရာ သလင်းကျောက်မှန်ချပ်ကြီး၏အောက်ခြေတွင် လမ်းပေါက်ကြီးတစ်ခုဖြစ်နေသည်။ အပေါ်ဘက်မှာ ပေါင်းမိုးကြီးသဏ္ဌာန်ရှိနေကာ ရေသတ္တဝါများက အပေါ်မှသွားလာလျက်ရှိနေကြသည်။ ဂူလိုက်



ပေါက်ကြီးသဖွယ် တောတ်လျှောက်ကြီးကို လျှောက်သွား၍ရသည်။ အလင်းရောင်သည် ပင်လယ်ပြင်မှနေ၍ သလင်းကျောက်မှန်ချပ်ကြီးကို ထိုးဖောက်ပြီး ဝင်ရောက်လာခဲ့သည်။

ထို့ကြောင့် ပေါင်းမိုးကြီးနှင့်တူသော အောက်မှ ဖြတ်လျှောက်သွားခဲ့ကြသည်။ ခေါင်းထက်မှာ ရေသတ္တဝါများ သွားလာလျက်ရှိနေကြသည်။ မော့ကြည့်မိကြစဉ်မှာ အသည်းယားစဖွယ်ဖြစ်နေကြရသည်။ အတော်ကြီးမားသော ငါးကြီးတစ်ကောင်သည် သူတို့ကို ငုံ့ကြည့်ပြီးနောက် တစ်နေရာကို ဆက်လက်ပြီး ကူးသွားခဲ့လေသည်။

ရှည်လျားသော လမ်းကြောင်းကြီးကို တောက်လျှောက် ဖြတ်ကျော်လာခဲ့ကြသည်။ မကြာမီ . . ဥမင်လမ်းကြီး၏ အဆုံးကို ရောက်လာခဲ့ကြသည်။ ရှေ့မှာ . . လွန်စွာမှ ကျယ်ပြန့်သော မြေပြင်ကြီးတစ်ခုကို တွေ့လိုက်ကြရသည်။ ရေအောက်မြစ်ကြောင်းကြီး၏ဘေးမှာ . . ကျောက်တုံးကြီးများကို တွေ့လိုက်ကြရပြန်သည်။ ကျောက်ဆောင်ကြီးများပင်ဖြစ်ကြသည်။

ထိုစဉ် . .

"ဝုန်း"

"ဝုန်း . ."

ရေထဲမှာ ပြင်းထန်သော လှိုင်းလုံးကြီးများဖြစ်ပေါ်လာခဲ့လေရာ . . ရေလှိုင်းများသည် ကုန်းပေါ်အထိ ရောက်လာခဲ့

www.burmeseclassic.com

www.burmeseclassic.com



ကြသည်။ ကျောက်တုံးကြီးများကိုပင်. . ကျော်လွှားပြီးထော ရောက်လာခဲ့ကြလေသည်။ သူတို့အားလုံး၏ ကိုယ်ပေါ်မှာလည်း ရွှဲရွှဲစိုသွားခဲ့ကြရသည်။

“သတိထားကြဟေ့. . ဓါးတွေကို ထုတ်ထားကြ. . ”

ဦးတိုက်မောင်းက သတိပေးလိုက်လေရာ ဓါးများကို အအိမ်ထဲမှ ဆွဲထုတ်လိုက်ကြသည်။ ရေအောက်မြစ်ကြီးထဲကို လှမ်းပြီးကြည့်လိုက်ကြစဉ်မှာပင်. .

“ဝုန်း. . ”

နောက်ထပ်ရေလုံးကြီးတစ်လုံးက ရေလည်ခေါင်မှ ထွက်ပေါ်လာခဲ့ပြီး ကြီးမားသော ရေသတ္တဝါကြီးတစ်ကောင်သည် ဘွားကနဲဆို ပေါ်လာခဲ့လေတော့သည်။

“ဟာ. . ညံသတ္တဝါကြီး၊ နောက်ကိုဆုတ်. . မြန်မြန်ဆုတ်ကြ. . ”

မြေထရံ (နံရံ)ဘက်ဆီကို လျင်မြန်စွာဖြင့် ထွက်ပြေးကြရသည်။ ဤမျှကြီးမားလှသည့် ညံသတ္တဝါကြီးကို သူတို့ တစ်ကြိမ်တစ်ခါမှပင် မမြင်ဖူးခဲ့ကြပါ။ ညံသတ္တဝါကြီးဆိုသည်ကို ဦးတိုက်မောင်းက ပြောပြတော့မှပင် သိကြရလေတော့သည်။ ညံသတ္တဝါကြီးသည် လည်ပင်းကြီးကိုထောင်ကာ လည်ဆံမွေး စုတ်ဖွားကြီးနှင့် ခေါင်းကိုခါရမ်းပစ်လိုက်သည်။

“အူး. . ”





ပါးစပ်ထဲမှလည်း ထူးခြားသောအသံကြီးတစ်ခုထွက်ပေါ်လာခဲ့လေရာ. . ရန်မူတော့မည့် လက္ခဏာပင်ဖြစ်တော့သည်။ ရေပြင်ထက်မှာ ခေါင်းကြီးကိုထောင်ထားလိုက်သည်မှာ ပေနှစ်ဆယ်ခန့်မြင့်မားလှသည်။

“အူး. . ”

ထို့နောက်. . ဒေါသတကြီးဖြင့် ထပ်မံ၍အော်လိုက်ပြီး လည်ပင်းရှည်ကြီးကို တအားစိုက်ချလိုက်လေရာ. .

“ရှောင်ကြဟေ့၊ ဒီကောင့်ပါးစပ်ထဲပါသွားကြလိမ့်မယ်. . ”

ဦးတိုက်မောင်းက အော်ဟစ်ပြီး သတိပေးလိုက်သည်။ ညံသတ္တဝါကြီးသည် ကြီးမားသော ပါးစပ်ကြီးကိုတအားဖြဲပြီး သူနှင့်အနီးဆုံးဖြစ်သော ကျော်စွာကို ထိုးဟပ်လိုက်သည်။ ကျော်စွာသည် သတိကြီးစွာထားသူဖြစ်ရကား မြေပြင်ပေါ်မှာ လိမ့်ပြီးတော့ ရှောင်လိုက်ရသည်။ ညံသတ္တဝါကြီး၏ ကြီးမားသောအပေါ်သွားများနှင့် အောက်သွားများက ပြင်းထန်စွာ ထိကာရိုက်ခတ်သွားခဲ့ကြသည်။ အသံများပင်. . မြည်သွားခဲ့ရသည်။

ညံသတ္တဝါကြီး၏ နှာမှုတ်သံသည်ပင်လျှင်. . တရှူးရှူးနှင့်ထွက်ပေါ်လာခဲ့လေတော့၏။ ကျော်စွာသည် မြေပြင်ထက်မှာ. . လိမ့်ထွက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက်. . ညံ့သတ္တဝါကြီးသည် ဒေါသအရှိန်ကို မသတ်နိုင်ပဲ. . ကုန်းပေါ်ကို အလျားထိုးထိုးတက်လာပြီး ကျော်စွာ့နောက်ကို တောက်လျှောက်ပင် လိုက်လေတော့သည်။ ကျော်စွာသည် ဓါးကိုကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ပြီး ကိုယ်ကို လှိမ့်ကာ. . လှိမ့်ကာ ရှောင်ထွက်သွားသည်။

"ကျော်စွာ. . ကျော်စွာ သတိထား"

မြတ်လေးက အသံကုန်ဟစ်အော်ပြီး သတိပေးလိုက်သည်။ ညံ့သတ္တဝါကြီး၏ ခန္ဓာကိုယ်ကြီးမှာ လွန်စွာမှ ကြီးထွားလှသည်။ အကျည်းတန်မျက်နှာကြီးသည် ခက်ထန်လှသလို. . ကြောက်စရာလည်း ကောင်းသည်။ ရွံစရာလည်းကောင်းသည်။ ရေထဲမှာနေသော သတ္တဝါကြီးက ကုန်းပေါ်ကိုတက်ကာ ကျူးကျော်တိုက်ခိုက်ခြင်းပင်ဖြစ်သည်။

ညံ့သတ္တဝါကြီးသည် နောက်တစ်ကြိမ် ကျော်စွာ့ကို ထိုးပြီ၊ အဟပ်တွင် ကျော်စွာ့လက်ထဲရှိ ဓါးက ညံ့သတ္တဝါကြီး၏ မေးအောက်နှင့် လည်ပင်းကြားထဲကို ထိုးစိုက်ပြီးတော့ ဝင်သွားခဲ့သည်။

"အွူး. ."

"ရှီး. ."

ဓါးချက်က တစ်ချက်တည်းမဟုတ်၊ ဆက်ကာ. . ဆက်ကာ ဝင်သွားခဲ့သည်။ ညံ့သတ္တဝါကြီးသည် နာကျည်းစွာ





အော်လိုက်သည်။ လည်ပင်းပေါက်ထဲမှ သွေးများက နီရဲကာနဲဆို န်းထွက်လာခဲ့ကြသည်။

ဦးတိုက်မောင်း၊ မြတ်လေးနှင့် ကြက်သီးတို့က ကျော်စွာ့ဆီကို ပြေးဝင်လာခဲ့ကြစဉ်. . ညံ့သတ္တဝါကြီးသည် သူ့ကိုယ်လုံးကြီးကို ချက်ချင်းပြန်ရုပ်ကာ ဝေါကနဲဆို. . ရေထဲသို့ ပြန်ဆင်းသွားခဲ့သည်။

ကျော်စွာ့ကိုတိုက်ခိုဂ် ၂ဉ်မှာ. . ညံ့သတ္တဝါကြီး၏ ကိုယ်ထည်ကြီးသည် မြေပြင်ထက်မှာ လေးပုံတစ်ပုံပင် မရှိခဲ့။ ဦးတိုက်မောင်းတို့အနားကို ရောက်လာကြသောအခါ. . သတ္တဝါကြီးသည် ရေထဲသို့ငုပ်ကာ. . ပြေးခဲ့လေပြီ။ မြေပြင်ထက်မှာ. . ကျော်စွာ့ဓါးချက်ကြောင့် သွေးကွက်များက ကျန်ရစ်ခဲ့လေသည်။

○ ○ ○



www.burmeseclassic.com

www.burmeseclassic.com

# (၁၅)
# မထင်မရှားပုံရိပ်များ

"ကျော်စွာ. . ကျော်စွာ၊ နင်. . ဘာဖြစ်သွားသေးသလဲ ခင်. . ထိသွားသေးသလား. ."

မြတ်လေးသည် ကျော်စွာ့ဆီကို အရင်ရောက်အောင် ပြေးသွားသည်။ ထို့နောက်. . ဆွဲထူမလိုက်လေ၏။ ကျော်စွာ သည် ပက်လက်အနေအထားဖြင့် လဲကျနေရာမှ ညံ့သတ္တဝါကြီး ဆီ. . တိုက်ခိုက်လိုက်ခြင်းပင်ဖြစ်သည်။

"ငါ. . ဘာမှမဖြစ်ပါဘူး မြတ်လေး၊ ဒီကောင်ကြီး တော့. . ငါ့လက်ချက်မိသွားခဲ့တယ်၊ ဦးရိုးပြောတဲ့ ညံ့သတ္တဝါ ကြီးဆိုတာ. . ဒီကောင်ကြီးမျိုးပေါ့နော်. . ကြံကြံဖန်ဖန် ပက်ပင်း ိုးရတယ်ဗျာ. ."



www.burmeseclassic.com

www.burmeseclassic.com



"အေး. . ဟုတ်တယ်၊ ဒါ. . ငါ. . တစ်ခါက တွေ့ဖူး တိုက်ဖူးခဲ့တဲ့ သတ္တဝါကြီးမျိုးပဲ၊ ဒီနေရာဟာ ပင်လယ်ကြီးနဲ့ တစ်ဆက်တည်း. . တစ်စပ်တည်းပဲ၊ ညံသတ္တဝါကြီးဟာ ဟောဒီ နေရာမှာ. . မကြာခဏသွားလာနေရမယ်၊ ဒါမှမဟုတ်. . သူ ကျက်စားရာနေရာပဲဖြစ်ရမယ်၊ သူ့ဘာသာသူ အေးအေးဆေး ဆေးမသွားဘူး၊ ကုန်းပေါ်က လူတွေကိုလှည့်ပြီး ရန်ရှာလိုက် သေးတယ်. . ခုတော့. . ကျော်စွာ့လ ်ချက်နဲ့ ထိသွားခဲ့ပြီ မဟုတ်လား. ."

ဦးတိုက်မောင်းသည် ကျေနပ်အားရစွာဖြင့် ပြောလိုက် လေသည်။ မူလစိတ်ထား၊ မူလအသွင်နှင့် လုံးဝပြောင်းလဲ ခြားနားသွားခဲ့သော ကျော်စွာ့ကို ဦးတိုက်မောင်းသာမက မြတ်လေးနှင့် ကြက်သီးတို့ကိုပါ အံ့အားသင့်မဆုံးရှိနေကြသည်။

ထိုစဉ်. .

မိမိတို့၏ ခေါင်းထက်မှာ တဝုန်းဝုန်းဖြင့်အသံများကို ကြားလိုက်ကြရသည်။ ထို့ကြောင့်. . နောက်ကြောင်းကို အပြေး အလွှားပြန်ပြေးကြသည်။ သလင်းကျောက်မှန်နံရံကြီး၏နောက် တွင်. . ရေသတ္တဝါများသည် အလန့်တကြား ပြေးလွှားလျက် ရှိကြသည်။ တစ်ကောင်နှင့်တစ်ကောင်. . တိုက်မိကြသည်၊ ရေထဲမှာ. . ကူးပြေးကြရင်း. . တဝုန်းဝုန်းနှင့် ပြောင်းဆန်နေ ကြလေသည်။





မည်သည့်အကြောင်းကြောင့် ထိုကဲ့သို့ ဖြစ်ရသည်ကို ချက်ချင်းမသိကြ၊ နောက်တော့မှ အဖြေက ပေါ်လာခဲ့လေသည်။ မြင်ကွင်းထဲမှာ ညံသတ္တဝါကောင်ကြီးက ဘွားကနဲဆို ရောက် လာခဲ့လေ၏။ လွှန်စွာမှလည်း ဒေါသကြီးမားလျက်ရှိနေကာ ရေသတ္တဝါများကို လိုက်လံတိုက်ခိုက်သည့် အခြေအနေ ပင်တည်း။ သူ၏မျက်နှာကြီးသည် လွန်စွာမှ ကြောက်စရာ ကောင်းလှပြီး. . မျက်နှာပြင်မှာ အမွှေးများက ပေါက်နေ ကြသည်။

ကျောပြင်ထက်မှာလည်း ဆူးတောင်ကြီးများက ရှိနေကြကာ. . လုံးသွားဝမာချွန်မြည့်ကြပြီး သင်တုန်းဓါးပမာ ထက်မြလှသည်။

ညံသတ္တဝါကြီး၏ ကြီးမားသော ခန္ဓာကိုယ် အတ္တဘော ကြီးသည် လွန်စွာမှ ရှည်လျားလှကာ ရေသတ္တဝါများကို လှည့်ပတ်ရိုက်ခတ်ကာ တိုက်ခိုက်လျက်ရှိနေသည်။ တွေ့သမျှ အကောင်များကိုလည်း လိုက်လံကိုက်သတ်လျက်ရှိသည်။ ထို့ကြောင့်. . ရေသတ္တဝါများမှာ ပြန်ပြီး တိုက်ခိုက်ရန် အင်အားခြင်းက မမျှကြ၍ တပြေးတည်းပြေးနေကြရ လေသည်။

"ဒီကောင်ကြီး. . ဒဏ်ရာရသွားလို့ ဒေါသတကြီးနဲ့ လိုက်ရမ်းနေတာကွ. . သူ့အသားကို ဒီလိုနာကျင်သွားအောင်



www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူမှ မလုပ်ဖူးကြဘူးထင်တယ်၊ ဒါကြောင့်မို့ သောင်းကျွန်း နေတာ၊ သူထွက်ပြေးသွားတဲ့လမ်းကြောင်းဟာ မှန်လောင်အိမ် ကြီးနဲ့တူတဲ့ သလင်းကျောက်နံရံတစ်ဖက်နဲ့ ဆက်စပ်မှုရှိနေတယ် ဒါ့ကြောင့် သူ. . အထဲကိုရောက်သွားတာပေါ့၊ ဒီကောင်ကြီးနဲ့ အချိန်မရွေးရင်ဆိုင်ပြီးတွေ့နိုင်တယ်၊ ငါ့ကို သတိထားကြ ရမယ်. . "

ထို့နောက် သလင်းကျောက်ပေါင်းမိုးကြီးအောက်မှ ပြန်ပြီး လျှောက်လာခဲ့ကြသည်။ သူတို့ခေါင်းထက်မှာ ရေသတ္တဝါ များထွက်ပြေးနေကြသည်များကို မြင်တွေ့နေရသည်။ အသံဗလံ များကြားနေကြရသည်။ ထို့နောက်. . ယင်းနေရာနှင့် ဝေးလာ ခဲ့ကြလေသည်။

မြေပြင်ပေါ်ကိုတက်ရန် လမ်းကတော့ ရှာမတွေ့သေး မြေအောက်တွင် ပိုပြီးတော့ ကျယ်ပြန့်လာလေသည်။ ရေအောက်မြစ်ကြောင်းသည် ဘယ်ဘက်ကို ကွေ့ဝိုက်ပြီး တက်သွားသည်။

ညံသတ္တဝါကြီး. . အမှတ်မထင် ပြန်ရောက်လာပြီး တိုက်ခိုက်လေဦးမလားဟု သတိထားနေကြရသည်။ ညံသတ္တဝါ ကြီးသည် ကျော်စွာ့ကိုပိုပြီးတော့ အငြိုးထားမှာ သေချာသည်။

ကမ္ဘာ့မြေပြင်အောက်ကို သူတို့ရောက်ရှိနေကြသည်။ မာယာကျွန်းကြီး၏အောက်မှာပဲ. . သူတို့နေကြသေးသည်။





အမည်နှင့်လိုက်အောင်ပင်. . မာယာများလှသည့် နေရာ၊ ပဋ္ဌလက်ဆန်လွန်းလှသည်။ ဦးမာလသည် မည်သည့်အတွက် ကြောင့်. . မာယာကျွန်းမှာ ဖေဇော်ဂျီသဘော်ကြီးကို ရပ်နား ခဲ့သလဲမသိပါ၊ သူတို့ကို ဤကျွန်းကြီးပေါ်မှာ နေစေခဲ့သလဲ မပြောတတ်ပါ။

ထူးဆန်းသည်က မြေအောက်မှာ အလင်းရောင် တစ်ခုရနေသည်။ ပတ်ဝန်းကျင်ကို ကောင်းစွာမြင်နေရသည်။ သစ်ပင်များပင်လျှင် ပေါက်နေကြလေသည်။ ကမ္ဘာ့မြေပြင် နှစ်ထပ်ပမာရှိနေသည်။ ကမ္ဘာမြေကြီး၏ ဒုတိယအလွှာသည် မြေပြင်ပေါ်ဖြစ်ပြီး ယခု. . သူတို့ရောက်ရှိနေသော နေရာကား ပထမအလွှာဟု ခေါ်မည်ဆိုက ခေါ်နိုင်သည်။

ဦးတိုက်မောင်း၏စိတ်ထဲမှာ. . တစ်မျိုးခံစားလိုက်ရ သည်။ မျက်လုံးထဲမှာ. . သဏ္ဌာန်များစွာတို့ကို မြင်ယောင်လာ ခဲ့သည်။ မသိစိတ်က သူ့ကို အလိုလိုသတိပေးလိုက်သလိုပင်။

"ဟေ့. . နေကြဦး၊ ရှေ့ကို သတိထားပြီးသွား. . "

သတိပေးစကားကြောင့် ခြေလှမ်းတွေ တုန့်နှေးသွားခဲ့ ကြရသည်။ ဦးတိုက်မောင်းသည် အကြောင်းမရှိပဲ သတိပေး မည့်သူမဟုတ်၊ ရှေ့တွင်. . လူရိပ်သဏ္ဌာန်များစွာတို့ကို. . သူတို့လည်း မြင်တွေ့လိုက်ကြရသည်။ မည်းမည်းသဏ္ဌာန်တွေ ဖြစ်ကြသည်။ ဟိုမှ. . ဒီမှ. . သွားလာလှုပ်ရှားလျက်ရှိနေကြ



www.burmeseclassic.com

www.burmeseclassic.com



သည်။

"ဦးရိုး . . ဘယ်သူတွေလဲ . . "

"ငါလည်း ဘယ်သိမလဲကွ၊ လူတွေလို့ ထင်တာပဲ ဖော. . မရှိကြတော့ပြန်ဘူး . . "

မှန်သည်။ ကြည့်နေ . . မြင်နေရင်းမှာပင် . . ထိုသဏ္ဌာန်များသည် ပျောက်သွားကြသည်။ တစ်နေရာရာကို ထွက်သွားကြသလိုမျိုးဖြစ်ကြသည်။

"ကျွန်တော်တို့ စိတ်ထင်ဟာများလား၊ ဒီလိုနေရာမျိုးမှာ လူတွေရှိနိုင်ပါ့မလား . . "

"ပြောလို့တော့ မရဘူးလေ၊ အခု . . ငါတို့ပဲ ကမ္ဘာအောက်ကိုရောက်နေကြပြီ မဟုတ်လား ကျော်စွာ၊ ဒါပေမယ့် ဒီနေရာမှာ ငါတို့အချင်းချင်းကလွဲရင် . . ဘယ်သူ့ကိုမှ ယုံကြည်လို့မရဘူး . . အားလုံး သဘောပေါက်ထားကြ၊ ရန်ရှာလာရင်လည်း လက်မနှေးကြစေနဲ့ . . "

ဦးတိုက်မောင်းက အဓိပ္ပါယ်ရှိသော စကားတစ်ခွန်းကို ပြောလိုက်သည်။ ထို့ကြောင့် မည်သည့်လှုပ်ရှားမှုမဆို အား အပြတ်မခံတော့၊ သတိထားနေကြရလေပြီ။

○ ○ ○





ရွှေကိုဆက်၍ လျှောက်လှမ်းလာခဲ့ကြသည်၊ ပတ်ဝန်းကျင်သည် အေးမြစွတ်စိုခြင်းမရှိပဲ . . မသိမသာ . . ပူနွေးလျက်ရှိသည်။ မြေပြင်ပေါ်မှာလိုပင် နေထိုင်လို့ကောင်းသည်။ ထိုစဉ်လေအေးတစ်ချက်က မသိမသာတိုက်ခတ်လာခဲ့သည်။

ဦးတိုက်မောင်းမှအပ . . ကျောထဲမှာ စိမ့်ကနဲဖြစ်သွားခဲ့ကြသည်။ အရိပ်တစ်ခုသည် ဂူလိုဏ်နံရံမှာ ထင်ဟပ်လာခဲ့သည်။ တဖြည်းဖြည်းနှင့် ရွေ့လျားလာသည်။ လမ်းလျှောက်လာသည့်အသွင်။

ထိုသူသည် ရေအောက်မြစ်ကြီး၏ နံဘေး၊ တစ်ခုသောလိုဏ်ပေါက်ဝမှ ထွက်လာခဲ့ခြင်းပင်၊ အရိပ်ရွေ့လျားလာသည်ကိုရှေးဦးစွာ မြင်နေရသည်။ စိတ်ဝင်စားစွာဖြင့် ကြည့်နေကြဆဲမှာပင် . . ထိုသူသည် မြင်ကွင်းအောက်မှာ ဘွားကနဲဆိုပေါ်လာခဲ့လေတော့သည်။

"ဟင် . . "

"ဟာ . . "

အာမေဋိတ်သံအသီးသီးသည် ဦးတိုက်မောင်းမှအပ လူသုံးယောက်ထံမှ ထွက်ပေါ်လာခဲ့ကြလေ၏။ ထိုသူသည် ခပ်လှမ်းလှမ်းမှာရပ်နေသည်။ ထူးခြားစွာ ကျရောက်လာသော အမှောင်ရိပ်တစ်ခုက ထိုသူ၏ ကိုယ်တစ်ဝက်နှင့် မျက်နှာတစ်ခြမ်းကို ဖုံးလွှမ်းထားသည်။

မည်သို့ပင်ဆိုစေ၊ ထွားကျိုင်းသန်မာသော ထိုလူကြီး၏



www.burmeseclassic.com

www.burmeseclassic.com



သဏ္ဌာန်ကို သူတို့ချက်ချင်း မှတ်မိသွားခဲ့ရသည်။ အဘွားကြီး ကျက်စားနေသော ရက်စက်ကြမ်းကြုတ်ပြီး တစ္ဆေကြီး ဘွဲ့ရ . ပင်လယ်ဓါးပြဗိုလ်တစ္ဆေကြီးသိဒ္ဓိပင်တည်း၊ သိဒ္ဓိသည် သူတို့ကို ခပ်လှမ်းလှမ်းမှရပ်ပြီးတော့ ကြည့်နေသည်။ မလှုပ်မယှက် ရပ်ကာ . . အကဲခတ်နေသည်။

"မင်းတို့က ငါ့နောက်ကို သည်အထိအောင် လိုက်လာခဲ့ကြတယ်ပေါ့ . . ဟုတ်လား"

အသံဩကြီးက လိုဏ်သံပါအောင် ထွက်ပေါ်လာခဲ့သည်။ ရှည်လျားသော ဆံပင်များသည် ကျောပြင်မှာတစ်ချို့၊ မျက်နှာတစ်ခြမ်းနှင့် ရင်ရှေ့ကို ကျဆင်းလျက်ရှိနေကြသည်။

"ကျုပ်တို့ . . ဒီနေရာကို မတော်တဆရောက်လာခဲ့ကြတာ . . ခင်ဗျား . . နောက်ကို တမင်လိုက်လာတာ မဟုတ်ဘူး"

ဦးတိုက်မောင်းက အေးဆေးစွာပင် ပြောလိုက်သည်။ ဦးသိဒ္ဓိထံမှ ရယ်သံကြီးက ထွက်ပေါ်လာခဲ့သည်။ ခေါင်းကိုလည်း . . သွက်သွက်ခါရမ်းလိုက်ရာ . . ခေါင်းထက်မှ ဦးထုပ်လွင့်ကျသွားမတတ်ပင်။

"တောင်ကြီးကို မြို့ပြီးတော့ ပြောတာတောင် မယုံဘူးဟေ့၊ မင်းတို့က ငါ့ကို တမင်နှောင့်ယှက်နေကြတာပဲ၊ သိဒ္ဓိဆိုတဲ့ကောင်က သူများအပေါ်မှာသာ အနိုင်ကျင့်ချင်တာ၊ ကိုယ့်ပေါ်မှာ ကျောလာရင် နည်းနည်းလေးမှ မခံချင်ဘူး . . "





"တော်တော်တရားတဲ့ စကားပါလား၊ ဒီလိုဘဝမျိုး ရောက်တာတောင် . . မာန်က တင်းတုန်းပါပဲ၊ မလျော့သေးပါလား . . ကဲ . . ကျွန်တော်တို့က ခင်ဗျားကို အနှောင့်အယှက်ပေးတာ မဟုတ်ဘူး၊ ခုလိုဆုံမိတာလည်း မတော်တဆတိုက်ဆိုင်မှုပဲ၊ ဒါကိုယုံ၊ ဒါကြောင့် . . ကျုပ်တို့ သွားပါရစေ . . "

"မသွားရဘူး . . အေး . . ငါ့ကိုကျော်ပြီးသွားနိုင်ရင်တော့ သွားပေါ့၊ မကျော်နိုင်ရင်တော့ မင်းတို့နောက်ကြောင်းကို လှည့်ပြီးတော့ ပြန်ကြ၊ ဒါပဲ . . "

ဦးသိဒ္ဓိသည် လက်နောက်ပစ်ထားရာမှ ရှေ့ကိုယူလာလိုက်ရာ . . လက်ထဲမှာ . . ဓါးရှည်တစ်လက်က ပါလာခဲ့သည်။ ဦးတိုက်မောင်းတို့ကို တိုက်ခိုက်ရန် စိမ်ခေါ်လိုက်ခြင်းပင် . . ထိုစဉ် အရိပ်သဏ္ဌာန်တော်တော်များများသည် ဦးသိဒ္ဓိဆီကို ဝိုင်းရံပြီး ရောက်လာခဲ့ကြသည်။ ထိုသူများသည် ပင်လယ်ဓါးပြများပင်တည်း . . လက်နက်ကိုယ်စီ ကိုင်ဆောင်ထားကြသည်။

ထိုသူများသည် မျက်နှာသေကြီးများနှင့် ရှိနေကြသည်၊ ဖြူဆွတ်သော မျက်နှာများသည် သွေးဆုတ်နေသကဲ့သို့ ဖြစ်နေကြသည်။ မျက်လုံးတွေကလည်း ကြောင်စီစီ။

"ဟိတ် . . ဒီကောင်တွေကို တစ်ယောက်မကျန် အပြတ်ရှင်းပစ်ကြ၊ တမလွန်ကို ပို့ပစ်ကြ၊ သုဿန်မှာ တစ္ဆေချင်း စကားပြောကြပစေ . . ကိုင်း . . "



www.burmeseclassic.com

www.burmeseclassic.com



သိဒ္ဓိက ဦးဆောင်ပြီး ပြေးဝင်လာခဲ့သည်။ ကျန်လူမျာကလည်း လျှင်မြန်သောအဟုန်ဖြင့် ပြေးဝင်လာခဲ့ကြလေပြီတည်း။

"လာကုန်ကြပြီဟေ့၊ သူတို့လက်ချက်မမိကြစေနဲ့. . အစွမ်းကုန်. . တိုက်ခိုက်ကာကွယ်ကြ. ."

ဦးတိုက်မောင်းက အအိမ်ထဲမှ ဓါးကို ဆွဲထုတ်လိုက်ကာ. . ထိုသူများရောက်အလာကို စောင့်မနေတော့ပဲ ပြေးဝင်သွားခဲ့သည်။ ကျော်စွာတို့သည်လည်း ဦးတိုက်မောင်းနည်းတူ ဓါးများကိုဝင့်ကာ ပြေးသွားခဲ့ကြလေသည်။

ပြေးဝင်လာခဲ့ကြသော ပင်လယ်ဓါးပြများသည် ကျော်စွာတို့ကို အသေအကြေတိုက်ခိုက်ကြလေတော့၏။ ကြက်သီးမှလွဲ၍ သုံးယောက်စလုံး ဓါးရေးကောင်းကြသည်။ ပင်လယ်ဓါးပြများကို မိမိတတ်ကျွမ်းထားကြသော ဓါးသိုင်းပညာများဖြင့်. . သွက်လက်ချက်ချာစွာ ထိုးခုတ်တိုက်ခိုက်ကြလေတော့သည်။ ပင်လယ်ဓါးပြများကား. . ကြမ်းတမ်းစွာ တိုက်ခိုက်ကြသည်ကလွဲ၍. . ဓါးရေး လှံရေး မကောင်းကြပေ။ တစ်ချို့ပုဆိန်၊ ရဲဒင်းကြီးများကိုကိုင်ဆောင်ကာ. , တရကြမ်းဝင်ရောက်တိုက်ခိုက်ကြသည်။

သိဒ္ဓိသည် ဖဇော်ဂျီသဘော်ကြီးပေါ်မှာ ကျော်စွာ၏ဓါးချက်မိသွားခဲ့သည်။ သေလောက်သည့် ဒဏ်ရာရသွားခဲ့သည်။ သို့သော်. . ယခုအချိန်မှာ ဘာမှမဖြစ်သလို လူကောင်းပကတိအတိုင်း တိုက်ခိုက်နိုင်သည်မှာ အံ့အားသင့်စရာပင်။ ဆေးကောင်းများကြောင့် ဒဏ်ရာပျောက်ကာ သက်သာရာရသွားခဲ့လေသလား. .



သိဒ္ဓိက. . ကျော်စွာကို ပစ်မှတ်ထားပြီးသားဖြစ်သည်။ စ,ပြီးဝင်လာကတည်းက ကျော်စွာဆီကိုသာ လျှင်မြန်စွာရောက်လာခဲ့သည်။ လေထဲခုန်ဝင်လာပုံက မြန်ဆန်သွက်လက်လွန်းလှသည်။ သူ့လူများသည်လည်း ထိုနည်းလည်းကောင်းပင်၊ ပြေးဝင်လာကြပုံများက တစ်ခါတစ်ရံမှာ မြေပြင်နှင့် ခြေထောက်ထိမှထိကြလေသလားဟုပင် တွေးမိကြရသည်။

ကျော်စွာသည် သူ့အပေါ် ကျလာခဲ့သော သိဒ္ဓိ၏ မိုးဓါးကြီးကို လျှင်မြန်စွာရှောင်တိမ်းလိုက်နိုင်ခဲ့သည်။ သိဒ္ဓိ၏ ဓါးချက်က လွဲသွားသည်။ လေကိုသာ ခုတ်မိသွားခဲ့ရသည်။

ကျော်စွာသည် ဓါးကို ဓါးရိုးမှ ဦးစောက်ဆုပ်ကိုင်ကာ စင်ယော်သုတ်ပွတ်ဆွဲပစ်လိုက်ရာ. . သိဒ္ဓိ၏ ချိုင်းအောက်မှ ဓါးက ဖြတ်ဝင်သွားခဲ့ရသည်။

"အား. ."

သိဒ္ဓိ. . နာကျင်စွာဖြင့် အော်မိလိုက်သည်။ ကျော်စွာ၏ ဓါးချက်မိသွားခဲ့ရပြန်လေပြီ၊ တစ္ဆေကြီးသိဒ္ဓိ ဒေါသထွက်သွားခဲ့ရသည်။ ဒေါသသည် ဆင်ခြင်တုံတရားနည်းပါးစေသည်။ ဒေါသသည် အသိဉာဏ်ကို ဖုံးအုပ်သွားသောအခါ မိမိကိုယ်ကို

www.burmeseclassic.com

www.burmeseclassic.com



ထိန်းသိမ်းနိုင်စွမ်းမရှိတော့၊ ထို့ကြောင့် . . သိဒ္ဓိသည် ကျော်စွာကိုဓါးကြီးဖြင့် တရကြမ်း ထိုးခုတ်တိုက်ခိုက်လေတော့သည်။

"ဦးသိဒ္ဓိ၊ ကျွန်တော် . . ခင်ဗျားကို မရက်စက်ချင်ဘူးနော်၊ လူတစ်ယောက်ကို အကြောင်းမဲ့ကြီး အနာတရမဖြစ်စေချင်ဘူး၊ ကျွန်တော် ခင်ဗျားရဲ့အသက်ကို အခုချက်ချင်းနှုတ်ယူလို့ရတယ်၊ မလုပ်ချင်ဘူး . . ထွက်သွားပါ . . "

"ဟေ့ကောင်၊ မင်းကို ငါက အနိုင်ယူပြီးမှ ဘဝင်ကျမယ့်ကောင်ကွ၊ ငါက . . ငါ့ကို သူများအနိုင်ယူသွားတာမျိုးဘယ်တော့မှ လက်ခံတဲ့ကောင်မဟုတ်ဘူး၊ နာမည်ကိုက သိဒ္ဓိတဲ့၊ သူများအပေါ်ကနေ အမြဲတမ်းနေရမှ ငါ့ကိုယ်ငါ လက်ခံတယ်"

သိဒ္ဓိသည် ကျော်စွာ၏ ဖြောင့်ဖျမှုကို လက်မခံ၊ အသေအကြေ . . မရပ်မနားပင် ဝင်ရောက်ထိုးခုတ်တိုက်ခိုက်လေတော့သည်။ သူ့မှာဒဏ်ရာလည်း ရသွားခဲ့ပြန်လေပြီ။ ထိုဒဏ်ရာကို သူမမှုပါ။ ကျော်စွာမှာ သိဒ္ဓိကိုညာပြီးတော့ တိုက်ခိုက်နေရလေတော့သည်။

○ ○ ○

ကမ္ဘာမြေအောက် . . ပထမအလွှာမှာ . . ဖြစ်ပွားနေသောတိုက်ပွဲကို မည်သူတစ်ဦးတစ်ယောက်ကမှ သိကြမည်





မဟုတ်ပါ။ သိဒ္ဓိ၏ တပည့် ပင်လယ်ဓါးပြများသည် ဦးတိုက်မောင်း မြတ်လေးနှင့်၊ ကြက်သီးတို့ကို အသေအကြေတိုက်ခိုက်နေကြသည်။ သွက်လက်သော ဓါးရေးက ပင်လယ်ဓါးပြများအပေါ်မှာ မရဏကိန်းကျလျက်ရှိကြသည်။

ပင်လယ်ဓါးပြများသည် ကြမ်းတမ်းစွာ ဝင်ရောက်တိုက်ခိုက်ကြသော်လည်း ရမ်းကားခြင်းမှလွဲ၍ အခြေခံသိုင်းပညာကို မတတ်မြောက်ကြ၊ ထို့ကြောင့် . . အထိနာကြသည်။ နှစ်ယောက်က ဦးတိုက်မောင်း၏ ဓါးချက်မိကာ ပုံလဲကျသွားခဲ့ကြသည်။ မြတ်လေးဆီခုန်ဝင်လာကြသူနှစ်ဦးကို မြေသို့မကျမီမှာပင် . . ဓါးချက်တွေက သွက်လက်စွာဖြင့် ဝင်သွားခဲ့ရသည်။

"ဝှစ် . . ဝှစ်"

"အား"

"အား"

ထိုသူများသည် မြတ်လေး၏ ဓါးချက်ကြောင့် ဗုံပြီးလဲကျသွားခဲ့ရသည်။ သို့သော် . . ချက်ချင်းလိုလိုပင် နေရာမှခုန်ထ,ကာ ထွက်ပြေးသွားခဲ့ကြသည်။

ကြက်သီးကို လူနှစ်ယောက်က ဝိုင်းပြီးတော့ တိုက်ခိုက်ကြသည်။ ကြက်သီးသည် အသားနာခံသူမဟုတ်၊ သတွင်းနှင့်နီးသော တိုက်ခိုက်မှုဖြစ်သည်။ သူတို့ကလည်း ကြမ်းကြမ်း . . ကိုယ်ကလည်း ကြမ်းကြမ်း၊ ဓါးကို တရကြမ်း



www.burmeseclassic.com

www.burmeseclassic.com



ငေ့ပြီးတော့ တိုက်ခိုက်သည်။

"ထန်. . ထန်"

ခါးချက်ထိခတ်သံများက ဆူညံသွားကြသည်။ ကြက်သီး ကသတိထားပြီး တိုက်ခိုက်သောကြောင့် နှစ်ဦးစလုံးကို ခါးချက်တွေက ထိသွားခဲ့ကြသည်။ ခန္ဓာကိုယ်တွေ တွန့်လိမ်ကောက်ကွေးပြီးလဲကျသွားခဲ့ကြသည်။

သို့သော်. . ထိုသူများသည် နောက်ထပ်ရင်မဆိုင်ကြတော့ပဲ. . နေရာမှ ထပြေးကြလေသည်။ ထို့နောက်. . သတိထားစရာများရှိလာခဲ့ကြရသည်။

ပြင်လယ်ဓါးပြများကို ဖေဇော်ကျိုသင်္ဘောကြီးပေါ်မှာ တိုက်ခိုက်ခဲ့ကြစဉ်က ရေထဲကို ကျသွားခဲ့ကြသော ပင်လယ်ဓါးပြများကို ယခုပြန်တွေ့လာခဲ့ကြရသည်။ သူတို့သည် မည်သည့်အကြောင်းကြောင့်. . ပြန်ရောက်လာခဲ့ကြရပါသလဲ. . ရေထဲနစ်မြုပ်ပြီး မသေဆုံးခဲ့ကြပါသလဲ. . ထူးဆန်းမှုများကို စဉ်းစားကြသော်လည်း. . အဖြေမပေါ်ကြ၊ မိမိတို့ပဲ အထင်အမြင်လွဲမှားခဲ့ကြလေသလား၊ တစ်ယောက်နှင့်တစ်ယောက် ထင်ယောင်ထင်မှားဖြစ်ခဲ့ကြသည်ပဲလား. . ၊

ပင်လယ်ဓါးပြတော်တော်များများက ဦးတိုက်မောင်းတို့ကိုမဲပြီး ဝိုင်းဝန်းစုပြုံတိုက်ခိုက်နေကြလေရာ. . ကျော်စွာသည် ထိုအခြေအနေကို မြင်တွေ့သွားခဲ့လေရာ. . တစ္ဆေကြီး



သိဒ္ဓိကို တွန်းထိုးပစ်လိုက်ရင်း. .

"သွားစမ်း၊ ခင်ဗျားကြီးကို ကျုပ်မသတ်ချင်ဘူးနော်"

ကျော်စွာ. . ဦးတိုက်မောင်းတို့ဆီကို ပြေးသွားခဲ့သည်။ လျင်မြန်သော အဟုန်ဖြင့် ပြေးဝင်လာခဲ့သော ကျော်စွာကို ပင်လယ်ဓါးပြများက ကြောင်ပြီးကြည့်နေဆဲမှာပင်. . ခါးချက်တွေက တစ်ချက်ပြီးတစ်ချက်. . သွက်လက်စွာဖြင့် ဝင်သွားခဲ့သည်။

"ဝုစ်. . ဝုစ်. . "

"အား. . "

"အား"

ခါးချက်မိပြီး တစ်ချို့လဲကျသွားခဲ့ကြသည်။ တစ်ချို့ဒဏ်ရာနှင့်ထွက်ပြေးကြသည်။ သိဒ္ဓိသည် သူ့လူတွေ၏ အခြေအနေကို တွေ့သွားခဲ့လေရာ. .

"တောက်. . မင်း တော်တော် ထက်နေပါလားဟေ့၊ ပြောရင်းနဲ့တောင် မင်းက ပိုပြီးဆိုးလာတယ်၊ ကိုင်း. . ဒါလောက်တောင်ဖြစ်လှသော. . "

သိဒ္ဓိသည် ဓါး ဦးကိုမြှောက်ကာ ဒေါသတကြီးနှင့် ပြေးဝင်လာခဲ့သည်။

"ကျော်စွာ. . သတိထား"

မြတ်လေးက စိုးရိမ်တကြီးနှင့် သတိပေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကျော်စွာသည် သိဒ္ဓိ၏ခက်ထန်သော မျက်နှာကြီးကို ကြောင်ပြီးတော့ ကြည့်နေမိပြီး လက်တစ်ဖက်က အိတ်ထဲမှာ ရှိနေသော ဇော်ဂျီဦးထုပ်ဒွိစုံပုလင်းလေးကို အမှတ်မထင် ဖိကပ်ထားမိလိုက်သည်။ ထိုစဉ်. . မြေအောက်တစ်နေရာမှ တစ်ဝီဝီအသံများထွက်ပေါ်လာခဲ့သည်။ ဖုန်လိုလို. . မြူလိုလို အရာများက ခပ်ဝေးဝေးဆီမှ တလိမ့်လိမ့်ဖြင့်. . တက်လာခဲ့ကြသည်။ လေပြင်းတိုက်ခတ်မှုများက အမှတ်မထင်ထွက်ပေါ်လာခဲ့သည်ဟု ထင်ရ၏။ မထင်မှတ်သော ပြောင်းလဲမှုတစ်ခုက ရောက်လာခဲ့ပြန်လေပြီ။ မြေအောက်မှာရှိနေသော ဓါတ်ပစ္စည်းများအချင်းချင်းထိခတ်၊ ပေါင်းစပ်မိသွားခဲ့ကြပြီး ဓါတ်ငွေ့တွေ ထွက်လာခဲ့သည်ဟု ယူဆမိရသည်

မြေအောက်ကမ္ဘာမှာ တစ်ခါတစ်ရံထိုသို့ဖြစ်တတ်ကြပါသလား. .

"ဖောင်း. . ဖောင်း ဖောင်း"

တဖောင်းဖောင်းနှင့်အသံများကိုပါ ကြားလာခဲ့ကြရသည်။ စူးရှသော အနံ့အသက်ကလည်း တစ်ပါတည်း ပါလာခဲ့သည်။ ကမ္ဘာမြေအောက်မှာ မုန်တိုင်းဆင်းလာခဲ့သလိုပင်။ အခြေအနေကို တအံ့တသြနှင့် ရှိနေကြဆဲမှာပင်. . လေလုံးကြီးတစ်လုံးက အားလုံးကို တစ်ပြိုင်တည်း ဝင်ဆောင့်လိုက်လေသည်။

"အိုး"





"အား. ."

အားပါသောလေကြောင့် မတ်မတ်ရပ်မနေနိုင်ကြတော့ပဲ. . လွင့်ထွက်သွားခဲ့ကြရသည်။ မြေပြင်မှ ခြေလွတ်လက်လွတ် မြောက်တက်သွားခဲ့ကြသည်။ မြူတွေကြားထဲမှာ မထင်ရှားသော အရိပ်သဏ္ဍာန်များက ပါလာခဲ့ကြသည်။ လည်ပတ်နေကြသော ဖုံလုံးကြီးတွေက စုပြီးသဏ္ဍာန်များဖြစ်ပေါ်နေကြခြင်းပေလား။ ထိုသဏ္ဍာန်များသည် လက်ထဲမှာ ရှည်လျားသော တုတ်တံများကိုကိုင်ဆောင်ထားကြသည်ဟု ထင်လိုက်ကြရသည်။

"ဖြောင်း ဖြောင်း"

"အား"

"အား"

ရိုက်ခတ်သံများနှင့်အတူ ပင်လယ်ဓါးပြများ၏ နာကျည်းစွာအော်လိုက်သံများကို ကြားလိုက်ကြရသည်။ မြူလုံးစုစုကြီးတွေသည် လူရိပ်သဏ္ဍာန်လိုဖြစ်နေကြကာ လုံးထွေးနေကြသည်။ ပင်လယ်ဓါးပြများသည် အချင်းချင်းတိုက်ခိုက်ကြသည်လား၊ အရိုက်ခံကြရသည်လား မပြောတတ်ပါ။ အော်ပြီး ထွက်ပြေးသွားခဲ့ကြသည်။ အချို့ မြူလုံးကြီးထဲမှာ ပျောက်ကွယ်သွားခဲ့ကြသည်။

လေထဲလွင့်မျောပါသွားကြသူတွေထဲမှာ ဦးတိုက်မောင်တို့လူစုလည်း ပါသွားခဲ့ကြသည်။ သို့ရှိနေစဉ်. . ကျော်စွာ့ကို



www.burmeseclassic.com

www.burmeseclassic.com

လူတစ်ဦးက လာဝင်တိုက်သည်။ သူက တစ္ဆေကြီးသိဒ္ဓိ၊ သိဒ္ဓိ
သည့် . ကျော်စွာလက်ကောက်ဝတ်နှစ်ဖက်ကို ဆုပ်ကိုင်ပြီး
အတူပါသွားခဲ့သည်။ ခေါ်သွားခဲ့သည်ဟုပင် ဆိုလေ့မလား
နှစ်ဦးစလုံးလေထဲလွင့်မျော ပြီး ပါသွားခဲ့ကြလေသည်။

၀ ၁ ၀

## (၁၆)

## သိဒ္ဓိသခေါက်ကြီးပျက်စီးသွားခြင်း

လူတစ်ယောက်ပါသွားနိုင်သည်အထိ ဆွဲခေါ်သွားနိုင်သောလေသည် အတော်ကလေးကို အားပါလှသည်ဟု ဆိုရပေမည်။ ကျော်စွာသည် လေစီးကြောင်းထဲမှာ ခြေလွတ်လက်လွတ်ပါသွားခဲ့ရသည်။ ထို့အတူ . သူ့လက်ကောက်ဝတ်နှစ်ဖက်စလုံးကို သိဒ္ဓိက ဆွဲကိုင်ထားသေးသည်။ ညာလက်မှာ ဓါးကိုကိုင်ထားသော်လည်း သိဒ္ဓိကို တန်ပြန်တိုက်ခိုက်လိုစိတ်တမရှိခဲ့။

နှစ်ဦးစလုံး လေထဲမှာ တစ်ပတ်ပြီးတစ်ပတ်လိမ့်ရင်း ပါသွားခဲ့ခြင်းပင်ဖြစ်သည်။ အတော်ကလေးကြာသောအခါ၊ ကျော်စွာ့ခန္ဓာကိုယ်သည် လေထဲကို ရှုတ်တရက်မြောက်တက်

www.burmeseclassic.com

www.burmeseclassic.com



သွားပြီးမှ တစ်ဖန်ပြန်ကျလာခဲ့သည်။

"ဘွမ်း"

အေးမြသော အတွေ့အထိကို ခံစားလိုက်ရသည်။ ရေထဲကို ကျသွားခဲ့ခြင်းပင်ဖြစ်သည်။ ထိုအသိကိုမရရှိမီ အသက်ကိုဝလင်စွာ ရှူရှိုက်မိလိုက်သေးသည်။

သူနှင့်အတူရေထဲကျပြီး လိုက်ပါလာသောသူမှာ သိဒ္ဓိပင်တည်း၊ ကြည်လင်နက်ရှိုင်းသော ရေအောက်ကို နှစ်ယောက်စလုံးရောက်သွားခဲ့ကြသည်။

ထိုအခါကျမှ သိဒ္ဓိက ကျော်စွာ့လက်နှစ်ဖက်စလုံးကို ကိုင်ထားရာမှ လွှတ်ပေးလိုက်သည်။ လွတ်လပ်စွာ ရေကူးနိုင်ရန်ဖြစ်သည်။ သိဒ္ဓိသည် ခေါင်းပေါ်ကဦးထုပ်ကို မပြုတ်အောင် ဆောင်းထားဆဲ၊ သူ၏မျက်နှာကြီးသည် ခက်ထန်တင်းမာနေသောအသွင်မျိုးမှ . . ပြောင်းလဲလျက်ရှိသည်။ တစ်ခုခုကို လိုလားနေသည်။ ရန်မူလိုသည့် အသွင်မျိုးမရှိတော့၊ ဆံပင်ရှည်ကြီးတွေက မျက်နှာပြင်ပေါ်မှာ တစ်ဝက်တစ်ပြတ် ဖုံးအုပ်လျက်ရှိနေကြသည်။

သိဒ္ဓိသည် ကျော်စွာ့ကို တစ်နေရာဆီသို့ လက်ညှိုးထိုးပြလိုက်သည်။ ရေအောက်မှာ ငုပ်လျှိုးပြီး သွားစေလ သည့် သဘောပင်ဖြစ်သည်။

ကျော်စွာသည် ထိုနေရာကို ကူးခတ်သွားခဲ့လေသည်။



သိဒ္ဓိက ဘေးမှ ကူးရင်းလိုက်ပါလာသည်။ ရေအောက်မှာ အရွယ်အစား၊ အရောင်အသွေးမျိုးစိတ်ပေါင်းများစွာ စုံလင်သော ငါး၊ လိပ်၊ မကန်းရ်အစရှိသည့် ရေသတ္တဝါမျိုးစုံက ကူးခတ်နေကြသည်။

သူ့ကိုများ အန္တရာယ်ပြုကြလေမည်လားဟု ကျော်စွာ စိုးရိမ်မိလိုက်သေးသည်။ သို့သော် . . အန္တရာယ်မပြုကြပဲ အေးဆေးစွာ သွားလာနေကြသည်ပင်။ ရေအောက်မှာ သန္တာကျောက်တန်းများ၊ ကျောက်ခက်များ၊ ရေအောက်သစ်ပင်များကို ကြည်လင်စွာပင် တွေ့နေရသည်။

သိဒ္ဓိသည် တစ်နေရာကို လက်ညှိုးထိုးလိုက်ပြန်သည်။ သန္တာကျောက်တန်းနှစ်ခုကြားမှ ကူးခတ်သွားကြသည်။ သိပ်မသွားလိုက်ရပါ။ အတော်ခပ်လှမ်းလှမ်းတွင် မည်းမည်း သဏ္ဌာန်ကြီးတစ်ခုက ဘွားကနဲဆိုပေါ်လာခဲ့လေသည်။ ထို သဏ္ဌာန်ကြီးသည် အခြားမဟုတ်၊ သင်္ဘောကြီးတစ်စင်းပင်တည်း။

ကျော်စွာသည် လက်မှာကိုင်ထားသည့် ဓါးကို ကျောထက်ရှိ အအိမ်ထဲသို့ လက်နောက်ပြန်. . ခေါင်းပေါ်မှ ကျော်ကာထည့်လိုက်သည်။ သိဒ္ဓိက သင်္ဘောကြီးကို လက်ညှိုးထိုးပြသည်။ သွားစေချင်သည့်သဘောပင်၊ ထို့ကြောင့် . . ကူးခတ်သွားသည်။ မကြာမီ . . သင်္ဘောကြီးဆီကို ရောက်သွားခဲ့သည်။ သင်္ဘောကြီး၏ ကိုယ်ထည်မှာ ရေးထိုးထားသော သိဒ္ဓိဆိုသည့် စာလုံးကြီးကို အမှတ်မထင်တွေ့မြင်လိုက်ရသော

www.burmeseclassic.com



အခါ. . ကျော်စွာ. . လွန်စွာမှ အံ့အားသင့်သွားခဲ့ရလေသည်။ ဟိုတစ်ညက. . သူတို့ကို တိုက်ခိုက်ခဲ့သော သဘော်ကြီးပင် မဟုတ်ပါလား. . ထို့အပြင်. . သဘော်ကြီး၏ ကိုယ်ထည်သည် သုံးပုံနှစ်ပုံနီးပါး မီးကျွမ်းလျက်ရှိသည်။

သိဒ္ဓိက သဘော်ကြီးပေါ်ကို ကူးသွားခဲ့ရာ ကျော်စွာလည်း လိုက်ပါသွားခဲ့သည်။ ရေအောက်မှာ အသက်အောင့်ပြီး တာရှည်စွာ နေနိုင်ခဲ့သည့် မိမိကိုယ်ကို အံ့အားသင့်မိရသည်။ ကျော်စွာသည် ရေငုပ်ဖူးသော်လည်း ယခုလို ရေအောက်မှာ ခပ်ကြာကြာနေဖူးသူမဟုတ်ပါ။ အဆုပ်အားပဲ ကောင်းနေ၍လား. . မဖြောတတ်၊ မြေပြင်ပေါ်မှာကဲ့သို့ပင်. . သက်တောင့်သက်သာရှိနေသည်။

သဘော်ကြီး၏ ကုန်းပတ်ပေါ်ကို ရောက်သွားခဲ့ကြသည်။ ရွက်တိုင်များ၊ ကုန်းပတ်ကြမ်းခင်းများ၊ ပဲ့စင်နှင့် ပေါင်းမိုးအိမ်တို့သည်လည်း မီးကျွမ်းလျက်ရှိနေကြသည်။ သိဒ္ဓိသဘော်ကြီး၏ ဖာက်ရှိအခြေအနေအရ ယခုကဲ့သို့ ပုံပျက်ပန်းပျက်ဖြစ်နေခြင်းမှာ နှစ်အတန်ကြာခဲ့ပြီဟု ယူဆမိသည်။ တစ်ချို့နေရာများသည် ရေညှိများပင် တက်လျက်ရှိသည်။ ရေအောက်မှာ. . ပေါက်လေ့ ပေါက်ထရှိသော ချုံမြိုးပင် ပေါက်နေလျက်ရှိကြသည်။

ကျော်စွာ. . စဉ်းစား၍ အဖြေပေါ်သည်မှာ ဤ





သဘော်ကြီးသည် ဟိုတစ်ညက သူတို့နှင့်တိုက်ခိုက်ခဲ့သည့် သဘော်ကြီးမှ ဟုတ်ပါလေစဟု၊ သိဒ္ဓိအမည်ရှိ သဘော်သည် နောက်ထပ်တစ်စီးများရှိခဲ့လေသလား. .

သိဒ္ဓိသည် ကျော်စွာကို လက်တို့ပြီး သဘော်ဝမ်းဗိုက်ထဲသို့ဆင်းသောနေရာဆီကို ခေါ်သွားခဲ့သည်။ အံ့ဖုံးတံခါးသည်လည်း မီးသင့်ထားသည်။ သိဒ္ဓိက ဆွဲဖွင့်လိုက်သည်။ ကျော်စွာကိုခေါ်ပြီး အောက်ကိုဆင်းသွားခဲ့သည်။ ပြင်ပမှ ဝင်ရောက်လာသော အလင်းရောင်ကြောင့် အရာဝတ္ထုများကို ထင်ရှားစွာမြင်နိုင်သည်။ တစ်ပေပတ်လည် သံသေတ္တာငါးလုံးကို တွေ့လိုက်ကြရသည်။ ရတနာသေတ္တာတွေပဲဟု အလိုလိုပင် သိလိုက်သည်။

ရတနာသေတ္တာများနှင့် မလှမ်းမကမ်းမှာ အခြားသေတ္တာနှစ်လုံးကိုလည်း တွေ့လိုက်ရသည်။ သေတ္တာဘေးမှာ အရိုးခေါင်းကို လက်ဖျံရိုးနှစ်ချောင်းဖြင့် ကြက်ခြေခတ်ထားသည်။ လက်နက်ခဲယမ်းမီးကျောက်သေတ္တာများပင်တည်း။

"ဒီသေတ္တာငါးလုံးကို အပေါ်တင်ကြမယ်. . "

ဟု သိဒ္ဓိက အမူအရာဖြင့်ပြသည်။ ကျော်စွာက အလိုလိုခေါင်းညိတ်မိလျက်သားဖြစ်သွားသည်။ ထိုစဉ်. . ပင်လယ်ဓါးပြသုံးယောက်သည် တံခါးပေါက်ဝမှ တစ်ယောင်အောက်ကို ဆင်းလာခဲ့ကြသည်။ ကျော်စွာသည် ခေါင်းကို



www.burmeseclassic.com

www.burmeseclassic.com



ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားမိလိုက်သည်။ တစ္ဆေကြီးသိဒ္ဓိက. . မိမိကို ချောင်ပိတ်ကာ. . သူလူများနှင့် ရန်ရှာကြမှာလားပဲ။

သို့သော်. . အခြေအနေက ကျော်စွာထင်သလို မဟုတ်။ ရတနာသေတ္တာများကို တစ်ယောက်တစ်လုံးစီ ဝင်ထမ်းကြသည်။ တစ္ဆေကြီးသိဒ္ဓိကလည်း ထမ်းသည်။ ရေမျက်နှာပြင်ပေါ်ကို ခြေဖြင့် ယက်ပြီး ကူးခတ်ကာတက်သွားခဲ့ကြသည်။ ကျော်စွာလည်း ကျန်သေတ္တာတစ်လုံးကိုထမ်းကာ လိုက်တက်သွားခဲ့လေသည်။

ဝ ဝ ဝ

လေထဲလွင့်ပါသွားခဲ့ကြသော ဦးတိုက်မောင်း၊ မြတ်လေးနှင့် ကြက်သီးတို့သည် လေနှင့်အတူ အတော်ဝေးဝေး နေရာဆီကို ပါသွားခဲ့ကြပြီးနောက်၊ အောက်ကို တဖုတ်ဖုတ်နှင့် ပစ်ကျသွားခဲ့ကြသည်။ သို့သော်. . နာကျင်ခြင်းဝေဒနာကို မခံစားလိုက်ကြရ၊ တစ်ယောက်ယောက်က ပွေ့ချီပြီး ချလိုက်သလိုပင်. . သက်တောင့်သက်သာ ရောက်သွားခဲ့ကြသည်။

လေခရီးတစ်လျှောက်မှာ လွင့်မျောပြီး လေစီးကြောင်းနှင့်အတူ ပါသွားခဲ့ကြခြင်းပင်ဖြစ်ကြသည်။ မကျိုးမပဲ့၊ ဒဏ်ရာ မရခဲ့ကြသည်ကိုပင် ကံကောင်းသွားခဲ့ကြသည်ဟု ဆိုရမည်ပင်။

တစ်ယောက်နှင့်တစ်ယောက် ကျသွားခဲ့ကြသည့်



နေရာများက အလှမ်းမကွာလှ။

“ဟာ. . တော်တော်. . ဝေးဝေးကို ငါတို့ရောက်လာခဲ့ကြတာပဲ၊ သမီး. . ဘာဖြစ်သွားသေးသလဲ၊ ကြက်သီးကောဟင်. . ကျော်စွာ ပါမလာဘူး. . ဒီကောင် ဘယ်ရောက်သွားသလဲ”

“သမီး. . ဘာမှမဖြစ်ဘူး. . ဖေဖေ၊ ကျော်စွာ့ကိုသာ တွေ့အောင်ရှာ. . ”

“ဟို. . တစ္ဆေကြီးသိဒ္ဓိနဲ့ ကျော်စွာ ရောထွေးပြီးတော့ ပါသွားတာတွေ့လိုက်ရတယ်. . ”

“ဟုတ်တယ်. . ကျွန်တော်လည်း တွေ့လိုက်တယ် ဦးရီး. . ”

“လာကွာ၊ ငါတို့ ဟိုဘက်မှာသွားပြီးတော့ ရှာကြရအောင်”

ဦးတိုက်မောင်းသည် ကျော်စွာ့ကို ဘေးကင်းရန်ကင်း တွေ့နိုင်လိမ့်မည်ဟု ယုံကြည်ထားသည်။ ထို့ကြောင့်. . လမ်းအတိုင်းတောက်လျှောက်လိုက်သွားခဲ့ကြသည်။ တော်တော်ကလေးလျှောက်လာခဲ့ကြပြီးသောအခါ သလင်းကျောက်နံရံကြီးတစ်ခုက ဘွားကနဲဆို ညာဘက်မှာ ပေါ်လာခဲ့ပြန်လေ၏။ မှန်ကန်ကြီးရဲ့အထဲမှာ ရေသတ္တဝါကြီးများကို မတွေ့ရ၊ အကောင်ငယ်များကိုသာ တွေ့ကြရသည်။ သူတို့သုံးယောက်စလုံးရေနက်ထဲမှ အရာတစ်ခုကို မမျှော်လင့်ပဲ တွေ့လိုက်ကြရလေသည်။ သဘော်ပျက်ကြီးတစ်စင်းပင်တည်း။

www.burmeseclassic.com

www.burmeseclassic.com



"သဘော်ပျက်ကြီးပါလား၊ ငါတို့ဟာ သမုဒ္ဒရာရဲ့ ကြမ်းပြင်အောက်ကို ရောက်နေကြတာလည်း မဟုတ်ပါဘူး။ သဘော်ပျက်ကြီးတင်နေတဲ့နေရာဟာ ရေနက်ထဲက ဂမူအစွန်းကြီးတစ်ခုပေါ်မှာပဲဖြစ်ရမယ်၊ အလို. , ဟိုမှာ သိဒ္ဓိဆိုတဲ့နာမည်ပါလား၊ အင်း. . ဒီသဘော်ကြီးဟာ ဟိုတစ္ဆေကြီးသိဒ္ဓိရဲ့ သဘော်ကြီးပဲ၊ ဟုတ်တော့ ဟုတ်နေပြီ. . ပင်လယ်ထဲမှာ မိုးကြိုးအပစ်ခံရပြီး. . သဘော်ကြီးတစ်စင်းလုံးမီးလောင်သွားခဲ့ပြီးမှ ဒီနေရာမှာ လာမြုပ်ခဲ့တာကိုး. . "

ဦးတိုက်မောင်းက ခေါင်းတညိတ်ညိတ်နှင့် ရှိနေသည်။ သူ့စကားကို ကောင်းစွာ သဘောမပေါက်ခဲ့ကြ။

"အဖေပြောတာက သမီးတို့နဲ့ သိဒ္ဓိသဘော်ကြီးဆုံတွေ့ခဲ့ကြပြီးမှ. . မိုးကြိုးအပစ်ခံကြရတာလား၊ ဒါပေမယ့် ဒီသဘော်ကြီးက အခုမှဖြစ်တဲ့လက္ခဏာမျိုး မဟုတ်ဘူး၊ ရေညှိတွေလည်း တက်နေကြတယ်၊ ရွှံ့တွေနဲ့လည်း လိမ်းကျံထားတာ အောက်ခြေက. . တော်တော်မြုပ်နေပြီ. . ရေအောက်သစ်ပင်ချုံတွေကလည်း. . သဘော်ပေါ်မှာ ပေါက်နေကြတယ်၊ သမီးတို့နဲ့ ဆုံခဲ့တဲ့ သိဒ္ဓိသဘော်ကြီး မဟုတ်ဘူး ထင်တယ်. . "

"ဒါပေမယ့် သိဒ္ဓိအမည်ရှိတဲ့ သဘော်ကြီးတစ်စီး နစ်မြုပ်ခဲ့ဖူးတာ. . နှစ်ပေါင်းတစ်ရာနီးပါးရှိဖူးခဲ့တယ်လို့ ကြားဖူးခဲ့တာပဲ သမီးရယ်၊ အဲ့ဒီ သဘော်ကြီးပေါ်က ပင်လယ်ဓါးပြကြီး





ဟာလည်း သိဒ္ဓိပဲတဲ့. . "

"ဟင်. . ဦးရီး၊ ဒီလိုဆို ကျွန်တော်တို့နဲ့ တွေ့ခဲ့တဲ့ ပင်လယ်ဓါးပြကြီးသိဒ္ဓိဟာ. . "

"အမည်တူသိဒ္ဓိ တစ်ယောက်ဖြစ်ချင်ဖြစ်နိုင်တာပေါ့ကွယ်၊ ကဲ. . မင်းတို့ သိပ်ပြီးစဉ်းစားမနေကြနဲ့. . စဉ်းစားလို့ မရတာတွေ အများကြီးပဲ. . အရေးကြီးတာက ကျော်စွာ၊ သူ့ကို တွေ့အောင်ရှာစမ်း. . "

ဦးတိုက်မောင်းသည် စကားကိုဖြတ်ချလိုက်ပြီး ရှေ့ကို ဆက်လျှောက်သွားသည်။ မကြာမီ. . ကုန်းတက်တစ်နေရာကို ရောက်လာခဲ့ကြသည်။ သုံးယောက်သားတက်လာခဲ့ကြသည်။ သိဒ္ဓိသဘော်ကြီးကို ဘယ်နေရာကပဲကြည့်. . ကြည့် ပတ်လည် မြင်နေရသည်။ သို့သော်. . ထိုနေရာသည် ထူးထူးခြားခြား အလင်းရောင်အားနည်းသွားခဲ့သည်။ အမှောင်ရိပ်ပိုလာခဲ့သည်။ မည်သည့်အကြောင်းကြောင့်. . ကွတ်ကွက်ကလေး မှောင်နေသလဲတော့မသိ။ မြတ်လေးနှင့် ကြက်သီးတို့၏ စိတ်ထဲမှာလည်း အလိုလိုနေရင်း ထိတ်လာလျက်ရှိသည်။ ကြောက်လန့်စိတ် မသိမသာဝင်လာသည်ဟု ဆိုရပေမည်။

ထိုစဉ်. . သဘော်ကြီးဘက်မှ ထွက်လာသော လှုပ်ရှားမှုများကို အမှတ်မထင်မြင်တွေ့လိုက်ရလေသည်။ အလင်းရောင် အားနည်းသောရေပြင်ထဲမှာ လူတစ်စုသည် သေတ္တာများကို



www.burmeseclassic.com

www.burmeseclassic.com



ထမ်းကာ ကူးလာနေကြသည် ရှေ့ဆုံးက လူကြီးမှာ ပင်လယ်ဓါးပြတစ္ဆေကြီး သိဒ္ဓိပင်ဖြစ်သည်။ အံ့အားသင့်ပြီးကြည့်နေမိကြသည်။ ထိုသူများထဲတွင် ကျော်စွာလည်း ပါလာသည်ကို တွေ့လိုက်ကြရလေသည်။

ရေအောက်မှာ သလင်းဖလ်ကျောက်နံရံကြီး၏ ဘေးၩ လှေကားသဏ္ဌာန်သဘာဝအလျောက်ဖြစ်နေသော အထစ်များကိုနင်းပြီး သိဒ္ဓိက အရင်တက်လာခဲ့သည်။ ထို့နောက်. . သူ့တပည့်သုံးယောက်က တက်လာခဲ့ကြသည်။

သိဒ္ဓိသည် ရတနာသေတ္တာကြီးကို ကုန်းပေါ်တစ်နေရာမှာချထားလိုက်သည်။ တပည့်သုံးယောက်တို့သည်လည်း သေတ္တာများကို အသီးသီးစီပြီး ချထားလိုက်ကြလေသည်။ နောက်ဆုံးမှ လိုက်လာသော ကျော်စွာသည် သေတ္တာနှင့် ရေထဲမှ တက်လာခဲ့ရာ. . သိဒ္ဓိက အပေါ်မှလှမ်းပြီး ယူလိုက်သည်။

"မင်း. . မြန်မြန်တက်"

သိဒ္ဓိက ကျော်စွာ့လက်ကို ဆွဲပြီး အတင်မှာ မမျှော်လင့်သောအခြေအနေတစ်ခုက ဖြစ်လာခဲ့လေသည်။ ကျော်စွာ့ခြေထောက်ကို အရာတစ်ခုက ရုတ်ချည်းမှာပင် ရစ်ပတ်ပြီး ဆောင့်ဆွဲယူလိုက်လေသည်။

"အား. ."

ကျော်စွာသည် ကိုယ်အထက်ပိုင်းတစ်ဝက်ကုန်းပေါ်ကို





ရောက်ကာမှ [သလင်းကျောက်ဖလ်သားပြင် နံရံကြီး၏ အပြင်ကိုရောက်ကာမှ] ရေအောက်ကို ပြန်ပြီး နစ်မြုပ်သွားခဲ့ရလေသည်။

"ဟာ. . ကျော်စွာ့ကို ညံသတ္တဝါကြီး ဆွဲခေါ်သွားပြီ"

ထိုအခြေအနေကို ဦးတိုက်မောင်းတို့သည် အမှတ်မထင်မြင်တွေ့သွားခဲ့ကြရာ. . ကျော်စွာ့ကိုကယ်တင်ရန် အပြေးရောက်သွားခဲ့ကြသည်။

သို့သော်. . နောက်ကျသွားခဲ့လေပြီ၊ ညံသတ္တဝါကြီးသည်. . ရေအောက်အဝေးမှနေ၍ ကျော်စွာ့ကို သူ၏အမြီးများဖြင့်. . ရစ်ပတ်က၊ ဆောင့်ဆွဲခေါ်သွားခဲ့ခြင်းပင်ဖြစ်သည်။ ကျော်စွာမှာ ဘာမှမတတ်နိုင်တော့ပဲ. . ရေအောက်ကို စွတ်ကာနဲ ပြန်မြုပ်ကာပါသွားခဲ့လေသည်။

ဦးတိုက်မောင်းတို့သည် ထိုနေရာကို ချက်ချင်းလိုလို ရောက်လာခဲ့ကြသည်။ ချက်ချင်းပင် ဦးတိုက်မောင်းနှင့် ကြက်သီးတို့သည် ရေထဲကို ဆင်းမည်ပြုကြရာ. . သိဒ္ဓိက. .

"ခင်ဗျားတို့ တစ်ယောက်မှ မဆင်းကြနဲ့. ."

"အို. . မဆင်းလို့ဖြစ်ပါ့မလား၊ ဟိုမှာ ကျော်စွာ သေတော့မယ်. ."

မြတ်လေးက စိုးရိမ်တကြီးဖြင့် အော်ဟစ်ကာ ပြောလိုက်သည်။

"ဟုတ်သားပဲ၊ ကျွန်တော်တို့လူတစ်ယောက်လုံးပါ



www.burmeseclassic.com

www.burmeseclassic.com



သွားတယ်၊ သေသေကြေကြေ၊ သွားပြီး ကယ်တင်မှဖြစ်မှာပေါ့ ခင်ဗျားကြီးက နေနိုင်မှာပေါ့. . ”

ကြက်သီးက ဒေါသဖြင့် ပြောလိုက်သည်။ သိဒ္ဓိသည် ခေါင်းကိုခါရမ်းလိုက်သည်။ ခပ်လှမ်းလှမ်းမှာရပ်နေကြသည့် အတွက် သူတို့ကိုယ်ပေါ်မှာ အမှောင်ရိပ်က သန်းနေသည်။ မျက်နှာတွေကိုလည်း မသဲမကွဲမြင်နေရသည်။

“ငါလည်း. . ပစ်မထားပါဘူးကွာ၊ သူ့ကိုသွားပြီး ကယ်မှာပါ၊ ငါတို့လည်း ဒီနေရာကို ပြန်ရောက်ချင်မှ ရောက်မှာ၊ အဲဒီတော့. . ဒီပစ္စည်းတွေကို လိုရာသုံးကြပါ၊ ဒါတွေကို. . ကျုပ်တို့ရဲ့ဆန္ဒနဲ့ ဘာမှလုပ်လို့ လို့ မရပါဘူး၊ ကျုပ်. . မာန်ကျ ပြီ၊ သိဒ္ဓိ. . မာန်ကျသွားပြီဟော့. . ကိုင်းလာကြ”

သိဒ္ဓိသည် ရေထဲကို ပြန်ခုန်ပြီးဆင်းသွားခဲ့သည်။ ထို့နောက် သူ့တပည့်များသည်လည်း တစ်ယောက်ပြီး တစ်ယောက် ခုန်ဆင်းသွားခဲ့ကြလေသည်။

“ဘွမ်း. . ဘွမ်း”

ဦးတိုက်မောင်းတို့မှာ မှင်တက်မိပြီး ကျန်ရစ်ခဲ့ကြလေသည်။

O O O

ညံသတ္တဝါကြီးက ကျော်စွာ့ခြေထောက်အစုံကို. . ရှည်လျားသော အမြီးဖြင့် ရစ်ပတ်ပြီး ဆွဲယူသွားခဲ့သည်။





ကျော်စွာသည် သတိမလစ်စေပဲ စိတ်ကို အတတ်နိုင်ဆုံးထိမ်းကာ. . ပါသွားခဲ့လေ၏။ ရုတ်တရက် ဖြစ်ပေါ်လာသော ကြောက်စိတ်ကို ထိန်းလိုက်ရသည်။ ကြီးမားသော ညံသတ္တဝါကြီးသည် သူ့ကြောင့် ဒဏ်ရာရသွားခဲ့သည်။ ကျော်စွာ့ကို ကောင်းစွာ အငြိုးထားထားပြီဖြစ်၏။ ကျော်စွာ့ခန္ဓာကိုယ်နှင့် ညံသတ္တဝါကြီး၏ ခန္ဓာကိုယ်က မနှိုင်းသာပါ။ ကစားစရာအရုပ် လေးတစ်ရုပ်ပမာ တစ်ခဏအတွင်းမှာ အစပျောက်သွားအောင် ဖျက်ဆီးပစ်နိုင်သည်။ ညံသတ္တဝါကြီး၏ ပါးစပ်ထဲကို အချိန်မရွေးရောက်သွားနိုင်သည်။

သူ့ကို ဆွဲခေါ်သွားခဲ့သော ညံသတ္တဝါကြီး၏ ကိုယ်အထက်ပိုင်း. . ခေါင်းပိုင်းကို မမြင်နိုင်သေးပါ၊ ကြီးမားသော ကိုယ်လုံးကြီးကလည်း အလျားရှည်လျားလွန်းလှသည်။

ရေထဲမှာ အရှိန်ဖြင့် ဆွဲခေါ်သွားခဲ့သည် ဖြစ်ရကား. . ရေအောက်ကျောက်ဆောင်ကြီးများ၊ ကျောက်တုံးကြီးများ၊ ချွန်ထက်သော ကျောက်ပန်းကျောက်ခတ်များနှင့် မကိုက်ခိုက်မိစေရန် သတိကြီးစွာထားနေရသည်။

သူ့လက်ထဲမှာ ဓါးကိုတော့ ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားသည်။ ကျော်စွာသည် ကိုယ်ကို အတတ်နိုင်ဆုံး မတ်လိုက်ပြီး ညံသတ္တဝါကြီး၏ဆူးတောင်တစ်ခုကို ဘယ်လက်ဖြင့်. . အားပြုကာ ထ,လိုက်ပြီး ကိုယ်ထဲကို ဓါးဦးဖြင့် ထိုးထည့်



www.burmeseclassic.com

www.burmeseclassic.com



လိုက်လေသည်။

ရှုတ်တရက်ဆိုသလို ညံသတ္တဝါကြီး၏ ကိုယ်လုံးကြီးက ဆတ်ဆတ်ခါသွားခဲ့သည်။ ထို့နောက် . . ဆင့်ကာ ဆင့်ကာ ထိုးထည့်လိုက်လေရာ ရေထဲမှာ တဝူးဝူး . . တအူးအူးဖြင့် ကြက်သီးတဘွယ်ရာအော်မြည်သံများက ဆက်တိုက်ပင် ထွက်ပေါ်လာသည်။ ညံသတ္တဝါကြီး၏ ကိုယ်လုံးကြီးသည်လည်း ပို၍ပြီးတော့ သွက်သွက်ခါသွားခဲ့သည်။

ထိုအခါ . . ကျော်စွာ့ကို ရစ်ပတ်ထားမှုသည်လည်း ပြေလျော့သွားခဲ့ရကား . . အနှောင်အဖွဲ့မှ လွတ်သွားခဲ့ရလေ၏။ ညံသတ္တဝါကြီးသည် ထိခိုက်ဒဏ်ရာရသွားမှုကြောင့် သူ၏အမြီးကြီးကို ယမ်းခါလိုက်လေရာ . . ကျော်စွာ့ကို အမြီးများဖြင့် ရိုက်ခတ်မိသွားခဲ့ရသည်။

"ဖျန်း"

ကျော်စွာလည်း လွင့်သွားခဲ့ရလေ၏။ ခန္ဓာကိုယ်သည် ရေထဲမှာ နစ်မြုပ်နေသော သိဒ္ဓိသဘော်ကြီးပေါ်ကို ကျရောက်သွားခဲ့ရသည်။ ညံသတ္တဝါကြီးသည် ကိုယ်လုံးကြီးကို ဝေ့ဝိုက်ကာရစ်ပြီး တစ်ပတ်လှည့်လာခဲ့သည်။ ကြီးမားသော ခေါင်းပိုင်းအရုပ်ဆိုးဆိုးကြီးသည် တစ်တောင်မကရှိသော ပါးစပ်ပေါက်ကြီးကိုဖြဲကာ . . ကျော်စွာ့ဆီကို လာနေလေပြီတည်း။ ချွန်ထက်သော အစွယ်ကြီးများ သွားကြီးတွေကလည်း အဖွေးသားနှင့်





ခြိမ်းခြောက်နေသယောင်။

"လာခဲ့စမ်း . . ဒါလောက်တောင် အမြိုးကြီးလှတဲ့ကောင်၊ မင်းပဲသေမလား . . ငါပဲ သေမလား၊ တွေ့ကြသေးတာပေါ့ကွာ"

ကျော်စွာသည် သေမထူး၊ နေမထူးတော့ပြီမို့ . . ဓါးကို မြဲမြံစွာဆုပ်ကိုင်ကာ သဘော်ကုန်းပတ်အကွယ်တစ်ခုမှာ ပုန်းခိုနေလိုက်သည်။ ညံသတ္တဝါကောင်ကြီးကား သဘော်ကြီးပေါ်ကို ဒေါသတကြီးဖြင့် ထိုးပြီးတော့ဝင်လာကာ ကျော်စွာ့ကို လိုက်ရှာနေလေသည်။

ကျော်စွာသည် ညံသတ္တဝါကြီးကို ရန်မပြုလိုတော့၍ ရှောင်ထွက်သွားမည်ပြုသည်။ သို့သော် ကျော်စွာ ကိုယ်ကို အလှည့်မှာ မြင်တွေ့သွားခဲ့ရလေပြီ။ ကိုယ်လုံးကြီးတစ်ချက် လွန့်လိုက်သည်နှင့် ကျော်စွာ့ဆီကို ရောက်လာခဲ့လေရာ . . ကြောက်စရာမျက်နှာကြီးနှင့် အနီးကပ်ပက်ပင်းတိုးလေ့တော့သည်။

ကျော်စွာသည် ညံသတ္တဝါကြီး၏ မေးအောက်ကို ဓါးချက်တော်တော်များများပစ်သွင်းလိုက်သည်။

"အူး"

ညံသတ္တဝါကြီး သွ သွက်ခါရမ်းသွားခဲ့သည်။ ရေပြင်သည် တမဟုတ်ချင်း သွေးချ းချင်းနီရဲသွားခဲ့ရလေတော့သည်။ ကျော်စွာနောက် ကြောင်းကို လှည့်ပြေးသည်။ ရင်ထဲမှာ မေးကြပ်



www.burmeseclassic.com

www.burmeseclassic.com



လာခဲ့ပြီဖြစ်၏။

ဒဏ်ရာရသွားသော ညံသတ္တဝါကြီးကား သဘော်ဖျက်ကြီးပေါ်မှာ ဖြောင်းဆန်အောင် သောင်းကျန်းနေလေတော့သည်။

"ဖြောင်း"

"ဝုန်း"

မီးကျွမ်းကာ ဆွေးမြည့်နေသော ရွက်တိုင်များ၊ ပဲ့စင်နှင့် ပေါင်းမိုးအိမ်များသည် ညံသတ္တဝါကြီး၏ အမြီးပိုင်း၊ ကိုယ်လုံးကြီးနှင့် တိုက်ခိုက်မှုကြောင့် နေရာမှ ပြတ်ထွက်သွားခဲ့ကြသည်။

ထိုစဉ်. .

တစ္ဆေကြီးသိဒ္ဓိနှင့် သူတပည့်များသည် ရောက်လာခဲ့ကြသည်။ ထိုသူများသည် စောစောကထက်ပိုပြီးတော့ များသည်။ မည်သည့်နေရာမှ ထွက်လာခဲ့ကြသလဲမသိ၊ ကျော်စွာ ပင်လျှင်. . အမှောင်ရိပ်ထဲမှာ ပုန်းခိုနေရင်း လှမ်းမြင်လိုက်သည်။

ထူးခြားမှုမှာ ထိုသူများရောက်လာကြစဉ်တွင် မှောင်ရီရီအခြေအနေမျိုးသို့ ပြောင်းလဲသွားခဲ့သည်။ ရေအောက်မှာ. . အလင်းရောင်အား နည်းသွားသည်။ ထိုသူများ၏ လှုပ်ရှားမှုသဏ္ဌာန်များသည် မြင်ကွင်းထဲမှာ ဝိုးတဝါးဖြစ်နေသည်။

ပင်လယ်မါးပြကြီးသိဒ္ဓိသည် ကျော်စွာ့ကို တွေ့သွားခဲ့သည်။ သဘော်မှ ခပ်ဝေးဝေးသို့သွားစေရန် အမူအရာပြသည်။



ကျော်စွာ့ပခုံးကိုလည်း လက်ဖြင့် တွန်းဖယ်ပစ်လိုက်လေသည်။ ကျော်စွာသည် သိဒ္ဓိကြီး၏ မျက်နှာကို အနီးကပ်မြင်လိုက်ရသည်။ မျက်နှာသည် ကျော်စွာ့အပေါ်မှာ လိုလိုလားလားရှိနေကာ. . အသက်ကိုပင် ကာကွယ်ပေးတော့မည့်အသွင်၊ ထို့အပြင်. . သွေးဆုတ်နေသယောင် ဖြူဖျော့သွားခဲ့ပြန်လေသည်။

သိဒ္ဓိကြီး၏ တပည့်များသည် ညံသတ္တဝါကြီးကို ဝိုင်း၍ တိုက်ခိုက်ကြလေတော့သည်။ ပါလာကြသော လက်နက်များဖြင့် ထိုးခုတ်တိုက်ခိုက်ကြလေတော့သည်။ ညံသတ္တဝါကြီးကား ကျော်စွာ့ကို အာရုံပြတ်သွားသည်။ သူ့ကို ဝိုင်းပြီးတိုက်ခိုက်နေကြသောသူများကို ပြန်ပြီးတော့ တိုက်ခိုက်နေရကာ. . ဖြောင်းဆန်နေလေတော့သည်။

သိဒ္ဓိသည် ညံသတ္တဝါကြီး၏, ခေါင်းထက်ပိုင်းဆီကို ကူးခတ်သွားခဲ့ပြီး လက်ထဲမှ ရဲဒင်းကြီးဖြင့် ဆင့်ကာ. . ဆင့်ကာ ခုတ်ချလိုက်သည်။

"အူး. ."

ထိချက်ပိုပြီးတော့ နာသွားသော ညံသတ္တဝါကြီး၏ အော်ဟစ်သံများက ညံထွက်သွားခဲ့လေသည်။ တစ်ယောက်တစ်ချက်စီဝိုင်းပြီး တိုက်ခိုက်နေကြသဖြင့် ညံသတ္တဝါကြီးသည် ဒေါသတကြီးဖြင့် မီးရာကို ထိုးဟပ်၊ ကိုက်ခဲလျက်ရှိသည်။ တစ်ချို့မှာ. . ညံသတ္တဝါကြီး၏ ပါးစပ်ထဲမှာ ကားစေ့နေပါသွား

www.burmeseclassic.com



ခဲ့ကြလေ၏။

သိဒ္ဓိသည် သဘော်ပျက်ကြီးဆီကို ကူးခတ်သွားသည်။ ထို့နောက်. . ခဲယမ်းမီးကျောက်များရှိရာ. . သဘော်ဝမ်းဗိုက်ထဲကို ငုပ်လျှိုးဝင်ရောက်သွားခဲ့သည်။ ညံသတ္တဝါကြီးသည် သိဒ္ဓိကို မြင်သွားခဲ့လေပြီ။ ထို့နောက်. . နောက်မှ တဟုန်ထိုးပင် လိုက်သွားခဲ့လေတော့သည်။

ကျော်စွာက သိဒ္ဓိနောက်မှ လိုက်သွားသော ညံသတ္တဝါကြီးကြောင့် သိဒ္ဓိကို စိုးရိမ်မကင်းရှိနေဆဲမှာပင်၊ ကျော်စွာ့လက်မောင်းကိုနောက်မှ တစ်ယောက်က ဆွဲကိုင်လိုက်သဖြင့် လှည့်ကြည့်လိုက်ရာ. . ဦးတိုက်မောင်းဖြစ်နေသည်။ ကြက်သီးလည်း. . လိုက်ပါလာခဲ့လေသည်။

ကျော်စွာ့ကို ခေါ်သွားခဲ့ကြသည်။ ကျော်စွာသည် မိမိအတွက်အသက်ပေးကာ ညံသတ္တဝါကြီးနှင့် တိုက်ခိုက်နေကြသော သိဒ္ဓိတို့ကို စိတ်မချသလို ကြည့်နေရင်းက လိုက်သွားခဲ့သည်။ မလိုက်လို့ကလည်း မဖြစ်၊ ရေထဲမှာ အနေကြာသွားခဲ့ပြီမို့. . အသက်ရှူရ ခက်ခဲလာသည်။

○ ○ ○

ပင်လယ်ဓါးပြကြီး သိဒ္ဓိသည် ခဲယမ်းမီးကျောက်သေတ္တာကို ဖွင့်လိုက်သည်။ ထို့နောက်. . လိုအပ်သမျှကို



စီစဉ်သည်။ ညံသတ္တဝါကြီးသည် သဘော်ပျက်ကြီးထဲကို ထိုးကာဝင်ရောက်လာသည်။ ရှည်လျားသော ခန္ဓာကိုယ်အောက်ပိုင်းက သဘော်ပျက်ကြီး၏ ကိုယ်ထည်ကို ရစ်ပတ်ထားသည်။ ညံသတ္တဝါကြီး၏ ခေါင်းပိုင်းကြီးသည် သိဒ္ဓိဝင်သွားရာ သဘော်ဝမ်းဗိုက်အောက်မှာ ထိုးဝင်သွားခဲ့သည်။

ထိုစဉ်. . သိဒ္ဓိ၏တပည့်များသည်လည်း ညံသတ္တဝါကြီး၏နောက်ကို စုပြုံပြီးလိုက်လာခဲ့ကြလေပြီ။

ညံသတ္တဝါကြီးနှင့် သိဒ္ဓိတို့ သဘော်ဝမ်းဗိုက်အောက်မှာ မျက်နှာချင်းဆိုင်မိသွားခဲ့ကြသည်။ သိဒ္ဓိသည် ညံသတ္တဝါကြီးကို ကြည့်ပြီး. . ဟက်ပက်စွာ ရယ်မောလိုက်လေတော့သည်။

ထိုစဉ်. .

"ဝုန်း. . "

ပေါက်ကွဲသံကြီးတစ်ခုသည် ရေမျက်နှာပြင်အောက်မှာ ကျယ်လောင်စွာ ထွက်ပေါ်လာခဲ့လေတော့သည်။ သဘော်ကြီးတစ်ခုလုံး အစိတ်စိတ်အမွှာမွှာဖြစ်သွားခဲ့ရသည်။

"ဝုန်း"

"ဝုန်း"

ပေါက်ကွဲမှုသည် တုံ့မနေပဲ ဆက်ကာ ဆက်ကာ ထွက်ပေါ်လာခဲ့သည်။ ညံသတ္တဝါကြီး၏ ရှည်လျားကြီးမားသော ခန္ဓာကိုယ်အတ္တဘောကြီးသည် အပိုင်းပိုင်းပြတ်ထွက်သွားခဲ့

www.burmeseclassic.com

www.burmeseclassic.com



သည်။ ရေပြင်သည်လည်း ပြင်းထန်သော လှုပ်ရှားမှုများ ဖြစ်သွားခဲ့ကာ လှိုင်းဂယက်များက ကြီးမားစွာ လှုပ်ခါသွားခဲ့ကြသည်။ အနီးအနားမှာရှိနေကြသော ရေသတ္တဝါများသည်ပင် စက်ကွင်းမလွတ်ခဲ့ကြပေ။ သေကြေပျက်စီးကုန်ကြသည်။

သဘော်ပျက်ကြီးတစ်စစီဖြစ်သွားသလို သိဒ္ဓိနှင့် သူ့တပည့်များသည်လည်း အစအနရှာမရခဲ့ကြတော့ပါ။ ထိုအချိန်တွင် ကျော်စွာတို့သည် သလင်းကျောက်နံရံကြီးကို ကျော်ကာ တစ်ဖက်ကို ရောက်သွားခဲ့ကြပြီဖြစ်သည်။

သိဒ္ဓိသဘော်ကြီးပေါက်ကွဲပျက်စီးသွားခဲ့သည့်အတွက် စကားမပြောနိုင်ကြတော့ပဲ. . တအံ့တဩဖြင့် ငေးရီမှိုင်ကြည့်နေခဲ့ကြသည်။ သို့ရှိနေစဉ်. . သူတို့၏အနားကို အရာတစ်ခုက ဘုတ်ကနဲဆိုကျလာခဲ့သည်။ ညံသတ္တဝါကြီး၏ ခေါင်းပြတ်ကြီးပင်၊ မြေပြင်မှာ သုံးလေးပတ်လောက်လိမ့်လာပြီး ကျော်စွာ့ခြေရင်းမှာ. . လာရပ်သွားခဲ့သည်

နောက်ထပ်ထူးခြားမှုတစ်ခုမှာ သလင်းကျောက်နံရံ၏ တစ်ဖက်ရှိ ရေပြင်သည် အလိုလိုနေရင်း မှုန်ဝါးသွားခဲ့သည်။ သူတို့ရပ်နေသော နေရာ ပတ်ဝန်းကျင်သည်လည်း မှိုင်းရီဝေသွားခဲ့သည်။ ရေထဲမှာ. . မထင်မရှားဖြူဖြူသဏ္ဍာန်များက လွင့်လူးကာ ကူးသွားနေကြသည်။ ကြည့်နေရင်းမှာပင်. . ရေမျက်နှာပြင်ထိရောက်အောင် ရွေ့လျားသွားနေကြသည်၊



ပေါက်ကွဲမှုဖြစ်သွားပြီး မရှောင်းမနှောင်းထွက်ပေါ်လာကြသော အရာများပင်ဖြစ်ကြသည်။ မည်သို့သော ပြောင်းလဲမှုတွေ ဖြစ်လာခဲ့သလဲ မသိကြတော့။

“သိဒ္ဓိတို့ကတော့ တစ်ဇာတ်သိမ်းသွားခဲ့ကြပြီ။ သူတို့ ဟာ. . ရေအောက်မှာ. . နှစ်ပေါင်းများစွာရှိနေတဲ့ သိဒ္ဓိ သဘော်ကြီးကို စွဲလန်းနေကြတာ၊ အခုတော့. . မင်းတို့ ငါတို့ကို ဒိရတနာပစ္စည်းတွေပေးခဲ့ပြီး. . လွတ်ရာကျွတ်ရာကို ထွက်သွားကြကုန်ကြပြီပေါ့ကွယ်. . ”

“ဟင်. . ဖေဖေ၊ ဘယ်လိုပြောလိုက်တာလဲ၊ ဒီသဘော်ကြီးဟာ နှစ်ပေါင်းများစွာကြာနေပြီဆိုတော့. . သမီးတို့ ပင်လယ်ထဲမှာ. . တိုက်ခိုက်ခဲ့ကြတဲ့. . သိဒ္ဓိသဘော်ကြီးကတော ဘယ်ရောက်သွားခဲ့သလဲ. . ပေါက်ကွဲပျက်စီးသွားတဲ့ သဘော်ကြီးဟာ သမီးတို့တွေ့ခဲ့တဲ့ သဘော်ကြီးပဲ မဟုတ်ဘူးလား၊ ဒါဆိုရင်. . ပင်လယ်ဓါးပြကြီးသိဒ္ဓိနဲ့ သူ့လူတွေဟာ ဘယ်လို အကြောင်းကြောင့် ရေအောက်မှာ အကြာကြီးရှိနေတဲ့ သိဒ္ဓိ သဘော်ပျက်ကြီးနဲ့ ပတ်သက်နေရတာလဲ. . ”

မြတ်လေးက တအံ့တဩဖြင့် မေးလိုက်သည်။ ဦးတိုက်မောင်း၏ ထင်မြင်ချက်ကို နားစွင့်နေကြသည်။ သို့သော် ဦးတိုက်မောင်းဆီက အဖြေထွက်ပေါ်မလာမီ ထူးခြားချက်တွေက. . ထွက်ပေါ်လာခဲ့ရသည်။ သလင်းကျောက်နံရံကြီးသည်

www.burmeseclassic.com

www.burmeseclassic.com



ပေါက်ကွဲမှုအရှိန်ကြောင့် အက်ကွဲစပြုလာခဲ့လေပြီတည်း။ ဖျစ်ဖျစ်. . အသံများမြည်လာခဲ့သည် ရေများပင်. . စိမ့်ယိုကာ ထွက်ကျလာခဲ့ကြသည်။

"ဟင်. . နံရံကြီးပျက်စီးတော့မယ်၊ ဒီမှာ. . ဆက်နေလို့မဖြစ်တော့ဘူး. . လာကြဟေ့. . "

ထိုနေရာမှ ပြေးထွက်လာခဲ့ကြသည်။ မည်သည့်ဘက်ကို. . ပြေးရမှန်းမသိ၊ ပြေးနေကြစဉ်. . ကျော်စွာ့အိတ်ထဲမှ ဇော်ဂျီဦးထုပ်ပုလင်းလေးက ထွက်ကျသွားခဲ့သည်။ ပုလင်းလေးသည် တလိမ့်လိမ့်နှင့် ပြေးသွားခဲ့လေရာ. . အတော်ခပ်ဝေးဝေးဆီကို ရောက်သွားခဲ့သည်။ ကျော်စွာ တောက်လျှောက်ပြေးလိုက်သွားပြီး ကုန်းအကောက်မှာ. .

"ဟင်. . "

အံ့အားသင့်သွားခဲ့ရသည်။ အကြောင်းမှာ ရေအောက်မြစ်ကြောင်းလမ်းလွဲကြီးတစ်ခုကို အမှတ်မထင်မြင်လိုက်ရသောကြောင့်ပင်တည်း၊ ထိုအတူ. . ဖေဇော်ဂျီသဘော်ကြီးသည်လည်း သူတို့ဆီကို ဦးတည်ပြီးလာနေသည် ဖြစ်ပါသတည်း။

○ ○ ○

## (၁၇)
## သက်စွန့်ဆံဖျား

ဖေဇော်ဂျီသဘော်ကြီးသည် မြေပြင်နှင့် အလှမ်းကွာဝေးသော မြေအောက်အလွှာ ပထမထပ်ဆီကို မည်သည့်လမ်းကြောင်းမှ ဆင်းသက်လာခဲ့သလည်းမသိ၊ ဦးတိုက်မောင်းတို့အားလုံး အံ့အားတသင့်ဖြစ်ရှိနေကြဆဲမှာပင် ရေစီးကြောင်းအတိုင်း အနားကိုရောက်လာခဲ့လေသည်။ ဦးမာလသည်သူ ငါ့ကိုတွေ့မြင်သွားခဲ့သည်။

"ကဲ . . ငါသားတို့ သူတို့ရဲ့ပစ္စည်းတွေကို သွားသယ်ကြ အမြင်လုပ်ကြဟေ့ . . "

သဘော်ကြီးရပ်သွားသည်နှင့် ကြိုးလှေကားနီနီကြီးတကျလာခဲ့သည်။ လှေထိုးသားငါးယောက်က လျှင်မြန်စွာ ဆင်းလာ

www.burmeseclassic.com

www.burmeseclassic.com



ခဲ့ကြသည်။ သေတ္တာများဆီကို ပြေးသွားခဲ့ကြလေသည်။

"ဟင် . . ဒီသေတ္တာတွေ ကျွန်တော်ကို လက်ထဲရောက် နေတာလို့ ဦးမာလက ဘယ်လိုသိခဲ့သလဲ. . "

"ဟုတ်တယ် ကျော်စွာ၊ သူဘယ်လိုသိသွားခဲ့သလည်း မသိဘူး။ အံ့အားသင့်စရာပဲ . . "

ကြက်သီးကလည်း နောက်မှလိုက်လာသော ဘေးရန်ကို မေ့လျော့နေကာ အံ့အားသင့်နေမိသည်။

"ငါ . . မင်းတို့ကို စိတ်မချလို့ မာယာကျွန်းကြီးရဲ့ အောက်မှာရှိတဲ့ လျှို့ဝှက်ရေလမ်းကြောင်းအတိုင်းလိုက်လာခဲ့တာ၊ ဘာမှ အံ့အားသင့်စရာမရှိဘူး။ မြန်မြန်တက်ကြလေ၊ မကြာမီမှာ အန္တရာယ်ကရောက်လာတော့မယ်"

ဦးမာလက သတိပေးလိုက်သည်။ သလင်းကျောက်နံရံမှ အက်ကွဲပေါင်းများစွာ ဖြစ်ပေါ်လာခဲ့သည်။ ရေများသည်လည်း ထိုအက်ကွဲကြောင်းများမှ ယိုစိမ့်က ထွက်လာခဲ့ကြလေပြီ။ သူတို့ ဆီကိုပင်ရောက်လာခဲ့ကြသည်။

"လာကြဟေ့ . . သင်္ဘောပေါ်ကို မြန်မြန်တက်ကြ. . "

"ဦးတိုက်မောင်းက သတိပေးလိုက်တော့မှ သင်္ဘောဆီကို ပြေးသွားခဲ့ကြသည်။ နွယ်ကြိုးလှေကားမှ တစ်ဆင့် ဖေဖော်ဂျီသင်္ဘောကြီးပေါ်ကို တက်သွားခဲ့ကြသည်။ လှေထိုးသားနှစ်ယောက်က သူတို့ကို ဆွဲတင်ကြသည်။ ထို့နောက် သေတ္တာငါးလုံးကိုသွားရောက်သယ်ယူကြသော လှေထိုးသားများသည်လည်း သေတ္တာများကို ထမ်းကာ ပြေးလာနေကြသည်။ ဖေဖော်ဂျီသင်္ဘောကြီးပေါ်ကို တစ်ဦးပြီးတစ်ဦးတက်လာခဲ့ကြသည်။



သလင်းကျောက်နံရံအက်ကြောင်းကြီးများမှ ရေများယိုစီးထွက်လာကြမှုများမှာ သာမာန်မဟုတ်တော့၊ ပို၍များပြားလာခဲ့ကြသည်။ ကြာတော့ ရေဖိအားကြောင့် နံရံကြီးမှာ အဖက်ဖက်မှ ထိုးဖောက်ခံလိုက်ရသလို ဖြစ်သွားခဲ့လေတော့ရာ . . . "

"ဝုန်း"

"ဝုန်း"

နံရံကြီးပြိုကျသွားခဲ့လေရာ၊ ရေများက တရဟောထွက်ကျလာခဲ့လေတော့သည်။ ရေသတ္တဝါများသည်လည်း အမြင်ကိုအစုလိုက်၊ အပြုံလိုက်ထွက်ကျလာခဲ့ကြသည်။ ရေလုံးကြီးများသည် ရေစီးကြောင်းကြီးများအဖြစ်သို့ပြောင်းလည်သွားခဲ့ကြပြီး တဝုံးဝုံးဖြင့် စီးဆင်းလာခဲ့ကြသည်။ တားမနိုင်၊ ဆီးမရဖြစ်ကုန်ကြသည်။ ဖေဖော်ဂျီသင်္ဘောကြီးရှိသော ရေအောက်မြစ်လမ်းလွဲလမ်းကြောင်းကြီးထဲသို့တိုင် စီးဝင်လာခဲ့ကြလေ၏။

"ကိုင်းဟေ့ . . ငါတို့ထွက်ကြမယ်"

ဦးမာလ့ကာ သတိပေးလိုက်သည်နှင့် လှေထိုးသားများသည် လှော်တက်များကို ကိုင်ကာ လှော်ခတ်ကြသည်။ ဦးမာလသည်ပဲ့ စင်ထက်မှာ ထိန်းကာလိုက်ပါလာသည်။ ဖေဖော်ဂျီ

www.burmeseclassic.com

www.burmeseclassic.com



သဘော်ကြီးသည် ရေစီးကြောင်းကို ဆန်ကာ တက်သွားသည်။ ကိုက်ငါးဆယ်ခန့် ဆန်တက်သွားပြီးသောအခါ ညာဘက်ကို ချိုးကွေ့ကာ တက်သွားခဲ့သည်။

သူတို့မသိ မမြင်ကြသေးသော ဂူလိုဏ်လမ်းကြောင်း အသစ်တစ်ခုပင်ဖြစ်သည်။ သဘော်ကြီးတစ်စင်း စာမက ကျယ်ဝန်းလှသည်။

နောက်မှ ရေလုံးကြီးက တဝုံးဝုံးဖြင့်လိုက်လာကြသည်။ သလင်းကျောက်နံရံကြီးအလုံးစုံပြိုကျနေသံများကို အဆက်မပြတ် ကြားနေကြရသည်။ နောက်မှလိုက်လာသော ရေလုံးကြီးတွေက ဖေဖော်ဂျီသဘော်ကြီးကို တစ်လုံးပြီးတစ်လုံးဝင်ဆောင့်ကြသည်။ သဘော်ကြီးပေါ်မှ လူများသိမ်းထိုးကုန်ကြသည်။ လှိုင်းပင်ခံလိုက်ရ၍ သဘော်ကြီးမြောက်တက်သွားသည်။ ထို့နောက် ပြောင်းလည်းသွားသော ရေစီးကြောင်း၏ ခေါင်ဆောင်ရာကို လျှင်မြန်သော အဟုန်ဖြင့် လိုက်ပါသွားခဲ့လေသည်။

သူတို့သည် မာယာကျွန်းကြီး၏ အောက်မှာပင် ရှိနေကြသေးသည်။ ဖေဖော်ဂျီသဘော်ကြီးသည် အမြင့်ကို တဖြည်းဖြည်းဖြင့် တက်နေသည်။ နောက်မှ ရေလုံးကြီးတွေကလည်း တရှိန်ထိုးဆင်းလာခဲ့ကြသည်။ သဘော်ကြီးကို ဝင်ဆောင့်ကြသည်။ ထိုအခါ ဖေဖော်ဂျီသဘော်ကြီးက ရှေ့ကို တိုးတိုးသွားခဲ့သည်။ အမြင့်ပိုင်းဆီကို သိသာစွာ တရွေ့ရွေ့နှင့် တက်နေခြင်းပင်ဖြစ်သည်။

ကျော်စွာ . . ဦးတိုက်မောင်းနှင့် ကြက်သီးတို့သည် တိုးဝါးတစ်လုံးစီကို ကိုင်ကာ သဘော်ကြီး၏ ဝဲယာမှ နေ၍ထိန်းပေးကြသည်။ ဂူနံရံများကို ဝင်မတိုက်မိစေရန် နံရံကို ထိုးဝါးများဖြင့် ထောက်ကန်ပြီး ထိန်းပေးကြသည်။

ဦးတိုက်မောင်းသည် ဦးမာလနှင့် အတူ ပဲစင်ပေါ်မှာ ထိုင်သည်။ ရေသတ္တဝါကြီးများက သလင်းကျောက်နံရံကြီးအက်ကွဲ၍ ထွက်ကျလာခဲ့ကြကာ ရေအောက်ဖြတ်လမ်းခွဲများမှ တစ်ဆင့် နက်ရှိုင်းသော ပင်လယ်ကြီးထဲသို့ ရောက်သွားကြကုန်သည်။ ထိုစဉ် ကြီးမားသော ရေဘဝဲကြီးတစ်ကောင်သည် ရေလုံးကြီးနှင့် အတူပါလာခဲ့ပြီး ဖေဖော်ဂျီသဘော်ကြီးကို ဝင်ဆောင့်သည်။ ထို့နောက် သဘော်ကြီးကို ဖက်တွယ်ကာ တက်လာလေတော့သည်။ အလိုလိုဒေါသထွက်နေသော ရေသတ္တဝါ ဘဝဲကောင်ကြီးသည် သူ၏ ရှည်လျားသော လက်တံကြီးတစ်ဖက်ဖြင့် မြတ်လေးကို လှမ်းပြီး ရစ်ပတ်လိုက်လေတော့သည်။

"အား"

မြတ်လေး၏ ခါးကိုရစ်ပတ်သွားပြီး သူ့ဆီကို ဆောင့်ဆွဲလိုက်သည်။ မြတ်လေးသည် ကိုယ်ကိုမထိမ်းနိုင်တော့ပဲ။ ရေဘဝဲကြီး၏ ပါးစပ်နားကို ချက်ချင်းပင်ရောက်သွားခဲ့လေတော့သည်။

"ဟာ မြတ်လေး"





www.burmeseclassic.com

www.burmeseclassic.com



ကျော်စွာသည် မြတ်လေး၏ အခြေအနေကို တွေ့သွားခဲ့သည်။ ထို့ကြောင့် ထိုးဝါးကို မြှောက်ကိုင်ကာ ပြေးသွားပြီး ရေဘဝဲကြီး၏ နဖူးပြင်တည့်တည့်ကို လက်စုံမြှောက်၍ ထိုးချလိုက် လေတော့သည်။

"ယောင်း"

နာကျင်စွာအော်လိုက်သော ရေဘဝဲကြီး၏ ဝမ်းခေါင်းထဲမှ ထူးခြားသော အသံကြီးက ထက်ပေါ် လာခဲ့သည်။ ထိုကဲ့သို့ အော်သံကြီးများကို တစ်ခါမှ မကြားဖူးကြပါ။ မြေအောက်လိုဏ် လမ်းကြောင်းကြီးထဲမှာပင်-ဟိန်းထွက်သွားခဲ့သည်။ မြတ်လေးကို ဖက်ထွယ်ထားသော လက်တံကြီးသည်လည်း အခိုက်အထဲမှာတော့ ပြေလျော့သွားခဲ့လေသည်။ ကျော်စွာသည် မြတ်လေးကို ခါးမှ ဆွဲယူကာ ရေဘဝဲကြီးနှင့် ဝေးရာကို တွန့်လွှတ်လိုက်သည်။

ရေဘဝဲကြီးသည် ဖေဇော်ဂျီသဘော်ကြီးထဲကို လုံးဝ ရောက်လာသည် ကားမဟုတ်သေး။ ပဲ့ပိုင်းမှာ ခေါင်းတင်ကာ တွယ်ကပ်နေသည်။ ရေဘဝဲကြီး၏ မျက်လုံးတွေက ပိုပြီးတော့ နီရဲလာသည်။ သေလောက်သော ဒဏ်ရာကိုရသွားသော်လည်း ဒေါသကြီးကာပိုပြီးတော့ ခက်ထန်လာသည်။ ပစ်မှတ်က ကျော်စွာဆီကိုရောက်သွားခဲ့သည်။ ရှည်လျားသော လက်တံကြီး တစ်ဖက်ကျော်စွာကိုယ်ကို လှမ်းပြီး ရစ်ဖတ်လိုက်လေတော့သည်။

ထို့နောက် ကြီးမားသော ပါးစပ်ကြီးကိုဟကာ ကျော်စွာ





ကို ဆွဲယူသည်။ ပါးစပ်ကြီးထဲသို့ ဆွဲသွင်းရန်ကြိုးစားသည်။

"မင်းက ငါ့ကို စားဖို့ကြိုးစားတယ်ပေါ့လေ .. ဟုတ်လား .. မင်းလုပ်တိုင်းငါက ခံမယ်ထင်လား .. ကျော်စွာ တဲ့ဟေ့ .."

ကျော်စွာသည် ထိုးဝါးရှည်ကြီးကို လက်နှစ်ဖက်ဖြင့် ဆုပ်ကိုင်၍ မြှောက်ကာနောက်တစ်ကြိမ်ထိုးချလိုက်ပြန်သည်။

"အောင်း"

ရေဘဝဲကြီး၏ အော်လိုက်သံက နာနာဘာဝတစ်ကောင်၏ အော်သံမျိုးပင်ဖြစ်သည်။ စိတ်ဆောင်နေ၍လားမသိ၊ ရှည်လျားသော ထိုးဝါးတုတ်တုတ်ကြီးကို နိုင်နင်းစွာ လက်နှစ်ဖက်နှင့် ဆုပ်ကိုင်ပြီးနောက်ထပ်ဆင့်ကာ၊ ဆင့်ကာ ထိုးချလိုက်သည် သို့တိုင်မှ ကျော်စွာကို ရစ်ပတ်ထားသော လက်တံကြီး၏ ညှစ်အားက လျော့မသွားပေ။

ဦးတိုက်မောင်းနှင့် ကြက်သီးတို့သည် လျှပ်တပြက်ဖြစ်သွားသော မြင်ကွင်းကို မင်တက်မိပြီး ငေးကြည့်နေကြပြီးမှ ချက်ချင်းပင် သတိပြန်သွားခဲ့ကြသည်။

"ဟိတ် .. ဟိုမှာ ကျော်စွာ ဒုက္ခရောက်နေပြီ"

ဦးတိုက်မောင်းနှင့် ကြက်သီးတို့သည် သဘော်ကြီး အလူးလူးမှာ .. ဓားကိုယ်စီကိုင်ကာ ပြေးဝင်လာခဲ့ကြသည်။ ရေဘဝဲကြီးကို ထိုးခုတ်လိုက်ကြသည်။ လက်တံရှည်ကြီးများကို

www.burmeseclassic.com



ဓားဖြင့် ပိုင်းဖြတ်ကြသည်။

"အောင်း . . အောင်း"

ရေဘဝဲကြီး၏ အော်ဟစ်သံက အဆက်မပြတ်ထွက်ပေါ်လာသည်။ ဒေါသတကြီးဖြင့် သဘော်ကြီးတစ်စင်းလုံးကို ပင် ဆွဲခါရမ်းကာ မှောက်ပစ်တော့မလိုရှိနေသည်။ တစ်ခါတစ်ရံမှာ ဖေဇော်ဂျီသဘော်ကြီးသည် ဦးထောင်သွားတော့မလိုရှိနေသည်။

ရေဘဝဲကြီးသည် သဘော်ကြီးပေါ်ကို တက်လာနိုင်ရန် ကြိုးစားသည် ကြက်သီးကို နာမောင်းကြီးဖြင့် ရစ်ပတ်ပြန်သည်။

"အံ့မာ . . သေလောက်တဲ့ ဒဏ်ရာရထားတာတောင် မမှတ်သေးဘူးလား . . ကဲကွာ . . ကဲကွာ. . ."

ကြက်သီးက ရေဘဝဲကြီးကို ဓားဖြင့် ပိုင်းချလိုက်ရာ မျက်လုံးကို ထိသွားခဲ့လေသည်။ မြတ်လေးကလည်း ဓားကို ဆွဲကိုင်ကာ ပြေးဝင်လာခဲ့ပြန်သည်။ ယောကျ်ားသုံးယောက်ကြားထဲမှာ ရဲဝံ့စွာဖြင့် ဝင်ရောက်တိုက်ခိုက်သည်။ သို့သော် ရေဘဝဲကြီးကို မနိုင်နိုင်အောင်ရှိနေကြသည်။

"ဒီကောင်ကြီး အပမျှားမိနေသလား မသိဘူးဟေ့ . . ဒါလောက်ဝိုင်းပြီးထိုးခုတ်တိုက်ခိုက်နေတာတောင် သဘော်ပေါ်က ကျကိုမကျနိုင်သေးပါလား . ."

ဦးတိုက်မောင်းက စိတ်ပေါက်ပေါက်နှင့် ပြောချလိုက်သည်။ ဦးမာလသည် ပွဲတိုင်နေရ၍ နောက်ပိုင်းမှာဖြစ်ပျက်နေသည်များကို သိလျက်နှင့် မတူညီနိုင်ပဲဖြစ်နေသည်လား . .။

သို့မဟုတ်၊ သိလျက်နှင့် အတူအညီမပေး၊ သူတို့အစွမ်းအစကို သိချင်၍ တမင်လွှတ်ပေးထားသလားမသိပါ။

ထိုစဉ်. .

လှေထိုးသားနှစ် ယောက်သည် ထိုးဝါးနှစ်ချောင်းကို ကိုင်ကာ ပြေးဝင်လာခဲ့ကြသ ည်။

"အားလုံး ဖယ်ကြ ဒါလောက်တောင် ခေါင်းမာတဲ့ကောင်ကြီး အနှောင့်အယှက်ပေးလွန်းလှတာ . ."

လုံးဝစကားမပြောပဲ နေကြတော့ လှေထိုးသားများထံမှ ပထမဦးဆုံးကြားလိုက်ရသော စကားပင်ဖြစ်သည်။ မျက်နှာဆင်တူနှင့် လှေထိုးသားနှစ်ဦးသည် ထိုးဝါးချွန်ချွန်ကြီးများဖြင့် ရေဘဝဲကြီး၏ ကိုယ်ထဲသို့ တစ်ပြိုင်တည်း ပစ်စိုက်လိုက်ကြပြီး အပေါ်ကို မြှောက်တင်လိုက်ကြသည်။ ထို့နောက် ထိုးဝါးနှင့်အတူ ဆောင့်တွန်းထိုးကာ ရေထဲသို့ပစ်ချလိုက်လေတော့သည်။

အားကောင်းလှသော လှေထိုးသားနှစ်ယောက်ကို ကြည့်ပြီး အားလုံးပါးစပ်အဟောင်းသားနှင့်ဖြစ်သွားခဲ့ကြရလေတော့သည်။

○ ○ ○



www.burmeseclassic.com

www.burmeseclassic.com



ရေဘဝဲအနှောင့်အယှက်ကင်းဝေးသွားခဲ့ပြီးဖြစ်သော ဖေဇော်ဂျီသင်္ဘောကြီးသည် နောက်မှလိုက်လာကြသော ရေလုံးကြီးများ၏ တွန်းအားဖြင့် တဖြည်းဖြည်းနှင့် အပေါ်ကို မော့ပြီးတော့ တက်လာခဲ့သည်။ နောက်ဆုံးမှာတော့ ကမ္ဘာမြေပြင်ပေါ်ကို ပြန်ရောက်လာခဲ့ကြသည်။

၀ ၀ ၀

ဖေဇော်ဂျီသင်္ဘောကြီးသည် မာယာကျွန်း၏ ဘေးနားမှ ကပ်ပြီးမောင်းနေလျက်ရှိသည်။ သင်္ဘောပေါ်မှ လူများသည် မာယာကျွန်းကြီး၏ အခြေအနေကို လှမ်း၍မြင်လိုက်ကြရသည်။ မာယာကျွန်းကြီးကာ ပြိုပျက်စပြုလေပြီးတည်း။ ကျွန်းကြီးအောက်မှ ဆောင့်တက်၍လာသော ရေလုံးကြီးများကြောင့်လား။ သို့မဟုတ် မြေအောက်လျှင်များ အမှတ်မထင်လှုပ်ခတ်သွားခဲ့လေသလားမသိရ။ မြေသားများအက်ကွဲစပြုလာခဲ့သည်။ ကျွန်းကြီးမှာ တစ်ချိန်လုံး လှုပ်ခတ်နေပြီး တဟီးဟီးအသံများပင် ထွက်ပေါ်နေလေတော့သည်။

အချိန်ကား အလင်းရောင်ကွယ်ပျောက်၍ ညအမှောင်သို့ပင်ရောက်လာခဲ့လေပြီ။ ဖေဇော်ဂျီသင်္ဘောကြီး၏ ဘေးကို ကျွန်းမျောကြီးမှ ပဲ့ထွက်လာကြသော အစိတ်အပိုင်းများက ဖြတ်ပြီးလိုက်ပါလာကြသည်။



မိစ္ဆာရုပ်များသဏ္ဌာန်ဖြစ်ပေါ်နေကြသော သစ်ပင်ကြီးများသည်လည်း ကျွန်းပြတ်ကြီးများပေါ်မှာ လိုက်ပါလာခဲ့ကြသည်။ ညဘက်တွင်မြင်နေတွေရသော ထိုသစ်ပင်ကြီးများ၏ ရုပ်သွင်သည် ချောက်ချားစရာကောင်းလှသည်။ မသဒီစရာကောင်းလှသည်။ တစ်ချို့သည် သင်္ဘောကြီးဆီကို ပြေးလာသလိုရှိပြီး အနားသို့ ရောက်သော် သင်္ဘောကိုယ်ထည်ကြီးနှင့် ပစ်ကာရိုက်ထဲ့လိုက်သည်။

"ဖြောင်း"

ဖေဇော်ဂျီသင်္ဘောကြီးသည် သိမ့်သိမ့်တုန်သွားခဲ့ရသည်။တစ်ဖက် စောင်းပြီးလဲကျသွားတော့ မလိုဖြစ်သွားခဲ့ရသည်။ သစ်ပင်ကြီးများ၏ လက်တံများနှင့် တူသော သစ်ကိုင်းကြီးများက သင်္ဘောကြီးကို ကုပ်ဆွဲထားကြသလိုရှိနေသည်။ သင်္ဘောကြီးကို ဆွဲမှောက်ပစ်တော့မလို ဖြစ်နေသည်။ နောက်ထပ် မိစ္ဆာသဏ္ဌာန်သစ်ပင်ကြီးများကလည်း သင်္ဘောကြီးအနားကို အသီးသီးရောက်လာခဲ့ကြတာ လက်တံသစ်ကိုင်းကြီးများဖြင့် ဆွဲချိတ်၊ ဖက်တွယ်ကြသည်။ တစ်ချို့က သင်္ဘောကြီးကို လှမ်းဆွဲထားသည်။ ဆွဲ မှောက်တော့မလိုထင်ရသည်။

"ဟာ . . . ဒီသစ်ပင်တွေကာ တမှောင့်၊ သင်္ဘောတော့ မှောက်တော့မှာပဲ . ."

သင်္ဘောကြီးကို ဖက်တွယ်ထားသလိုရှိနေသော

www.burmeseclassic.com

www.burmeseclassic.com



သစ်ကိုင်း လက်တံကြီးများကို ဓားဖြင့် ဝိုင်းပြီးခုတ်ထစ်ပစ်ကြသည်။

"အား"

အားလုံး၏ နားထဲမှာ မိစ္ဆာသစ်ပင်ကြီးများ၏ အော်သံများကိုပင်ကြားလိုက်ရသလိုပင်၊ မဖြစ်နိုင်ပါ စိတ်ဇောကပ်နေကြ၍ ကြားမိရာရာကို ကြားနေကြ၍လည်းဖြစ်နိုင်ပါသည်။

ကျွန်းပြတ်များပေါ်မှာ လိုက်ပါလာခဲ့ကြရသည်ဖြစ်၍ အောက်မှ မြေသားများပြိုကွဲသွားကြရာတွင် သစ်ပင်ကြီးများသည်လည်း မိတွယ်ရာမရှိကြတော့ပဲ။ ဘုံးဘုံးလဲကျသွားကြရလေတော့သည်။ အရှိန်ဖြင့် စီးဆင်းနေသော ရေစီးကြောင်းထဲမှာ မျောပါသွားခဲ့ကြလေသည်။ ကျော်စွာတို့သည် သစ်ပင်ကြီးများက သစ်ကိုင်များဖြင့် သဘော်ကို လာချိတ်လာကြ၏။ ဓားဖြင့် ဖြတ်တောက်ပစ်ကြရသည်မှာ မအားလပ်နိုင်ကြပါ။

သို့ရှိနေစဉ်

လွန်စွာမှ ကြီးမားသော သစ်ပင်ကြီးတစ်ပင်သည် ကျွန်းပြင်တစ်ခုအပေါ်မှာ မျောပါလာသလိုရှိနေသော်လည်း သဘော်ကြီးနောက်မှ အပြေးလိုက်လာသလိုရှိနေသည်။

"ဟာ . . ဟိုသစ်ပင်ကြီး"

ကြက်သီးက အထိတ်တလန့်ဖြင့် အော်လိုက်လေသည်။ ထိုသစ်ပင်ကြီးကား အခြားမဟုတ်၊ ပင်ခြေမှာ ကြီးစွာသော



အခေါင်းပေါက်ကြီးပါရှိနေသည့် သစ်ပင်ကြီးပင်တည်း။ မျက်နှာပေါက်ဆိုးဆိုးနှင့်သစ်ပင်ကြီးသည် ပါးစပ်ကြီးဟထားသလို ရေစီးကြောင်းမှာ မျောပါလာခဲ့သည်ဖြစ်ရကား။ ဖေဇော်ဂျီသဘော်ကြီးကို ဝင်တိုက်မိတော့မှာ မလွဲ၊ ဦးမာလသည် နောက်မှ လိုက်ပါလာသည့် သစ်ပင်ကြီးက ဝင်တိုက်ကာနီးအခြေအနေကို သိသွားခဲ့သည်။ ဦးတိုက်မောင်းကလည်း ဦးမာလကို သတိပေးသည့် အနေဖြင့် ကြည့်မိလိုက်သည်။

သစ်ပင်ကြီးက ဖေဇော်ဂျီသဘော်ကြီးကို ဝင်တိုက်မိတော့မည့် ဆဲဆဲတွင် ဦးမာလက ပဲ့ကို ထိန်းကာ လမ်းကြောင်းပြောင်းလိုက်သည်။ သစ်ပင်ကြီးသည် သဘော်ကြီး၏ လက်ချောင်းကြီးများနှင့် တူသော ကြုံလှီလှီသစ်ကိုင်းများက သဘော်ကြီးကို လှန်ကနဲဆိုလှမ်းပြီး ဆုပ်ကိုင်ထားလိုက်ကြသည်။ သဘော်ကြီးသည် ရုတ်တရက်တဲ့သွားခဲ့ပြီး ဘေးကို တိမ်းမှောက်တော့မလိုဖြစ်သွားခဲ့ရသည်။

"ဟာ . . သည်သစ်ပင်ကြီးက လာချိတ်နေပြန်ပါပြီ"

ကျော်စွာသည် သစ်ကိုင်းလက်တံကြီးကို ဓါးဖြင့် ပိုင်းချလိုက်သည်။ သို့သော် . . သစ်ပင်ကြီး၏ လက်တံတော်တော်များများက သဘော်ကြီး၏ ဘောင်နံရံနှင့် လက်တံများကို တဖျောင်းဖျောင်းနှင့် လာရောက်ရိုက်ခတ်ဆုပ်ကိုင်လာကြပြန်ရာ ကျော်စွာ၊ ဦးတိုက်မောင်း၊ မြတ်လေးနှင့် ကြက်သီးတို့က ဓါးတစ်

www.burmeseclassic.com

www.burmeseclassic.com



လက်စီနှင့် ပိုင်းဖြို့ရှင်းပစ်နေကြရသည်။ ကြံ့လှီသောလက်ချောင်းများပါရှိသော သစ်ကိုင်းကြီးတစ်ကိုင်းသည် ကျော်စွာ့လည်ပင်းဆီကို ရှုတ်တရက် ရောက်အလာမှာ ကျော်စွာက လက်ဦးသွားသည်။ ဓါးဖြင့် သွက်လက်စွာ ပိုင်းချလိုက်သည်။

"ဝှစ် . . ဝှစ်"

ကျော်စွာသာ လက်မဦးခဲ့လျှင် လက်သည်းရှည်ကြီးများနှင့်တူသော သစ်ချောင်းချွန်ချွန်ကြီးသည် လည်ပင်းကို ဖောက်ဝင်သွားကြမှာ မလွဲ၊ သစ်ပင်ကြီးသည် နောက်မှာ တဖြည်းဖြည်းဝေးပြီး ကျန်ရစ်ခဲ့သည်။ အကျည်းတန်မျက်နှာနှင့် သစ်ပင်ကြီးကို နောက်ဆုံးမြင်တွေ့လိုက်ရခြင်းပင်တည်း။

၀ ၀ ၀

(၁၈)

## အပြန်ခရီး

မာယာကျွန်းကြီးတစ်လုံး ပြိုပျက်စီးခဲ့ပြီဖြစ်သည်။ မိစ္ဆာရုပ်များပေါက်နေကြသော သစ်ပင်ကြီးများသည်လည်း ပင်လယ်ထဲမှ လဲကျနစ်မြုပ်သွားခဲ့ကြလေပြီ။ ဖေဖော်ကီသည် ထိုဖြစ်ရပ်အားလုံးကို ချန်ထားခဲ့ပြီး ခရီးတစ်ခုကို ဆက်လက်၍ သွားနေဆဲ၊ ယခုထက်ထိ မည်သည့်အရပ်ကို ဦးတည်ပြီး သွားနေမှန်းလည်း မသိ။

ညဦးဦးပိုင်းမှာ အဏ္ဏဝါပြင်ကျယ်ကြီးကို အေးဆေးစွာ ဖြတ်သန်းနေသည်။ ကျော်စွာတို့သည် လမ်းမှာ ရင်ဆိုင်တိုက်ခိုက်ခဲ့ကြရသည်။ စွန့်စားမှုများကြောင့် ပင်ပန်းနွမ်းနယ်လျက် ရှိနေကြလေပြီ။



www.burmeseclassic.com

www.burmeseclassic.com



"မောင်တိုက်မောင်းတို့ . . အခုထဲကို ဝင်ပြီးတော့ အ . . လူကြဦး၊ ဆာလောင်မွတ်သိပ်ကုန်ကြပြီ မဟုတ်လား၊ ကဲ . . ကဲ ဝမ်းဘိုက်ထဲကို အာဟာရဖြည့်လိုက်ကြပါဦး . ."

ဦးမာလက သတိပေးလိုက်သည်။ ဦးတိုက်မောင်းတို့ကလည်း ဦးမာလ၏ စေတနာကို လေးစားဟန်ပြကာ မိမိတို့နားခိုဖူးခဲ့ကြသော အခန်းများဆီကို ဆင်းလာခဲ့ကြလေသည်။

သင်္ဘောဝမ်းထဲကို ရောက်သွားကြသောအခါ ဖွယ်ဖွယ်ရာရာအစားအစာများ ပြင်ဆင်ထားသည်ကို တွေ့လိုက်ကြရသည်။ ဖေဇော်ဂျီသင်္ဘောကြီးပေါ်မှာ လွန်စွာမှ အလုပ်ရှုပ်နေကြစဉ် . . သင်္ဘောကြီးကို မနားမနေထိန်းနေရစဉ်မှာ ဤအစားအစာများကို မည်သည့်အချိန်က စီမံချက်ပြုတ်ထားနိုင်ခဲ့ပါသလဲ။ စဉ်းစား၍ မရနိုင်ကြတော့ပါ။ ထိုစဉ် . .

ဦးမာလသည် အခန်းထဲကို ဝင်လာပြီး . .

"ဘာတွေစဉ်းစားနေကြတာလဲ၊ စဉ်းစားတိုင်း အဖြေကပေါ်တာ မဟုတ်ဘူး၊ စားစရာရှိတာ . . စားကြ၊ နားစရာရှိ . . နားကြ . ."

ဟု သတိပေးပြီး ပြန်ထွက်သွားခဲ့သည်။

"ဟုတ်သားပဲ၊ အားလုံးဟာ သူ့သဘောနဲ့သူ ရှိနေကြတာပဲ . . ဖြစ်ပျက်နေကြတာပဲ၊ ကိုယ့်အသိဉာဏ်နဲ့ တိုင်းတာလို့ မရတာတွေ အများကြီးရှိတယ်၊ ငါလည်း တွေဝေသွားတယ် . .



ကဲ . . ကဲ . . စားကြ၊ သောက်ကြ . ."

သည်တစ်ခါတော့ စားသောက်စရာတွေက များလှည်း၊ ဟင်းခတ်အမွှေးအကြိုင် ကောင်းကောင်းနှင့် ချက်ပြုတ်ထားလားမသိ၊ လွန်စွာမှ အရသာရှိပြီး လက်ရာကောင်းလှသော စားတော်ကဲကြီးများ စိတ်တိုင်းကျ စီမံထားကြလေသလားဟု ထင်ကြရသည်။ အားလုံးမြိန်သက်စွာ စားသောက်ကြပြီး ပင်ပန်းခဲ့လွန်း၍ စကားပင် မပြောနိုင်ကြတော့၊ အိပ်ယာအသီးသီးဝင်ခဲ့ကြလေသည်။

○ ○ ○

ဇော်ဂျီရုပ်လေးနှစ်ရုပ်သည် ကျော်စွာ့မျက်စိရှေ့မှာ တောင်ဝှေးကိုထမ်းပြီး ပျံသန်းနေကြသည်။ ကျော်စွာ ကိုယ်ကို ပတ်ချာလှည့်ကာ မြူးထူးစွာ လှည့်လည်နေကြခြင်းပင်ဖြစ်သည်။ ကျော်စွာသည် ဇော်ဂျီရုပ်လေးတွေကို လိုက်ဖမ်းသော်လည်း မမိ။ သို့သော် ပခုံးထက်မှာ တစ်ဦးစီလာနားကြလေသည်။ ထို့နောက် တောင်ဝှေးကိုယ်စီထမ်းပြီး အခန်းအပြင်ကို ပြန်ထွက်သွားကြလေသည်။

ထိုစဉ်မှာပင် . . နားထဲမှာ . . တစ်စုံတစ်ရာပြောလိုက်သံကို အမှတ်မထင် ကြားလိုက်ရလေ၏။

"အာယုဒီပကျွန်းကို ရောက်တော့မယ်တော့ . ."

www.burmeseclassic.com

www.burmeseclassic.com



မည်သူပြောလိုက်သည့်အသံမှန်း မသိ၊ ကျော်စွာ ၊ ည်း ပန့်နိုးသွားခဲ့ရသည်။ နှစ်ခြိုက်စွာ အိပ်ပျော်သွားမိ၍ အိပ်ရေး ပည်ဝသွားခဲ့လေသည်။ အစားအစာများထဲမှာလည်း ခွန်အား အသစ်ကိုဖြည့်ဆည်းပေးသော အာဟာရကောင်းများလည်း ါ၍ တစ်ကိုယ်လုံးလန်းဆန်းသွားခဲ့ရသည်။ ခန္ဓာကိုယ်ထဲမှာ င်ပန်းမှုမှန်သမျှ ဘာမှမရှိတော့၊ မိမိတို့စားခဲ့ကြရသည့် အစားအစာများသည် ခန္ဓာကိုယ်ထဲမှာ ခွန်အားသတ္တိများကို ကောင်းစွာဖြစ်ထွန်းခဲ့စေသည်ဟု ထင်သည်။ အာယုဒီပကျွန်းဟု သိလိုက်ရသည်နှင့် စိတ်ဝင်စားသွားခဲ့ရသည်။ တစ်ချိန်က ၍ကျွန်းနာမည်နှင့်ပတ်သက်ပြီး ဦးတိုက်မောင်း ပြောဖူးခဲ့သည် င်။ ထို့ကြောင့် . . အခန်းအပြင်ကို ထွက်လာမိခဲ့သည်။

"ဟင် . . ဦးရီး"

ဦးတိုက်မောင်းကို တွေ့လိုက်ရသဖြင့် အံ့အားသင့်သွား ခဲ့ရသည်။ မရှေးမနှောင်းမှာပင် အခန်းနှစ်ခုထဲမှ မြတ်လေးနှင့် ကြက်သီးတို့သည်လည်း ထွက်လာခဲ့ကြလေသည်။

"အာယုဒီပကျွန်းလို့ ကြားလိုက်ရတယ် . . ဟုတ်လား အဖေ . ."

"ဟုတ်တယ်ကွယ့်၊ အဖေလည်း အဲ့သလိုပဲ ကြားမိလိုက် လို့ . ."

"ကျွန်တော်လည်း ကြားမိလိုက်ပါတယ် . ."





ကြက်သီးကလည်း ပြောသည်။ အိပ်ရေးလည်း ဝသွားခဲ့ကြပြီဖြစ်ကြ၍ . . သဘောင်္ကုန်းဖက်ပေါ်ကို တက်လာ ခဲ့ကြလေသည်။

အပြင်မှ လေတဟူးဟူးနှင့် တိုက်နေလျက်ရှိသည်။ ဖေဇော်ဂျီသဘောင်္ကြီးသည် ဦးတည်ချက်လမ်းကြောင်း ပြောင်းကာ ခပ်လှမ်းလှမ်းရှိ မည်းမည်းသဏ္ဌာန်ကြီးဆီကို ဦးတည်လျက်ရှိသည်။ ထိုသဏ္ဌာန်ကြီးသည်ကား အာယုဒီပကျွန်း အမှန်ပင်တည်း။

ဦးမာလကို ပဲ့စင်ထက်မှာ ထိုင်လျက်သားပင် တွေ့လိုက် ကြရသည်။

"အာယုဒီပကျွန်းကို ရောက်တော့မယ်ကွယ့် . ."

"ဟုတ်ကဲ့၊ ကျွန်တော်တို့လည်း အသံကြားလို့ နိုးလာခဲ့ ကြတာပါ . ."

ဦးတိုက်မောင်းက ပြန်ပြောလိုက်သည်။ သဘောင်္ကြီး ပေါ်မှာ လှေထိုးသားနှစ်ယောက်လောက်ကိုပဲ တွေ့ကြရသည်။

"ကျွန်တော် တစ်လှည့် ပဲ့ကိုင်မယ် . ."

ဦးမာလက ဦးတိုက်မောင်းကို နေရာဖယ်ပေးလိုက် သည်။ သူလည်း တစ်ညဥ့်ပတ်လုံးပဲ့စင်ထက်မှာ ထိုင်ပြီး လိုက်ပါလာခဲ့ရ၍ ညောင်းညာနေပြီထင့်၊ ဖေဇော်ဂျီသဘောင်္ကြီး သည် . . အာယုဒီပကျွန်းကြီးဆီကို တရွေ့ရွေ့သွားနေလျက်ရှိ



www.burmeseclassic.com

www.burmeseclassic.com



သည်။ အမြင်တ မဝေးတုထင်မိရသော်လည်း တစ်ကယ်တမ်း ကျတော့ ချက်ချင်းမရောက်နိုင်။

ကျွန်းဆီကို အဝေးကနေ ကြည့်နေကြဆဲမှာပင်. . အာယုဒီပကျွန်းကြီးသည် တဖြည်းဖြည်းနှင့် လင်းလာသည်ဟု ထင်မိကြသည်။ ဦးမာလလည်း သင်္ဘောလက်ရန်းများကို လက်ဖြင့်ထောက်ကာ. . ကျွန်းကြီးဘက်ဆီကို ငေးရီပြီးတော့ ကြည့်နေသည်။ ပဲ့လမ်းကြောင်းက မှန်ကန်နေသည်။ မကြာမီမှာပင်လျှင်. . ဖေဖော်ဂျီသင်္ဘောကြီးသည် ကျွန်းကြီးနှင့် တဖြည်းဖြည်းနီးကပ်လာခဲ့လေသည်။ ထိုသို့ နီးလာလေလေ. . ကျွန်းကြီးက အလင်းရောင်များ ထွက်နေကာ ပိုပြီးတော့ တောက်ပနေလေလေပင်။

ဖေဖော်ဂျီသင်္ဘောကြီးသည် ကျွန်းကြီးနားသို့ တဖြည်းဖြည်းနှင့် လည်ပြီးချဉ်းကပ်သွားသည်။ လှေထိုးသားနှစ်ဦးသည် ရှေ့တိုင်သုံးတိုင်မှ ရွက်များကို ချကြလေသည်။ သင်္ဘောကြီးသည် တဖြည်းဖြည်းလည်ပြီး ကျွန်းနှင့် ဘေးတိုက်အနေအထား တိုက်ရိုက်ချဉ်းကပ်သွားနိုင်ခဲ့သည်။

သင်္ဘောကြီးငြိမ်သွားပြီဆိုတော့မှ ကျောက်ချကြသည်။ ဦးမာလလည်း ပဲ့စင်ပေါ်မှ ဆင်းလာခဲ့လေသည်။ တစ်ခဏအကြာတွင် လှေထိုးသားတစ်ဦးက ကြိုးလှေကားနီနီကြီးကို အောက်သို့ချပေးသည်။





"ကဲ. . လာကြဟေ့. ."

ဦးမာလက ဦးဆောင်ပြီးတော့ ဖေဖော်ဂျီသင်္ဘောကြီးပေါ်မှ ဆင်းသွားခဲ့သည်။ နောက်မှ. . တစ်ယောက်ပြီးတစ်ယောက်. . လိုက်ပြီး ဆင်းသွားခဲ့ကြလေသည်။ မည်သည့်အကြောင်းကြောင့် ဤအာယုဒီပကျွန်းကြီးပေါ်မှာ ဖေဖော်ဂျီသင်္ဘောကြီးက တစ်ထောက်နားခဲ့ပြန်သလဲ မသိပါ။

ဖေဖော်ဂျီသင်္ဘောကြီးပေါ်မှ အောက်ကို အရောက်တွင်. . မသဲကွဲသော လူရိပ်သဏ္ဌာန်တစ်ခုကို တွေ့လိုက်ရသည်။ ဦးမာလသည် ထိုသူ့ဆီကို သွားတွေ့ပြီး. . နှုတ်ဆက်စကားပြောသည့်ထင်ပါ၏။

"လာကြဟေ့. . ဒီကို. ."

ဦးမာလက ခေါ်လိုက်သည်နှင့် ထိုလူကြီးဆီကို အားလုံးလျှောက်သွားခဲ့ကြသည်။ အလင်းရောင်ကြည်ကြည်အောက်မှာ ထိုပုဂ္ဂိုလ်ကြီးကို သင်ရှားစွာပင် တွေ့လိုက်ကြရလေ၏။ အနီရောင်အဝတ်အစားများကို ဝတ်ဆင်ထားသောသူတစ်ဦးပင်ဖြစ်သည်။ ချောင်ဝစ်စောင်းထုံးထားပြီး အနီရောင် ဖိုးပုဝါကိုပင်. . ဦးရစ်ကာ ပေါင်းထားလေသည်။ ထိုပုဂ္ဂိုလ်ကြီးကား အခြားသူ မဟုတ်၊ ဗလသိဒ္ဓိ အမည်ရှိပုဂ္ဂိုလ်ကြီးပင်တည်း။

ဦးတိုက်မောင်းသည် ထိုပုဂ္ဂိုလ်ကြီးကို လက်အုပ်ချီကာ အရိုအသေပေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်. . အဘနဲ့ ခုလိုပြန်ပြီး ဆုံတွေ့ရလိမ့်မယ်လို့ မထင်မိပါဘူး ခင်ဗျာ၊ ရင်ထဲမှာ ဖော်မပြတတ်အောင် ဝမ်းသာမိပါတယ်. ."

"အေး. . အေး ပြန်ဆုံနိုင်မယ့် ကံအကြောင်းတရားရှိတော့မည်း ဆုံဖြစ်ကြရတာပေါ့ကွယ်. ."

သူတော်စင်ကြီး ဗလသိဒ္ဓိသည် ရှည်လျားသော မုတ်ဆိတ်မွေးဖြူဖြူကြီးများကို လက်ဖြင့်သပ်ကာ ဦးတိုက်မောင်း၏နောက်မှာ ရပ်နေကြသူသုံးဦးကို စူးလက်သော မျက်လုံးများဖြင့် ကြည့်လိုက်လေသည်။ ကျော်စွာတို့မှာ လက်အုပ်ချီပြီး အရိုအသေပေးလိုက်ကြသည်။

"လမ်းမှာ ခရီးအတွေ့အကြုံတော်တော်များများရခဲ့ကြတယ်. . ထင်ပါရဲ့၊ ပြောင်မြောက်တဲ့ သတ္တိစွမ်းပကားတွေနဲ့ ဘေးရန်မှန်သမျှ တွန်းလှန်နိုင်ခဲ့ကြတယ် မဟုတ်လားဟေ့"

"ဟုတ်. . ဟုတ်ကဲ့ အဘ. ."

ကျော်စွာက ဗလသိဒ္ဓိကို အထစ်ထစ်အငေါ့ငေါ့ဖြင့် အဖြေပေးလိုက်သည်။

"မင်းက. . အခုထက်ထိ ကြောက်စိတ်ရှိနေတုန်းပဲလား. . ငါ့ကို စကားပြောရင် ရဲရဲပြောစမ်းပါကွယ့် . ."

"ဟုတ်ကဲ့. ."

ကျော်စွာသည် သူ. . ကြောက်စိတ်ကြီးမားခဲ့ပုံကို



သူတော်စင်ကြီး ဗလသိဒ္ဓိသိနေသည့်အတွက် အံ့အားသင့်သွားခဲ့ရသည်။ ဦးတိုက်မောင်းမှအပ မြတ်လေးနှင့် ကြက်သီးတို့သည်လည်း အံ့အားသင့်သွားခဲ့ကြရသည်။

"ကဲ. . ကဲ၊ လာကြ. . လာကြ. . မာလရေ. . သူတို့ကိုခေါ်လာခဲ့ပါကွယ်. ."

ဗလသိဒ္ဓိက ကျွန်းကြီးထဲကို ဝင်သွားခဲ့သည်။ ဦးမာလက. . သူတို့ကို ဦးဆောင်ကာ ပြီး နောက်မှလိုက်သွားခဲ့ကြလေသည်။ ကျော်စွာတို့သည် အလင်းရောင်ထွက်နေသော သစ်ပင်ကြီးများကို သေချာစွာကြည့်မိကြသည်။ သစ်ခေါက်များမှ ထွက်ပေါ်နေကြသော အလင်းရောင်များပင်ဖြစ်ကြသည်။ သို့သော်. . အလင်းရောင်များသည် တစ်ချက်တစ်ချက်မှာ မဆိုစလောက်မှိန်သွားသည်။ ထို့နောက်. . ပြန်ပြီး လင်းလာပြန်လေ၏။

[တစ်ချို့ ပင်လယ်သွားသင်္ဘောကြီးများသည် ညဘက်တွင်. . ပင်လယ်ပြင်မှ ဖြတ်သန်းသွားကြစဉ်. . မီးထိန်ထိန်လင်းနေသော ကျွန်းတစ်ခုခုကို တွေ့မြင်ခဲ့ကြရကြောင်း ဝန်ခံကြသည်။ ရေးမှတ်ထားသော မှတ်တမ်းများထဲမှာ. . ဖတ်ရှုကြရသည်။ မုန်တိုင်းမိ၍ မသေမပျောက်ကြပဲ ကံအားလျော်စွာ. . ကျွန်းတစ်ကျွန်းမှာ သောင်တင်ကြသည်ရာ ညအချိန်သို့ရောက်သောအခါ. . သစ်ပင်ကြီးများ၏ ပင်စည်၊

www.burmeseclassic.com

www.burmeseclassic.com



အကိုင်း၊ အခက်များမှ. . မီးစုန်းရောင်လင်းကာ တောက်ပနေကြသည်ဟု ဆိုကြသည်။]

အာယုဒီပကျွန်းကြီးသည် တောက်လျှောက်မြေပြင်ညီမဟုတ်ပဲ. . ကုန်းမော့မော့လေးအတိုင်း တက်သွားခဲ့ကြရသည်။ အလင်းရောင်များအောက် ခပ်လှမ်းလှမ်းမှာ. . မသဲမကွဲ လူရိပ်သဏ္ဌာန်များ သွားလာလျက်ရှိနေကြသည်။ အနားသို့ ရောက်သောအခါ. . ထိုသူများကို မတွေ့ကြရတော့ပေ။ ညကာလကြောင့်. . မြူရိပ်သဏ္ဌာန်များ လွန့်လူးနေကြသည်ကို ထင်ယောင်ထင်မှားဖြစ်နေမိကြသလားဟုပင်. . တွေးမိကြရသည်။

ဦးတိုက်မောင်းသည် ဤကျွန်းကြီးပေါ်ကို တစ်ကြိမ်ရောက်ဖူးခဲ့သော်လည်း ယခုရောက်နေသော နေရာသည် ယခင်နေရာမဟုတ်ပေ။ ကျွန်းကြီး၏ တစ်ခြားအစိတ်အပိုင်းတစ်ခုဖြစ်နေသည်။

သို့သော်. . မိမိ၏အတွေးမပြတ်မီ. . ထူးခြားချက်တစ်ခုကို မမျှော်လင့်ပဲ တွေ့လာခဲ့ရလေသည်။ ယင်းကား. . စေတီတော်တစ်ဆူကို ဖူးမြင်လိုက်ရသောကြောင့်ပင်တည်း။ ထိုစေတီတော်သည် သူ. . မျက်ကန်းဘဝဖြင့် ပုတီးစိတ်ဖူးခဲ့သော. . စေတီဖြစ်နေသောကြောင့်ပင်၊ စေတီတော်၏ ပတ်ဝန်းကျင်မှာ ယခင်ကနှင့်မတူပဲ ပြောင်းလဲနေသည်က ထူးခြားလှသည်။



ရှေ့မှာသွားနေသော သူတော်စင်ကြီးဗလသိဒ္ဓိသည် ခြေလှမ်းများကို ရပ်တံ့လိုက်သည်။

"ကြုံတောင့်ကြုံခဲ. . စေတီတော်ကို ဖူးကြကွယ်၊ ဒီစေတီတော်ရဲ့ ဘွဲ့အမည်က အာယုစိတ္တကမ္မစေတီ' တဲ့. ."

ထို့ကြောင့် စေတီတော်ကြီးဆီကို သွားရောက်ဖူးမြင်ကြသည်။ ထူးထူးခြားခြား. . ရေအိုးများထဲမှာ ပန်းများ၊ အမွှေးတိုင်များ၊ ဖယောင်းတိုင်များ၊ သောက်တော်ရေအိုးများကို တွေ့လိုက်ကြရသည်။ မိမိတို့ စေတီတော်မြတ်ကို ပူဇော်နိုင်ဖို့ တမင်ထားထားသလိုပင်. . ထို့ကြောင့် ဦးမာလက အစအားလုံး. . စေတီတော်မြတ်ကို ပန်း၊ ဆီမီး၊ အမွှေးနံ့သာ၊ သောက်တော်ရေချမ်းများဖြင့် ပူဇော်ကန်တော့ကြသည်။ ဦးမာလက. . လက်ထဲသို့ ပုတီးတစ်ကုံးစီ ထည့်ပေးသည်။ အရဟံဂုဏ်တော်ကိုသာ စိတ်ခိုင်း၍ အေးငြိမ်းချမ်းသာစွာ စိပ်ကြရလေသည်။ ပုတီးကို ပတ်စိတ်ပြီးကြ၍ ဦးမာလကပင် ဦးဆောင်ပြီး သူတော်စင်ကြီး ဗလသိဒ္ဓိဆီသို့ ခေါ်သွားခဲ့သည်။

ကြီးမားသော ကျောက်ဂူကြီးတစ်လုံးပင်ဖြစ်သည်။ ဦးတိုက်မောင်းသည် သူ. . ယခင်က တစ်ခေါက်ရောက်ဖူးခဲ့သော. . ကျောက်ဂူကြီးနှင့် မတူကြောင်း သတိထားမိလိုက်သည်။

○ ○ ○

www.burmeseclassic.com



ကျယ်ဝန်းသော ဂူကြီးထဲမှာ. . သူတော်စင်ကြီး ဗလသိဒ္ဓိက ထိုင်လျက်ရှိသည်။ သူနှင့် ခပ်လှမ်းလှမ်းမှာ ကျောက်ရေပ်ဆုံကြီးတစ်ခုနှင့် ရေပ်ကျည်ပွေ့တို့ကို တွေ့လိုက်ကြရသည်။ ကျောက်ပြားကြီးတစ်ချပ်ကိုလည်း တွေ့လိုက်ကြ သည်။ ဆေးကြိတ်သည့် ပစ္စည်းများပင်ဖြစ်ကြသည်။

သူတော်စင်ကြီးဗလသိဒ္ဓိ၏ ရှေ့မှာ ရှိသေလေးစားစွာ ဖြင့်ထိုင်လိုက်ကြသည်။ ဗလသိဒ္ဓိက မည်သည့် စကားကိုမှမဆို တိတ်ဆိတ်စွာထိုင်နေသည်။ ဦးမာလသည် ငှက်ပျောသီးတစ်ဖီး နှင့်အုန်းသီးစိတ်၊ ထန်းလျက်ခဲပုလင်းတို့ကို ချပေးသည်။ ရေတစ်အိုးချပေးသည်။ ဆာလောင်မွတ်သိပ်နေကြပြီဖြစ်၍ စားသောက်ကြသော်လည်း ငှက်ပျောသီးတစ်လုံး၊ အုန်းသီး တစ်စိတ်၊ ထန်းလျက်တစ်ခဲ၊ ရေတစ်ခွက်နှင့် ဝမ်းဝသွားခဲ့ကြသည်

ထိုစဉ်. .

ကျောက်ဂူကြီး၏အတွင်းဘက်မှ စကားပြောသံလိုလို ရယ်မောသံလိုလိုများ ထွက်ပေါ်လာသည်။ မသဲမကွဲကြားလိုက် ကြရသည်။ ဗလသိဒ္ဓိက. . အတွင်းဘက်ကိုလှမ်းပြီး ကြည့်လိုက် ရာ. . ထိုအသံများ တိတ်ဆိတ်သွားခဲ့ကြလေသည်။

"ကဲ. . ကဲ၊ မင်းတို့ကို ငါမှာချင်တယ်. . ဘာဖြစ်ဖြစ် လည်းဆိုတော့. . မင်းတို့ဟာ. . ဒီကျွန်းပေါ်မှာ ခုဏပဲတည် ခွင့်ရကြမှာမို့ပဲ. . "





အားလုံးသည် တစ်ဖက်ကို အာရုံဝင်စားနေကြရာမှ ဗလသိဒ္ဓိဆီကို စိတ်အသီးသီးက ပြန်ရောက်လာခဲ့ကြသည်။

"မာယာကျွန်းမှာ ဖြစ်ပျက်ခဲ့တဲ့ ကိစ္စတွေကို မင်းတို့ မေ့ဖျောက်လို့မရကြဘူးဆိုတာ ငါသိတယ်၊ ပင်လယ်ဓါးပြ တစ္ဆေကြီးသိဒ္ဓိဟာ မင်းတို့ကို ရတနာပစ္စည်းတွေ ပေးအပ်ခဲ့တယ် အဲ့ဒီပစ္စည်းတွေဟာ နှစ်ပေါင်းရာချီပြီးကြာခဲ့ပြီ၊ ပိုင်ရှင်မဲ့တွေ ဖြစ်သွားကြပြီ၊ ဒါပေမယ့် ဒီပစ္စည်းတွေကြောင့် လောကီဘုံ သားငမိုက်သားတွေဟာ သေကြေကြရ၊ မိုက်မဲကြနဲ့. . ကိုယ် ကျိုးနည်းကြရတယ်. .

မတရားလောဘနဲ့ အတ္တစွဲပြီး သေလွန်ကြသည့်တိုင် အယူမှားကြ၊ မကျွတ်မလွတ်ဘဝနဲ့ ပေတ (ပြိတ္တာ)လို့, အဖြစ် ဆိုးမှာနေကြရတယ်၊ ကိုယ်မပိုင်ကြတဲ့အသက်၊ ပစ္စည်းကို တွယ်တာကြရင် ဒီလိုဘဝမျိုးကို ရောက်ကြရမှာပဲ၊ အဲ့ဒီတော့ တစ်ချိန်က ပိုင်ရှင်ရှိဖူးခဲ့တဲ့ ဒီပစ္စည်းတွေကို တစ်ချို့ထုခွဲရောင်းချ သွားလေသူတွေအတွက် အလှူအတန်းလုပ်ပေး၊ ကျောင်းကန် ဘုရား၊ ဇရပ်တွေဆောက်တည်ကြ၊ အမျိုးဘာသာ၊ သာသနာ အတွက် သန့်ရှင်းစွာ အသုံးပြုကြ၊ ကြားလား မောင်တိုက်မောင်"

"ဟုတ်ကဲ့၊ ကျွန်တော်. . အဘမှာတဲ့အတိုင်း အားလုံး ဆောင်ရွက်ပါ့မယ်. . "

"မင်းကတော့ ဒီကျွန်းမှာနေချင်တဲ့ ဆန္ဒရှိနေတယ်၊



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် အချိန်မတန်သေးဘူး. . မင်းရဲ့အရပ်ဒေသမှာ သူတော်ကောင်းတရားတွေကို ကောင်းစွာကျင့်ကြံအားထုတ်ပေဦး၊ နောက်တစ်ချက်က မင်းဟာ ကိုယ့်နေရာဒေသကို ကောင်းစွာရောက်ခဲ့ပြီးသကာလ လူတွေက အပြစ်ကင်းသူ တစ်ဦးအနေနဲ့ လက်ခံကြလိမ့်မယ်၊ ရပ်ရွာနဲ့ အကြီးအမှူးအဖြစ် တင်မြှောက်ကြလိမ့်မယ်၊ အမျိုးဘာသာ၊ သာသနာကို မင်း ကာကွယ်စောင့်ရှောက်ရလိမ့်မယ်. .

နောက်တစ်ချက်က မိစ္ဆာတွေကြီးစိုးနေတဲ့ ကိုယ့်ရေမြေ တောတောင်ကို ကာကွယ်ဖို့ ဒီ မိစ္ဆာကောင်တွေကို မောင်းထုတ်ဖို့တာဝန်တွေ. . မင်းတို့အားလုံးမှာ. . ကျန်ရှိနေကြသေးတယ်

တစ်ဖက်ကလည်း ဗုဒ္ဓဘာသနာကို စည်ပင်ပျံ့ပွားအောင်. . ဆောင်ရွက်ကြ၊ ကဲ. . ကဲ တခဏနားပြီးရင် ပြန်ဖို့အတွက် မာလဲ့က စီစဉ်ပေးလိုက်ပါ. . ”

ဗလသိဒ္ဓိသည် စကားကို အဆုံးသတ်လိုက်သည်။

ဦးတိုက်မောင်းတို့သည် သူတော်စင်ကြီး ဗလသိဒ္ဓိကို ရှိခိုးသွားကန်တော့ကြသည်။ ထို့နောက်. . အလိုက်သိစွာဖြင့် နေရာမှ ထွက်လာခဲ့ကြလေ၏။

သူတို့သဘော်ဆီကို ထွက်လာခဲ့ကြသောအချိန်တွင် ညဥ့်ကာလက မကုန်ဆုံးသေး၊ ညဥ့်အလင်းရောင်က ထွက်ပေါ်နေဆဲမင်၊ အာယုစိဏ္ဏကမ္မစေတီတော်ကြီးကို ရှုတ်ဆတ်





တန်တော့ကြပြီးမှ. . ဖေဇော်ဂျီသဘော်ကြီးရှိရာကို ဆင်းလာခဲ့ကြလေသည်။

○ ○ ○

ဖေဇော်ဂျီသဘော်ကြီး အာယုဒီပကျွန်းမှ. . စတင်ခြီး ထွက်ခွာလာစဉ်တွင် အားလုံး၏စိတ်ထဲမှာ လွမ်းဆွေးသလို ဝေဒနာများဖြစ်ပေါ်လာခဲ့ကြသည်။ ထိုကျွန်းပေါ်မှာ တခဏနေခဲ့ကြသူများသည် ငြိမ်းချမ်းမှုသုခကို ခံစားခဲ့ကြရသည်။ ဓာတရနေလိုကြသည့် ဆန္ဒမျိုးအားလုံးမှာရှိနေကြသော်လည်း သူတော်စင်ကြီးဗလသိဒ္ဓိက လက်မခံပါ။ မိမိတို့ကဲ့သို့သော လူသာမန်ပုထုဇဉ်လူသားများနေခွင့်မရကြသည့် သူတော်စင်တို့နေထိုင်ရာ အရပ်ပေမို့လား။ ထူးဆန်းစွာ တစ်နေရာတည်းမှာ ထီးတည်းတည်နေသော ကျွန်းကြီးသည် အလင်းရောင်များဖြင့် ထိန်လင်းနေသည်ကို ငေးကြည့်နေမိကြသည်။

ဖေဇော်ဂျီသဘော်ကြီး ခပ်ဝေးဝေးကို ရောက်သွားသောအခါ. . ကျွန်းကြီးကို မမြင်ကြရတော့၊ အလင်းရောင်များသည်လည်း တဖြည်းဖြည်းနှင့် မှေးမှိန်သွားသည်ကို အံ့အားသင့်ဘွယ်ရာမြင်တွေ့လိုက်ကြရသည်။

သူတို့သည် အိပ်စက်အနားယူရန် ဆန္ဒမရှိကြတော့၊ ဦးတိုက်မောင်းက ပဲ့ကိုင်ရဝ်း ဦးမာလနှင့် စကားပြောနေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကြွက်သီးသည် မီးစုန်းရောင်တောက်နေသော ပင်လယ်မြင်ကြီးကို . . ငေးကြည့်လျက်ရှိသည်။

ကျော်စွာနှင့် မြတ်လေးတို့မှာ သင်္ဘောဦးမှာရပ်ကာ အဝေးဆီကို လှမ်းပြီးကြည့်နေကြသည်။ ကျော်စွာက မြတ်လေး၏လက်ဖဝါးကို ဆုပ်ကိုင်ထားသည်။ မြတ်လေးက မရှုန်းဖယ် . .

"ဒီသင်္ဘောကြီးဟာ အခုဘယ်ကို သွားနေတာလဲ . . ကျော်စွာ . ."

"ငါတို့ရဲ့ နေရပ်ကိုပြန်ပို့ပေးပြီလေ၊ သူတော်စင်ကြီး ဗလသိဒ္ဓိပြောလိုက်တဲ့စကားထဲမှာ အဲ့ဒီအဓိပ္ပါယ်ပါတယ်လေ၊ ကိုယ့်နေရပ်ကို ကောင်းစွာရောက်ခဲ့ပြီးသကာလဆိုတာ နင်မရိပ်မိဘူးလား . . မြတ်လေး . ."

"အေး . . ဟုတ်တယ်နော်၊ ရွာကလူတွေက ငါတို့ကို နားလည်ကြဖို့ပဲလိုတယ်၊ ဒီလို မတရားမှုကို ငါတို့ပြန်ပြီး ဖြေရှင်းမှဖြစ်မှာ . ."

"တရားနတ်စောင့်ပါတယ် . . မြတ်လေးရယ်၊ ငါထင်တယ်လေ . . ရွာကိုရောက်သွားရင် . . ဆိုးဆိုးရွားရွားအဖြစ်တွေ မကြုံနိုင်တော့ဘူးလို့ . ."

"အေး . . ငါလည်း နင့်လိုပဲ ထင်တယ် . . ကျော်စွာ"

"ရွာကိုပြန်ရောက်ရင် . . ငါ . . နင့်ကို လက်ထပ်ပါရစေ မြတ်လေး . ."



"သွားပါ၊ နင့်လိုလူကြောက်တစ်ယောက်ကို ငါ . . လက်မထပ်နိုင်ပါဘူး . ."

"ဘာ . . ငါက လူကြောက် . . ဟုတ်လား၊ ငါ့စိတ်ဓါတ် ပြောင်းလဲသွားပါပြီဟာ၊ နင်လည်း လမ်းမှာ ငါ့ကို သဘော ပေါက်လောက်ပါပြီ မြတ်လေးရယ်"

"အေးပါဟယ်၊ နင် . . ငါ့အသက်ကို ရေဘဝဲကြီးရဲ့ ရန်ကကာယ်ခဲ့တာရယ်၊ ညဲသတ္တဝါကြီးရဲ့ တိုက်ခိုက်မှုကို ကာကွယ်ခဲ့တာတွေရယ်၊ ပြီးတော့ ဟို . . ဟိုပင်လယ်ဓါးပြကြီး သိဒ္ဓိနဲ့ သူ့လူတွေကိုရင်ဆိုင်တိုက်ခိုက်ခဲ့တာတွေဟာ . . နင့် အတွက် မှတ်ကျောက်တင်စရာတွေပဲပေါ့၊ နင်လူကြောက်တစ် ယောက်မဟုတ်တော့ပါဘူး . ."

"ဒါဆို . . နင် ငါ့ကို လက်ခံပြီပေါ့နော်"

"ကျော်စွာရယ်၊ ငါက ခေါင်းညိတ်ပြနေရဦးမှာလား ဟွန်း . ."

ကျော်စွာသည် မြတ်လေး၏ပခုံးကို ဖက်တွယ်ထား လိုက်လေရာ . .

"ဟိုမှာ . . ကြည့်နေတယ် . ."

ကျော်စွာက လက်ကိုဆတ်ကနဲဆို ဖယ်လိုက်သည်

"ဘယ်သူကြည့်နေတာလဲ . ."

"ဖေဖော်ဂျီလေး . ."

www.burmeseclassic.com

"ဪ . ."

သဘောဦးအမြင့်ပိုင်းနေရာမှ . . ဖေဇော်ဂျီရုပ်တု လေးသည် သူတို့ကို . . ပြုံးယောင်ယောင်မျက်နှာဖြင့် ကြည့်နေသယောင် . .

ဖေဇော်ဂျီသဘောကြီးသည် ညဥ့်အမှောင်မှာ . . တဟုန်ထိုးခရီးနှင်နေဆဲ၊ မကြာမီ လင်းလက်ရောင်ခြည်က သန်းလာခဲ့လေသည်။

ဝ ဝ ဝ

(၁၉)

## ဖေဇော်ဂျီရဲ့ လျှို့ဝှက်ချက်

အမှောင်ထုသည် တဖြည်းဖြည်းနှင့် ပြိုကွဲလာသည်။ မိုးသောက်အလင်းရောင်ရောက်လာခဲ့သော်လည်း မြူတွေက ရှုတ်တရက်ကျလာခဲ့ကြလေသည်။ ဖေဇော်ဂျီသဘောကြီးသည် မြူတွေကိုထိုးဖောက်တာ နေရာတစ်ခုဆီကို ဝင်ရောက်လာခဲ့သည်။ ဦးတိုက်မောင်းသည် ကျောက်စွာနှင့် မြတ်လေးတို့ဆီကို ပြေးလာခဲ့သည်။

"သဘောရပ်နားတော့မယ် ဟေ့ . ."

ထိုအခါကျမှ ဖေဇော်ဂျီသဘောကြီးနိဂုံးတက်ကာ ခရီး လမ်းဆုံးတော့မည်ကို သိသွားခဲ့ကြရသည်။ ကြက်သီးလည်း သူတို့ဆီကို ရောက်လာခဲ့ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဖေဇော်ဂျီရုပ်နားတော့မယ်တဲ့၊ မြူတွေကလ ရင်း ချတ်ချင်းလိုလို ဆိုင်းလာခဲ့တာပဲ၊ ဘယ်လမ်းကြောင်းကနေ ဘယ်ကိုဝင်မလို့လည်း မသိဘူး. . "

"အေး . ငါလည်း မင်းလိုပဲ စဉ်းစားနေတာ ကြယ်သီး"

မြူနှင်းကြားထဲမှာ တောက်လျှောက်ဝင်လာခဲ့ပြီးနောက် လှေထိုးသားတစ်ချို့သည် ရွက်များကို ချကြလေသည်။ မြင်ကွင်းသည် ဖြည်းဖြည်းနှင့် ပြန်ပြီး ကြည်လင်လာခဲ့သည်။ ဖေဇော်ဂျီသည် တောအုပ်ကြီးတစ်ခု၏ အလယ်ကိုဖြတ်ပြီး ဝင်နေကြောင်း တွေ့လိုက်ကြရသည်။ တစ်ခဏအတွင်းမှာ. . ဤလမ်းကြောင်းကို မှတ်မိလာခဲ့ကြသည်။

ကျောက်ပလ္လင်ဂူကြီးရှိရာဘက်ကို သွားနေခြင်းပင် တည်း။ ဤလျှို့ဝှက်လမ်းကြောင်းကြီးကို ဦးတိုက်မောင်းနှင့် ဦးမာလတို့မှအပ မည်သူမှ မသိကြပါ။

တစ်ခဏအကြာတွင်. . ဖေဇော်ဂျီသဘော်ကြီးသည် ကျောက်ပလ္လင်ဂူကြီး၏ နောက်ဖက်မှာ ကပ်ပြီး ငြိမ်သက်စွာပင် ရပ်လိုက်လေ၏။

"ကဲ. . လူလေးတို့၊ သံသေတ္တာတွေ ချပေးလိုက်ပါ ဦးကွယ်. . "

ဦးမာလနှင့် ဦးတိုက်မောင်းတို့သည် ဖေဇော်ဂျီသဘော် ကြီးပေါ်မှ အရင်ဆင်းသွားခဲ့ကြသည်။ ကျော်စွာတို့က နောက်မှ



လိုက်ပြီးတော့ ဆင်းကြသည်။

ကျောက်ပလ္လင်ဂူကြီးဆီကို ဦးတည်ကာ လျှောက်သွား ခဲ့ကြသည်။ ဂူအနောက်ဖက်တစ်နေရာတွင် ချုံများက မိတ်ဆိုး လျက်ရှိနေကြသည်။

ကျော်စွာ၊ ကြက်သီးနှင့် မြတ်လေးတို့က ဓါးများဖြင့် ရှင်းလင်းပေးကြသည်။ လမ်းရှင်းသွား၍ ဝင်သွားကြသည်။ ကျောက်ပလ္လင်ဂူ၏ အနောက်ဖက်နံရံတစ်နေရာဆီသို့ ရောက်ကြသော်. . ဦးတိုက်မောင်းက နံရံမှ စူထွက်နေသော ဘုလုံးလေးတစ်ခုကို လက်ဖြင့်နှိပ်လိုက်လေရာ ကျောက်ပြား တစ်ချပ်သည် ဘေးတိုက်ရွေ့လျားသွားခဲ့သည်။ လူတစ်ယောက် ဝင်သာသော အပေါက်တစ်ပေါက် ပေါ်လာခဲ့သည်။

ဦးမာလနှင့် ဦးတိုက်မောင်းတို့က ဦးဆောင်ပြီး ဂူထဲကို ဝင်သွားခဲ့ကြသည်။

[ကျောက်ပလ္လင်ဂူကြီးသည် လျှို့ဝှက်ဂူ၊ လျှို့ဝှက်တံခါး၊ လျှို့ဝှက်လိုဏ်လမ်းကြောင်းများစွာ ရှိနေသည်ကို ယခုမှသိကြ ရ၍ ကျော်စွာတို့ အံ့အားသင့်မိကြရလေသည်]

ဂူကအထဲမှာ. . ပေနှစ်ဆယ်ပတ်လည်ခန့် ကျယ်ဝန်း လှသည်။ မရှေးမနှောင်းမီမှာပင်. . လှေထိုးသားငါးဦးသည် သံသေတ္တာတစ်လုံးစီကို ထမ်းကာဝင်လာခဲ့ကြသည်။ ဦးမာလ လက်ညှိုးထိုးပြသောနေရာတွင်ထားပြီး ပြန်ထွက်[illegible]ခဲ့ကြ[illegible]

www.burmeseclassic.com

www.burmeseclassic.com



သည်။ သူတို့၏ကိုယ်မှ ချွေးနံ့မရကြ၊ ထူးခြားသော အမွှေးနံ့ တစ်မျိုးတို့သာ ရကြလေသည်။

"တဲ့. . ငါတို့က ဒီသေတ္တာတွေကို ဒီအထဲမှာ သိမ်းထားမယ်. . နောက်တော့မှ. . အဘ. . ဗလသိဒ္ဓိမှာတဲ့အတိုင်း စီစဉ်ကြရမယ်. . ဓာုလားဖြူတွေဟာ. . ငါတို့ကို သက်ာမကင်းဖြစ်နေကြတာ၊ ဒီပစ္စည်းတွေနဲ့ ငါတို့ကိုသာအတူတွေ့သွားကြရင် ဘယ်လိုမှ ရှင်းလို့ရမှာ မဟုတ်ဘူး. . ပြီးတော့ ဒီနေရာကို ဘယ်သူမှ မသိစေရဘူး၊ ကိုယ့်တစ်ယောက်တည်းလည်း မလာကြရဘူး၊ ငါက အစပေါ့ကွာ. ."

"ကျွန်တော် ကတိပေးပါတယ်. ."

"ကျွန်တော်လည်း ကတိပေးပါတယ်"

"သမီး. . စကားကို နားထောင်ပါ့မယ်"

"အေး. . ကောင်းပြီ၊ တို့အားလုံးဟာ ရှင်ဖော်ရှင်ဖက်၊ သေဖော်သေဖက်တွေပဲ. . အားလုံးကိုယုံကြည်တယ်၊ ကဲ. . အပြင်ကိုထွက်ကြမယ်. ."

ဂူပေါက်ဝက ကျဉ်းသည်။ အပြင်ကိုတစ်ယောက်စီ ထွက်ကြရသည်။ နောက်ဆုံးမှ ထွက်သော ဦးတိုက်မောင်းသည် သူ့အိမ်ထဲမှ ပစ္စည်းလေးတစ်ခုကို ယူကာ သံသေတ္တာတစ်လုံးပေါ်မှာ တင်လိုက်သည်။ ပုလင်းလေးတစ်လုံး၊ ဇော်ဂျီဦးထုပ်ဒွိစုံ ရေမွှေးစိမ်ထားသော ပုလင်းလေးပင်ဖြစ်သည်။



ဇော်ဂျီဦးထုပ်သည် ရတနာပစ္စည်းများကို ကာကွယ်စောင့်ရှောက်လိမ့်မည်ဟု ယုံကြည်ထားမိသည်။ ဦးမာလက ဘူလေးကို ပြန်ပြီးနှိပ်လိုက်သည်။ ဂူတံခါးတ အလိုလိုပြန်ပိတ်သွားခဲ့လေသည်။

သူတို့အားလုံး. . ဖေဇော်ဂျီသဘော်ကြီးဆီကို ပြန်ရောက်သွားခဲ့ကြသည်။

"ကဲ. . မောင်တိုက်မောင်းတို့ ရွာကိုအေးအေးဆေးဆေးပြန်ကြပေတော့. . မင်းတို့ကို ရွာကနွေးထွေးစွာနဲ့ ကြိုနေကြမှာပါ"

"ကျွန်တော်တို့ကို ခွင့်ပြုပါဦး ခင်ဗျာ. ."

ဦးမာလကို တစ်ယောက်စီနှုတ်ဆက်ကြသည်။ ဦးမာလက. .

"လူကြောက်ကလေး မောင်ကျော်စွာ"

"ခင်ဗျာ. . ဦးရှိ"

"မင်းကို မောင်တိုက်မောင်းက သောက်ခိုင်းတဲ့ဆေးလုံးလေးတွေရဲ့ အရသာက ဘယ်လိုရှိသလဲ"

"ရေညှိနံ့နဲ့ ရေညှိအရသာကို ရပါတယ် ခင်ဗျာ"

"အဲ့ဒီအရသာပဲရမှာပေါ့ကွာ၊ မင်းကို ဦးတိုက်မောင်းတာ ရေတွင်းနံရံက ရေညှိတွေကို လုံးပြီးပေးလိုက်တာတိုး၊ တကယ်တော့. . မကြောက်ဆေးဆိုတာ မရှိပါဘူး၊ ဇော်စင်လို့

www.burmeseclassic.com



လည်း မရှုပါဘူး . .

ကြောက်တာလည်း စိတ်ပါပဲ၊ မကြောက်တာလည်း စိတ်ပါပဲ လူလေး၊ ကိုယ်တစ်ကယ်ကြောက်ရမှာက . . မကောင်းမှုပဲကွ၊ မကောင်းမှုမှန်သမျှ ဘာမှမလုပ်ကြနဲ့ . . ဒါ အရေးအကြီးဆုံးပဲ . . "

"ကျွန်တော် သဘောပေါက်ပါပြီ ခင်ဗျာ၊ မကြောက်ဆေးဆိုတာ ကိုယ့်ထဲမှာပဲ ရှိပါတယ်ဆိုတာ နားလည်ပါပြီ"

ဦးမာလကို ထပ်မံ၍ နှုတ်ဆက်ပြီး ထွက်လာခဲ့ကြသည်။ ဦးမာလနှင့် ဖေဇော်ဂျီသဘော်ကြီးသည် တဖြည်းဖြည်း ဝေး၍ ဝေး၍ ကျန်ရစ်ခဲ့ကြသည်။

သူတို့သည် နောင်အခါ ဖေဇော်ဂျီသဘော်ကြီးကိုသော်လည်းကောင်း၊ ဦးမာလကို သော်လည်းကောင်း၊ ဘယ်သောအခါမှ ပြန်လည်၍ မတွေ့ကြရတော့ချေ။

○ ○ ○

လူတစ်စုသည် ဈေးမှာရပ်၍စောင့်နေကြသည်။ ရွှေကျော်ကြီးရွာသားများပင်။

"ဟာ . . ဟော ဟိုမှာ လာနေကြတာ ဦးတိုက်မောင်းတို့မဟုတ်လား . . "

"ဟုတ်တယ် . . ဟုတ်တယ်၊ ဦးတိုက်မောင်းတို့ပဲ . .



ကျော်စွာ၊ မြတ်လေးနဲ့ ကြွက်သီးတို့လည်း ပါတယ်"

ကျော်စွာတို့သည် ထိုသူများကို မြင်လိုက်ရသောအခါ ရင်ထဲမှာ ထင့်သွားခဲ့ကြလေသည်။

"ဦးရှိန် . . ဟိုမှာ ကျွန်တော်တို့ ရွာသားတွေ . . "

ကျော်စွာက ခေါင်းကိုဆွဲထုတ်လိုက်သည်။ မြတ်လေး၊ ကြွက်သီးတို့လည်း ထို့အတူ၊ ခါးရှိုးဆီကို လျှောက်တာရောက်သွားခဲ့ကြသည်။

"ဟော့ . . မင်းတို့ အသာနေကြ၊ ဒီလူတွေဟာ ငါတို့ကို ရန်ရှာမလို့မဟုတ်ဘူး . . ငါသိတယ်"

ဦးတိုက်မောင်းက တားဆီးလိုက်သည်။ ရွာသားများသည် ဦးတိုက်မောင်းတို့ဆီကို ချက်ချင်းလိုလိုပင်ရောက်ခဲ့ကြသည်။

"ကျွန်တော်တို့က ဦးတိုက်မောင်းတို့ကို ထွက်စောင့်နေကြတာဗျာ၊ အဝတ်အစားနီနီ၊ မုတ်ဆိတ်မွေးရှည်ရှည်နဲ့လူကြီးတစ်ယောက်ကလာပြောတယ်၊ ဒီနေ့မနက်ရောက်လာကြမယ်ဆိုလို့ . . လာကြိုနေကြတာ . . "

"မုတ်ဆိတ်မွေးရှည်ရှည်၊ အဝတ်အစားနီနီနဲ့ ဟုတ်လား"

"ဟုတ်ပါ့ဗျာ . . သူတော်စင်ကြီးတစ်ဦးနဲ့ တူပါတယ်ဗျာ၊ ဦးတိုက်မောင်းက လူကြုံပါးလိုက်တယ်တဲ့ . . "

"အင်း . . ဆိုပါတော့လေ၊ အခု . . ကျုပ်တို့ရောက်လာကြပြီ၊ ခင်ဗျားတို့က ဖမ်းကြမလို့လား . . "

www.burmeseclassic.com

www.burmeseclassic.com



"မ. . မတော့တပါဘူးဗျာ၊ ဦးတိုက်မောင်းတို့ ရွာကနေ ထွက်သွားကြတာ တစ်နှစ်ရှိခဲ့ပြီ၊ သည်တစ်နှစ်အတွင်းမှာ သူကြီး ဦးဘဦးရဲ့ နောက်ကြောင်းတွေက ပေါ်လာတယ်ဗျာ၊ သူဟာ သူကြီးရာထူးကို အလွဲသုံးစားလုပ်ပြီး ဓါးပြတိုက်၊ လူသတ်၊ ကိုယ့်လူကိုယ်ပြန်သတ်လုပ်နေတာ. . ဖူးပေါ်သလိုပေါ်လာခဲ့တယ်လေ၊ သေသွားတဲ့လူအကြောင်း မကောင်းမပြောချင်ပါဘူးလေ၊ သူက ဦးတိုက်မောင်းတို့ တစ်ဖွဲ့လုံးကို မတရားချောက်တွန်းခဲ့တာ လူတိုင်းလည်း သိကုန်ပြီလေ၊ သူ့သားဘထောင်နဲ့ ကမားလည်း သေပြီ. ."

"ကဲပါလေ. . ဦးတိုက်မောင်းတို့က ပင်ပန်းလာခဲ့ကြတယ်၊ လမ်းခွက်လပ်ကြီးမှာ ရွာကျမှ အေးအေးဆေးဆေး စကားပြောကြတာပေါ့. ."

ရွာသားတစ်ယောက်က ဝင်ပြောသည်။ ထို့ကြောင့် ရွာဘက်ဆီကို ထွက်သွားခဲ့ကြလေ၏။ မိမိတို့ရွာမှ ထွက်လာခဲ့ကြသည်မှာ ဆယ့်ငါးရက်ထက်မကြာသေးဟု ထင်မိကြသည်။ ယခု တစ်နှစ်ကြာခဲ့ပြီဟု သိလိုက်ကြရသောအခါ မည်သို့မှ နားမလည်နိုင်အောင်ပင် ဖြစ်သွားခဲ့ကြရသည်။ ထူးခြားဆန်းကြယ်လှသည်တကား။

○ ○ ○



ရွှေကျော်ကြီး ရွာသားများအားလုံး ဦးတိုက်မောင်းတို့အား. . တောင်းပန်ပွဲလုပ်ကြသည်။ တစ်ဖက်သတ် အထင်မှားခဲ့ကြ၍ နစ်နာခဲ့ကြသောကြောင့် ခွင့်လွှတ်ပေးကြပါရန် နားလည်ပေးကြပါရန် ဝန်ချတောင်းပန်ပွဲ၊ ဦးတိုက်မောင်းကလည်း ကြေအေးပါသည့်အကြောင်း ပြေရာပြေကြောင်း ပြောသည်။ ရွာသူရွာသားများကလည်း ဝမ်းသာသွားခဲ့ကြလေသည်။ လအနည်းငယ်အတွင်းမှာပင် ဦးတိုက်မောင်းကို ခြောက်ရွာသူကြီးအဖြစ် ခန့်အပ်လိုက်ကြသည်။

ကျော်စွာနေထိုင်ခဲ့သည့် ခြံကြီးကိုလည်း ရွာသူရွာသားများက မေတ္တာဖြင့် ရှင်းလင်းပေးခဲ့ပြီးဖြစ်သည်။

ကျောက်ပလ္လင်တောကြီးသည် လူတွေချဉ်းကပ်လျှင် ခါတိုင်းထက်ပိုပြီး အနှောင့်အယှက်ပေးတတ်ကြောင်း သတင်းများက ထွက်ပေါ်လာခဲ့ကြပြန်သည်။

ဦးတိုက်မောင်းတို့သားအဖ၊ ကျော်စွာ၊ ကြက်သီးတို့သည် လယ်၊ ယာ၊ ကိုင်း၊ ကျွန်းအလုပ်များကို ချဲ့ထွင်ကာ စုပေါင်းလုပ်ကိုင်ကြရင်း စီးပွားတက်လာခဲ့ကြသည်။ [သို့သော် ကျောက်ပလ္လင်ဘောဂကြီးထဲမှ ရတနာပစ္စည်းများသည် သူတို့ကို များစွာ အထောက်အကူပြုခဲ့ကြသည်]

ရွာမှ အလှူကြီးပေးကြသည်။ ကျောင်းကန်ဇရပ်များကို ဆောက်လုပ်လှူဒါန်းကြသည်။ ရေစက်ချ၊ အမျှပေးဝေရာတွင်

www.burmeseclassic.com

www.burmeseclassic.com



အာလုဒီပကျွန်းမှ သူတော်စင်ကြီး ဗလာသိဒ္ဓိ မိန့်မှာချက်များကို အထူးစရှမ္မပြုကြရသည်။ အလေးအနက်ထားကြရသည်။

အထူးသဖြင့် ရတနာပစ္စည်းများနှင့် သက်ဆိုင်ခဲ့ကြသူများကိုသော်လည်းကောင်း၊ ပင်လယ်ဓါးပြတစ္ဆေကြီးဘွဲ့ခံ ဦးသိဒ္ဓိကိုသော်လည်းကောင်း၊ အလေးထားကာ မေတ္တာပို့အမျှဝေကြရသည်။

တစ္ဆေကြီးသိဒ္ဓိသည် လူလား၊ ပေတဘုံသားလား၊ ပရလောကသားလားဆိုသည်ကို ကျော်စွာခွဲခြားမရ၊ တွေဝေလွဲမှားစွာ. . အယူလွဲနေဆဲ၊ ပင်လယ်ဓါးပြကြီးသိဒ္ဓိသည် သူတို့ကို ထူးခြားဆန်းကြယ်မှုများဖြင့် လှည့်စားခဲ့သည်။ ပဟေဠိများပေးခဲ့သည်။ မိမိတို့အတွက် အသက်စွန့်သွားခဲ့သူ တစ်ဦးပင် မဟုတ်ပါလား. .

မိမိတို့ဝေမျှသော ကုသိုလ်ကောင်းမှုတွေကို ရကြ၍ တမလွန်ဘဝတွင် သာမုခေါ်နိုင်ကြပါစေ၊ ကောင်းရာမွန်ရာကို ရောက်သွားကြပါစေဟု ဆုတောင်းမိကြသည်။ ထိုသို့ ကုသိုလ်မှုကို ပြုရာတွင် ကျော်စွာသည် မိခင်ကြီးကိုလည်း မမေ့လျော့ပါပေ။

ကြက်သီးသည် ကျော်စွာ၏ သစ္စာရှိသော သူငယ်ချင်းကောင်းတစ်ယောက်ဖြစ်လာခဲ့လေသည်။

၀ ၀ ၀



တစ်ရက်တွင်. .

ကျော်စွာသည် ဖေဇော်ဂျီသဘောင်ကြီးကို အိပ်မက်မက်သည်။ သဘောင်ကြီးပေါ်မှာ လိုက်ပါပြီး ခရီးထွက်သည်။ သဘောင်ပေါ်မှာ ဦးတိုက်မောင်း၊ မြတ်လေး၊ ကြက်သီးတို့လည်း အတူပါလာခဲ့ကြသည်။ အထင်ကရ အိပ်မက်ကို မြင်မက်ပြီးမှ လန့်နိုးသွားခဲ့ရလေသည်။

ထို့ကြောင့်. .

ဖေဇော်ဂျီသဘောင်ကြီးရှိရာကို သွားလိုသောဆန္ဒဖြစ်ပေါ်လာခဲ့သည်။ မြတ်လေးကို ပြောပြမိသည်။ မြတ်လေးမှတစ်ဆင့် ဦးတိုက်မောင်းကို ပြောပြခဲ့သည်။

"ဖေဇော်ဂျီသဘောင်ကြီးဟာ. . ကျောက်ပလ္လင်ဂူမှာ မရှိတော့ပါဘူး၊ ထွက်သွားခဲ့ပါပြီ. . ငါတို့ရောက်သွားတိုင်းတွေ့ခဲ့လို့လား. . "

"ဒါပေမဲ့ ကျွန်တော် သွားကြည့်ချင်သေးတယ်။ နောက်တစ်ခေါက်များ ပြန်လာသေးသလားလို့ပါ. . "

"ဟုတ်တယ်. . သမီးလည်း သွားကြည့်ချင်တယ်"

"အေးလေ၊ ဆန္ဒပြင်းပျနေကြရင်လည်း သွားကြတာပေါ့။ ကြက်သီးကိုလည်း ခေါ်သွားမယ်၊ ကျောက်ပလ္လင်ဂူထဲက ဟိုပစ္စည်းတွေနဲ့ပတ်သက်ပြီး တိုချည်းပဲသွားခဲ့ရင် ကြက်သီးက အထင်လွဲနိုင်တယ်. . "

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ်. .

ကြက်သီးလည်း ရောက်လာ၍. .

"ကျွန်တော်. . ဦးရီးတို့ကို မပစ်မှားပါဘူး ခင်ဗျာ၊ ယုံကြည်ပြီးသားပါ. . ကျွန်တော်လည်း ဖေဖော်ရီသဘော်ကြီးကို. . အိပ်မက်မက်တဲ့အကြောင်း လာပြောတာပါ၊ တိုက်ဆိုင်မှုတော့ဖြစ်နေပြီ. . "

"ကဲ. . ဒါဆိုရင်လည်း တို့ မနက်ဖြန်ကျရင် သွားကြတာပေါ့ကွာ. . "

နောက်တစ်နေ့ နံနက်တွင် သူတို့လေးယောက်သည် ရွာပြင်တစ်နေရာမှာ တစ်ယောက်ဆီဆုံကြပြီး ကျောက်ပလ္လင်တောကြီးဆီကို ထွက်လာခဲ့ကြလေသည်။

ကျောက်ပလ္လင်တောကြီးဆီကိုရောက်သော် လျှို့ဝှက်မှတ်သားထားသော လမ်းတစ်ခုမှနေ၍ ဂူအနောက်ဖက်ကို ထွက်လာခဲ့ကြလေသည်။ ပတ်ဝန်းကျင်အရိပ်အခြေအနေကိုလည်း ကြည့်ရသေးသည်။ မကြာမီ. . တောအလယ်ကို ဖြတ်ကာ. . စီးဆင်းနေသော ချောင်းကြီးဆီကို ရောက်လာခဲ့ကြလေသည်။

ထိုနေရာတွင် မျှော်လင့်ထားသည့်အတိုင်း ဖေဖော်ရီသဘော်ကြီးကို မတွေ့ကြရပါ။ စိတ်ပျက်သွားမိကြသည်။

သို့သော်. .



မြတ်လေးသည် ချောင်းစပ်မှာ တွေ့လိုက်ရသော အရာတစ်ခုကြောင့်. .

"ဒီမှာ လာကြည့်ကြပါဦး. . "

မြတ်လေးကခေါ်လိုက်၍ ထိုနေရာကို အားလုံးရောက်သွားခဲ့ကြသည်။ သူတို့တွေ့လိုက်ကြရသည်ကား. . နှစ်ပေသာသာအရွယ်ရှိ သဘော်လေးတစ်စီးပင်၊ သဘော်ကို သစ်ပြေးသားဖြင့်. . ဆောက်လုပ်ထားသည်။ သဘော်ဦးမှာ. ရွှေချထားသော ဖေဖော်ရီရုပ်လေးရှိသည်။ ရွက်တိုင်သုံးတိုင်ပါသည်။ ရွက်နီနီလေးတွေကို လိပ်ထားသည်။ ပွဲစင်၊ ပေါင်းမိုးအိမ်. . အစရှိသည်တို့သည် ဖေဖော်ရီသဘော်ကြီးနှင့်အားလုံး တစ်ထေရာတည်းတူနေကြသည်။ သဘော်လေးသည် ကျောက်ဆောင်နှစ်ခုကြားမှာ တင်နေသည်။ ရေလှိုင်းအထတွင် တလှုပ်လှုပ်နှင့်ရှိနေသည်။

"မောင်ဇကျော်စွာ. . မင်းဆင်းပြီး ဆယ်စမ်းကွယ်. . "

ကျော်စွာက ကျောက်တုံးနှစ်ခုကြားထဲ ဆင်းပြီးဆယ်သည်။ ကြက်သီးက ကျောက်တုံးပေါ်မှ လှမ်းယူလေသည်။ ထို့နောက်. . ဦးတိုက်မောင်း၏ လက်ထဲသို့ ထည့်ပေးလိုက်သည်။

ထို့နောက်. . အရိပ်ကောင်းစွာရသော သစ်ပင်ကြီးတစ်ပင်အောက်တွင်. . ဖေဖော်ရီသဘော်ရုပ်လေးကို သေချာ

www.burmeseclassic.com

www.burmeseclassic.com



စွာစစ်ဆေးကြည့်ကြသည်။ လက်အလှုပ်တွင် ဂလောက်. . ဂလောက်နှင့် မြည်သံများက ထွက်ပေါ်လာကြသည်။ ပေါင်းမိုးအိမ်တံခါးလေးကို ဖွင့်၍ရသောကြောင့် ဖွင့်ကြည့်လိုက်ရာ. . အထဲမှာ လှေထိုးသားအရုပ်ကလေးဆယ်ရုပ်နှင့် ဦးမာလနှင့် မျက်နှာတူသော အရုပ်လေးတစ်ရုပ်ကို ထိုင်လျက်သား တွေ့လိုက်ကြရသည်။

လှေထိုးသားဆယ်ယောက်စလုံး၏ မျက်နှာများသည်လည်း. . တူညီနေကြသည်။

"ဟင်. . ဒါ. . ဘယ်လိုဖြစ်တာလဲ"

မြတ်လေးက အံ့အားသင့်စွာ မေးလိုက်သော်လည်း မည်သူကမှ မဖြေနိုင်ကြ။

ထို့နောက်. .

ပေါင်းမိုးအိမ်ကလေး၏ တစ်ဖက်တံခါးကို ဖွင့်ကြည့်ပြီး အတွင်းဘက်ကို ငုံ့ကြည့်လိုက်ရာ ဖွဲ့ထားသော အခန်းကလေးတွေကိုပါ တွေ့လိုက်ရသည်။ မိမိတို့ တည်းခိုခဲ့ကြသော အခန်းများအတိုင်းပင်တည်း။

"ဦးရီး. , ဒီသင်္ဘောလေးဟာ ဖေဖော်ဂျီသင်္ဘောကြီး အတိုင်းပါလား။ ဒီနေရာမှာ ဘာကြောင့်ရှိနေရတာလဲဗျာ. ."

ကျော်စွာက မေးလိုက်သည်။

"မင်းတို့အားလုံး မှတ်ထားကြရမှာက ဖေဖော်ဂျီ သင်္ဘောကြီးကိုယ်စားထားခဲ့တယ်လို့ပဲပေါ့ကွာ. ."

"မဟုတ်သေးဘူး. . ဦးကြီး ဒီအထဲမှာရှိနေကြတဲ့ အရုပ်လေးတွေဟာ. . တစ်တယ်သက်ရှိရုပ်လေးတွေလိုပဲ. . ဒါ. . ဒါ. . ဖေဖော်ဂျီသင်္ဘောကြီးပဲလား. ."

"ကျော်စွာ. . မင်း သိပ်ပြီး အတွေးခေါင်မနေနဲ့ကွယ်၊ ဒီသင်္ဘောလေးကို သဘောကျရင်သာ ယူလာခဲ့ပါ. . ပြီးတော့ သိမ်းထားလိုက်ပေါ့ကွယ်. ."

ဦးတိုက်မောင်း၏ အမူအရာမှာ လျှို့ဝှက်မှုတစ်ခုရှိနေသည်။ မည်သို့ပင်ဆိုစေ၊ ပဟေဠိဆန်လှသော ဖေဖော်ဂျီသင်္ဘောလေးကို ရွာသို့ ယူဆောင်သွားခဲ့ကြလေသည်။

များမကြာမီမှာပင်. . ကျော်စွာနှင့် မြတ်လေးတို့ လက်ထပ်ကြသည်။

ကျော်စွာသည် မိမိ၏ ခြံကျယ်ကြီးထဲမှာပင်. . အိမ်တစ်ဆောင်ဆောက်ပြီး မြတ်လေးနှင့် အတူနေကြသည်။ ဖေဖော်ဂျီသင်္ဘောရုပ်လေးကိုတော့ အိမ်ဦးခန်းအမြင့်တစ်နေရာမှာ. . နေရာပေးထားသည်။

တစ်ခါတစ်ရံညဘက်များတွင် သင်္ဘောရုပ်လေးထဲမှ လှုပ်ရှားသံများ၊ စကားပြောဆိုနေကြသံများကို ကြားမိကြသလိုလို ရှိနေကြသည်။

"ကျော်စွာ. . ငါလေ၊ သင်္ဘောရုပ်လေးထဲက

www.burmeseclassic.com



လှုပ်ရှားသံ၊ စကားပြောသံတွေကို တစ်ခါတစ်လေမှာကြားမိသလိုပဲ. . နင်သိလားဟင်. . ”

“ငါလည်း. . နင့်လိုပဲ ကြားမိသလိုလိုပဲ မြတ်လေး။ ဒါပေမယ့် ငါတို့က ဖဖော်ဂျီ သဘော်ကြီးကို စိတ်ထဲမှာ စွဲလန်းနေခဲ့ကြတယ် မဟုတ်လား၊ ဒါကြောင့်. . ထင်ယောင်ထင်မှားရှိနေကြတာနေမှာပါဟာ. . ဘာပဲဖြစ်ဖြစ်လေ. . မှဖဖော်ဂျီသဘော်ကြီးကိုယ်စား ဒီသဘော်ရုပ်လေးရှိနေတာကိုပဲ. . ကျေနပ်နေမိသလိုပဲ. . ”

“ဟုတ်တယ်. . ကျော်စွာ၊ ငါလည်း နင့်လိုပဲ ကျေနပ်နေမိတယ်. . အလွမ်းပြေပေါ့ဟာ. . ”

ခံစားချက်ချင်းတူ၊ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကာ ပြုံးမိလိုက်ကြလေသည်။

ကြိုးစားနေဦးမည်။
မင်းဝဏ္ဏ